ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

# တရားစီရင်ထုံးများ

## ၂၀၁၆ ခုနှစ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပုံနှိပ်မှတ်တမ်း

## ပထမအကြိမ်

၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ - ၁၃၀၀၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ခွင့်ပြုချက်အရ ပုံနှိပ်ထုတ်ဝေသည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုတရားလွှတ်တော်ချုပ်
## ပြည်ထောင်စုတရားသူကြီးချုပ် နှင့်
## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ

၁။ ဦးထွန်းထွန်းဦး **B.A.(Law).,LL.B.** ပြည်ထောင်စုတရားသူကြီးချုပ်

၂။ ဦးသာဌေး **LL.B.(Advocate)** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

၃။ ဦးစိုးညွန့် **B.A.,R.L.** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
**(Advocate & Notary Public)**

၄။ ဦးမြသိမ်း **B.A.** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

၅။ ဦးမြင့်အောင် **B.A.** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

၆။ ဦးအောင်ဇော်သိန်း **B.A.(Law).,LL.B.** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
**(Advocate)**

၇။ ဦးမြင့်ဟန် **B.A.(Law).,LL.B.** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
(၂၆-၁၁-၂၀၁၆ ရက်နေ့အထိ)

၈။ ဦးမြဟန် **B.A.(Law),LL.B.,** ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
**D.B.L., D.M.L. (Advocate & Notary Public)**

| | | |
|---|---|---|
| ၉။ ဦးမျိုးတင့် | **LL.B.** | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၀။ ဦးစိုးနိုင် | **B.A. (Law).,LL.B. (Advocate)** | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |
| ၁၁။ ဦးခင်မောင်ကြည် | **LL.B.(Advocate)** | ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## မြန်မာနိုင်ငံတရားစီရင်ထုံးပြုစုရေးအဖွဲ့

| | | | |
|---|---|---|---|
| ၁။ | ဦးစိုးညွန့်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | **B.A, R.L**<br>**(Advocate & Notary Public)** | ဥက္ကဋ္ဌ |
| ၂။ | ဦးမြသိမ်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | **B.A.** | အဖွဲ့ဝင် |
| ၃။ | ဦးအောင်ဇော်သိန်း<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | **B.A.(Law)., LL.B.**<br>**(Advocate)** | အဖွဲ့ဝင် |
| ၄။ | ဦးမြဟန်<br>ပြည်ထောင်စုတရားလွှတ်တော်ချုပ်<br>တရားသူကြီး | **B.A.(Law)., LL.B.**<br>**D.B.L., D.M.L.**<br>**(Advocate & Notary Public)** | အဖွဲ့ဝင် |
| ၅။ | ဦးဝင်းမြင့်<br>ဒုတိယရှေ့နေချုပ်<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **B.A.(Law)., LL.B.** | အဖွဲ့ဝင် |
| ၆။ | ဒေါ်အေးအေးကြည်သက်<br>ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အဖွဲ့ဝင် |
| ၇။ | ဦးစိုးသိန်း<br>တရားလွှတ်တော်ရှေ့နေ | **B.Com, M.P.A,R.L, DML**<br>**(Advocate & Notary Public)** | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| ၈။ | ဒေါ်ခင်ချိုအုန်း<br>ညွှန်ကြားရေးမှူးချုပ်<br>တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | **LL.B,M.P.A,**<br>**Dip.in English, German,** | အဖွဲ့ဝင် |
| ၉။ | ဒေါ်ခင်မေရီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ် (တရားစီရင်ရေး)<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အဖွဲ့ဝင် |
| ၁၀။ | ဦးစိုးလွင်<br>ညွှန်ကြားရေးမှူး<br>ပြစ်မှုတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်နှင်းသီတာ<br>ညွှန်ကြားရေးမှူး<br>တရားမတရားစီရင်ရေးဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အဖွဲ့ဝင် |
| ၁၁။ | ဒေါ်ငွေးမြင့်အေး<br>ညွှန်ကြားရေးမှူး<br>စာချွန်တော်ဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အဖွဲ့ဝင် |
| ၁၂။ | ဒေါ်အေးအေးသိန်း<br>ညွှန်ကြားရေးမှူး<br>ဥပဒေလုပ်ထုံးလုပ်နည်းဌာန<br>ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး | **LL.B.** | အတွင်းရေးမှူး |

" တရားစီရင်ရာတွင် အမှန်ကို
ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့အမှန်တရားကို
စီရင်ကြောင်း အများမြင်စေရာသည် "

( ပြည်ထောင်စုမြန်မာနိုင်ငံတော် နှင့် မောင်ရွှေ (ခ) မောင်ရွှေ ပါ ၂ )[၁]

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံစီရင်ထုံး (တရားရုံးချုပ်) စာ-၆၁၆ ။

# မာတိကာ

## စီရင်ထုံးပြုသောရာဇဝတ်မှုများ


| | | | |
|---|---|---|---|
| | | | စာမျက်နှာ |
| ညွှန်းချက် | | | က-ဃ |
| ခင်မာရီ ပါ ၃ | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ | ၁ |
| လက်ချူးမန်း ပါ ၂ | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ | ၁၃ |
| သိုက် (ခေါ်) ပါ ၃ | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ | ၂၃ |
| အုန်းမြင့် (ဦး) | နှင့် | ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ | ၃၃ |

# မာတိကာ

## စီရင်ထုံးပြုသောတရားမမှုများ


| | | | စာမျက်နှာ |
|---|---|---|---|
| **ညွှန်းချက်** | | | ကက-ကဘ |
| ကျင်မွေး (ဒေါ်) | နှင့် | ခုံသမာဓိကောင်စီ ပါ ၉ | ၁ |
| ကြည်ရှင် (ဦး) | နှင့် | ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးလယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီး ပါ ၂ | ၁၇ |
| ကြည်ကြည်အေး (ဒေါ်) ပါ ၅ ဦး | နှင့် | ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၁၃ ဦး | ၃၅ |
| ခင်စန်းလွင် (ဒေါ်) | နှင့် | ဥက္ကဋ္ဌ၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မွန်ပြည်နယ် ပါ ၄ | ၅၅ |
| စန္ဒာဆွေ (ဒေါ်) | နှင့် | ဦးသိန်းဝင်း | ၇၂ |
| ဇော်နိုင်သိန်း (ဦး) | နှင့် | ဒေါ်မြမြဝေ | ၈၇ |
| တိုးဌေး (ဦး) | နှင့် | ညွှန်ကြားရေးမှူးချုပ်၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ဆောက်လုပ်ရေးဝန်ကြီးဌာန | ၉၆ |

| | | | |
|---|---|---|---|
| တင်အေး (ဦး) | နှင့် | ဦးကျော်ကျော်သက် ပါ ၂ | ၁၁၀ |
| မင်းယုရှိန် (ဦး)<br>နေဝင်း | နှင့် | ပြည်ထော်စုဝန်ကြီး၊<br>ပြည်ထဲရေးဝန်ကြီးဌာန | ၁၃၀ |
| မောင်မြင့်(ခ)တွန်းလီမြင့်(ဦး) | နှင့် | မောင်ရှိုင်းမင်းဦး ပါ ၂ | ၁၄၆ |
| လှမြင့်ဖူး (ဦး) | နှင့် | ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်<br>မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်<br>စည်ပင်သာယာရေးကော်မတီ | ၁၆၂ |
| ဝင်းဟန် (ဦး) | နှင့် | ဦးကျင်မောင် | ၁၇၉ |
| ဝင်းအောင်သန်း (ဦး) | နှင့် | ဒေါ်ချိုချိုသန်း ပါ ၂ | ၁၉၀ |
| အေးအေးခိုင် (ဒေါ်) | နှင့် | ဒေါ်ဌေး | ၁၉၈ |
| အေးအေးလှ (ဒေါ်) | နှင့် | ဒေါ်လှလှရီ | ၂၀၈ |

# ၂၀၁၆ ခုနှစ်
# ရာဇဝတ်ဆိုင်ရာအမှုများ

## ရာဇဝတ်ဆိုင်ရာမှုခင်းများ

စာမျက်နှာ

ဥပဒေ -

- ရာဇဝတ်ကျင့်ထုံးဥပဒေ

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးခံရသူ မြို့နယ်အမှုဆောင်အရာရှိသည် သတင်းပေးတိုင်လျှောက်လွှာ ရေးသားတင်သွင်းနိုင်သည့် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ တရားရုံးက အရေးယူစေလိုလျှင် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ တာဝန်ပေးအပ်သည့် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်ကဖြစ်စေ၊ ၎င်း၏အထက်ပြည်သူ့ဝန်ထမ်းဖြစ်သည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ တရားရုံးသို့ ရေးသားထားသော တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးခြင်းခံရသူ မြို့နယ်အမှုဆောင်အရာရှိ အနေဖြင့် ၎င်း၏အထက်မှ ညွှန်ကြားချက်အရဆိုကာ တရားရုံးသို့ ရေးသားထားသည့် တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်းလျှောက်ထားခြင်းသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (က)

ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည်မှာ ထင်ရှားသည်။ မြို့နယ်အမှုဆောင် အရာရှိသည် သတင်းပေးတိုက်လျှောက်လွှာ ရေးသားတင်သွင်းနိုင်သည့် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ နစ်နာသူပြည်သူ့ဝန်ထမ်းသာဖြစ်သည်။ **NGA KYAW ZAN Vs NGA KYI DAN** * အမှုကို ရည်ညွှန်းသည်။ စာမျက်နှာ

ဒေါ်ခင်မာရီ ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ ၁

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမ စုံစမ်းစစ်ဆေးမှုအား မူလအမှုစစ်ဆေးသော တရားရုံးကသာ ပြုလုပ်ရမည်ဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမစုံစမ်းစစ်ဆေးမှုမှာ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးသည့် အမှုမဟုတ်သကဲ့သို့ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်းမဟုတ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားတရားရုံးသို့ လွှဲပြောင်းနိုင်သော အမှုမျိုး မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၅ (ခ) နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ တို့အရ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသော လက်အောက်ခံ တရားရုံးတစ်ရုံးမှ စီရင်ပိုင်ခွင့်အာဏာတူညီသော သို့မဟုတ် စီရင်ပိုင်ခွင့် အာဏာတိုးမြှင့်ရရှိထားသော အခြားတရားရုံးတစ်ရုံးသို့ လွှဲပြောင်းစစ်ဆေး

နိုင်ပေသည်။ သို့ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေး စာမျက်နှာ နေသော ပဏာမစုံစမ်းစစ်ဆေးမှုများကို ယင်းသို့လွှဲပြောင်းစစ်ဆေး နိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရသည်။ ယခု ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမစုံစမ်း စစ်ဆေးမှုမှာ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးသည့် အမှုမဟုတ်သကဲ့သို့ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်းမဟုတ်သဖြင့် ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားတရားရုံးသို့ လွှဲပြောင်းနိုင်သော အမှုမျိုးမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားမရုံး သို့မဟုတ် အခွန်ရုံး သို့မဟုတ် ရာဇဝတ်ရုံးမှ စစ်ဆေးစီရင်သော ပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့ဟန် လက္ခဏာရှိပါက တရားမျှတမှုအတွက် အဆိုပါတရားရုံးက ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆိုပါ တရားရုံးဆိုသည့် စကားရပ်ကိုထောက်ထားပါက ပဏာမစုံစမ်းစစ်ဆေးမှု ကို မူလအမှု၏ တရားရုံးကသာ ပြုလုပ်ရမည်ဖြစ်ပြီး အခြားတရားရုံးက မပြုလုပ်နိုင်ပေ။

လက်ချုပ်မန်း ပါ ၂ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ ၁၃

**ပြင်ဆင်မှုတရားရုံးဖြစ်သည့် ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ အရ အမှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားခဲ့**

**သဖြင့် မြို့နယ်တရားရုံးက တရားခံများအပေါ် ရာဇသတ်ကြီး** စာမျက်နှာ
**ပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့ရာ မူလရုံးတရားလိုက ကျေနပ်မှုမရှိ**
**သဖြင့် တင်သွင်းခဲ့သည့် ပြင်ဆင်မှုကို အဆိုပါခရိုင်တရားရုံး**
**က လက်ခံဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ -မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမှုအား စိစစ်လေ့လာရာ ဘိုကလေးမြို့နယ်တရားရုံးမှ တရားခံဒေါ်သိုက် ပါ ၃ ဦးကို စွဲချက်မတင်မီလွှတ်ခဲ့၍ ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာ ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ သင့်တော်သည့်ပုဒ်မဖြင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်မှာ အငြင်းမပွားပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုတရားရုံးက အမှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် ဟူ၍သာ အမိန့်ချမှတ်နိုင်ပေသည်။ **ဦးခင်မောင် ပါ ၃ နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် အမှု** ◦ အမှုကို ကြည့်ပါ။

သို့ဖြစ်ရာ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ၏ ဆုံးဖြတ်ခဲ့သည့်အမိန့်မှာ ဥပဒေအရ မှားယွင်းမှုမရှိပေ။ ခရိုင်တရားရုံး၏ လမ်းညွှန်ဆုံးဖြတ်ခဲ့သည့်အမိန့်အရ မူလရုံးက တရားခံများကို ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့ရာ ယင်းအမိန့်ကို မူလရုံးတရားလို ဒေါ်ဝါဝါဝင်း (ခ) ဒေါ်ဝါဝါက ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့် တင်သွင်းရာ ဖျာပုံခရိုင်တရားရုံးက မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရန် ညွှန်ကြားခဲ့ခြင်းမှာ

များယွင်းကြောင်း၊ လျှောက်ထားသူများရှေ့နေက တင်ပြထားသည်ကို တွေ့ရသည်။ ဖျာပုံခရိုင်တရားရုံးအနေဖြင့် စွဲချက်မတင်မီလွှတ်သည့် အမိန့်အပေါ် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ မူလရုံးကစွဲချက်တင်သည့် အမိန့်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တက်ရောက်ခြင်းဖြစ်သည့်အတွက် မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရန် ဖျာပုံခရိုင်တရားရုံးက တိကျစွာညွှန်ကြားခဲ့သည့်အမိန့်မှာ ဥပဒေနှင့်အညီ ချမှတ်ခဲ့ခြင်းသာ ဖြစ်သည်။ သို့အတွက် လျှောက်ထားသူ၏ရှေ့နေက ခရိုင်တရားရုံးသို့ ပြင်ဆင်မှု (၂) ကြိမ်တက်ရောက်သည်ဟု တင်ပြချက်မှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရသည်။

စာမျက်နှာ

ဒေါ်သိုက် ပါ ၃ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂  ၂၇

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင် တစ်ဖက်အမှုသည်သို့ ကန့်ကွက်တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သကဲ့သို့ ထပ်မံစစ်ဆေးရန်လည်း မလိုအပ်ခြင်း။ အမှုစစ်ဆေးနေစဉ်ကာလကပင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့် စပ်လျဉ်းပြီး သက်သေခံချက်များရခဲ့ပြီးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်သော မူလအမှုစစ်တရားရုံးသည် အဆိုပါအမိန့် (ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန်အမိန့် သို့မဟုတ် ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် ငြင်းပယ်သည့်အမိန့်) ကို

တရားခံအား ပြစ်မှုထင်ရှားစီရင်သောနေ့တွင် ချမှတ်ပိုင်ခွင့်ရှိပြီး စာမျက်နှာ မူလအမှုစစ်တရားရုံးက တရားခံအားပြစ်မှုထင်ရှားစီရင်သောနေ့တွင် မိမိသဘောအတိုင်း အဆိုပါသက်သာခွင့်ကိုမပေးခဲ့သဖြင့် တရားလိုက လျှောက်ထားတောင်းခံသော ကိစ္စဖြစ်လျှင်လည်း မူလအမိန့်ချမှတ်သည့် နေ့မှ တစ်လအတွင်းသာ တောင်းဆိုသည့် သက်သာခွင့်ပေးသင့် မသင့်ကို အမိန့်ချမှတ်ရမည်ဖြစ်ပေသည်။

တရားရုံးများသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို တိကျစွာလိုက်နာ၍ မိမိရုံးလုပ်ငန်းဆိုင်ရာနှောင့်နှေးမှုကြောင့် သက်ဆိုင်ရာ အမှုသည်အား ထိခိုက်မှု၊ နစ်နာမှု မဖြစ်ပွားစေရန် အထူးသတိပြုရန် လိုသည်။

နစ်နာသူက ယင်းကျင့်ထုံးဥပဒေအရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင်လည်း တစ်ဖက်အမှုသည်ကို ကန့်ကွက် တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သကဲ့သို့ ထပ်မံ စစ်ဆေးရန်လည်းမလိုအပ်ပေ။ အကြောင်းမှာ အမှုစစ်ဆေးစဉ်ကာလ ကပင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး သက်သေခံချက်များ ရခဲ့ပြီးဖြစ်သောကြောင့် ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်ကို လေ့လာလျှင် တရားလို လောလောဆယ် လက်လွှတ်သွား သည့်ပစ္စည်း လက်ရှိထားပိုင်ခွင့် အခွင့်အရေးကို မကြန့်ကြာစေဘဲ အဆုံးအဖြတ်ပြုရန် ရည်ရွယ်ခြင်းဖြစ်သည်မှာ မြင်သာပေသည်။ ထို့ပြင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး အမှုစစ်ဆေးစဉ်ကပင်

သက်သေခံချက်ရရှိပြီးဖြစ်၍ ယင်းသက်သေခံချက်အပေါ် အခြေပြုပြီး စာမျက်နှာ
ဆုံးဖြတ်ခြင်းဖြစ်ရာ အမှုနှင့်ပတ်သက်၍ ခုခံခွင့်၊ ချေပခွင့်၊ ကြားနာခွင့်
ရရှိခဲ့ပြီးဖြစ်သည်မှာလည်း မြင်သာသည်။ ထို့ကြောင့် သီးခြားနှိတစ်စာ
ထုတ်ဆင့်ခြင်း၊ လျှောက်လဲကြားနာခွင့်ပေးခြင်းပြုမှသာ တရားစီရင်ရေး
ဥပဒေနှင့် ညီညွတ်မည်ဟူသော လျှောက်ထားသူများ၏ တင်ပြချက်ကို
လက်ခံရန်အကြောင်းမရှိပေ။

ဦးအုန်းမြင့် ပါ ၂ နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ ၃၃

+ ၂၀၁၆ ခုနှစ်
အောက်တိုဘာလ ၂၇ ရက်

ရာဇဝတ်ပြင်ဆင်မှု
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးအောင်ဇော်သိန်းရှေ့တွင်

ဒေါ်ခင်မာရီ ပါ ၃

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ *

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါပြဋ္ဌာန်းချက်အရ စုံစမ်းစစ်ဆေးခံရသူ မြို့နယ်အမှုဆောင်အရာရှိသည် သတင်းပေးတိုင်လျှောက်လွှာ ရေးသားတင်သွင်းနိုင်သည့် သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပြဋ္ဌာန်းချက်အရ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ တရားရုံးက အရေးယူစေလိုလျှင် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ တာဝန်ပေးအပ်သည့် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်ကဖြစ်စေ၊ ၎င်း၏အထက်ပြည်သူ့ဝန်ထမ်းဖြစ်သည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာ တရားရုံးသို့ ရေးသားထားသော တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်းလျှောက်ထားရမည်ဖြစ်သည်။

---

* ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၂၅ (ခ)

+ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၂၉ တွင်ချမှတ်သော ၂၀၁၆ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

စုံစမ်းစစ်ဆေးခြင်းခံရသူ မြို့နယ်အမှုဆောင်အရာရှိ အနေဖြင့် ၎င်း၏အထက်မှ ညွှန်ကြားချက်အရဆိုကာ တရားရုံးသို့ ရေးသားထားသည့် တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်း လျှောက်ထားခြင်းသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (က) ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည်မှာ ထင်ရှားသည်။ မြို့နယ်အမှုဆောင် အရာရှိသည် သတင်းပေးတိုက်လျှောက်လွှာ ရေးသားတင်သွင်းနိုင်သည့် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ နစ်နာသူပြည်သူ့ဝန်ထမ်းသာဖြစ် သည်။ **NGA KYAW ZAN Vs NGA KYI DAN** * အမှုကို ရည်ညွှန်းသည်။

| | | |
|---|---|---|
| လျှောက်ထားသူများအတွက် | - | ဦးဂျစ်တူး<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)အတွက် | - | ဦးအောင်သန်းရွှေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူ(၂)အတွက် | - | ဒေါ်ယဉ်ငြိမ်းငွေ<br>တရားလွှတ်တော်ရှေ့နေ |

ဆိပ်ဖြူမြို့နယ်တရားရုံး ၂၀၁၅ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၂၃၅ တွင် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ စွဲဆိုမှုကို မကွေးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ ချေဖျက်ပေးရန်လျှောက်ထားရာ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အဆိုပါအမိန့်အပေါ် ဒေါ်ခင်မာရီ၊ ဒေါ်ခင်လှဝင်း၊ ဒေါ်ဝင်းနွယ်စိုး တို့က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို ဆက်လက်တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း ခွင့်ပြုဆောက်လုပ်ထားသည့် ဆိုင်ခန်း ၁၄၉ ခန်းတွင် ဆိုင်ခန်း ၅ ခန်းမှာ မသမာမှုပေါ်ပေါက်၍ သက်ဆိုင်ရာမှ အရေးယူပေးရန် ဒေါ်ခင်မာရီ၊ ဒေါ်ခင်လှဝင်းနှင့် ဒေါ်ဝင်းနွယ်စိုးတို့က တိုင်ကြားခဲ့သည့်အတွက် သက်ဆိုင်ရာမှ စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ စုံစမ်းမှုပြုလုပ်ပြီး တာဝန်အရ လုပ်ငန်းဆောင်ရွက်မှုအပေါ် မတရားလုပ်ကြံစွပ်စွဲ တိုင်ကြားခံရသည့်အတွက် တိုင်ကြားသူများကို တရားရုံးတွင် ဥပဒေနှင့်အညီ အမှုဖွင့်ဆောင်ရွက်ရန် မှတ်ချက်ပြုခဲ့သဖြင့် မတရားလုပ်ကြံစွပ်စွဲခဲ့သူ ဒေါ်ခင်မာရီ၊ ဒေါ်ခင်လှဝင်းနှင့် ဒေါ်ဝင်းနွယ်စိုးတို့ကို အရေးယူပေးရန် စွပ်စွဲတိုင်ကြားခြင်းခံရသူ ဦးရှိန်မြင့်မောင်က တရားလိုပြုလုပ်ပြီး ဦးတိုက်လျှောက်ထားစွဲဆိုမှုဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက ဆိပ်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးအတွင်း ဆောက်လုပ်သည့် ဆိုင်ခန်း ၁၄၉ ခန်းတွင် ဆိုင်ခန်း ၅ ခန်းကိစ္စ မသမာမှုပေါ်ပေါက်၍ အရေးယူပေးရန် နိုင်ငံတော်သမ္မတအပါအဝင် ဌာန ၉ ခုသို့ ဒေါ်ခင်မာရီ ပါ ၃ ဦးက တိုင်ကြားခဲ့ကြောင်း၊ တိုင်ကြားစာမှန်ကန်မှုမရှိသဖြင့် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ အရေးယူပေးရန် အဆိုပါဌာန ၉ ခုအနက် မည်သည့်ဌာနကမျှ စာဖြင့် တိုင်ကြားခြင်းမရှိဘဲ ဆိပ်ဖြူမြို့နယ်တရားရုံးက ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ အရေးယူခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း၊

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ အရေးယူလိုလျှင် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းကဖြစ်စေ၊ ၎င်းအထက်ပြည်သူ့ဝန်ထမ်းကဖြစ်စေ တရားရုံးသို့စာဖြင့် ရေးသား လျှောက်ထားမှသာ အရေးယူရန် ပြဋ္ဌာန်းထားကြောင်း၊ မကွေး တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဖွဲ့စည်းပေးသော စုံစမ်းစစ်ဆေးရေးအဖွဲ့က စာဖြင့် တရားရုံးသို့ ကိုယ်တိုင်လျှောက်ထားခြင်းမရှိဘဲ စုံစမ်းစစ်ဆေး ပေးရန် အတိုင်ခံရသူ ဦးရှိန်မြင့်မောင်က တရားလိုပြုလုပ်၍ တိုင်ကြားခြင်း သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) နှင့် ညီညွတ်မှုမရှိ၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ ချေဖျက်သင့်သဖြင့် တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပယ်ဖျက်ပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး က ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ပတ္တမြားဈေးဆိုင်ခန်း ဆောက်လုပ်ရာတွင် ဆိုင်ခန်း ၅ ခန်းကိုစ မသမာမှုပေါ်ပေါက်သည်ဟု ဦးရှိန်မြင့်မောင်ကို ဒေါ်ခင်မာရီ ပါ ၃ ဦးက တိုင်တန်းသဖြင့် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဖွဲ့စည်းတာဝန် ပေးသည့် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့က စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်ကို စုံစမ်းစစ်ဆေးခဲ့ကြောင်း၊ ဒေါ်ခင်မာရီ ပါ ၃ ဦးက အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင် သို့မဟုတ် ၎င်း၏လက်အောက် ပြည်သူ့ဝန်ထမ်းသို့ လိပ်မူတိုင်တန်းခြင်းမဟုတ်သဖြင့် ဦးရှိန်မြင့်မောင်သည် ရာဇသတ်ကြီးပုဒ်မ ၁၈၂ တွင် ပြဋ္ဌာန်းပါရှိသော သတင်းပေးခံရသည့် ပြည်သူ့ဝန်ထမ်းမဟုတ်ကြောင်း၊ ဦးရှိန်မြင့်မောင်သည်

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) အရ သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်းဆိုသော စကားရပ်နှင့် အကျုံးမဝင်သောကြောင့် ဆိပ်ဖြူမြို့နယ်တရားရုံးသို့ ၎င်း၏ဦးတိုက်လျှောက်ထားစွဲဆိုမှုကို ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ လျှောက်ထားသူများအပေါ် အရေးယူခဲ့ခြင်းမှာ ဥပဒေနှင့်ညီညွတ်သည်ဟု မဆိုနိုင်ကြောင်း၊ ဒေါ်ခင်မာရီ ပါ ၃ ဦးက တိုင်တန်းသည့် ဌာန၊ အဖွဲ့အစည်းကသော်လည်းကောင်း၊ ရှေ့ဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကသော်လည်းကောင်း၊ ယခုအမှုကို တရားရုံးသို့ စာဖြင့် ဦးတိုက်လျှောက်ထားစွဲဆိုခဲ့ ခြင်းမရှိကြောင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၈၂ တွင် "မည်သူမဆို (က) သတင်းတစ်ခုနှင့်စပ်လျဉ်း၍ အကြောင်းခြင်းရာအမှန်ကို အကယ်၍သိခဲ့လျှင် ပြည်သူ့ဝန်ထမ်းက ပြုမည်မဟုတ်သောအမှုကို ပြည်သူ့ဝန်ထမ်းကပြုစေရန် သို့တည်းမဟုတ် ပျက်ကွက်ထိုက်မည်မဟုတ်သော ပျက်ကွက်မှုကိုပြုစေရန် သို့တည်းမဟုတ် (ခ) လူတစ်ဦးတစ်ယောက်ကို နစ်နာစေခြင်းငှာ သို့တည်းမဟုတ် စိတ်ငြိုငြင်စေခြင်းငှာ ပြည်သူ့ဝန်ထမ်းအား သူ၏ဥပဒေအရ အာဏာကိုအသုံးပြုစေရန် ကြံရွယ်၍သော်လည်းကောင်း ပြုစေတန်ရာသည်ကို သိလျက်နှင့်သော်လည်းကောင်း ထိုပြည်သူ့ဝန်ထမ်းသို့ မမှန်ကြောင်း မိမိသိသော သို့တည်းမဟုတ် ယုံကြည်သောသတင်းကိုပေးလျှင်" ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းပုဒ်မ၏ ဥပမာ (က) တွင် မောင်ဖြူသည် ရာဇဝတ်တရားသူကြီး၏ လက်အောက်ခံရဲအမှုထမ်း မောင်မဲ အလုပ်ပြုတ်စေရန် ထိုရဲအရာထမ်းမောင်မဲ အလုပ်ဝတ္တရား ပေါ့လျော့ပျက်ကွက်ကြောင်း သတင်းကိုသော်လည်းကောင်း၊ အကျင့်သိက္ခာပျက်ပြားကြောင်း သတင်းကိုသော်လည်းကောင်း၊ ထိုသတင်းမမှန်ဟု သိလျက်နှင့်

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သို့တည်းမဟုတ် ထိုသတင်းအရ မောင်မဲကို အဆိုပါရာဇဝတ်တရားသူကြီးက အလုပ်မှထုတ်ပစ်တန်ရာသည်ကို သိလျက်နှင့် ရာဇဝတ်တရားသူကြီးအား သတင်းပေးလျှင် မောင်ဖြူသည် ဤပုဒ်မအရ ပြစ်မှုကိုကျူးလွန်ရာရောက်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ယင်းဥပမာအရ ရာဇဝတ်တရားသူကြီးသည် ကြောင်းခြင်းရာကိုသိခဲ့လျှင် ပြုထိုက်မည်မဟုတ်သောအမှုကို ပြုစေရန်၊ ပျက်ကွက်မည်မဟုတ်သောအမှုကို ပြုစေရန် သို့မဟုတ် ဥပဒေအရ အာဏာကို အလွဲသုံးစားပြုစေရန် မမှန်သော သတင်းပေးခြင်းခံရသူဖြစ်၍ သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းဖြစ်ပြီး ရဲအရာထမ်းမောင်မဲမှာ သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း မဟုတ်ကြောင်း၊ ယခုအမှုတွင် ဦးရှိန်မြင့်မောင်သည် ပြည်သူ့ဝန်ထမ်းဖြစ်သည်မှာ မှန်သော်လည်း ပြည်သူ့ဝန်ထမ်းတစ်ယောက်အနေဖြင့် ပြုထိုက်မည်မဟုတ်သော ပြုလုပ်မှုကို ပြုစေရန်၊ ပျက်ကွက်မည်မဟုတ်သော ပျက်ကွက်မှုကို ပြုစေရန် သို့မဟုတ် ဥပဒေအရ အာဏာကိုအလွဲသုံးစားပြုစေရန် လျှောက်ထားသူ (မူလရုံးတရားခံ) များက မမှန်သောသတင်းကိုပေးခြင်းခံရသော ပြည်သူ့ဝန်ထမ်းတစ်ဦးမဟုတ်ကြောင်း၊ ထို့ကြောင့် ဦးရှိန်မြင့်မောင်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) အရ သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းဟု ဆိုနိုင်မည်မဟုတ်သဖြင့် ၎င်းကတရားရုံးသို့ တိုက်ရိုက်ဦးတိုက် လျှောက်ထားမှုသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်တန်းခဲ့ကြောင်း သုံးသပ်ဆုံးဖြတ်ခဲ့သည့် မကွေးတိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်ကို ပြန်လည်သုံးသပ်ပြီး ဥပဒေနှင့်အညီသင့်မြတ်သည့်အမိန့်ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ရှေ့နေက နိုင်ငံတော်သမ္မတ

အပါအဝင် ဝန်ကြီးဌာန ၉ ခုသို့ လိပ်မူတိုင်ကြားခဲ့သဖြင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က စည်ပင်သာယာရေးဝန်ကြီးဌာနသို့ အကြောင်းကြားခြင်း၊ မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့က ရုံးတွင်းအမိန့်အမှတ် ၁၀၂/၂၀၁၅ ဖြင့်အဖွဲ့ဝင်၃ဦးပါဝင်သော ရှေ့ဦးစုံစမ်းစစ်ဆေးရေး အဖွဲ့ကိုဖွဲ့စည်းပြီး တိုင်ကြားစာကိုစစ်ဆေးခဲ့ခြင်း၊ တိုင်ကြားစာ မှန်ကန်မှုမရှိသဖြင့် တိုင်ကြားသော လျှောက်ထားသူ ၃ ဦး ကို သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန်အကြောင်းကြားခြင်း၊ အဆိုပါတိုင်းဒေသကြီးစည်ပင်အဖွဲ့၏ ညွှန်ကြားချက်အရ မြို့နယ်စည်ပင်အမှုဆောင်အရာရှိအနေဖြင့် တရားလိုပြုလုပ်တရားစွဲဆိုခြင်း၊ ယင်းသို့တရားစွဲဆိုခြင်းသည် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်းက စာဖြင့်အရေးယူသွားရန် ညွှန်ကြားချက်အရ တရားလို ပြုလုပ်တိုင်ကြားခဲ့ခြင်းမှာ ထင်ရှားခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် ရာဇသတ်ကြီးပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ်ထိုက်သင့်သည့် ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ပါဝင်သည့် ပြည်သူ့ဝန်ထမ်းအမိန့်ကိုလည်း မရ ၎င်းလျှောက်ထားမှုလည်း မရှိ သို့မဟုတ် ၎င်းဝန်ထမ်းဆိုင်ရာအထက်ဝန်ထမ်းတစ်ဦးဦးအခွင့်အမိန့်ကိုလည်း မရ ၎င်းလျှောက်ထားချက်မရှိဘဲ အရေးမယူရဟု ပြဋ္ဌာန်းထားကြောင်း၊ ယခုအမှု မူလရုံးတရားလိုဦးရှိန်မြင့်မောင်သည် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းဖြစ်သကဲ့သို့ ၎င်း၏အထက်ပြည်သူ့ဝန်ထမ်းမှ စာဖြင့်အကြောင်းကြားချက်အရ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီ တိုင်တန်းခဲ့ခြင်းဖြစ်သည့်အပြင် တရားခံတစ်ဦး စစ်ဆေးပြီးသည့် အခြေအနေဖြစ်ခြင်း၊ ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ ဖြေရှင်းရန် အချက်များရှိနေသဖြင့်

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

မူလရုံးအမှုတွဲကို ပယ်ဖျက်ရန်မသင့်ကြောင်း လျှောက်လဲတင်ပြသည်။

ရာဇသတ်ကြီးပုဒ်မ ၁၈၂ နှင့် အကျုံးဝင်ရန် (၁) တရားခံသည် သတင်းပေးခြင်း၊ (၂) သတင်းပေးခံရသူသည် ပြည်သူ့ဝန်ထမ်းဖြစ်ခြင်း၊ (၃) ပေးသောသတင်းသည် မမှန်ကန်ခြင်း၊ (၄) မမှန်ကန်ကြောင်း တရားခံသိခြင်း၊ ယုံကြည်ရန်အကြောင်းရှိခြင်း၊ (၅) ပြည်သူ့ဝန်ထမ်းအား မပြုထိုက်သောအမှုကိုပြုစေရန် သို့မဟုတ် လူတစ်ဦးအား ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ စိတ်ပြိုငြင်စေရန်ဖြစ်စေ ကြံရွယ်၍ဆောင်ရွက်ခဲ့ခြင်း စသည့် အင်္ဂါရပ်များ လိုအပ်ပေသည်။

လူတစ်ဦးအား ထိခိုက်နစ်နာစေရန်ဖြစ်စေ၊ စိတ်ပြိုငြင်စေရန်ဖြစ်စေ မမှန်သောသတင်းကို မမှန်ကြောင်းတရားခံသိခြင်း၊ ယုံကြည်ခြင်းရှိပါလျက် မမှန်သောသတင်းကို တရားခံက ပြည်သူ့ဝန်ထမ်းအား ပေးသည့်အတွက် သတင်းပေးခံရသူ ပြည်သူ့ဝန်ထမ်းက မပြုထိုက်သော အမှုကိုပြုစေလျှင် သတင်းပေးသူတရားခံသည် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ ပြစ်မှုမြောက်ကြောင်း အထက်ပါအင်္ဂါရပ်များက ပြဆိုထားသည်။

ယခုအမှုတွင် မသမာမှုကိုအရေးယူပေးရန် တိုင်ကြားခဲ့သည့် ဌာန ၉ ခုတွင် မကွေးတိုင်းဒေသကြီး စည်ပင်သာယာဝန်ကြီး ပါဝင်သည်။ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့က တိုင်ကြားစာအပေါ် ရှေးဦးစုံစမ်းမှုပြုရန် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်နှစ်ဦးပါဝင်သော ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ အဆိုပါအဖွဲ့က စုံစမ်းစစ်ဆေးမှုပြုပြီး စုံစမ်းစစ်ဆေးမှုအစီရင်ခံစာအရ တိုင်ကြားခံရသူ ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် တာဝန်အရ လုပ်ငန်းဆောင်ရွက်မှုအပေါ် မတရားလုပ်ကြံ စွပ်စွဲတိုင်ကြားခံရကြောင်းနှင့် တိုင်ကြားသော

လျှောက်ထားသူ ၃ ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန် ဖော်ပြထားသည်မှာ အမှုတွင်ပေါ်ပေါက်သည့် သက်သေခံချက်များအရ ထင်ရှားသည်။

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပါ ၂

သို့ဖြစ်၍ ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ကို ထိခိုက်နစ်နာစေရန်၊ စိတ်ပြိုင်ပြိုင်စေရန်ကြံရွယ်၍ လျှောက်ထားသူ မူလရုံး တရားခံ ၃ ဦးက မမှန်ကြောင်းသိလျက်နှင့် မမှန်ကြောင်းယုံကြည်ရန် အကြောင်းရှိလျက်နှင့် မမှန်သောသတင်းပေးခံရသူ ရွေးဦးစုံစမ်းစစ်ဆေး ရေးအဖွဲ့ကို မမှန်သတင်းပေးခဲ့သည့်အတွက် သတင်းပေးခံရသည့် ရွေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ၃ ဦးက မပြုသင့်သည့် ရွေးဦးစုံစမ်း စစ်ဆေးမှုကိုပြုခဲ့သည့်အတွက် လျှောက်ထားသူ၊ မမှန်သောသတင်းပေးသူ မူလရုံးတရားခံ ၃ ဦးကို ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ အရေးယူရန် စွပ်စွဲတိုင်ကြားခြင်းဖြစ်ကြောင်းမှာ ထင်ရှားသည်။ ထို့ကြောင့် မမှန်သော သတင်းပေးခံရသူ ပြည်သူ့ဝန်ထမ်းသည် ရွေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ ဖြစ်ကြောင်းမှာ မြင်သာသည့်အပြင် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်း ဖြစ်ကြောင်းမှာလည်း ထင်ရှားစေသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) တွင် "မည်သည့်တရားရုံးကမျှ ရာဇသတ်ကြီးပုဒ်မ ၁၇၂ မှ ၁၈၈ ထိ ပြစ်ဒဏ် စီရင်ထိုက်သော ပြစ်မှုတစ်စုံတစ်ရာကို သက်ဆိုင်ရာ ပြည်သူ့ဝန်ထမ်း၏ သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်း ချက်အရမဟုတ်လျှင် အရေးယူဆောင်ရွက်ခြင်းမပြုရ" ကြောင်း အတိအလင်း ပြဋ္ဌာန်းထားသည်။

ယခုအမှုတွင် ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ ပြစ်ဒဏ်စီရင်

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ထိုက်သောပြစ်မှုကို လျှောက်ထားသူ မူလရုံးတရားခံ ၃ ဦး ကျူးလွန်ကြောင်း မမှန်သောသတင်းပေးခံရသူ တစ်နည်းအားဖြင့် မမှန်သောသတင်း ကြောင့် မပြုသင့်သည့် ရှေးဦးစုံစမ်းမှုကိုပြုသူ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ သို့မဟုတ် ၎င်း၏အထက် ပြည်သူ့ဝန်ထမ်း၏စာဖြင့် ရေးသားတိုင်တန်း ချက်ဖြစ်ရန် လိုအပ်ပေသည်။

လျှောက်ထားခံရသူ (၂) ဦးရှိန်မြင့်မောင်၏ရှေ့နေက ရှေးဦးစုံစမ်းစစ်ဆေးမှု အစီရင်ခံစာအရ တိုင်းဒေသကြီးစည်ပင်အဖွဲ့၏ ညွှန်ကြားချက်ဖြင့် မြို့နယ်စည်ပင်အမှုဆောင်အရာရှိအနေဖြင့် တရားလိုပြုလုပ်ခြင်း၊ ယင်းသို့ မြို့နယ်စည်ပင်အမှုဆောင်အရာရှိအဖြစ် တရားလိုပြုလုပ် တရားစွဲဆိုခြင်းသည် ၎င်း၏အထက်ပြည်သူ့ဝန်ထမ်းက စာဖြင့် အရေးယူသွားရန် ညွှန်ကြားချက်အရ ဆောင်ရွက်ခြင်းဖြစ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) နှင့် ညီညွတ်ကြောင်း လျှောက်ထားနေခြင်းဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပြဋ္ဌာန်းချက် အရ ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၁၈၂ အရ တရားရုံးက အရေးယူစေလိုလျှင် ရှေးဦးစုံစမ်းစစ်ဆေးရေးအဖွဲ့ကဖြစ်စေ၊ တာဝန်ပေးအပ်သည့် ရှေးဦးစုံစမ်း စစ်ဆေးရေးအဖွဲ့ဝင်ကဖြစ်စေ၊ ၎င်း၏အထက်ပြည်သူ့ဝန်ထမ်းဖြစ်သည့် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာတရားရုံး သို့ ရေးသားထားသော တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်း လျှောက်ထားရမည်ဖြစ်သည်။

စုံစမ်းစစ်ဆေးခြင်းခံရသူ မြို့နယ်အမှုဆောင်အရာရှိ

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အနေဖြင့် ၎င်း၏အထက်မှ ညွှန်ကြားချက်အရဆိုကာ တရားရုံးသို့ ရေးသားထားသည့် တိုင်လျှောက်ချက်ဖြင့် တိုက်ရိုက်တင်သွင်း လျှောက်ထားခြင်းသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၉၅ (၁) (က) ပြဋ္ဌာန်းချက်နှင့် ကိုက်ညီမှုမရှိသည်မှာ ထင်ရှားသည်။ မြို့နယ်အမှုဆောင် အရာရှိသည် သတင်းပေးတိုင်လျှောက်လွှာ ရေးသားတင်သွင်းနိုင်သည့် သက်ဆိုင်ရာပြည်သူ့ဝန်ထမ်းမဟုတ်ဘဲ နစ်နာသူပြည်သူ့ဝန်ထမ်းသာ ဖြစ်သည်။ **NGA KYAW ZAN Vs NGA KYI DAN** * အမှုကိုရည်ညွှန်းသည်။

မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ တိုင်ကြားသူများကို သက်ဆိုင်ရာတရားရုံးတွင် ဥပဒေနှင့်အညီ အမှုဖွင့်တရားစွဲဆို ဆောင်ရွက်သွားရန်နှင့် ဆောင်ရွက်ပြီးစီးမှုအား ပြန်လည်တင်ပြရန် ဆိပ်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိထံ သက်သေခံ (ဂ) စာဖြင့် အကြောင်းကြားမှုအပေါ် အမှုဆောင်အရာရှိ ဦးရှိန်မြင့်မောင်က သက်သေခံ (ခ) စာဖြင့် တရားလိုပြုလုပ်တိုင်ကြားခြင်းသည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၉၅ (၁) (က) ပါ ပြဋ္ဌာန်းချက်နှင့်အညီတိုင်ကြားသည်ကို တွေ့ရှိရကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏ သုံးသပ်ချက်သည် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေနှင့် ဆီလျော်ညီညွတ်ခြင်း မရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ဝင်ရောက်စွက်ဖက်သင့်သည်ဟု သုံးသပ်ရရှိသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကိုခွင့်ပြုသည်။ မူလရုံးအမှုအား ချေဖျက်ရန်အကြောင်းမရှိသဖြင့် လျှောက်လွှာကိုပယ်ကြောင်း ချမှတ်ခဲ့

* အထက်မြန်မာပြည်တရားစီရင်ထုံး၊ ၁၉၁၄-၁၆ ခုနှစ်၊ စာ ၉၁။

၂၀၁၆
ဒေါ်ခင်မာရီ ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကိုပယ်ဖျက်လိုက်သည်။ ဆိပ်ဖြူမြို့နယ်တရားရုံး ၏ ၂၀၁၅ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၂၃၅ ကို ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၆၁ က အရ ချေဖျက်လိုက်သည်။

## ရာဇဝတ်ပြင်ဆင်မှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးစိုးညွန့်ရှေ့တွင်

+ ၂၀၁၆ ခုနှစ်
ဒီဇင်ဘာလ ၂၁ ရက်

## လက်ချူးမန်း ပါ ၂

## နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၃ *

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမစုံစမ်းစစ်ဆေးမှုအား မူလအမှုစစ်ဆေးသော တရားရုံးကသာ ပြုလုပ်ရမည်ဖြစ်ခြင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမစုံစမ်းစစ်ဆေးမှုမှာ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးသည့် အမှုမဟုတ်သကဲ့သို့ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်းမဟုတ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားတရားရုံးသို့ လွှဲပြောင်းနိုင်သော အမှုမျိုး မဟုတ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၅ (ခ) နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ တို့အရ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသော လက်အောက်ခံ တရားရုံးတစ်ရုံးမှ စီရင်ပိုင်ခွင့်အာဏာတူညီသော သို့မဟုတ် စီရင်ပိုင်ခွင့်

* ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၅၃၃ (ခ)

\+ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၀ တွင်ချမှတ်သော ၂၀၁၆ ခုနှစ်၊ ဇွန်လ ၂၅ ရက်စွဲပါ ရှမ်းပြည်နယ်တရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

၂၀၁၆
လက်ချုံးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

အာဏာတိုးမြှင့်ရရှိထားသော အခြားတရားရုံးတစ်ရုံးသို့ လွှဲပြောင်းစစ်ဆေးနိုင်ပေသည်။ သို့ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးနေသော ပဏာမစုံစမ်းစစ်ဆေးမှုများကို ယင်းသို့လွှဲပြောင်းစစ်ဆေးနိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရသည်။ ယခု ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပြုလုပ်သော ပဏာမစုံစမ်းစစ်ဆေးမှုမှာ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးသည့် အမှုမဟုတ်သကဲ့သို့ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်းမဟုတ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားတရားရုံးသို့ လွှဲပြောင်းနိုင်သော အမှုမျိုးမဟုတ်ပေ။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် တရားမရုံး သို့မဟုတ် အခွန်ရုံး သို့မဟုတ် ရာဇဝတ်ရုံးမှ စစ်ဆေးစီရင်သော ပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့ဟန်လက္ခဏာရှိပါက တရားမျှတမှုအတွက် အဆိုပါတရားရုံးက ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆိုပါ တရားရုံးဆိုသည့် စကားရပ်ကိုထောက်ထားပါက ပဏာမစုံစမ်းစစ်ဆေးမှုကို မူလအမှု၏တရားရုံးကသာ ပြုလုပ်ရမည်ဖြစ်ပြီး အခြားတရားရုံးက မပြုလုပ်နိုင်ပေ။

လျှောက်ထားသူအတွက် - ဒေါ်မြနီလာစိုး
တရားလွှတ်တော်ရှေ့နေ

| | | | |
|---|---|---|---|
| လျှောက်ထားခံရသူ(၁)အတွက် | - | ဦးအောင်သန်းရွှေ<br>လက်ထောက်ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး | ၂၀၁၆<br>လက်ချူးမန်း ပါ ၂<br>နှင့်<br>ပြည်ထောင်စုသမ္မတ<br>မြန်မာနိုင်ငံတော် ပါ ၃ |
| လျှောက်ထားခံရသူ(၂)အတွက် | - | ဒေါ်မော်မော်ထွန်း<br>တရားလွှတ်တော်ရှေ့နေ | |
| လျှောက်ထားခံရသူ(၃)အတွက် | - | ကိုယ်တိုင် (မလာ) | |

ကျောက်မဲခရိုင်တရားရုံး၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အထွေထွေ လျှောက်ထားမှုအမှတ် ၁၉ တွင် လျှောက်ထားသူ ဦးကူးမားနှင့် လျှောက်ထားခံရသူ လက်ချူးမန်း ပါ ၃ အမှု၌ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ် လျှောက်ထားခံရသူ လက်ချူးမန်း ပါ ၃ တို့က ရုံးပြောင်းစစ်ဆေးခွင့်ပြုပါရန် ရှမ်းပြည်နယ် တရားလွှတ်တော်၊ ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အထွေထွေလျှောက်လွှာအမှတ် ၁၀ ဖြင့် လျှောက်ထားရာ ပယ်သောကြောင့် လျှောက်ထားလာသော ရာဇဝတ်ပြင်ဆင်မှုဖြစ်သည်။

အမှုမှာ ဦးကူးမားက ဦးကျော်နှင့် ဒေါ်ခင်မြမိုးတို့အပေါ် ကျောက်မဲခရိုင်တရားရုံး ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၆ အမှုတွင် အမှုရပ်သိမ်းခြင်းစာချုပ်အား လိမ်လည်ချုပ်ဆိုခဲ့သည့်အတွက် ဥပဒေအရအရေးယူပေးရန် ကျောက်မဲခရိုင်တရားရုံးတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ လျှောက်ထားခဲ့မှုဖြစ်သည်။

လျှောက်ထားသူများ၏ တရားလွှတ်တော်ရှေ့နေက ၂၆-၄-၂၀၁၆ ရက်နေ့ရုံးချိန်းတွင် ဒုတိယခရိုင်တရားသူကြီး ဒေါ်ဝါဝါဆွေအား သက်သေစာရင်းတွင် မထည့်သွင်းရန် ကျောက်မဲခရိုင်တရားသူကြီးက

၂၀၁၆
လက်ချူးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

ပြောဆိုခြင်းသည် စုံစမ်းစစ်ဆေးလျက်ရှိသော အထွေထွေလျှောက်ထားမှုနှင့်စပ်လျဉ်း၍ မှန်ကန်မျှတသော တရားစီရင်ရေးကို ထိခိုက်စေလိမ့်မည်ဟု လျှောက်ထားသူတို့၏ စိတ်တွင်စိုးရိမ်ကြောင့်ကြမှုကို ဖြစ်ပေါ်စေကြောင်း၊ ၂၆-၄-၂၀၁၆ ရက်နေ့ ရုံးချိန်းတွင် အမှုစစ်ဆေးဆောင်ရွက်ပြီး၍နောက်ရုံးချိန်းကို ညှိနှိုင်းသတ်မှတ်ရာတွင်လည်း မူလသတ်မှတ်ပေးထားသည့်ရက်ကို ရှောင်ရှားပြီး လျှောက်ထားသူတို့၏ ရှေ့နေမအားလပ်သည့်နေ့ရက်ကို ပြောင်းလဲချိန်းဆိုပေးပြီး ရှေ့နေမလာရောက်နိုင်ပါက မူလရုံးလျှောက်ထားခံရသူများကိုယ်တိုင် စစ်ဆေးမေးမြန်းရန်နှင့် ယနေ့အဆင့်တွင် ရှေ့နေပါရန်မလိုအပ်သေးကြောင်း၊ အမှုဖွင့်အရေးယူပြီးမှသာ ရှေ့နေလိုအပ်ကြောင်း ခရိုင်တရားသူကြီးကပြောဆို ဆောင်ရွက်ခဲ့ခြင်းသည် ဘက်လိုက်ဆောင်ရွက်ခြင်းဖြစ်ပြီး ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို ပိတ်ပင်ကန့်သတ်သည့်အတွက် လျော်ကန်သင့်မြတ်သောစိုးရိမ်မကင်းမှုမျိုးဖြစ်၍ အခြားသင့်လျော်ရာ စီရင်ခွင့်ရတရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းစစ်ဆေးပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက စုံစမ်းစစ်ဆေးနေသည်မှာ ခရိုင်တရားသူကြီးဖြစ်၍လည်းကောင်း၊ ဒေါ်ဝါဝါဆွေအား သက်သေစာရင်းမှ ပယ်ခဲ့ခြင်းသည် လျှောက်ထားသူဦးလက်ချူးမန်းတို့အပေါ် တစ်စုံတစ်ရာထိခိုက်မှုမရှိ၍လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးနေခြင်းဖြစ်၍ဘက်လိုက်မှုရှိသည်ဟု မဆိုနိုင်၍လည်းကောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ (၁) အရ ပြစ်မှုများကို လွှဲပြောင်းစစ်ဆေးရန် တရားလွှတ်တော်သို့ လျှောက်ထားလာသည့်အခါ တရားလွှတ်တော်အနေဖြင့် (၁) အဆိုပါ

ပြစ်မှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးက စုံစမ်းစစ်ဆေးရန် သို့မဟုတ် စစ်ဆေးစီရင်ရန်၊ (၂) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှု သို့မဟုတ် မူလမှုများ သို့မဟုတ် အယူခံမှုများကို အခြားပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးရန်ဖြစ်စေ၊ (၃) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာ မူလမှု သို့မဟုတ် အယူခံမှုကို မိမိရှေ့တွင် စစ်ဆေးစီရင်ရန်အတွက် လွှဲပြောင်းရန်ဖြစ်စေ၊ (၄) တရားခံတစ်ယောက်ကို စစ်ဆေးစီရင်ရန်အတွက် မိမိထံ သို့မဟုတ် စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့ရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ နှင့် ဥပဒေပုဒ်မ ၅၂၆ (၁) တို့ကို နှိုင်းယှဉ်လေ့လာလျှင် ဥပဒေပုဒ်မ ၄၇၆ အရ ဆောင်ရွက်ခြင်းသည် ဥပဒေပုဒ်မ ၅၂၆ တွင်ပါရှိသော ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စစ်ဆေးစီရင်ခြင်း မဟုတ်သလို တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်း မဟုတ်ဘဲ ရာဇဝတ်အထွေထွေမှုဖွင့်လှစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ ပဏာမ စုံစမ်းစစ်ဆေးနေဆဲ အဆင့်သာဖြစ်သောကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ (၁) အရ အခြားတရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းစစ်ဆေးနိုင်သည့် အမှုအမျိုးအစားတွင်ပါဝင်ခြင်းမရှိဟု သုံးသပ်ရကြောင်း လျှောက်လဲတင်ပြသည်။

အမှတ် (၂) လျှောက်ထားခံရသူ၏ တရားလွှတ်တော်ရှေ့နေက အမှုစစ်ဆေးသည့် ကျောက်မဲခရိုင်တရားသူကြီးဘက်မှလည်း မှားယွင်းမှု တစ်စုံတစ်ရာမရှိဘဲ ရှေ့နေကမကျေနပ်တိုင်း ရုံးပြောင်းရမည်ဆိုလျှင် မဖြစ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

၂၀၁၆
လက်ချူးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

၂၀၁၆
လက်ချူးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

အမှုတွင် လျှောက်ထားသူများက ကျောက်မဲခရိုင်တရားရုံးမှအပ အခြားသင့်လျော်ရာတရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းစစ်ဆေးခွင့်ပြုရန် လျှောက်ထားခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်သုံးသပ်ရန်ဖြစ်သည်။

မူလရုံးအမှုတွဲအားစိစစ်ရာ လျှောက်ထားသူ ဦးကူးမားက ၎င်း၏ညီတော်သူ ဂန်နားသေဆုံးမှုနှင့် ပတ်သက်၍ လက်ချူးမန်း၊ ဦးကျော်၊ ဒေါ်ခင်မြမိုးတို့အား စွဲဆိုသော ကျောက်မဲခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၆ တွင် တရားခံများဘက်မှ အမှုအားကျေအေးရုပ်သိမ်းကြောင်း ၆-၁၂-၂၀၁၄ ရက်စွဲပါ ငွေကျပ်သိန်း ၃၀ လက်ခံသောစာချုပ်ကို မချုပ်ဆိုခဲ့ကြောင်း၊ အမှုအားကျေအေးရုပ်သိမ်းခြင်း လုံးဝမရှိကြောင်းဖြင့် အမှုရုပ်သိမ်းခြင်းစာချုပ်အားလိမ်လည်ချုပ်ဆိုသွားသည့် လက်ချူးမန်း၊ ဒေါ်ခင်မြမိုးနှင့် ဦးကျော်တို့အား ဥပဒေအရ အရေးယူပေးရန် လျှောက်ထားသဖြင့် တိုင်လျှောက်သူနှင့် တိုင်လျှောက်သူတင်ပြသော သက်သေများကို စစ်ဆေးခဲ့သည်။ ထိုသို့ စစ်ဆေးရာတွင် ကျောက်မဲခရိုင်တရားရုံး၊ ၂၀၁၄ ခုနှစ်၊ ရာဇဝတ်ကြီးမှုအမှတ် ၁၈၆ ကို စစ်ဆေးအမိန့်ချခဲ့သူ ဒုတိယခရိုင်တရားသူကြီး ဒေါ်ဝါဝါဆွေအား သက်သေစာရင်းတွင်မထည့်သွင်းရန် ခရိုင်တရားသူကြီးက ပြောဆိုခဲ့ခြင်း၊ လျှောက်ထားသူတို့၏ရှေ့နေတောင်းသော ရုံးချိန်းရက်ကို ရုံးချိန်းမပေးခြင်းတို့ကြောင့် စုံစမ်းစစ်ဆေးမှုကို ကျောက်မဲခရိုင်တရားရုံးတွင် ဆက်လက်စစ်ဆေးပါက တရားမျှတမှုရနိုင်လိမ့်မည် မဟုတ်ဟု လျှောက်ထားသူတို့၏စိတ်တွင် လျော်ကန်သင့်မြတ်သော စိုးရိမ်မကင်းမှုမျိုးဖြစ်ပွားကြောင်း အကြောင်းပြပြီး အခြားသင့်လျော်ရာ

စီရင်ခွင့်ရ တရားရုံးတစ်ရုံးရုံးသို့ လွှဲပြောင်းစစ်ဆေးပေးရန် လျှောက်ထားခြင်းဖြစ်သည်။

၂၀၁၆
လက်ချူးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၅ (ခ) အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။ ထို့ပြင် တရားစီရင်ရေးဥပဒေပုဒ်မ ၄၀ (ခ) အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တို့သည် မိမိစီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း တရားရုံးတစ်ရုံးမှ အခြားတရားရုံးတစ်ရုံးသို့ အမှုလွှဲပြောင်းပေးမှုကို စီရင်ပိုင်ခွင့်အာဏာရှိသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ (၁) (င) တွင် တရားဖြောင့်မှန်ရေးအတွက် ဆိုခဲ့သည့်အမိန့်တစ်ရပ်ကို ထုတ်သင့်သည်ဟုသော်လည်းကောင်း၊ ဤကျင့်ထုံးဥပဒေပါပြဋ္ဌာန်းချက် တစ်စုံတစ်ရာအရ ဆိုခဲ့သည့်အမိန့်ကို ထုတ်ရန်လိုသည်ဟုလည်းကောင်း၊ တရားလွှတ်တော်သို့ ထင်ရှားအောင်လျှောက်ထားသည့်အခါ တရားလွှတ်တော်အနေဖြင့် (၁) ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးရန် ပုဒ်မ ၁၇၇ မှ ပုဒ်မ ၁၈၄ အထိ ပုဒ်မအားလုံးအပါအဝင် ပုဒ်မများအရ အာဏာမရရှိသော်လည်း အခြားအချက်များတွင် အဆိုပါပြစ်မှုကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ရုံးကစုံစမ်းစစ်ဆေးရန် သို့မဟုတ် စစ်ဆေးစီရင်ရန်ဖြစ်စေ၊ (၂) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာ မူလမှု သို့မဟုတ် အယူခံမှု သို့မဟုတ် မူလအမှုများ သို့မဟုတ် အယူခံမှုများကို လက်အောက်ရှိ ပြစ်မှုဆိုင်ရာ

၂၀၁၆
လက်ချုံးမန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

တရားရုံးတစ်ရုံးမှ စီရင်ပိုင်ခွင့်တူညီသည့် သို့မဟုတ် ၎င်းထက်စီရင်ပိုင်ခွင့်အာဏာတိုးမြှင့်ရရှိထားသည့် အခြားပြစ်မှုဆိုင်ရာတရားရုံးသို့ လွှဲပြောင်းပေးရန်ဖြစ်စေ၊ (၃) တစ်စုံတစ်ရာသော ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုကို မိမိရှေ့တွင် စစ်ဆေးစီရင်ရန်အတွက် လွှဲပြောင်းရန်ဖြစ်စေ၊ (၄) တရားခံတစ်ယောက်ကို စစ်ဆေးစီရင်ရန်အတွက် မိမိထံ သို့မဟုတ် စက်ရှင်တရားရုံးသို့ လွှဲအပ်တင်ပို့ရန် အမိန့်ချမှတ်နိုင်သည်ဟူ၍ ပြဋ္ဌာန်းထားသည်။

ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၅ (ခ) နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ တို့အရ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုများကို စီရင်ပိုင်ခွင့်အာဏာရှိသော လက်အောက်ခံတရားရုံးတစ်ရုံးမှ စီရင်ပိုင်ခွင့်အာဏာတူညီသော သို့မဟုတ် စီရင်ပိုင်ခွင့်အာဏာတိုးမြှင့်ရရှိထားသော အခြားတရားရုံးတစ်ရုံးသို့ လွှဲပြောင်းစစ်ဆေးနိုင်ပေသည်။ သို့ရာတွင် ရာဇဝတ်ကျင့်ထုံးဥပဒေအရ စုံစမ်းစစ်ဆေးနေသော ပဏာမစုံစမ်းစစ်ဆေးမှုများကို ယင်းသို့ လွှဲပြောင်းစစ်ဆေးနိုင်ကြောင်း ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိသည်ကို တွေ့ရသည်။ ယခုရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရပြုလုပ်သော ပဏာမစုံစမ်းစစ်ဆေးမှုမှာ ပြစ်မှုတစ်စုံတစ်ရာကို စုံစမ်းစစ်ဆေးသည့်အမှုမဟုတ်သကဲ့သို့ ပြစ်မှုဆိုင်ရာမူလမှု သို့မဟုတ် အယူခံမှုလည်းမဟုတ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားတရားရုံးသို့ လွှဲပြောင်းနိုင်သောအမှုမျိုး မဟုတ်ပေ။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) တွင် တရာမရုံး သို့မဟုတ် အခွန်ရုံး သို့မဟုတ် ရာဇဝတ်တရားရုံးမှ စစ်ဆေးစီရင်ရာ

တွင်ဖြစ်စေ၊ ၎င်းတို့နှင့်စပ်လျဉ်း၍ဖြစ်စေ၊ ကျူးလွန်ခဲ့ဟန်လက္ခဏာရှိသော ပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာနှင့်စပ်လျဉ်းပြီး အဆိုပါတရားရုံး အနေဖြင့် ဤကိစ္စအလို့ငှာ မိမိထံလျှောက်ထားသည်ဖြစ်စေ၊ မလျှောက်ထားသည်ဖြစ်စေ၊ တရားမျှတမှုအတွက် စုံစမ်းစစ်ဆေးမှု ပြုလုပ်သင့်သည်ဟု ထင်မြင်ယူဆလျှင် အကယ်၍ လိုအပ်သည်ထင်၍ ယင်းကဲ့သို့ ပဏာမစုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးနောက် စုံစမ်းစစ်ဆေးမှု၏ ဆုံးဖြတ်ချက်ကို ရေးမှတ်နိုင်သည့်အပြင် ထိုပြစ်မှုနှင့်စပ်လျဉ်း၍ တိုင်တန်းချက်ကိုရေးသားပြီး အဆိုပါတရားရုံး၏ ရုံးထိုင်အရာရှိက လက်မှတ်ထိုးကာ ထိုတိုင်တန်းချက်ကို စီရင်ပိုင်ခွင့်အာဏာရှိသော ပထမတန်းအာဏာရ ရာဇဝတ်တရားသူကြီးထံ တင်ပို့ရမည်ဟူ၍ ပြဋ္ဌာန်းသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ (၁) ပါ ပြဋ္ဌာန်းချက် အရဆိုလျှင် တရားမရုံး သို့မဟုတ် အခွန်ရုံး သို့မဟုတ် ရာဇဝတ်တရားရုံးမှ စစ်ဆေးစီရင်သောအမှုတွင် ပုဒ်မ ၁၉၅၊ ပုဒ်မခွဲ (၁) ၏ အပိုဒ် (ခ) သို့မဟုတ် အပိုဒ် (ဂ) တွင် ရည်ညွှန်းသည့် ပြစ်မှုတစ်စုံတစ်ရာကို ကျူးလွန်ခဲ့ ဟန်လက္ခဏာရှိပါက တရားမျှတမှုအတွက် အဆိုပါတရားရုံးက ပဏာမ စုံစမ်းစစ်ဆေးမှုပြုလုပ်ရမည်ဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ အဆိုပါ တရားရုံးဆိုသည့် စကားရပ်ကိုထောက်ထားပါက ပဏာမစုံစမ်းစစ်ဆေး မှုကို မူလအမှု၏ တရားရုံးကသာ ပြုလုပ်ရမည်ဖြစ်ပြီး အခြားတရားရုံးက မပြုလုပ်နိုင်ကြောင်း မြင်သာသည်။

၂၀၁၆
လက်ချုပ်မန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

၂၀၁၆
လက်ချုပ်မန်း ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၃

သို့ဖြစ်ရာ ကျောက်မဲခရိုင်တရားရုံးတွင် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၇၆ အရ စုံစမ်းစစ်ဆေးနေသော ၂၀၁၆ ခုနှစ်၊ ရာဇဝတ်အထွေထွေမှုအမှတ် ၁၀ မှာ တရားမျှတမှုအတွက် ပြုလုပ်သည့် ပဏာမစုံစမ်းစစ်ဆေးမှုသာဖြစ်သဖြင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ အရ အခြားစီရင်ပိုင်ခွင့်အာဏာတူညီသော ခရိုင်တရားရုံးတစ်ရုံးသို့ လွှဲပြောင်း၍ရသောအမှုမဟုတ်ကြောင်း သုံးသပ်ရရှိသည်။ ထို့ပြင် ရှမ်းပြည်နယ်တရားလွှတ်တော်က လျှောက်ထားသူအနေဖြင့် အမှုလွှဲပြောင်းပေးရန် လျှောက်ထားကြောင်း အကြောင်းကြားစာကို အစိုးရရှေ့နေထံ ပေးအပ်ရန်ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၆ (၆) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းမရှိသောကြောင့် ရာဇဝတ်အထွေထွေလျှောက်ထားမှုအား ပယ်သောအမိန့်မှာလည်း ဥပဒေအရမှားယွင်းသည်ဟုမဆိုသာပေ။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သည်။

+ ၂၀၁၆ ခုနှစ်
ဇူလိုင်လ ၅ ရက်

## ရာဇဝတ်ပြင်ဆင်မှု
## ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး ဦးမြင့်ဟန်ရှေ့တွင်

## ဒေါ်သိုက် ပါ ၃

## နှင့်

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ *

**ပြင်ဆင်မှုတရားရုံးဖြစ်သည့် ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ အရ အမှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် ညွှန်ကြားခဲ့သဖြင့် မြို့နယ်တရားရုံးက တရားခံများအပေါ် ရာဇသတ်ကြီး ပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့ရာ မူလရုံးတရားလိုက ကျေနပ်မှုမရှိသဖြင့် တင်သွင်းခဲ့သည် ပြင်ဆင်မှုကို အဆိုပါခရိုင်တရားရုံးက လက်ခံဆုံးဖြတ်ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုရှိ -မရှိ။**

**ဆုံးဖြတ်ချက်။** ။ အမှုအားစိစစ်လေ့လာရာ ဘိုကလေးမြို့နယ်တရားရုံးမှ တရားခံဒေါ်သိုက် ပါ ၃ ဦးကို စွဲချက်မတင်မီလွှတ်ခဲ့၍ ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာ ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ သင့်တော်သည့်ပုဒ်မဖြင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်း

---

* ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၄ (ခ)

\+ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၇ (ခ) တွင်ချမှတ်သော ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်စွဲပါ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်ကို ပြင်ဆင်မှု

၂၀၁၆
ဒေါ်သိုက် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ဖြစ်သည်မှာ အငြင်းမပွားပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုတရားရုံးက အမှုကို ဆက်လက်စုံစမ်းစစ်ဆေးရန် ဟူ၍သာ အမိန့်ချမှတ်နိုင်ပေသည်။ **ဦးခင်မောင် ပါ၃ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်၊ ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး၊ စာ-၈၂** အမှုကိုကြည့်ပါ။

သို့ဖြစ်ရာ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ၏ ဆုံးဖြတ်ခဲ့သည့်အမိန့်မှာ ဥပဒေအရ မှားယွင်းမှု မရှိပေ။ ခရိုင်တရားရုံး၏ လမ်းညွှန်ဆုံးဖြတ်ခဲ့သည့်အမိန့်အရ မူလရုံးက တရားခံများကို ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့ရာ ယင်းအမိန့်ကို မူလရုံးတရားလို ဒေါ်ဝါဝါဝင်း (ခ) ဒေါ်ဝါဝါက ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့် တင်သွင်းရာ ဖျာပုံခရိုင်တရားရုံးက မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ရန် ညွှန်ကြားခဲ့ခြင်းမှာ မှားယွင်းကြောင်း၊ လျှောက်ထားသူများရှေ့နေက တင်ပြထားသည်ကို တွေ့ရသည်။ ဖျာပုံခရိုင်တရားရုံးအနေဖြင့် စွဲချက်မတင်မီလွှတ်သည့်အမိန့် အပေါ် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ မူလရုံးက စွဲချက်တင်သည့်အမိန့်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တက်ရောက်ခြင်း ဖြစ်သည့်အတွက် မည်သည့်ပုဒ်မဖြင့်စွဲချက်တင်ရန် ဖျာပုံခရိုင်တရားရုံးက တိကျစွာညွှန်ကြား ခဲ့သည့်အမိန့်မှာ ဥပဒေနှင့်အညီ ချမှတ်ခဲ့ခြင်းသာဖြစ်သည်။ သို့အတွက် လျှောက်ထားသူ၏ရှေ့နေက ခရိုင်တရားရုံးသို့ ပြင်ဆင်မှု (၂) ကြိမ် တက်ရောက်သည်ဟု တင်ပြချက်မှာ မှန်ကန်ခြင်းမရှိကြောင်း တွေ့ရှိရ သည်။

၂၀၁၆
ဒေါ်သိုက် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

လျှောက်ထားသူများအတွက် - ဦးဘဝင်း
တရားလွှတ်တော်ရှေ့နေ
လျှောက်ထားခံရသူ(၁)အတွက် - ဦးအောင်သန်းရွှေ
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
လျှောက်ထားခံရသူ(၂)အတွက် - ဦးစိန်ဝင်း
တရားလွှတ်တော်ရှေ့နေ

ဘိုကလေးမြို့နယ်တရားရုံး ၂၀၁၄ ခုနှစ် ရာဇဝတ်ကြီးမှုအမှတ် ၆၅၆ တွင် တရားခံ ဒေါ်သိုက်၊ ဒေါ်ဌေးဌေး (ခ) ကြည်ကြည်ဌေးနှင့် ကိုအောင်မြင့်နိုင်တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၃၈၄၊ ၅၀၆ တို့အရ စွဲဆိုရာ စွဲချက်မတင်မီလွှတ်သည့် အမိန့်ချမှတ်ခဲ့သည်။ ယင်းအမိန့်ကို ဖျာပုံခရိုင်ဥပဒေရုံးက ကျေနပ်မှုမရှိသည့်အတွက် ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် ပြင်ဆင်မှုတင်သွင်းရာ ဖျာပုံခရိုင်တရားရုံးက ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားသဖြင့် ဘိုကလေးမြို့နယ်တရားရုံးက တရားခံများကို ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့သည်။ ယင်းအမိန့်ကို ဒေါ်ဝါဝါ (ခ) ဝါဝါဝင်းက ကျေနပ်မှုမရှိသဖြင့် ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့် တင်သွင်းရာ တရားခံများအား ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၄၅၁၊ ၅၀၆ (ဒုတိယပိုင်း) အရ စွဲချက်တင် ဖြေရှင်းစေရန် အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်သိုက်ပါ ၃ ဦးက ကျေနပ်မှုမရှိသဖြင့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၅ ခုနှစ်

၂၀၁၆

ဒေါ်သိုက် ပါ ၇

နှင့်

ပြည်ထောင်စုသမ္မတ

မြန်မာနိုင်ငံတော် ပါ ၂

ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၀၇ (ခ) ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့သော်လည်း အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

အမှုမှာ ဘိုကလေးမြို့နယ်၊ ငြုပ်ကောင်းကျေးရွာနေ ဒေါ်ဝါဝါဝင်းက ၃၀-၄-၂၀၁၄ ရက်နေ့ ညနေ ၆း၃၀ နာရီ အချိန်ခန့်တွင် ဒေါ်သိုက်နှင့်သားဖြစ်သူ အောင်မြင့်နိုင်၊ ဦးနေဝင်း၊ ဒေါ်ဌေးဌေးတို့သည် နေအိမ် ပေါ်သို့တက်လာပြီး တရားလို ဒေါ်ဝါဝါ (ခ) ဝါဝါဝင်း၏ ခင်ပွန်း သေသွားပြီဖြစ်၍ အိမ်နှင့်ပစ္စည်းအားလုံးမဆိုင်သဖြင့် နေအိမ်မှချက်ချင်း ဆင်းသွားရန် မဆင်းလျှင် ငါတို့အကြောင်းသိစေရမည်ဟု လူအုပ်ဖြင့် ကြိမ်းမောင်းခြိမ်းခြောက်၍ နေအိမ်ပေါ်ရှိပစ္စည်းများ၊ စပါးကိုဒေါင်ရှိ ဆေးများ၊ ထွန်စက်များ၊ လယ်ယာသုံးပစ္စည်းများအား သိမ်းယူကြပြီး နေအိမ်မှမဆင်းလျှင် သတ်ပစ်မည်ဟုပြောဆိုခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း တို့ကြောင့် မိဘများအိမ်သို့ ပြန်ခဲ့ရကြောင်း၊ သို့ဖြစ်၍ ဒေါ်သိုက်ပါ ၇ ဦးအား အရေးယူပေးရန် ဒေါ်ဝါဝါ (ခ) ဝါဝါဝင်းက တိုင်တန်းမှုဖြစ်သည်။

လျှောက်ထားသူများ၏ရှေ့နေက မူလရုံးတရားလိုအနေဖြင့် ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ တွင် ချမှတ်သောအမိန့်အပေါ် ကျေနပ်မှုမရှိပါက အထက်တရားရုံးအဆင့်ဆင့် သို့ တက်ရောက်နိုင်ခွင့်ရှိပါလျက် မြို့နယ်တရားရုံးက ဖျာပုံခရိုင်တရားရုံး၏ သုံးသပ်ဆုံးဖြတ်ထားချက်နှင့်အညီ ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ဖြေရှင်းစေသည့်အမိန့်ကို ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့် ထပ်မံတင်သွင်းလျှောက်ထားခြင်းမှာ ညီညွတ်မျှတမှုမရှိသည့်အပြင် ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၄၅၁ နှင့် ၅၀၆

(ဒုတိယပိုင်း) တို့အရ စွဲချက်တင်၍ ဆက်လက်စစ်ဆေးစေရန် ထပ်မံ အမိန့်ချမှတ်ခဲ့ကြောင်း၊ ဘိုကလေးမြို့နယ်တရားရုံးက စွဲချက်မတင်မီ လွှတ်ကြောင်း အမိန့်ချမှတ်ပြီးနောက် ဖျာပုံခရိုင်တရားရုံးသို့ ပြင်ဆင်မှု တင်သွင်းလျှောက်ထားခဲ့သဖြင့် မူလရုံးတရားလိုပြ သက်သေထွက်ဆိုချက်များနှင့် သက်သေခံချက်များအပေါ် ခရိုင်တရားသူကြီး၏ သုံးသပ်ဆုံးဖြတ်ချက်နှင့်အညီ မူလရုံးက ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ ထုချေဖြေရှင်းစေရန် အမိန့်ချမှတ်ခဲ့သော်လည်း စွဲချက်အမိန့်ပါ အကြောင်းအရာနှင့်စပ်လျဉ်း၍ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ကို တရားလိုက ဖျာပုံခရိုင်တရားရုံးသို့ ထပ်မံတင်သွင်းလျှောက်ထားပါလျက် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ခရိုင်တရားရုံးသို့ ပြင်ဆင်မှုနှစ်ခါတက်ရောက်သည်ဟု တင်ပြချက်မှာ မှန်ကန်မှုမရှိကြောင်း သုံးသပ်ဆုံးဖြတ်ခြင်းမှာ ညီညွတ်မျှတမှုမရှိကြောင်း၊ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၅ တွင် မြို့နယ်တရားရုံးက တရားခံဒေါ်သိုက်ပါ ၃ ဦးတို့အား ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ထားခြင်းအား ရာဇသတ်ကြီးပုဒ်မ ၄၅၁ နှင့် ၅၀၆ (ဒုတိယပိုင်း) တို့ကိုပါ ထည့်သွင်း၍ ယင်းဥပဒေပုဒ်မ ၃၄၁၊ ၄၅၁၊ ၅၀၆ (ဒုတိယပိုင်း) တို့အရ စွဲချက်တင်စစ်ဆေးရန် ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်များမှာ မှန်ကန်မျှတမှုမရှိသဖြင့် ပြင်ဆင်ပယ်ဖျက်၍ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ တွင်ချမှတ်ခဲ့သည့် စီရင်ချက်အမိန့်အား ဆက်လက်အတည်ပြုပေးပါရန် လျှောက်လဲတင်ပြသည်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး

၂၀၁၆
ဒေါ်သိုက်ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

က မူလရုံးကစွဲချက်မတင်မီ တရားရှင်လွှတ်သည့်အမိန့်ကို နိုင်ငံတော်က ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် တင်သွင်းခဲ့ရာ ခရိုင်တရားရုံးက လျှောက်ထားသူ (မူလရုံးတရားခံ) များအပေါ် စွဲချက်မတင်မီလွှတ်ခဲ့သည့် ဘိုကလေးမြို့နယ်တရားရုံး၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်မှုမရှိသဖြင့် ဒေါ်သိုက်ပါ ၃ ဦးတို့အပေါ် ဥပဒေနှင့်အညီ စွဲချက်တင်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားသည့်အမိန့်ချမှတ်ခဲ့ကြောင်း၊ ယင်းအမိန့်အရ မြို့နယ်တရားရုံးက ဒေါ်သိုက်ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ဖြေရှင်းစေသည့် အမိန့်ချမှတ်ခဲ့ရာ တရားလိုဒေါ်ဝါဝါဝင်းက ကျေနပ်မှုမရှိသဖြင့် ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့် တင်သွင်းခဲ့ခြင်းသည် နိုင်ငံတော်က လျှောက်ထားသူ (မူလရုံးတရားခံ) များအပေါ် စွဲချက်မတင်မီလွှတ်ခဲ့သည့်အမိန့်အပေါ် ပြင်ဆင်မှုတင်သွင်းခြင်းနှင့် အကြောင်းခြင်းရာမတူညီသဖြင့် လျှောက်ထားသူများအကြောင်းပြသကဲ့သို့ ပြင်ဆင်မှုကို ထပ်မံတင်သွင်းလျှောက်ထားခြင်း မဟုတ်ကြောင်း၊ မူလရုံးက ဒေါ်သိုက်ပါ ၃ ဦးအပေါ် စွဲချက်မတင်မီလွှတ်ကြောင်း ချမှတ်သည့်အမိန့်အား ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ကိုတင်သွင်းရာ ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ထပ်မံစုံစမ်းစစ်ဆေးရန် ညွှန်ကြားခြင်းသည် မည်သည့်ပုဒ်မဖြင့်သာ စွဲချက်တင်ဖြေရှင်းစေရမည်ဟု ချမှတ်သည့် အမိန့်မျိုးမဟုတ်သဖြင့် အမှုတွင်ပေါ်ပေါက်လျက်ရှိသော သက်သေခံချက်များနှင့်အညီ မြို့နယ်တရားရုံးက မိမိသဘောအတိုင်း ပြစ်မှုတစ်ရပ်ရပ်ဖြင့်

စွဲချက်တင်ခြင်းသာဖြစ်ပြီး ထိုသို့မူလရုံးကစွဲချက်တင်သည့် ပြစ်မှုတစ်ရပ်ရပ် အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၆ အရ ညွှန်ကြားခဲ့သည့် ခရိုင်တရားရုံး၏အမိန့်သည် လွှမ်းမိုးချုပ်ချယ်ထားသည်ဟု မဆိုနိုင်ကြောင်း၊ တရားလိုက လျှောက်ထားသူ (မူလရုံးတရားခံ) များအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်သည့်အမိန့်အပေါ် ကျေနပ်မှုမရှိသဖြင့် ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှု အမှတ် ၃၀ ကိုတင်သွင်းရာ ဒုတိယခရိုင်တရားသူကြီး (၂) က မူလရုံးတရားခံ ဒေါ်သိုက် ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၄၅၁၊ ၅၀၆ (ဒုတိယပိုင်း) အရ စွဲချက်တင်စေရန် ချမှတ်သည့်အမိန့်သည် ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ တွင် ချမှတ်သည့်အမိန့်နှင့် ဆန့်ကျင်ကွဲလွဲသည်ဟု မဆိုနိုင်ကြောင်း၊ ဖျာပုံခရိုင်တရားရုံး၏၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ တွင် မူလရုံးတရားခံ ဒေါ်သိုက် ပါ ၃ ဦးအပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တင်သွင်းသော ပြင်ဆင်မှုဖြစ်၍ တရားခံဒေါ်သိုက် ပါ ၃ ဦးအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁ အပြင် ပုဒ်မ ၄၅၁၊ ၅၀၆ (ဒုတိယပိုင်း) အရ ပြင်ဆင်စွဲချက်တင်ရန်အမိန့်နှင့် ယင်းအမိန့်အား အတည်ပြုခဲ့သော ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်၏အမိန့်မှာ မှားယွင်းမှုမရှိသဖြင့် လျှောက်ထားသူ၏ ပြင်ဆင်မှုလျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဥပဒေနှင့် အညီသင့်မြတ်သည့် အမိန့်တစ်ရပ် ချမှတ်ပေးပါရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ရှေ့နေက တရားလိုသည် အမိန့်တစ်ရပ်တည်းအပေါ် ပြင်ဆင်မှု ၂ ကြိမ်တင်သွင်းခဲ့ခြင်းမရှိကြောင်း၊ တရားခံများ (လျှောက်ထားသူများ) တင်ပြသကဲ့သို့ ပြင်ဆင်မှု ၂ ကြိမ်

၂၀၁၆
ဒေါ်သိုက် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

တင်သွင်းသည်ဆိုခြင်းမှာ မမှန်ကြောင်း၊ တရားခံများမှ ထုချေရသေးခြင်း မရှိကြောင်း၊ စီရင်ထုံးအကိုးအကားများအရ ယခုအမှုသည် ခရိုင်တရားရုံး နှင့် တိုင်းဒေသကြီးတရားလွှတ်တော်မှ စွဲချက်တင်ဖြေရှင်းစေခြင်းမှာ မှားယွင်းခြင်းမရှိကြောင်း ထင်ရှားပေါ်ပေါက်နေပါသဖြင့် ပြင်ဆင်မှုအား ပလပ်ပေးပါရန် လျှောက်လဲတင်ပြသည်။

အမှုတွဲအား စိစစ်ကြည့်ရာတွင် ဘိုကလေးမြို့နယ်တရားရုံးမှ တရားခံဒေါ်သိုက် ပါ ၃ ဦးကို စွဲချက်မတင်မီလွှတ်ခဲ့၍ ဖျာပုံခရိုင်ဥပဒေရုံး က ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၆ ဖြင့် ပြင်ဆင်မှုတင်သွင်းခဲ့ရာ ခရိုင်တရားရုံးက ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၄၃၆ အရ သင့်တော်သည့်ပုဒ်မဖြင့် စွဲချက်တင်စစ်ဆေးရန် ညွှန်ကြားခဲ့ခြင်းသာဖြစ်သည်မှာ အငြင်းမပွားပေ။ ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၄၃၆ အရ ပြင်ဆင်မှုတရားရုံးက အမှုကိုဆက်လက်စုံစမ်းစစ်ဆေးရန် ဟူ၍သာ အမိန့်ချမှတ်နိုင်ပေသည်။ **ဦးခင်မောင် ပါ ၃ နှင့် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မမြန်မာနိုင်ငံတော်ပါ ၂ အမှု** [၁] ကိုကြည့်ပါ။

သို့ဖြစ်ရာ ဖျာပုံခရိုင်တရားရုံး၏ ၂၀၁၅ ခုနှစ် ရာဇဝတ် ပြင်ဆင်မှုအမှတ် ၁၅ ၏ ဆုံးဖြတ်ခဲ့သည့်အမိန့်မှာ ဥပဒေအရမှားယွင်းမှု မရှိပေ။ ခရိုင်တရားရုံး၏ လမ်းညွှန်ဆုံးဖြတ်ခဲ့သည့်အမိန့်အရ မူလရုံးက တရားခံများကို ရာဇသတ်ကြီးပုဒ်မ ၃၄၁ အရ စွဲချက်တင်ခဲ့ရာ ယင်းအမိန့် ကို မူလရုံးတရားလို ဒေါ်ဝါဝါဝင်း (ခ) ဒေါ်ဝါဝါက ဖျာပုံခရိုင်တရားရုံးသို့ ၂၀၁၅ ခုနှစ် ရာဇဝတ်ပြင်ဆင်မှုအမှတ် ၃၀ ဖြင့်တင်သွင်းရာ ဖျာပုံခရိုင် တရားရုံးက မည်သည့်ပုဒ်မများဖြင့် စွဲချက်တင်ရန် ညွှန်ကြားခဲ့ခြင်းမှာ

(၁) ၁၉၈၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၈၂

မှားယွင်းကြောင်း၊ လျှောက်ထားသူများရှေ့နေက တင်ပြထားသည်ကို တွေ့ရှိရသည်။ ဖျာပုံခရိုင်တရားရုံးအနေဖြင့် စွဲချက်မတင်မီလွှတ်သည့် အမိန့်အပေါ် ဆုံးဖြတ်ခဲ့ခြင်းမဟုတ်ဘဲ မူလရုံးကစွဲချက်တင်သည့် အမိန့်အပေါ် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၄၃၉ အရ တက်ရောက်ခဲ့ခြင်း ဖြစ်သည့်အတွက် မည်သည့်ပုဒ်မဖြင့်စွဲချက်တင်ရန် ဖျာပုံခရိုင်တရားရုံးက တိကျစွာညွှန်ကြားခဲ့သည့်အမိန့်မှာ ဥပဒေနှင့်အညီ ချမှတ်ခဲ့ခြင်းသာ ဖြစ်သည်။ သို့အတွက် လျှောက်ထားသူ၏ရှေ့နေက ခရိုင်တရားရုံးသို့ ပြင်ဆင်မှု (၂) ကြိမ်တက်ရောက်သည်ဟု တင်ပြချက်မှာ မှန်ကန်ခြင်း မရှိကြောင်း တွေ့ရှိရသည်။

အမှုမှာ တရားလိုဒေါ်ဝါဝါဝင်း (ခ) ဒေါ်ဝါဝါသည် ဦးသန်းလှိုင်နှင့်အိမ်ထောင်ကျကာ အခင်းဖြစ်အိမ်တွင် ဦးသန်းလှိုင်နှင့် အတူနေထိုင်ခဲ့သည်။ တရားခံများက ဦးသန်းလှိုင်ကွယ်လွန်ချိန်တွင် တရားလိုအား အဆိုပါအိမ်နှင့်မသက်ဆိုင်ဟုဆိုကာ အိမ်ပေါ်မှဆင်းပေး ရန်၊ မဆင်းပါကသတ်ပစ်မယ်ဟု ကြိမ်းမောင်းခြိမ်းခြောက်၍ နှင်ချကြောင်း စသည်ဖြင့် တရားလိုပြသက်သေများက ထွက်ဆိုထားသည်။ လျှောက်ထားသူများအနေဖြင့် အမွေဆိုင်ပစ္စည်းဖြစ်သည်ဟုဆိုကာ ဥပဒေမဲ့နှင်ချရန်မဟုတ်ဘဲ ဥပဒေအရအမွေခွဲဝေပေးရန် ပြန်လည်ရယူ နိုင်ပါလျက် အတင်းအဓမ္မခြိမ်းခြောက်ဆောင်ရွက်ခဲ့ခြင်းမှာ ရာဇသတ်ကြီး ပုဒ်မ ၅၀၆ (ဒုတိယပိုင်း) နှင့် ငြိစွန်းနေကြောင်းတွေ့ရသည်။ တရားလို လက်ရှိဖြစ်နေသော နေထိုင်နေသည့်အိမ်ကို တရားခံတို့သည် လူအုပ်စုဖြင့် ဝင်ရောက်ကြိမ်းမောင်းခြိမ်းခြောက်ကာ နှင်ချခဲ့ခြင်းဖြစ်၍ အိမ်ကျော်နင်းမှု ကို ပြုလုပ်ခဲ့သည့်အင်္ဂါရပ်နှင့်ငြိစွန်းကာ တရားလိုကို အဆိုပါအိမ်တွင်

၂၀၁၆
ဒေါ်သိုက် ပါ ၃
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

မနေနိုင်အောင်တားဆီးခဲ့ကြောင်းလည်း ပေါ်ပေါက်နေသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ဖျာပုံခရိုင်တရားရုံးက တရားခံများအပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၄၅၁ နှင့် ၅၀၆ (ဒုတိယပိုင်း) အရ စွဲချက်တင်စစ်ဆေးစေရန် ချမှတ်ခဲ့သည့်အမိန့်မှာ အမှုတွဲရှိ သက်သေခံချက်များနှင့် ဆန့်ကျင်မှုမရှိပေ။ စွဲဆိုသည့်ပြစ်မှုကို တရားခံကကျူးလွန်သည်ဟု ထင်မြင်ဖွယ်ရာရှိကြောင်း ညွှန်ပြသည့်သက်သေခံချက်များရှိပါက တရားခံအပေါ် စွဲချက်တင်ပြေရှင်းစေရမည်ဖြစ်ပေသည်။ **ကိုဝေလွင် နှင့် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် ပါ ၆ အမှု** [၂] ကိုကြည့်ပါ။

သို့ဖြစ်ရာ အမှုတွင် တရားခံများသည် တရားလိုလက်ရှိနေထိုင်နေသည့် နေအိမ်အတွင်းသို့ ကျူးကျော်ဝင်ရောက်ပြီး အိမ်ပေါ်က ဆင်းရင်ဆင်း၊ မဆင်းလျှင် သတ်ပစ်မည်ဟု တရားလိုအား နေအိမ်တွင် နေထိုင်မရအောင် တားဆီးကန့်သတ်ချုပ်ချယ်မှုများပြုခဲ့ကြောင်း၊ တရားလိုနှင့် တရားလိုပြသက်သေထွက်ဆိုချက်များအရ ပေါ်ပေါက်နေသဖြင့် ဖျာပုံခရိုင်တရားရုံးက လျှောက်ထားသူများ (မူလရုံးတရားခံများ) အပေါ် ရာဇသတ်ကြီးပုဒ်မ ၃၄၁၊ ၄၅၁၊ ၅၀၆ (ဒုတိယပိုင်း) အရ စွဲချက်တင်စစ်ဆေးရန် ချမှတ်ခဲ့သည့်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုခဲ့သည့် ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ အမိန့်များသည် ဥပဒေနှင့်မညီဟု မဆိုနိုင်သဖြင့် ဤရုံးမှဝင်ရောက်စွက်ဖက်ရန်မသင့်ကြောင်း သုံးသပ်ရရှိသည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ပလပ်သည်။

---

(၂) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၆၇

+ ၂၀၁၆ ခုနှစ်
မေလ ၁၀ ရက်

ရာဇဝတ်ပြင်ဆင်မှု
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးအောင်ဇော်သိန်းရှေ့တွင်

ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂ *

**ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင် တစ်ဖက်အမှုသည်သို့ ကန့်ကွက် တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သကဲ့သို့ ထပ်မံစစ်ဆေးရန်လည်း မလိုအပ်ခြင်း။ အမှုစစ်ဆေးနေစဉ် ကာလကပင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့် စပ်လျဉ်းပြီး သက်သေခံချက်များရခဲ့ပြီးဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်သော မူလအမှုစစ်တရားရုံးသည် အဆိုပါအမိန့် (ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန်အမိန့် သို့မဟုတ် ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် ငြင်းပယ်သည့်အမိန့်) ကို တရားခံအား ပြစ်မှုထင်ရှားစီရင်သောနေ့တွင် ချမှတ်ပိုင်ခွင့်ရှိပြီး မူလအမှုစစ်တရားရုံးက

* ၂၀၁၆ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၁၁ (ခ)

+ ၂၀၁၅ ခုနှစ်၊ ရာဇဝတ်ပြင်ဆင်မှုအမှတ် ၂၃၈ (ခ) တွင်ချမှတ်သော ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်စွဲပါ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု

၂၀၀၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

တရားခံအား ပြစ်မှုထင်ရှားစီရင်သောနေ့တွင် မိမိသဘောအတိုင်း အဆိုပါ သက်သာခွင့်ကိုမပေးခဲ့သဖြင့် တရားလိုကလျှောက်ထားတောင်းခံသော ကိစ္စဖြစ်လျှင်လည်း မူလအမိန့်ချမှတ်သည့်နေ့မှ တစ်လအတွင်းသာ တောင်းဆိုသည့် သက်သာခွင့်ပေးသင့်မသင့်ကို အမိန့်ချမှတ်ရမည် ဖြစ်ပေသည်။

တရားရုံးများသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို တိကျစွာလိုက်နာ၍ မိမိရုံးလုပ်ငန်းဆိုင်ရာ နှောင့်နှေးမှုကြောင့် သက်ဆိုင်ရာအမှုသည်အား ထိခိုက်မှု၊ နစ်နာမှု မဖြစ်ပွားစေရန် အထူးသတိပြုရန်လိုသည်။

နစ်နာသူက ယင်းကျင့်ထုံးဥပဒေအရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင်လည်း တစ်ဖက်အမှုသည်ကို ကန့်ကွက်တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သကဲ့သို့ ထပ်မံစစ်ဆေးရန်လည်း မလိုအပ်ပေ။ အကြောင်းမှာ အမှုစစ်ဆေးစဉ်ကာလကပင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး သက်သေခံချက်များရခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်ကို လေ့လာလျှင် တရားလို လောလောဆယ်လက်လွတ်သွားသည့် ပစ္စည်းလက်ရှိထားပိုင်ခွင့် အခွင့်အရေးကို မကြန့်ကြာစေဘဲ အဆုံးအဖြတ်ပြုရန် ရည်ရွယ်ခြင်းဖြစ်သည်မှာ မြင်သာပေသည်။ ထို့ပြင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး အမှုစစ်ဆေးစဉ်ကပင် သက်သေခံချက်ရရှိပြီးဖြစ်၍ ယင်းသက်သေခံချက်အပေါ် အခြေပြုပြီး

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ဆုံးဖြတ်ခြင်းဖြစ်ရာ အမှုနှင့်ပတ်သက်၍ ခုခံခွင့်၊ ချေပခွင့်၊ ကြားနာခွင့် ရရှိခဲ့ပြီးဖြစ်သည်မှာလည်း မြင်သာသည်။ ထို့ကြောင့် သီးခြားနို့တစ်စာ ထုတ်ဆင့်ခြင်း၊ လျှောက်လဲကြားနာခွင့်ပေးခြင်းပြုမှသာ တရားစီရင်ရေး ဥပဒေနှင့် ညီညွတ်မည်ဟူသော လျှောက်ထားသူများ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိပေ။

လျှောက်ထားသူများအတွက် - ကိုယ်တိုင်

လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်အေးအေးမွန်
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူ(၂)အတွက် - ဦးဉာဏ်မြင့်
တရားလွှတ်တော်ရှေ့နေ

ချမ်းမြသာစည်မြို့နယ်တရားရုံး ၂၀၁၄ ခုနှစ်၊ ရာဇဝတ် အထွေထွေမှုအမှတ် ၁၀၈ တွင် လက်လွတ်ခဲ့ရသည့် မြေနှင့်အဆောက် အအုံကို ပြန်လည်ပေးအပ်စေရန် ဒေါ်အေးသီက လျှောက်ထားရာ ပယ်ကြောင်း အမိန့်ချမှတ်ခဲ့သည့်အတွက် မန္တလေးခရိုင်တရားရုံးသို့ ရာဇဝတ်ပြင်ဆင်မှုတင်သွင်းရာ အောင်မြင်မှုမရသဖြင့် မန္တလေး တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုတင်သွင်းရာ အချင်းဖြစ် မြေကွက်နှင့်မြေပေါ်ရှိ အဆောက်အအုံကို ဒေါ်အေးသီသို့ လက်ရောက် ပြန်လည်ပေးအပ်စေရန် ပြင်ဆင်အမိန့်ချမှတ်ခဲ့သည်။ အဆိုပါ အမိန့် အပေါ် ဦးအုန်းမြင့်နှင့်ဒေါ်ရီလှက မကျေနပ်၍ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

အမှုမှာ မူလပိုင်ရှင် ဦးမြင့်ဟန်ထံမှ ဝယ်ယူပြီး ဒေါ်အေးသီ လက်ရှိရယူခဲ့သည့် ချမ်းအေးသာစံမြို့နယ်၊ မြို့သစ် (၄) ရပ်ကွက်၊ အကွက်အမှတ် (၉-၉)၊ ဦးပိုင်အမှတ် (၁၄-က)၊ ဧရိယာ ဝ. ၄၁၃၂ ဧကရှိ မြေနှင့်မြေပေါ်ရှိ တဲအဆောက်အအုံအတွင်းသို့ ဦးအုန်းမြင့်နှင့် ဒေါ်ရီလှတို့က အနိုင်အထက်ပြု ခြိမ်းခြောက်တားဆီးပြီး ဝင်ရောက်နေခြင်းကြောင့် ဦးအုန်းမြင့်နှင့် ဒေါ်ရီလှအပေါ် ရာဇသတ်ကြီးပုဒ်မ ၄၄၇ နှင့် ၃၄၁ အရ ပြစ်မှုထင်ရှားစီရင်ခဲ့သည့်အတွက် လက်လွတ်ခဲ့ရသော မြေနှင့်အဆောက်အအုံကို လက်ရောက်ပေးအပ်စေရန် ဒေါ်အေးသီက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားစွဲဆိုမှု ဖြစ်သည်။

လျှောက်ထားသူများက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) တွင် အဆိုပါ ပြစ်မှုကျူးလွန်သူကို ပြစ်မှုထင်ရှားစီရင်သည့်အခါ သို့မဟုတ် ပြစ်မှုထင်ရှားစီရင်သည့်နေ့မှ တစ်လအတွင်း မည်သည့် အချိန်အခါမဆို ပစ္စည်းလက်လွတ်လိုက်ရသူအား ပစ္စည်းလက်ရှိထား ပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း၊ ချမ်းမြသာစည်မြို့နယ်တရားရုံးက ရာဇဝတ်ကြီးမှုအမှတ် ၇၇၉ ကို ပြစ်မှုထင်ရှားစီရင်သည့်နေ့ မှာ ၁-၁၀-၂၀၁၄ နေ့ဖြစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လက်ရောက်ပေးအပ်ရန် လျှောက်ထားသည့်နေ့မှာ ၃၀-၁၀-၂၀၁၄ နေ့ဖြစ်ရာ တစ်လအချိန်ကုန်လွန်သည့် တစ်လ၏နောက်ဆုံးနေ့ဖြစ်ကြောင်း၊ စည်းကမ်းသတ်ကာလကျော်လွန်မှ လျှောက်ထားသည့်အတွက် လက်ရောက်ပေးရန် မဖြစ်နိုင်ကြောင်း၊

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ စည်းကမ်းသတ်ကာလကို အယူခံရုံး၊ ပြင်ဆင်ရုံး၊ စာဒကရုံးတို့ကလည်း လိုက်နာရမည်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအား ဆင့်စာထုတ်ဆင့်ခြင်း၊ နှစ်ဖက်လျှောက်လဲချက်ကြားနာခွင့်ပေးခြင်းသည် ခုခံခွင့်၊ ချေပခွင့်၊ ကြားနာခွင့်ပေးရမည်ဆိုသော ၂၀၁၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ ၃ (ဂ) ပါ ပြဋ္ဌာန်းချက်နှင့် ညီညွတ်ခြင်းကြောင့် ဒေါ်အေးသီ၏လျှောက်လွှာကို ပယ်ခဲ့သည့် မြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံး၏အမိန့်သည် ဥပဒေနှင့် ညီညွတ်ကြောင်း၊ ကာယကံရှင်က တစ်လအတွင်း လျှောက်ထားချက်ဖြစ်သဖြင့် လျှောက်ထားသည့်အတိုင်း လက်ခံခွင့်ပြုခဲ့သော တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်နေသဖြင့် ပြင်ဆင်တည့်မတ်ပေးရန် လျှောက်လဲတင်ပြသည်။

၂၀၁၆

ဦးအုန်းမြင့် ပါ ၂

နှင့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပါ ၂

ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ လက်ထောက်ညွှန်ကြားရေးမှူးက အမှုတွဲပေါ်ပေါက်ချက်၊ ဥပဒေပြဋ္ဌာန်းချက်နှင့် လမ်းညွှန်စီရင်ထုံးများအရ လျှောက်ထားခံရသူ ဒေါ်အေးသီက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) နှင့်အညီ တစ်လအတွင်း လျှောက်ထားခဲ့ခြင်း၊ လျှောက်ထားသူ ဦးအုန်းမြင့်နှင့် ဒေါ်ရီလှတို့က တုတ်များကိုင်ဆောင်ခြိမ်းခြောက်တားဆီးပိတ်ပင်၍ အနိုင်အထက်ပြုပြီး အချင်းဖြစ်မြေကွက်နှင့် အဆောက်အအုံတွင် ဝင်ရောက်နေထိုင်ခဲ့သဖြင့် ဒေါ်အေးသီက မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်လွှတ်ခဲ့ရခြင်းကြောင့် မူလမြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး ဒေါ်အေးသီသို့ လက်ရောက်ပေးအပ်စေရန် ပြင်ဆင်ချမှတ်ခဲ့သည့် တိုင်းဒေသကြီး

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

တရားလွှတ်တော်၏ အမိန့်သည် ဥပဒေနှင့်ညီညွတ်သဖြင့် ပြင်ဆင်မှုကို ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူ (၂) ၏ရှေ့နေက မူလမြို့နယ်တရားရုံးက ပြစ်မှုထင်ရှားစီရင်သောနေ့မှာ ၁-၁၀-၂၀၁၄ ဖြစ်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသောနေ့သည် ၃၀-၁၀-၂၀၁၄ နေ့ဖြစ်သဖြင့် အမိန့်ချမှတ်သည့်နေ့မှာ တစ်လအတွင်း လျှောက်ထားခဲ့ခြင်းဖြစ်ကြောင်း၊ ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၄ (၂) တွင် သက်သာခွင့်တစ်ခုအတွက် လျှောက်ထားမှုဆိုင်ရာ စည်းကမ်းသတ်ကာလအပိုင်းအခြားကို ရေတွက်ရာတွင် သဘောရိုးဖြင့် စွဲဆိုဆောင်ရွက်ခြင်း၊ အခြားအလားတူ သဘောရှိသောအကြောင်းကြောင့် ယခင်တရားရုံး၌ကုန်လွန်ခဲ့သောအချိန်ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုဘဲ ထုတ်ပယ်ရမည်ဖြစ်သည်ဟု ပြဋ္ဌာန်းကြောင်း၊ မူလမြို့နယ်တရားရုံးက ဆောင်ရွက်ရန် လိုအပ်ခြင်းမရှိဘဲ လျှောက်ထားခံရသူ (ယခုအမှုလျှောက်ထားသူ) များကို ဆင့်ခေါ်ခြင်း၊ ကန့်ကွက်လွှာတင်သွင်းစေခြင်း၊ လျှောက်လဲချက်ကြားနာခြင်းကြောင့် ကုန်လွန်သောအချိန်တို့ကို ကာလစည်းကမ်းသတ်ဥပဒေပုဒ်မ ၁၄ (၂) အရ ထုတ်ပယ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ထုတ်ပယ်လျှင် ကာလစည်းကမ်းသတ်ကျော်လွန်ခြင်းမရှိကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပါ ပြဋ္ဌာန်းချက်နှင့် ဆန့်ကျင်ခြင်းမရှိကြောင်း၊ ဇာရီအတည်ပြုခြင်းဖြင့် လက်ရောက်ရရှိခဲ့သော ဦးမြင့်ဟန်ထံမှ ဝယ်ယူခြင်းဖြင့် လက်ရောက်ရရှိခဲ့သော ဒေါ်အေးသီအား

လျှောက်ထားခံရသူများက အနိုင်အထက်ပြုခြင်းကြောင့် အချင်းဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်း လက်ရောက်ပေးအပ်စေသည့် တိုင်းဒေသကြီးတရားလွှတ်တော်၏အမိန့်သည် အကြောင်းခြင်းရာအရ လည်း မှားယွင်းမှုမရှိသဖြင့် ပြင်ဆင်မှုကိုပလပ်ရန် လျှောက်လဲတင်ပြသည်။

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

သို့ဖြစ်၍ အနိုင်အထက်ပြု ခြိမ်းခြောက်ခံရခြင်းကြောင့် မြေနှင့်အဆောက်အအုံကို လက်လွှတ်ခဲ့ရသူ ဒေါ်အေးသီထံ မြေနှင့် အဆောက်အအုံကို လက်ရောက်ပေးအပ်စေရန် ဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး တရားလွှတ်တော်၏ အမိန့်သည် ဥပဒေနှင့် ညီညွတ်ခြင်းရှိမရှိ စိစစ်ရန်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) တွင် ပြစ်မှုမကင်းသော အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်ရန် ဟန်အမူအရာပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုပါသည့် ပြစ်မှုတစ်စုံတစ်ရာအတွက် လူတစ်ဦးတစ်ယောက်အား ပြစ်မှုထင်ရှားစီရင်သည့်အခါတိုင်း ထိုကဲ့သို့ အနိုင်အထက်ပြုမှု သို့မဟုတ် အနိုင်အထက်ပြုကျင့်မည့် ဟန်အမူအရာပြသမှု သို့မဟုတ် ပြစ်မှုမကင်းသော ခြောက်လှန့်မှုတို့ကြောင့် တစ်ဦးတစ်ယောက်သောသူမှာ မရွှေ့မပြောင်းနိုင်သောပစ္စည်းတစ်ရပ်ရပ်ကို လက်လွှတ်ခဲ့ရသည်ဟု ပေါ်ပေါက်လျှင် တရားရုံးကသင့်သည်ထင်မြင်လျှင် လက်လွှတ်လိုက်သူအား ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေသည့် အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ယင်းဥပဒေပုဒ်မ ၅၂၂ (၂) တွင် ပုဒ်မ ၅၂၂ (၁) အမိန့်ကြောင့် ပစ္စည်းအပေါ် တရားမရုံးက ထင်ရှားစေနိုင်သည့် ပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးစီးပွားကို မထိခိုက်စေရဟု တားမြစ်ထားသည်။ ယင်းဥပဒေပုဒ်မ ၅၂၂ (၃) တွင် မူလရုံးက ပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခြင်းမရှိလျှင် ပုဒ်မ ၅၂၂ (၃) အရ အယူခံ၊ ပြင်ဆင်တရားရုံးက အမိန့်ချမှတ်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

သို့ဖြစ်၍ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) ပြဋ္ဌာန်းချက်အရ မူလရုံးက ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန် အမိန့်ချမှတ်နိုင်သကဲ့သို့ ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် ငြင်းပယ်သည့် အမိန့်ကိုလည်း ချမှတ်နိုင်ကြောင်း မြင်သာသည်။ မူလရုံးက ယင်းဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်ခြင်း မရှိခဲ့လျှင် ပုဒ်မ ၅၂၂ (၃) အရ အယူခံ၊ ပြင်ဆင်တရားရုံးက ယင်းအမိန့်မျိုး ချမှတ်နိုင်သည်မှာလည်း ထင်ရှားသည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ မူလရုံးက ပြစ်မှုကျူးလွန်သူကို ပြစ်ဒဏ်ချမှတ်ပြီး ထိုသို့ပြစ်မှုထင်ရှားစီရင်သောနေ့မှ တစ်လအတွင်း ပစ္စည်းလက်လွတ်ဖြစ်သွားသူအား ပစ္စည်းပြန်လည်ပေးအပ်ရန် အမိန့်ချမှတ်နိုင်သည်။ ပုဒ်မ ၅၂၂ (၁) အမိန့်ကြောင့် ပစ္စည်းအပေါ် တရားမရုံးက ထင်ရှားစေနိုင်သည့် ပိုင်ဆိုင်ခွင့် သို့မဟုတ် အကျိုးစီးပွားကို မထိခိုက်စေရဟု ပုဒ်မ ၅၂၂ (၂) က တားမြစ်ထားခြင်းနှင့် ဆက်စပ်သုံးသပ်လျှင် လောလောဆယ် လက်လွတ်သွားသည့်ပစ္စည်းကို မကြန့်ကြာစေဘဲ လက်ရှိပြန်ထားရန် သင့် မသင့်ကိစ္စကို အဆုံးအဖြတ်

ပေးရန်၊ တစ်နည်းအားဖြင့် ပစ္စည်းလက်ရှိထားပိုင်ခွင့် အခွင့်အရေးကို မကြန့်ကြာစေဘဲ အဆုံးအဖြတ်ပြုနိုင်ရန် ရည်ရွယ်ရင်းဖြစ်ကြောင်းမှာ မြင်သာပေသည်။

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ထို့ကြောင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ အမိန့်ချမှတ်သော မူလအမှုစစ်တရားရုံးသည် အဆိုပါအမိန့် (ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်စေရန်အမိန့် သို့မဟုတ် ပစ္စည်းလက်ရှိထားပိုင်ခွင့်ကို ပြန်လည်ပေးအပ်ရန် ငြင်းပယ်သည့်အမိန့်) ကို တရားခံအား ပြစ်မှုထင်ရှားစီရင်သောနေ့တွင် ချမှတ်နိုင်ခွင့်ရှိပြီး အမှုစစ်တရားရုံးက တရားခံအား ပြစ်မှုထင်ရှားစီရင်သောနေ့တွင် မိမိသဘောအတိုင်း အဆိုပါသက်သာခွင့်ကို မပေးခဲ့သဖြင့် တရားလိုက လျှောက်ထားတောင်းခံသောကိစ္စဖြစ်လျှင်လည်း မူလအမိန့်ချမှတ်သည့်နေ့မှ တစ်လအတွင်းသာ တောင်းဆိုသည့် သက်သာခွင့်ပေးသင့် မသင့်ကို အမိန့်ချမှတ်ရမည် ဖြစ်ပေသည်။

တရားရုံးများသည် တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို တိကျစွာလိုက်နာ၍ မိမိရုံးလုပ်ငန်းပိုင်းဆိုင်ရာ နှောင့်နှေးမှုကြောင့် သက်ဆိုင်ရာအမှုသည်အား ထိခိုက်မှု၊ နစ်နာမှုမဖြစ်ပွားစေရန် အထူးသတိပြုရန်လိုသည်။

နစ်နာသူက ယင်းကျင့်ထုံးဥပဒေအရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင်လည်း တစ်ဖက်အမှုသည်သို့ ကန့်ကွက်တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သကဲ့သို့ ထပ်မံစစ်ဆေးရန်လည်း မလိုအပ်ပေ။ အကြောင်းမှာ အမှုစစ်ဆေးစဉ်

ကာလကပင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး သက်သေခံချက်များ ရခဲ့ပြီးဖြစ်သောကြောင့်ဖြစ်သည်။

ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်ကို လေ့လာလျှင် တရားလို လောလောဆယ် လက်လွှတ်သွားသည့်ပစ္စည်း လက်ရှိထားပိုင်ခွင့် အခွင့်အရေးကို မကြန့်ကြာစေဘဲ အဆုံးအဖြတ်ပြုရန် ရည်ရွယ်ခြင်းဖြစ်သည်မှာ မြင်သာသည်။ ထို့ပြင် တရားခံ၏ ပြစ်မှုကျူးလွန်ပုံနှင့်စပ်လျဉ်းပြီး အမှုစစ်ဆေးစဉ်ကပင် သက်သေခံချက်ရရှိပြီးဖြစ်၍ ယင်းသက်သေခံချက်အပေါ် အခြေပြုပြီး ဆုံးဖြတ်ခြင်းဖြစ်ရာ အမှုနှင့် ပတ်သက်၍ ခုခံခွင့်၊ ချေပခွင့်၊ ကြားနာခွင့် ရရှိခဲ့ပြီးဖြစ်သည်မှာလည်း မြင်သာသည်။ ထို့ကြောင့် သီးခြားနို့တစ်စာထုတ်ဆင့်ခြင်း၊ လျှောက်လဲချက် ကြားနာခွင့်ပေးခြင်းပြုမှသာ တရားစီရင်ရေးဥပဒေနှင့် ညီညွတ်မည်ဟူသော လျှောက်ထားသူများ၏ တင်ပြချက်ကို လက်ခံရန် အကြောင်းမရှိပေ။

မူလမြို့နယ်တရားရုံးက တရားခံများဖြစ်သည့် ယခုအမှု လျှောက်ထားသူ ဦးအုန်းမြင့်နှင့် ဒေါ်ရီလှတို့အပေါ် ပြစ်မှုထင်ရှား စီရင်သည့် ၁-၁၀-၂၀၁၄ ရက်နေ့တွင် ပစ္စည်းလက်ရှိပိုင်ဆိုင်ခွင့်အား ပြန်လည်ပေးအပ်သည့် သက်သာခွင့်ကို မိမိသဘောအတိုင်း ချမှတ်ပေးခြင်း မရှိသည့်အတွက် မူလရုံးတရားလို ဒေါ်အေးသီက အဆိုပါ သက်သာခွင့်ပေးအပ်စေရန် ၃၀. ၁၀. ၂၀၁၄ ရက်နေ့တွင် လျှောက်ထားခြင်းဖြစ်သည်။

မူလတရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ ပါ ပြဋ္ဌာန်းချက်၏ ရည်ရွယ်ရင်းအတိုင်း တည်ဆဲဥပဒေပြဋ္ဌာန်းချက်ကို

တိကျစွာလိုက်နာ၍ သက်ဆိုင်ရာအမှုသည်အား ထိခိုက်နစ်နာမှုမရှိစေရန် အထူးသတိပြုပြီး မိမိရုံးလုပ်ငန်းပိုင်းဆိုင်ရာ နှောင့်နှေးမှုမရှိစေရန် နေ့ချင်း သို့မဟုတ် အချိန်မီဖြစ်သည့် တစ်လအတွင်း (၂၀၁၄ ခုနှစ် အောက်တိုဘာလကုန်သည့်နေ့) တွင် အမိန့်ချမှတ်ရမည်ဖြစ်သည်။ ယင်းဥပဒေပုဒ်မတွင် တစ်လအတွင်း လျှောက်ထားရမည်ဟု ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် တစ်လအတွင်း အချိန်မီဆောင်ရွက် ရမည့်တာဝန်သည် တရားရုံး၏ တာဝန်ဖြစ်သည်မှာ ထင်ရှားသည်။

ထို့ပြင် နစ်နာသူ ဒေါ်အေးသီက ယင်းရာဇဝတ်ကျင့်ထုံး ဥပဒေအရ အမိန့်ချမှတ်ပေးရန် လျှောက်ထားသည့်ကိစ္စတွင် တစ်ဖက် အမှုသည်ဖြစ်သည့် ဦးအုန်းမြင့်နှင့် ဒေါ်ရီလှတို့သို့ ကန့်ကွက်တင်ပြရန် နို့တစ်စာပေး အကြောင်းကြားရန်မလိုအပ်ဘဲ နို့တစ်စာထုတ်ဆင့်ခြင်း၊ လျှောက်လဲချက်ကြားနာရန်မလိုအပ်ဘဲ ကြားနာခွင့်ပေးရန် ရုံးချိန်းခွင့် ပြုခြင်းစသည့် မူလမြို့နယ်တရားရုံး၏ ချို့ယွင်းအားနည်းမှုကြောင့် ပြဋ္ဌာန်းဥပဒေနှင့်အညီ တိကျစွာလိုက်နာရန် ပျက်ကွက်မှုဖြစ်ခဲ့ခြင်း ဖြစ်သည်။

ထို့ကြောင့် တိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးက ပြစ်မှုထင်ရှားစီရင်သည့်နေ့မှာ ၁-၁၀-၂၀၁၄ ရက်နေ့ဖြစ်ပြီး ဒေါ်အေးသီက ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၂၂ (၁) အရ လျှောက်ထားသည့်နေ့မှာ ၃၀-၁၀-၂၀၁၄ ရက်နေ့ဖြစ်သဖြင့် ကန့်သတ်ပြဋ္ဌာန်းထားသည့် တစ်လ အတွင်းကျရောက်ကြောင်း၊ တစ်ဖက်အမှုသည်ကို ဆင့်ခေါ်ရသည့် အတွက် အမိန့်ချမည့်အချိန်တွင် ရက် ၄၀ ခန့်ရှိပြီဖြစ်၍ လက်ရှိ

၂၀၁၆
ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

ထားပိုင်ခွင့်ကို ခွင့်မပြုခဲ့သော မူလမြို့နယ်တရားရုံး၏ အမိန့်သည် **မောင်ကျော်စန်းဝင်း ပါ ၂ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ပါ ၂ အမှု*** နှင့် ဆန့်ကျင်လျက်ရှိကြောင်းသုံးသပ်ပြီး အချင်းဖြစ်မြေနှင့် အဆောက်အအုံကို ဒေါ်အေးသီထံသို့ လက်ရောက်ပြန်လည် ပေးအပ်စေသင့်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဆုံးဖြတ်ချက်သည် တရားရုံးများ လိုက်နာကျင့်သုံးရမည့် တရားစီရင်ရေးဆိုင်ရာ အခြေခံမူများနှင့် ညီညွတ်ခြင်း၊ နစ်နာသူက သက်ဆိုင်ရာကျင့်ထုံးနှင့်အညီ ပစ္စည်းလက်ရှိ ပိုင်ဆိုင်ခွင့်ပြုရန် လျှောက်ထားမှုအပေါ် တစ်ဖက်အမှုသည်သို့ ကန့်ကွက်တင်ပြရန် နို့တစ်စာပေးအကြောင်းကြားရန် မလိုအပ်သည့်ကိစ္စရပ်၊ တစ်နည်းအားဖြင့် ဆောင်ရွက်ရန် မလိုအပ်သည့်ကိစ္စရပ်အပေါ် လိုက်နာဆောင်ရွက်ခြင်းဖြစ်၍ ပယ်ဖျက်သင့်ခြင်း၊ အဆိုပါပယ်ဖျက်သင့်သော ဆောင်ရွက်ချက်ကို မလိုအပ်ဘဲ ဆောင်ရွက်ခဲ့သည့်အတွက် တစ်နည်းအားဖြင့် မူလမြို့နယ်တရားရုံး၏ ချို့ယွင်းအားနည်းချက်ကြောင့် နစ်နာသူအမှုသည် ဒေါ်အေးသီ၏အကျိုး ထိခိုက်နစ်နာမှုအပေါ် ကုစားရန်လိုအပ်ခြင်း၊ ယင်းသို့ ကုစားခြင်းကြောင့် တစ်ဖက်အမှုသည်၏အကျိုးကို ထိခိုက်နစ်နာစေမှု မရှိခြင်းကြောင့် လက်ခံခွင့်ပြုခဲ့ခြင်းဖြစ်ရာ သက်ဆိုင်ရာဥပဒေနှင့် ညီညွတ်ခြင်းမရှိဟု မဆိုသာပေ။

ထို့ကြောင့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေနှင့် ညီညွတ်ခြင်းမရှိဟုဆိုရန် ခဲယဉ်းသည့်

---

* ၁၉၉၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၁

အတွက် ဤပြင်ဆင်ရုံးတော်က ဝင်ရောက်စွက်ဖက်ရန်မသင့်ဟု သုံးသပ်ရရှိသည်။

သို့ဖြစ်၍ ဤပြင်ဆင်မှုကို ပလပ်သည်။

၂၀၁၆

ဦးအုန်းမြင့် ပါ ၂
နှင့်
ပြည်ထောင်စုသမ္မတ
မြန်မာနိုင်ငံတော် ပါ ၂

# ၂၀၁၆ ခုနှစ်

# တရားမဆိုင်ရာအမှုများ

## တရားမဆိုင်ရာမှုခင်းများ

စာမျက်နှာ

ဥပဒေများ-

- ကုမ္ပဏီအက်ဥပဒေ
- စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ
- စာချွန်တော်အမိန့်လျှောက်ထားခြင်းဆိုင်ရာဥပဒေ
- ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ
- မြန်မာဓလေ့ထုံးတမ်းဥပဒေ
- တရားမကျင့်ထုံးဥပဒေ
- အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ

**ကုမ္ပဏီတစ်ခု၏ အထွေထွေအရပ်ရပ်အုပ်ချုပ်မှု စီမံခန့်ခွဲမှုအာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိခြင်း၊ ကုမ္ပဏီမှရရန်ရှိသည့်ငွေများကို ကုမ္ပဏီ၏တာဝန်ပေးချက်အရ ကုမ္ပဏီကိုယ်စားတရားစွဲဆိုခြင်း မပြုဘဲ ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီမန်နေဂျာကဖြစ်စေ တရားလိုပြုလုပ်၍ တရားစွဲဆိုခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယား စည်းမျဉ်းအပိုဒ် ၇၁ ပါပြဋ္ဌာန်းချက်အရ ကုမ္ပဏီတစ်ခုခု၏ အထွေထွေအရပ်ရပ်အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိသည်။ စည်းမျဉ်းအပိုဒ် ၉၁ အရ ဒါရိုက်တာအဖွဲ့ကသာ ကုမ္ပဏီကိုယ်စားပြုရန် တစ်ဦးဦးအားလွှဲအပ် ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကုမ္ပဏီပိုင်ငွေများအတွက် ဒါရိုက်တာ

အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးခြင်းမရှိဘဲ ကုမ္ပဏီ စာမျက်နှာ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေဖြင့် မိမိတို့တစ်ဦးချင်း၏ သဘောအလျောက် ဆောင်ရွက်ခွင့်မရှိပေ။ ကုမ္ပဏီမှ ရရန်ရှိသည့်ငွေများကို ပြန်လည်ပေးဆပ်စေရန်အတွက် ကုမ္ပဏီ၏တာဝန်ပေးချက်အရ ကုမ္ပဏီကိုယ်စား တရားစွဲဆိုခြင်းမပြုဘဲ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီ၏မန်နေဂျာကဖြစ်စေ တရားလိုပြုလုပ်၍ တရားစွဲဆိုနိုင်ခွင့်မရှိပေ။

ဦးဇော်နိုင်သိန်း နှင့် ဒေါ်မြမြဝေ ၈၇

**ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားအဖြစ် တင်ပြလျှင် စာချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင်စာချုပ်ဖြစ်မှသာ သက်သေခံအဖြစ် လက်ခံရမည်ဖြစ်သည်။ ပစ္စည်းအပေါ် မည်သို့မည်ပုံလက်ရှိဖြစ်ခဲ့သည်ဆိုသော အချက်အလက်များအတွက် မှတ်ပုံမတင်သော အရောင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ခြွင်းချက်အရ သက်သေခံအဖြစ် လက်ခံခွင့်ပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်းပြုလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရောင်းချမှသာ တရားဝင်သည်။ တရားဝင်အောင်ဆောင်ရွက်မှ ပိုင်ဆိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်းအထောက်အထားဖြင့် တင်ပြလျှင် ယင်းစာချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင်စာချုပ်ဖြစ်မှ

သက်သေခံအဖြစ်လက်ခံရမည် ဖြစ်သည်။ ၁၈-၅-၂၀၀၇ ရက်စွဲပါ စာမျက်နှာ စာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိ ပေ။ သို့ဖြစ်၍ ပိုင်ဆိုင်ခွင့်အတွက် ယင်းစာချုပ်ကို တင်ပြခြင်းဖြစ်လျှင် မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် သက်သေခံအဖြစ်လက်ခံခွင့်မရှိပေ။ **ဦးမောင်ခင် နှင့် ဦးထွန်းရှိန် ပါ ၂ အမှု** [၉] ကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မှတ်ပုံမတင်သည့် အရောင်းစာချုပ်သည် ဝယ်သူ၏ပိုင်ဆိုင်မှုကို ထင်ရှားအောင် ပြသနိုင်သည့် အထောက်အထား တစ်ခုမဟုတ်သော်လည်း စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ခြွင်းချက်အရ ပဋိညာဉ်ကို တစ်ပိုင်းတစ်စဆောင်ရွက်ပြီးကြောင်း ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၃-က အရ ဖြစ်စေ၊ သီးခြားသက်သာ ခွင့်ဥပဒေအရ ပဋိညာဉ်ကို သီးခြားဆောင်ရွက် ပေးစေလိုမှုတွင်ဖြစ်စေ၊ မှတ်ပုံတင်စာချုပ်ဖြင့် ဆောင်ရွက်ရန်မလိုသည့် အခြားကိစ္စများတွင်ဖြစ်စေ၊ သက်သေခံအဖြစ် အသုံးပြုနိုင်သည်။ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် တင်ပြခြင်းမဟုတ်သည့် ရောင်းချသည့် ပစ္စည်းအတိုင်းအတာ၊ ပစ္စည်းအပေါ် မည်သို့မည်ပုံ လက်ရှိဖြစ်ခဲ့သည် ဆိုသော အချက်အလက်များအတွက် မှတ်ပုံမတင်သော အရောင်းစာချုပ် ကို သက်သေခံအဖြစ်တင်ပြခွင့်ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ တရားလိုက အချင်းဖြစ်ဥပစာကို လက်ရှိထားခွင့်ရှိကြောင်း တင်ပြသော စာချုပ်ဖြစ်၍ ယင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ သက်သေခံအဖြစ် လက်ခံခွင့်ပြုနိုင်မည်ဖြစ်သည်။

**အလုပ်ရှင်နှင့် အလုပ်သမားတို့အကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ** စာမျက်နှာ

**သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် အလုပ်သမား၏ တောင်းဆိုချက်ကို ခွင့်ပြုခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိခြင်း။ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုပါဆုံးဖြတ်ချက်အတိုင်း အလုပ်ရှင် အလုပ်သမားတို့က လိုက်နာဆောင်ရွက်ပြီးဖြစ်ပါလျက် ခုံသမာဓိအဖွဲ့သည် အလုပ်သမား၏ တောင်းဆိုချက်အရ အငြင်းပွားမှုထပ်မံဖွင့်လှစ်၍ ဆုံးဖြတ်ခဲ့ခြင်းသည် မိမိချမှတ်ပြီးသော ဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ် အသစ်ထပ်မံဆုံးဖြတ်ရာရောက်၍ ဥပဒေနှင့်ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မလွှဲမသွေချုပ်ဆိုရန် လိုအပ်ကြောင်းမှာ ထင်ရှားမြင်သာသည်။

အလုပ်သမား ဒေါ်သန္တာမိုးပါ-၇ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အငြင်းပွားမှု အမှတ် ၇၀/၂၀၁၅ ၏ ၁၁-၉-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်အရ မူလရာထူးတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားခြင်းခံရသူများဖြစ်သည့်အတွက် ၎င်းတို့သည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏

ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ခန့်ထားမှုဆိုင်ရာ စာမျက်နှာသဘောတူစာချုပ်ကို အလုပ်ရှင်ဖြစ်သူနှင့် ညှိနှိုင်းပြီးထပ်မံချုပ်ဆိုရန် လိုအပ်မည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ ပါ ဆုံးဖြတ်ချက်အတိုင်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့က လိုက်နာဆောင်ရွက်ပြီးဖြစ်ပါလျက် ဒေါ်သန္တာမိုး ပါ ၇ ဦး၏ တောင်းဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ဖွင့်လှစ်ပြီး ၎င်းတို့ ၇ ဦးအား လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်အဖြစ်ပြန်ခန့်ထားရန်ဆုံးဖြတ်ခဲ့ခြင်းသည် မိမိချမှတ်ခဲ့ပြီးသောဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ် အသစ်ထပ်မံဆုံးဖြတ်ရာရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည် အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ တွင် ဒေါ်သန္တာမိုးပါ - ၇ ဦးအား မူလရာထူး၊ မူလနေရာ၊ မူလ လစာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည် ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါလျက် အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ တွင် ဒေါ်သန္တာမိုးပါ - ၇ ဦးအား လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်ပြန်ခန့် ရန်ထပ်မံဆုံးဖြတ်ခြင်း၊ ဒေါ်သန္တာမိုးပါ-၇ ဦးသည် အလုပ်ခန့်ထားမှု ဆိုင်ရာသဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် တောင်းဆိုချက်အပေါ် ဆုံးဖြတ်ခြင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ခုံသမာဓိကောင်စီက

အတည်ပြုခြင်းတို့သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း စာမျက်နှာ သုံးသပ်တွေ့ရှိရသည်။

ဒေါ်ကျင်မွေး နှင့် ခုံသမာဓိကောင်စီ ပါ ၉ ၁

**လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လျှောက်ထားသည့်အခါ ဆောင်ရွက်ရသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တူညီမှုမရှိခြင်း။ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု၏ အဓိပ္ပါယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခဲ့ပြီးဖြစ်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုကိုသာ မူလမှုခင်းဖွင့်လှစ်၍ စစ်ဆေးဆုံးဖြတ်ခွင့်ရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ လယ်ယာမြေဥပဒေပုဒ်မ ၁၃ တွင် ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေ လုပ်ပိုင်ခွင့်အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားလွှာအပေါ် မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန် ရှိ မရှိ လယ်ယာမြေနည်းဥပဒေ ၆ အရ ကြော်ငြာရမည်ဖြစ်ပြီး ကန့်ကွက်ချက်ရှိပါက ၇ ရက်အတွင်း စုံစမ်းစစ်ဆေးတင်ပြစေရန်

သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ စာမျက်နှာ နည်းဥပဒေ ၉ အရ အကြောင်းကြားရမည်ဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက် အပေါ် မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ သို့လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ သဘောထားမှတ်ချက်အဆင့်ဆင့် တင်ပြပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ခွင့်ပြုကြောင်း အကြောင်းကြားချက်အရ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်ဖြစ်ကြောင်း လယ်ယာမြေနည်းဥပဒေ ၉ မှ ၁၄ တို့တွင် ဖော်ပြထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအပေါ် မူလမှုခင်းဖွင့်လှစ် ၍ စစ်ဆေးကြားနာဆုံးဖြတ်ခွင့်ရှိသော်လည်း ထိုသို့စစ်ဆေးကြားနာ ဆုံးဖြတ်နိုင်ရန်အတွက် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့် အညီ မှတ်ပုံတင်ထားရှိရန်လိုအပ်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဆို သည်မှာ လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ နှင့် ၇ တို့အရ မြို့နယ်ဦးစီး ဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးနောက်တွင် ပေါ်ပေါက်လာသည့်

အငြင်းပွားမှုအရှုပ်အရှင်းကို ခေါ်သည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေဥပဒေ အခန်း ၂ ပါ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးမှူးရုံးသို့ လျှောက်ထားသည့်အခါ ဆောင်ရွက်သည့်လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် လယ်ယာမြေနည်းဥပဒေ အခန်း ၂ ပါ နည်းဥပဒေများသည် လယ်ယာမြေဥပဒေအခန်း ၈ နှင့် လယ်ယာမြေနည်းဥပဒေ အခန်း ၇ တို့တွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် တူညီခြင်းမရှိဘဲ သီးခြားစီဆောင်ရွက်ရမည့် ကိစ္စရပ်များသာဖြစ်သည်။

ဦးကြည်ရှင် နှင့် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး ၁၇
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊
တနင်္သာရီတိုင်းဒေသကြီး ပါ ၂

**လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိပြီးသူကသာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားခွင့်ရှိခြင်း။ ခွင့်ပြုမိန့်မရရှိဘဲ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုသူအား လယ်ယာမြေဥပဒေအရ သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) အရ လယ်ယာမြေ စာမျက်နှာ ကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲပါက ဝန်ကြီးဌာန (ပြည်ထောင်စု အစိုးရအဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) က ဤကိစ္စအလို့ငှာခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေ နှင့် ဤဥပဒေအရ ထုတ်ပြန်ထားသောနည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေး ပြီးနောက် သတ်မှတ်သည့်ဒဏ်ကြေးပေးဆောင်စေသည့်အမိန့်ချမှတ် နိုင်ကြောင်း လယ်ယာမြေဥပဒေပုဒ်မ ၁၉ (က) တွင်ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ လျှောက်ထားခံရသူအမှတ် (၄) သည် အချင်းဖြစ် ဥယျာဉ်ခြံမြေကို လုပ်ကိုင်ခွင့်ပြုရန် (ပုံစံ-၁) ဖြင့် လျှောက်ထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိပါက လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ပြုရန် (ပုံစံ-၁၄) ဖြင့် မြို့နယ် ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်သော်လည်း ထိုသို့လျှောက်ထားခဲ့မှု မရှိဘဲ ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်၍ အခြားနည်းဖြင့် အသုံးပြုခဲ့ကြောင်းပေါ်ပေါက်သည်။

လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိခဲ့ပြီးနောက် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်ခဲ့ ခြင်းဖြစ်ပါက လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) ကို ဖောက်ဖျက်သဖြင့် ယင်းဥပဒေပုဒ်မ ၁၉ အရ ဒဏ်ကြေးငွေထိုက်သင့်မည်ဖြစ်သည်။ သို့သော် ၎င်းသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းမရှိသည့် အပြင် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ

(ကည)                    ညွှန်းချက်

အဆောက်အဦဆောက်လုပ်ထားသဖြင့် လယ်ယာမြေဥပဒေအရ စာမျက်နှာ သတ်မှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင်စေရန် သတိုခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၄-၄-၂၀၁၄ ရက်စွဲပါ ဆုံးဖြတ်ချက်အပိုဒ် (ဃ) တွင် ဆုံးဖြတ်ခဲ့ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိပေ။

ဒေါ်ခင်စန်းလွင် နှင့် ဥက္ကဋ္ဌ၊ ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ မွန်ပြည်နယ် ပါ ၄ ... ၅၅

**မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကို တစ်ဖက်သတ်ပယ်ဖျက်ကြောင်း ကြေညာခဲ့ခြင်းသည် ဥပဒေနှင့်မညီခြင်း။**

**ဆုံးဖြတ်ချက်။** ။ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် မြေငှားစာချုပ်ကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်မြန်မာနိုင်ငံ၊ မြို့နှင့် ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၂၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

20. When The Revenue Officer is satified that any State Land of which a grant or lease has been made, or in respect of which a licence has been given, limited to any specific purpose, has been, or is being used without the permission of the Revenue Officer for any other purpose, the person in possession of the land shall be liable-

(3) to have the grant, lease or licence of or for the land cancelled by the Revenue Officer and to be evicted therefrom: စာမျက်နှာ

Provided that no final order under this section shall be made until the person in possession of the land has had an opportunity of showing cause against the imposition of any penalty, and that no order shall be enforced until it has been confirmed by the Commissioner of the Division.

**ထပ်မံဆုံးဖြတ်ချက်။** ။ အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ဖြင့် ပေးအပ်ထားသည့် အစိုးရမြေကို အခွန်တော်အရာရှိ၏ အခွင့်အမိန့်မရှိဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆန့်ကျင်၍ အခြားကိစ္စအတွက် အသုံးပြုလျှင် အခွန်တော်အရာရှိက ဂရန်ရရှိသူ သို့မဟုတ် အငှားစာချုပ်ရသူအား အကြောင်းပြထုချေခွင့် ပေး၍ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကို ဖျက်သိမ်းနိုင်သည်။ သို့ရာတွင် မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ အမိန့်မချရပေ။

လျှောက်ထားသူများအား ထုတ်ပေးထားသော မြေငှားစာချုပ်နှစ် ၆၀ (အထူးဂရန်) သည် အငှားဂရန်သက်တမ်းကုန်ဆုံးခြင်း မရှိသေးသည့်အပြင် လျှောက်ထားသူများမှ မြေငှားစာချုပ်ပါ စည်းကမ်းချက်တစ်စုံ တစ်ရာဖောက်ဖျက်ကြောင်း ပေါ်ပေါက်ခြင်းမရှိပါဘဲလျက် လျှောက်ထားခံရသူဌာနသည် လျှောက်ထားသူများအား အကြောင်းပြ

ထုချေခွင့်မပြုဘဲ မြေငှားစာချုပ်အား တစ်ဖက်သတ်ပယ်ဖျက်ကြောင်း စာမျက်နှာ ကြေညာခဲ့ခြင်းသည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

ဦးတိုးဒွေး ပါ ၂ နှင့် ညွှန်ကြားရေးမှူးချုပ်၊ ၉၆
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

**ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လျှောက်ထားသူ ဦးမင်းယုရှိန်နှင့် ဦးနေဝင်းတို့ ၂ ဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့် အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်အတွက် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ) အရ အကြောင်းကြားခဲ့ခြင်းအပေါ် ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့် ညီညွတ်မှုမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေး

ကြားနာမှုမပြုဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၅၅ အရ ဌာနဆိုင်ရာအရေးယူမှုတွင် ချမှတ်သည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဝန်ထမ်း၏အယူခံခွင့် အခွင့်အရေးကို လျှောက်ထားသူများမှ ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသည်။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာမှုမပြုဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသဖြင့် အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ရန်သင့်သည်။

ဦးမင်းယုရှိန် နှင့် ပြည်ထောင်စုဝန်ကြီး ၁၃၀
ဦးနေဝင်း ပြည်ထဲရေးဝန်ကြီးဌာန

**မြေကွက်ချဲစိတ်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ မြေကွက်ခွဲစိတ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် ဧရိယာအတိုင်းအတာနှင့် လျှောက်ထားလိုသူသည် မြေတိုင်းလျှောက်ထားစဉ်က တင်ပြခဲ့သော အထောက်အထားများအပြင် လိုအပ်သည့်စာရွက်စာတမ်းမူရင်းများတင်ပြရန် မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ တွင် သတ်မှတ်ဖော်ပြထားသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း

နှင့် မြေစီမံခန့်ခွဲမှုဌာနသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် (၂) တို့ နှစ်ဦးပူးတွဲအမည်ပေါက်လျက်ရှိသည့် အချင်းဖြစ်မြေကွက်ကြီး ဧရိယာ ဝ. ၄၅၄ ဧကတွင် အမှတ် ၉ အဆောက်အဦတည်ရှိရာ မြေကွက်ဧရိယာ ဝ. ၁၂၃ ဧကကို လျှောက်ထားခံရသူအမှတ် ၂ က ၎င်းတစ်ဦးတည်းအမည်ပေါက် လျှောက်ထားရန်အတွက် မြေကွက်ခွဲ၊ မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားခြင်းအပေါ် နှစ်ဦးပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်မိတ္တူ၊ နှစ်ဦးအမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းမိတ္တူတို့ဖြင့်သာ လက်ခံဆောင်ရွက်ပေးခဲ့ခြင်းသည် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းမြင်သာသည်။ စာမျက်နှာ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ဒေါ်မီမီမြင့်ဖူး လက်ရှိဖြစ်သည့်အပိုင်းကို ဦးလှမြင့်ဖူး၏သဘောတူညီချက်မရရှိဘဲ နှစ်ဦးပူးတွဲအမည်ပေါက်မှ ဒေါ်မီမီမြင့်ဖူးတစ်ဦးတည်းအမည်ပေါက်အဖြစ် တစ်ဖက်သတ် မြေကွက်ခွဲဝေပေးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

| | | | |
|---|---|---|---|
| ဦးလှမြင့်ဖူး | နှင့် | ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ပါ ၂ | ၁၆၂ |

**အမှုသည်တို့၏ အခွင့်အရေးဆက်ခံသူများတွင် မည်သူတို့ပါဝင်ခြင်း။** စာမျက်နှာ

**ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခွင့်ကို ပိတ်ပင်သည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဆိုသည်မှာ တစ်ဖက် အမှုသည် ၏အခွင့်အရေးများကို ထိခိုက်စေသည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ အမှုသည်တို့၏ အခွင့်အရေးဆက်ခံသူဆိုရာတွင် အမွေဆိုင်များ၊ သေတမ်းစာအတည်ပြုသူများ၊ အမွေထိန်းများကဲ့သို့သော တရားဝင်ကိုယ်စားလှယ်များသာမက တရားနိုင်၏ အကျိုးခံစားခွင့်ကို လွှဲပြောင်းရရှိသူ၊ တရားရှုံး၏ အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်းရရှိသူကဲ့သို့ အခွင့်အရေးဆက်ခံသူတို့လည်းပါဝင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြားတိုက်ရိုက်ပြဿနာပေါ်ပေါက်လျက်ရှိသော တရားမမှုခင်းတစ်ရပ်ရပ်သည် ပူးပေါင်းကြံစည်စွဲဆိုခြင်း မဟုတ်သည့်အပြင် ပြီးပြတ်ခြင်းမရှိပါက တရားရုံးကသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီမှတစ်ပါး အမှုတွင်ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အရ ထိုပစ္စည်းအပေါ် တစ်ဖက်အမှုသည်က ရသင့်ရထိုက်သော အခွင့်အရေးကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ လွှဲပြောင်းခွင့်၊ အခြားနည်းစီမံခွင့်မရှိကြောင်း တွေ့ရှိရသည်။

ယင်းပုဒ်မ ၅၂ ၏ ရှင်းလင်းချက်အရ တရားမမှုခင်း

တစ်ရပ်ကို အဆိုလွှာတင်သည့်နေ့ သို့မဟုတ် စွဲဆိုသည့်နေ့မှစတင်သည့် စာမျက်နှာ အပြင် ထိုမှုခင်းကို အပြီးသတ်ဒီကရီဖြင့်ဖြစ်စေ၊ အမိန့်ဖြင့်ဖြစ်စေ ဆုံးဖြတ်ပြီးနောက် ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အပြေအကျေရရှိပြီး သည်ထိသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းဒီကရီ၊ အမိန့်သည် ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် အတည်ပြု ဆောင်ရွက်ခြင်းမပြုနိုင်သည့်အထိလည်းကောင်း မပြီးပြတ်ဘဲရှိသည်ဟု မှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါပုဒ်မ ၅၂ အရ တရားမမှုခင်း မပြီးပြတ်မီ လွှဲပြောင်းခြင်းသည် အမှုစတင် စွဲဆိုသည့်နေ့မှစတင်ပြီး ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပြီးနောက် ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြုဆောင်ရွက်သည့် တရားမဇာရီမှုပြီးပြတ်သည်ထိ အကျုံးဝင် သက်ဆိုင်မည်ဖြစ်သည်။

စာချုပ်စာတမ်းကို မှတ်ပုံမတင်မချင်းစာချုပ်တွင် အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ထိခိုက်ခြင်းမရှိသည့် အလျောက် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ တွင် ပြဋ္ဌာန်းထား သည့်အတိုင်း အမှုသည်၏အခွင့်အရေးကို ထိခိုက်စေမည်မဟုတ်၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်သည့်လွှဲပြောင်းမှု သို့မဟုတ် စီမံမှုသည် တစ်ဖက်အမှုသည်၏ အခွင့်အရေးများကို ထိခိုက်စေသည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်သည့် အလျောက် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၄၉ (က) နှင့် ဆက်စပ်ကြည့်လျှင် မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုကိုဆိုလိုသည်။

ဦးတင်အေး ပါ ၂　　နှင့်　　ဦးကျော်ကျော်သက် ပါ ၂　　　　၁၁၀

**လင်ဖြစ်သူသည် ကြီးလေးသောရက်စက်မှုကို ကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်ရနိုင်သည် သာမက ပါရင်းပစ္စည်းပါဝင်သည့် လင်မယား နှစ်ဦးပိုင်ပစ္စည်းများမှ ရသင့်သည့်ဝေစုအားလုံးဆုံးရှုံးမည်ဖြစ်ခြင်း** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားပြိုင်သည် တရားလိုနှင့် မိမိတို့မှမွေးဖွားသည့် အရွယ်မရောက်သေးသူ သမီးအရင်းအပေါ် မုဒိမ်းမှုကျူးလွန်ခြင်း ဖြစ်သည်။ ယင်းသို့ကျူးလွန်ခြင်းသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာ၊ မြန်မာလူမှုအသိုင်းအဝန်းတွင် မည်သို့မျှခွင့်မလွှတ်နိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် လူမှုကျင့်ဝတ်သိက္ခာ ချိုးဖောက်မှု ဖြစ်သည်။ ယင်းသို့ တရားပြိုင်၏ပြုလုပ်မှုကြောင့် မိခင်ဖြစ်သူတရားလိုတွင် ကြီးစွာသောစိတ်ဒဏ်ရာ ရသကဲ့သို့ ကျူးလွန်ခြင်းခံရသူ သမီးမနန္ဒာကျော် (ခ) မနန္ဒာဝင်း၏ ဘဝတစ်လျှောက်လုံးတွင်လည်း ပယ်ဖျက်၍မရနိုင် သည့် အမည်းစက်ဖြစ်ပေါ်ခဲ့ရသည်မှာ ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားပြိုင်သည် မိမိနှင့်တရားလိုတို့၏ အရွယ်မရောက်သေးသူ သမီးအရင်းကို မုဒိမ်းပြုကျင့်ခဲ့ခြင်းသည် တရားလိုအပေါ် ကြီးစွာသောစိတ်ဆင်းရဲမှုကိုဖြစ်စေသည်မှာ ယုံမှား ဖွယ်မရှိသဖြင့် ကြီးလေးသောရက်စက်မှု တစ်နည်းအားဖြင့် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်သူအဖြစ် သတ်မှတ်ကာ လင်မယား ပိုင်ပစ္စည်းတွင် လင်ဝေစုဖြစ်သည့် ၎င်း၏ဝေစုကို ဆုံးရှုံးခံထိုက်စေရန် ဖြစ်သည်။

ဒေါ်စန္ဒာဆွေ နှင့် ဦးသိန်းဝင်း ၄၂

**မူလတရားမကြီးမှုတစ်မှုတည်း၏ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှုနှစ်မှုကို စီရင်ချက်တစ်ခုတည်းဖြင့် တစ်ပေါင်းတည်း ချမှတ်ရာတွင် အယူခံမှုနှစ်မှုလုံးအပေါ် အယူခံတင်သွင်းရန် လိုမလို။ အယူခံမှုတစ်မှု၏ ဒီကရီကိုသာအယူခံဝင်ပြီး ကျန်အမှု၌ ချမှတ်သော ဒီကရီကို အယူခံမဝင်လျှင် ယင်းအမှုများ၌ အဆုံးအဖြတ်ပေးသော အကြောင်းအရာသည် မီးသေဆုံးဖြတ်ချက် ဖြစ်မဖြစ်။** စာမျက်နှာ

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ မီးသေပိတ်ပင်ခြင်းဖြစ်ရန်ငြင်းချက်တူသော တရားမမှုနှစ်မှုရှိရမည်ဖြစ်သည်။ သို့မှသာ ယခင်အမှုတွင် အပြီးသတ်ဆုံးဖြတ်ချက်သည် နောက်အမှုတွင် အဆိုပါ ငြင်းချက်ကို ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရန် ပိတ်ပင်ခြင်းဖြစ်သည်။

ဤအမှုတွင် ငြင်းချက်တူသော မူလမှု ၂ မှုမရှိသည့်အတွက် ကြောင့်လည်းကောင်း၊ တရားလွှတ်တော်သို့ တရားလို၊ တရားပြိုင် နှစ်ဖက် အမှုသည်များက သီးခြားအယူခံမှု ၂ မှုတင်သွင်းခဲ့ရာတွင် အယူခံမှုများကို စီရင်ချက်တစ်ခုတည်းတွင် စုပေါင်းဆုံးဖြတ်ပြီး သီးခြားဒီကရီများ ရေးဆွဲ ထားစေကာမူ ဆုံးဖြတ်ချက်တစ်ရပ်သာရှိခြင်းကြောင့်လည်းကောင်း၊ မီးသေခြင်းကိစ္စမှာ ဒီကရီကြောင့်ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စီရင်ချက် ကြောင့်ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း ဦးရဲအောင် (ခ) သုခရဲအောင်သည် တရားလွှတ်တော်က စီရင်ချက်တစ်ရပ်တည်းဖြင့် ဆုံးဖြတ်ခဲ့သော အယူခံမှု ၂ မှုတွင် တစ်မှုတည်းကိုသာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းပြီး ၎င်း၏အယူခံမှုကို ပလပ်ခဲ့သည့် ဒီကရီကို ဆက်လက်အယူခံမတင်သွင်းခြင်းကြောင့်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုတွင် မီးသေဆုံးဖြတ် စာမျက်နှာ ချက်မဖြစ်နိုင်ပေ။

ဒေါ်ကြည်ကြည်အေး ပါ ၅ နှင့် ဦးရဲအောင်(ခ)သုခရဲအောင် ပါ ၁၃ ၃၅

**ကော်မရှင်နာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၆ အရ အပ်နှင်းသည့် အခွင့်အာဏာအရ ဆောင်ရွက်ပြီး မိမိတွေ့ရှိချက်ကို တရားရုံးသို့တင်ပြအစီရင်ခံရန်သာဖြစ်ခြင်း။ စွန့်လွှတ်ခြင်း မြောက်မမြောက်၊ စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်ခံရသူထံ စွန့်လွှတ်ပစ္စည်းရောက်ရှိခြင်း ရှိ မရှိ ဆုံးဖြတ်ရမည့်ကိစ္စသည် တရားရုံးကသာဆုံးဖြတ်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ခရိုင်တရားရုံးက ပဏာမဒီကရီချမှတ်ပြီးနောက် ပစ္စည်းစာရင်းကောက်ယူရန်နှင့် ပစ္စည်းခွဲဝေရန် ကော်မရှင်နာခန့်ထားခြင်းဖြစ်သည်။ ကော်မရှင်နာခန့်ထားခြင်းခံရသူ ရရှိသည့်အခွင့်အာဏာနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆၊ နည်းဥပဒေ ၁၆ တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ကော်မရှင်နာခန့်စာတွင် အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် ကော်မရှင်နာသည် သက်သေကို ခေါ်ယူစစ်ဆေးခွင့်၊ စုံစမ်းစစ်ဆေးသည့် အကြောင်းအရာနှင့်စပ်ဆိုင်သည့် စာချုပ်စာတမ်းများကို တောင်းခေါ်ကြည့်ရှုစစ်ဆေးခွင့်နှင့် ကော်မရှင်နာခန့်စာတွင် ဖော်ပြသည့်မြေ သို့မဟုတ် အဆောက်အအုံပေါ်သို့ သင့်လျော်သည့်အချိန်တွင် ဝင်ရောက်ခွင့်တို့ကို ရရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ စွန့်လွှတ်ခြင်း မြောက် မမြောက်၊

စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်ခံရသူထံ စွန့်လွှတ်သည့်ပစ္စည်းရောက်ရှိ စာမျက်နှာ ခြင်း ရှိ မရှိတို့သည် တရားရုံးကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ကော်မရှင်နာအစီရင်ခံစာတွင် ဒေါ်မေငုတ်သည် အချင်းဖြစ်အိမ်မြေမှ ၎င်း၏ဝေစုကို စွန့်လွှတ်ခြင်းကြောင့် တရားပြိုင်ထံရောက်ရှိခြင်းမရှိကြောင်း၊ ဒေါ်မေငုတ်နှင့် ဦးဝင်းဟန်တို့၏ပစ္စည်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြအစီရင်ခံခဲ့ခြင်းသည် ၎င်းအားပေးအပ်ခြင်းမရှိသည့်အခွင့်အာဏာကို ကျော်လွန်သုံးစွဲရာရောက်သဖြင့် အစီရင်ခံစာပါ ယင်းသုံးသပ်ချက်ကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

| | | | |
|---|---|---|---|
| ဦးဝင်းဟန် | နှင့် | ဦးကျင်မောင် | ၁၇၉ |
| (၎င်း၏အခွင့်ရကိုယ်စားလှယ် | | (၎င်း၏အခွင့်ရကိုယ်စားလှယ် | |
| ဦးသာပွင့်) | | ဒေါ်အေးသန္တာ) | |

**ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာတွင် စာရွက်စာတမ်းများ သက်သေခံအဖြစ်တင်ပြခြင်းအပေါ် အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့ တင်ပြရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာ၌ စာရွက်စာတမ်းများသက်သေခံအဖြစ် တင်ပြခြင်းအပေါ် အငြင်းပွားမှုမရှိလျှင် တရားရုံးသို့တင်ပြရန် လိုအပ်ခြင်းမရှိသော်လည်း အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့တင်ပြရမည်ဖြစ်သည်။ ထိုသို့မတင်ပြဘဲ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းဖြစ်သည်ဟု တရားလွှတ်တော်၏ သုံးသပ်ချက်သည်

မှားယွင်းသည်ဟု မဆိုနိုင်ပေ။ စာမျက်နှာ

**ထပ်မံဆုံးဖြတ်ချက်။** ။ ကော်မရှင်နာရှေ့တွင် သက်သေခံအဖြစ် တင်သွင်းရန် အငြင်းပွားနေသောစာချုပ်အတွက် တရားရုံးသို့တင်ပြရန် ဖြစ်လျက် တင်ပြခြင်းမပြုဘဲ ကော်မရှင်နာမှ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းကြောင့် တရားပြိုင်ကတရားရုံးသို့ ထိုကိစ္စကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြ၍ တရားရုံးက ၃၀-၃-၂၀၁၅ နေ့တွင် နှစ်ဖက်ကြားနာပြီး အမိန့်ချခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်နာရှေ့ အငြင်းပွားမှုသည် တရားရုံးရှေ့ ရောက်ရှိတင်ပြပြီးဖြစ်၍ တရားရုံးသည် ထိုစာချုပ်နှင့်စပ်လျဉ်း၍ သက်သေခံအဖြစ် လက်ခံသင့် မသင့် စိစစ်အမိန့်ချရမည်ဖြစ်သည်။

ဦးဝင်းအောင်သန်း နှင့် ဒေါ်ချိုချိုသန်း ပါ ၂ ၁၉၀

**အငြင်းပွားပစ္စည်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည့် အခြေအနေ၊တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည့် အခြေအနေ ကွာခြားမှုရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်အရ အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည့် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော ပစ္စည်းနှင့်စပ်လျဉ်း၍ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည်။ ကုစား၍မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမပေါ်ပေါက်လျှင် ယာယီတားဝရမ်း

ထုတ်ဆင့်ရန် မသင့်လျော်ပေ။ **ဦးတင့်ဆွေ ပါ ၂ နှင့် ဒေါ်အမာ အမှု** [၃] စာမျက်နှာကိုရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ ၊ နည်းဥပဒေ ၂တွင် တရားပြိုင်အားပဋိညာဉ်ချိုးဖောက်ခြင်းကို တားမြစ်ပေးရန် စွဲဆိုသောအမှုနှင့် အခြားနစ်နာစေမှုပြုခြင်းကိုတားမြစ်ပေးရန် စွဲဆိုသောအမှုများ၌ အမှုစွဲပြီးနောက် စီရင်ချက်မချမီအတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် နစ်နာမှုပြုလုပ်ခြင်းကိုတားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုက လျှောက်ထားတောင်းဆိုနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ **ဒေါ်ညွန့်ညွန့်ရီ နှင့် ဒေါ်မြင့်မြင့်သန်း အမှု**ကိုကြည့်ပါ။

အမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် အကျုံးမဝင်သော သီးခြားအမှုအမျိုးအစား၌ ပဋိညာဉ်ထပ်မံချိုးဖောက်ခြင်း သို့မဟုတ် ဆက်လက်ချိုးဖောက်ခြင်းကို တားဆီးရန်ဝရမ်းထုတ်ပေးခြင်းနှင့် သက်ဆိုင်သည်။ ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် အခြားနစ်နာမှုဖြစ်ပေါ်စေမည်ဟု စိုးရိမ်ရန်အကြောင်းမရှိလျှင် နည်းဥပဒေ ၂ နှင့် သက်ဆိုင်မည်မဟုတ်ပေ။

**အမ် ၊ အယ်(လ်)၊ ချာကရာဘာတီနှင့် ဂျေ၊ အယ်(လ်)၊ မူဟူရီ** အမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁(က)နှင့် (ခ) တို့တွင် ရည်ညွှန်းသည့် ပစ္စည်းနှစ်မျိုးရှိကြောင်း၊ ဒြပ်ရှိသောပစ္စည်းနှင့် ဒြပ်မရှိသောပစ္စည်းတို့ဖြစ်ပြီး ဒြပ်မရှိသောပစ္စည်းတွင် ပိုင်ဆိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော ပိုင်ဆိုင်ခွင့်တို့ကို ဥပမာပေးရလျှင် ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်များ၊ တီထွင်မှုဆိုင်ရာ

ကန့်သတ်ပိုင်ခွင့်များနှင့်မူပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော စာမျက်နှာ လုပ်ပိုင်ခွင့်များကို ဥပမာပေးရလျှင် အငှားချထားခြင်း၊ အပေါင်ပြုခြင်းနှင့် ယုံကြည်အပ်နှံခြင်းတို့ပါဝင်ကြောင်း ဖွင့်ဆိုညွှန်ပြထားသည်။

လျှောက်ထားခံရသူ ဒေါ်ဌေးက လျှောက်ထားသူ ဒေါ်အေးအေးခိုင်အပေါ် မြေနှင့်အိမ် အရောင်းအဝယ်ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး အိမ်မြေလက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခြင်းမဟုတ်ဘဲ လျှောက်ထားသူက တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးရန်ပြင်းဆန်သဖြင့် စာချုပ်ပဋိညာဉ်အတိုင်း တန်ဖိုးငွေ၏နှစ်ဆ ရလိုကြောင်း အဆိုပြုစွဲဆိုခြင်းဖြစ်၍ မြီစားက မြီရှင်အပေါ် ငွေရလို ကြောင်း စွဲဆိုသည့်အမှုမျိုးလည်းမဟုတ်ဘဲ လျော်ကြေးငွေရလိုမှုသာ ဖြစ်သည်။ တရားလိုစွဲဆိုသည့် အမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သော ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိပေ။

ဒေါ်အေးအေးခိုင် နှင့် ဒေါ်ဌေး ၁၉၈

**အရွယ်မရောက်သေးသော သားသမီးဖြစ်သူပိုင်သည့်ပစ္စည်းကို အမေ ဖြစ်သူက တရားရုံးမှ အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်းမခံရမီ ရောင်းချခြင်းသည် ကနဦးကပင်ပျက်ပြယ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တစ်ဦးတစ်ယောက်သောသူသည် အရွယ် မရောက်သေးသူ၏ အုပ်ထိန်းသူဟု သာမန်ဖော်ပြကာ အရွယ်မရောက် သေးသူ၏ပစ္စည်းကို ရောင်းချရန် (သို့မဟုတ်) ပေါင်နှံရန် ဥပဒေအရ

အခွင့်အာဏာရရှိစေသည်မဟုတ်၊ အုပ်ထိန်းသူအနေဖြင့် အရွယ်မရောက် စာမျက်နှာ သေးသူ၏ပစ္စည်းကို စီမံခန့်ခွဲနိုင်သူသည် တရားရုံးကခန့်အပ်ထားသော အုပ်ထိန်းသူသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အရွယ်မရောက်သေးသူ သားသမီးများ၏ ပစ္စည်းများကို မိဘများက အုပ်ထိန်းသူအဖြစ် ရောင်းချခွင့်မရှိကြောင်း၊ အကယ်၍ မိဘများသည် အရွယ်မရောက်သေးသည့် သားသမီးများ၏ ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်းပြုပါက အဆိုပါလွှဲပြောင်းမှုသည် ခိုင်မာခြင်းမရှိပျက်ပြယ်သည်ဟု **အောအာရ်ပွိချစ်တီးကုန်တိုက်နှင့် မောင်လှကြီးအမှု**[၉] **ရန်ဂျာခန် နှင့် မချစ်အမှု**[၅] တို့တွင် ထုံးဖွဲ့ထားသည်ကို ညွှန်ပြ၍ **ဒေါ်သန်းစိန်၊ ဒေါ်မြမြ (ခ) ဒေါ်မြမြချစ် နှင့် ဒေါ်အေးအေးကြည် ပါ ၃ အမှု**[၅] **နှင့် ဦးကျော်မြင့်အောင် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ အမှု**[၆] တို့တွင် အလားတူလိုက်နာဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

ဤအခြေအနေတွင် အရွယ်မရောက်သေးသော တရားလိုရှိုင်းမင်းဦးနှင့် ညီဖြစ်သူဟိန်းဇော်လင်း တို့အမည်ပေါက် မြေ ၂ ကွက်ကို ရောင်းချရန် ၁၊ ၂ တရားပြိုင်တို့ ပြုလုပ်ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များသည် ၂-တရားပြိုင်အား တရားရုံးမှ တရားလိုတို့၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားမှုမရှိသေးမီ ပြုလုပ်ချုပ်ဆိုသော ပဋိညာဉ် စာချုပ်များဖြစ်၍ မူလကပင်ပျက်ပြယ်နေသည်မှာ ထင်ရှားပေါ်ပေါက်သည်။

တရားမအထွေထွေလျှောက်ထားမှု

+ ၂၀၁၆ ခုနှစ်
စက်တင်ဘာလ ၁၈ ရက်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော
ဦးမြသိမ်းနှင့် ဦးမြင့်အောင် တို့ရှေ့တွင်

ဒေါ်ကျင်မွေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၄*

အလုပ်ရှင်နှင့် အလုပ်သမားတို့အကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် အလုပ်သမား၏ တောင်းဆိုချက်ကို ခွင့်ပြုခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိခြင်း။ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုပါဆုံးဖြတ်ချက်အတိုင်း အလုပ်ရှင် အလုပ်သမားတို့က လိုက်နာဆောင်ရွက်ပြီးဖြစ်ပါလျက် ခုံသမာဓိအဖွဲ့သည် အလုပ်သမား၏ တောင်းဆိုချက်အရ အငြင်းပွားမှုထပ်မံဖွင့်လှစ်၍ ဆုံးဖြတ်ခဲ့ခြင်းသည် မိမိချမှတ်ပြီးသော ဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ် အသစ်ထပ်မံ ဆုံးဖြတ်ရာရောက်၍ ဥပဒေနှင့်ညီညွတ်မှုမရှိခြင်း။

ဆုံးဖြတ်ချက်။ ။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး

---

* ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၂၇

ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မလွဲမသွေ ချုပ်ဆိုရန် လိုအပ်ကြောင်း မှာ ထင်ရှားမြင်သာသည်။

အလုပ်သမား ဒေါ်သန္တာမိုးပါ-၇ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အငြင်းပွားမှု အမှတ် ၇၀/၂၀၁၅ ၏ ၁၁-၉-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်အရ မူလရာထူးတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားခြင်းခံရသူများဖြစ်သည့်အတွက် ၎င်းတို့သည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်ရှင်ဖြစ်သူနှင့် ညှိနှိုင်းပြီးထပ်မံချုပ်ဆိုရန် လိုအပ်မည်ဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ ပါ ဆုံးဖြတ်ချက်အတိုင်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့က လိုက်နာဆောင်ရွက်ပြီးဖြစ်ပါလျက် ဒေါ်သန္တာမိုး ပါ ၇ ဦး၏ တောင်းဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ဖွင့်လှစ်ပြီး ၎င်းတို့ ၇ ဦးအား လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်အဖြစ် ပြန်ခန့်ထားရန်ဆုံးဖြတ်ခဲ့ခြင်းသည် မိမိချမှတ်ခဲ့ပြီးသောဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ် အသစ်ထပ်မံဆုံးဖြတ်ရာရောက်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သည်

အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ တွင် ဒေါ်သန္တာမိုးပါ - ၇ ဦးအား မူလရာထူး၊ မူလနေရာ၊ မူလ လစာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည် ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါလျက် အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ တွင် ဒေါ်သန္တာမိုးပါ - ၇ ဦးအား လုပ်သက် နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ် ပြန်ခန့် ရန်ထပ်မံဆုံးဖြတ်ခြင်း၊ ဒေါ်သန္တာမိုးပါ-၇ ဦးသည် အလုပ်ခန့်ထားမှု ဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပို လုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် တောင်းဆိုချက်အပေါ် ဆုံးဖြတ်ခြင်း၊ အဆိုပါ ဆုံးဖြတ်ချက်များကို ခုံသမာဓိကောင်စီက အတည်ပြုခြင်းတို့သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးကျော်မြင့်<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအမှတ်<br>(၁၊ ၂) အတွက် | - | ဒေါ်ယုယုခင်<br>ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| လျှောက်ထားခံရသူအမှတ်<br>(၃ မှ ၉) တို့အတွက် | - | ဒေါ်ဝင့်ဝါစိုး၊ လျှောက်ထားခံရသူအမှတ်(၄)မှ ရေးသားလျှောက်လဲချက်တင်သည်။ |

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၄) အာရှနှင်းဆီအထည်ချုပ်စက်ရုံတွင် စက်ရုံဝန်ထမ်းစုစုပေါင်း ၄၂၀ ဦး

အနက် ပိုလျှံသောဝန်ထမ်း ၁၉၆ ဦးကို အလုပ်ရှင်က ၂၂-၈-၂၀၁၅ နေ့တွင် လျှော့ချခဲ့သဖြင့် အလုပ်သမား ဒေါ်သန္တာမိုးပါ ၁၉၆ ဦးနှင့် အလုပ်ရှင်ဖြစ်သူ လျှောက်ထားသူ ဒေါ်ကျင်မွေးတို့၏ အငြင်းပွားမှုကို လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲအပ်ခဲ့၍ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ ဖြင့် စစ်ဆေးဆုံးဖြတ်ခဲ့ကြောင်း ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်နှင့်အညီ ဒေါ်သန္တာမိုးပါ -၇ ဦးကို အလုပ်ပြန်လည်ခန့်ထားပြီး ကြားကာလနစ်နာကြေးများ ထုတ်ပေးခဲ့ရာ ဒေါ်သန္တာမိုးပါ-၇ ဦးက နစ်နာကြေးအပြည့်အဝရရှိကြောင်းနှင့် ထပ်မံအရေးဆိုတောင်းခံခြင်းမပြုပါဟု ဝန်ခံလက်မှတ်ရေးထိုးခဲ့ကြောင်း၊ ဒေါ်သန္တာမိုးပါ-၇ ဦးအား အလုပ်ပြန်လည်ခန့်ထားရန်အတွက် စက်ရုံသို့သတင်းပေးပို့ရန် ၂၂-၉-၂၀၁၅ ရက်စွဲဖြင့် အကြောင်းကြားခဲ့ရာ ၉-၁၀-၂၀၁၅ နေ့တွင်မှ အလုပ်ခွင်ဝင်ရောက်သတင်းပို့ခဲ့ကြောင်း၊ ဒေါ်သန္တာမိုး ပါ-၇ ဦးကို အလုပ်ပြန်လည်ခန့်အပ်ရာတွင် အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅အရ အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ် EC ချုပ်ဆိုရန် ဆွေးနွေးညှိနှိုင်းရာ ငြင်းဆန်နေ၍ ညှိနှိုင်းဖျန်ဖြေပေးရန် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ ၃ ကြိမ် အကြောင်းကြားခဲ့ကြောင်း၊ EC စာချုပ် ချုပ်ဆိုရန်ငြင်းဆန်သဖြင့် ဒေါ်သန္တာမိုး ပါ - ၇ဦးအား အလုပ်ရှင်က အလုပ်တာဝန်စေခိုင်းခြင်းမပြုတော့ကြောင်း၊ ယင်းအပေါ် ဒေါ်သန္တာမိုး ပါ - ၇ဦးက ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သို့ လျှောက်ထား၍ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ဖွင့်လှစ်ပြီး ဒေါ်သန္တာမိုး ပါ - ၇ဦးအား စက်ရုံရှိအလုပ်သမား

၂၄၀ ဦးနည်းတူ လုပ်သက်နစ်နာကြေးပေး၍ ဝန်ထမ်းအသစ်အဖြစ် ပြန်ခန့်ထားရန် ဆုံးဖြတ်ချက်အပါအဝင် ဆုံးဖြတ်ချက် ၃ ရပ်ချမှတ်ခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အလုပ်ရှင်ကမကျေနပ်၍ ခုံသမာဓိကောင်စီသို့ လျှောက်ထားရာ အငြင်းပွားမှုအမှတ် ၇၃/၂၀၁၅ ဖြင့် ကြားနာပြီး ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက် (၁)(၂) ကို အတည်ပြုပြီး ဆုံးဖြတ်ချက်အမှတ်(၃)နှင့်စပ်လျဉ်း၍ ဒေါ်သန္တာမိုး ပါ - ၇ဦးသည် သက်ဆိုင်ရာ မြို့နယ်အလုပ်သမားဦးစီးအရာရှိ၏ အတည်ပြုချက်ရရှိထားပြီးဖြစ်သည့် EC စာချုပ်ကို အခြားအလုပ်သမားများနည်းတူ လက်မှတ်ရေးထိုးချုပ်ဆိုသင့်သည်ဟု ဆုံးဖြတ်ခဲ့ကြောင်း၊ ခုံသမာဓိအဖွဲ့သည် မိမိဆုံးဖြတ်ပြီးသော ဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ်အသစ်ချမှတ်ဆုံးဖြတ်ခြင်း၊ အချိန်ပို (OT) လုပ်ကိုင်ခြင်းကိစ္စသည်အလုပ်ရှင်၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ပိုင်ခွင့်ကိစ္စဖြစ်၍ ယင်းလုပ်ပိုင်ခွင့်ကို ရယူဆုံးဖြတ်ခြင်းသည် ဆောင်ရွက်ပိုင်ခွင့်မရှိသော အာဏာကို အသုံးပြုဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း၊ ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို ခုံသမာဓိကောင်စီက အတည်ပြုခဲ့သဖြင့် ယင်းတို့၏ဆုံးဖြတ်ချက်ကို အမှုခေါ်စာချွန်တော်အမိန့်ဖြင့် တည့်မတ်ပြင်ဆင်သင့်ပါကြောင်းဖြင့် အလုပ်ရှင်ဖြစ်သူ ဒေါ်ကျင်မွေးက လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူ အမှတ်(၁) (၂) အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူးက ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ နှင့် အငြင်းပွားမှုအမှတ် ၁၀၆/၂၀၁၅ တို့သည် အငြင်းပွားသည့်အကြောင်းအရာတူညီခြင်းမရှိကြောင်း၊ လျှောက်ထားသူအလုပ်ရှင်သည် လျှောက်ထားခံရသူဒေါ်သန္တာမိုးပါ-၇

ဦးအပေါ် အခြားအလုပ်သမားများနှင့် မတူခွဲခြားဆက်ဆံခဲ့ကြောင်း၊ ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့တို့၏ အချိန်ပိုလုပ်ရန်လိုအပ်ပါက အချိန်ပိုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီး အချိန်ပိုလုပ်လိုသူအားလုံးကို တစ်ပြေးညီလုပ်စေရန်ဆုံးဖြတ်ခဲ့ခြင်းသည် ဥပဒေနှင့်အညီဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂)၏ ပြန်ကြားအစီရင်ခံစာနှင့်အတူ ပူးတွဲတင်ပြသည့် စာရွက်စာတမ်းအထောက်အထားများအရ အလုပ်ရှင်ကEC စာချုပ်ချုပ်ဆိုစေရာတွင် အလုပ်ရှင်၊အလုပ်သမားညှိနှိုင်းဆွေးနွေး၍ နှစ်ဖက်သဘောတူညီချက်ရယူခဲ့ခြင်းမရှိဘဲ တစ်ဖက်သတ်လက်မှတ်ရေးထိုးချုပ်ဆိုစေခဲ့ကြောင်းတွေ့ရသဖြင့် EC စာချုပ်ချုပ်ဆိုစေခြင်းနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ ခုံသမာဓိကောင်စီနှင့် ခုံသမာဓိအဖွဲ့တို့၏ ဆုံးဖြတ်ချက်များသည် ဥပဒေနှင့်ညီညွတ်မှုရှိပြီး အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေနှင့်အညီ လူမှုရေးတရားမျှတမှု၊ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်နှင့်သာတူညီမျှမှုဖြစ်စေရေး သဘောတရားများအပေါ် အခြေခံပြီးဆုံးဖြတ်ထားကြောင်းတွေ့ရသဖြင့် လျှောက်ထားသူ၏ အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန် လျှောက်ထားချက်အား လက်ခံရန်မသင့်ကြောင်း၊ လျှောက်ထားမှုအား ပယ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့အတွက် အထွေထွေကိုယ်စားလှယ်စာရသူ လျှောက်ထားခံရသူအမှတ် ၄ ဒေါ်ဝင့်ဝါစိုးက လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့သည် စက်ရုံတွင် လုပ်သက်ရင့်နှစ်ကြီးဝန်ထမ်းများဖြစ်ပါလျက် အချိန်ပိုခေါ်လျှင်လည်းမပါဝင်၊

အသိပေးခြင်းမရှိ၍ အများနည်းတူကျွမ်းကျင်ကြေး၊ လုပ်သက်ဆုကြေး ပေးရန်တောင်းဆိုသည့် အငြင်းပွားမှုဖြစ်ကြောင်း၊ EC နှင့် ပတ်သက်သည့် ကိစ္စများအား ရှင်းလင်းပြီးဖြစ်ကြောင်း၊ ၁၅-၃-၂၀၁၆ နေ့တွင် သဘောတူညီမှုရပြီး လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့သည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးဖြစ်ကြောင်း၊ ယခုအခါ လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့သည် လျှောက်ထားသူ၏စက်ရုံတွင် အလုပ်လုပ်ကိုင်ခြင်းမရှိတော့ကြောင်း၊ ၁-၅-၂၀၁၆ နေ့တွင် မိမိတို့၏ သဘောဆန္ဒအလျောက် အလုပ်မှ နှုတ်ထွက်ပြီးဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် ၃ မှ ၉ တို့နှင့် အလုပ်ရှင်၏ အငြင်းပွားမှုအပေါ် ခုံသမာဓိကောင်စီက ဥပဒေအရ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ရန်မသင့်ကြောင်း ရေးသားလျှောက်လဲချက်တင်ပြသည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၁၀၆/၂၀၁၅ သည် အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ နှင့် ဆက်စပ်နေပြီး ယခင်ချမှတ်ခဲ့သောအမိန့်ကို ပြင်ဆင်သည့်အမိန့်ဖြစ်သည်မှာ ထင်ရှားကြောင်း၊ အချိန်ပိုလုပ်ကိုင်ရာတွင် လုပ်ငန်းသဘောသဘာဝအရ ဒေါ်သန္တာမိုးပါ - ၇ ဦးကဲ့သို့ အချိန်ပို (OT) ဆင်းရန်မလိုအပ်သောအခြားအလုပ်သမားများကိုလည်း အချိန်ပို မလုပ်ခိုင်းခဲ့ကြောင်း၊ တောင်းဆိုသူ ဒေါ်သန္တာမိုးပါ-၇ ဦးကဲ့သို့ လုပ်သားများကို အချိန်ပိုလုပ်ကိုင်တိုင်း လုပ်လိုပါကလုပ်ခွင့်ရှိပါသည်ဟု ခုံသမာဓိအဖွဲ့က သုံးသပ်ခြင်းသည် ဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ လုပ်ငန်းရှင်၏လုပ်ပိုင်ခွင့်ကို ဝင်ရောက်စွက်ဖက်သည့်အပြင် ကုန်ထုတ်လုပ်မှု

၂၀၁၆

ဒေါ်ကျင်မွေး

နှင့်

ခုံသမာဓိကောင်စီ ပါ ၉

ကုန်ကျစရိတ်ကို ဝန်ထုပ်ဝန်ပိုးဖြစ်စေကြောင်း၊ ခုံသမာဓိကောင်စီ၏ အငြင်းပွားမှုအမှတ် ၇၃/၂၀၁၅ ဆုံးဖြတ်ချက် (၁) အရ ဒေါ်သန္တာမိုး ပါ-၇ ဦးမှ ယခင်ငြင်းဆန်နေခဲ့သော အလုပ်ခန့်ထားမှုဆိုင်ရာ သဘော တူစာချုပ်ကို ၁၅-၃-၂၀၁၆ နေ့တွင်မှ ချုပ်ဆိုပေးခဲ့ကြောင်း၊ ဒေါ်သန္တာမိုး ပါ - ၇ ဦးသည် အခြေခံအလုပ်သမား အစည်းအရုံးအလုပ်အမှုဆောင် များဖြစ်သော်လည်း အလုပ်သမားထုတစ်ရပ်လုံး၏ အကျိုးစီးပွားကို ငဲ့ကွက်ခြင်းမရှိဘဲ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီတို့၏ ဆုံးဖြတ်ချက် များကို အသုံးချ၍ ၎င်းတို့ကိုယ်ကျိုးအတွက် လုပ်ဆောင်သွားသည်မှာ ပေါ်လွင်ထင်ရှားကြောင်း၊ ဤစာချွန်တော်လျှောက်ထားမှု၏ ကနဦးအမိန့် ကို အပြီးသတ်အမိန့်ဖြင့်ချမှတ်ပြီး ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီ တို့၏ ဆုံးဖြတ်ချက်များကို အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက် သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ မြို့နယ်၊ စက်မှုဇုန် (၄) တွင် အာရှနှင်းဆီအထည်ချုပ်စက်ရုံကို စက်ရုံ လုပ်သား ၄၂၀ ဦးဖြင့် လုပ်ကိုင်ရာမှ နိုင်ငံခြားမှ အမှာစာလျော့နည်း လာခြင်း၊ စက်ရုံဝန်ထမ်းအချို့၏ မကျွမ်းကျင်မှုကြောင့် အထည်များ ပျက်ယွင်းသည့် အရေအတွက်များပြားလာခြင်း၊ သတ်မှတ်အရည်အသွေး မပြည့်မီသဖြင့် ပြန်လည်ပေးလျော်ရခြင်း စသည့်အခက်အခဲများကြောင့် ၂၂-၈-၂၀၁၅ နေ့တွင် စက်ရုံတွင်းအမိန့်စာဖြင့် ဝန်ထမ်း ၁၉၆ ဦးအား အလုပ်ထုတ်နစ်နာကြေးများပေး၍ ဝန်ထမ်းဦးရေလျှော့ချသွားမည်ဖြစ် ကြောင်း အသိပေးကြေညာပြီး ၂၄-၈-၂၀၁၅ နေ့တွင် လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အလုပ်သမားလျှော့ချမည့်

၂၀၁၆
ဒေါ်ကျင်မွှေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

အစီအစဉ်ကို ပေးပို့ခဲ့သည်။ ထို့နောက် အလုပ်သမား ၁၉၆ ဦးကို အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာ အမှတ် ၈၄/၂၀၁၅ နှင့် ၂၈-၁၂-၂၀၁၃ နေ့စွဲပါ အလုပ်ရပ်စဲမှုဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ အလုပ်သမားများအား လုပ်သက်အလိုက် အလုပ်ထုတ်နစ်နာကြေးနှင့် နို့တစ်ကြေးပေးအပ်ပြီး အလုပ်မှထုတ်ပယ်ခဲ့သည်။ အလုပ်သမား ဒေါ်သန္တာမိုး ပါ ၁၉၆ ဦးတို့က အလုပ်ပြန်လည်ဝင်ရောက်လိုကြောင်းတောင်းဆို၍ လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ထံတင်ပြညှိနှိုင်းရာ ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့လွှဲအပ်၍ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ ဖွင့်လှစ်ကြားနာခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ တွင် အလုပ်ရှင်မှ အမှာစာနည်းပါးခြင်းကိုအကြောင်းပြု၍ လုပ်သားအင်အားလျှော့ချခဲ့ကြောင်း၊ စက်ရုံရှိ လုပ်သား ၄၂၀ ဦးအနက် ၁၉၆ ဦးအား လုပ်သက်အလိုက်အလုပ်ရပ်စဲမှု နစ်နာကြေးပေး၍ ရပ်စဲခဲ့ကြောင်း၊ လုပ်သား ၄၂၀ ဦးမှအခြား ၂၂၀ ဦးအား လုပ်သက်အလိုက် နစ်နာကြေးထုတ်ပေးပြီးနောက် လူသစ်အဖြစ်လက်ခံ၍ လုပ်ကိုင်စေခဲ့ကြောင်း၊ ရပ်စဲခံရသည့်လုပ်သား ၁၉၆ ဦးတွင် အလုပ်သမားအဖွဲ့အစည်း အလုပ်အမှုဆောင် ၇ ဦးပါဝင်ခဲ့သည်မှာ မဖြစ်သင့်ကြောင်း၊ အလုပ်သမားအလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၅ အရ အလုပ်ရပ်စဲခံရသော အလုပ်သမားများအား အလုပ်ရှင်ကပေးရမည့် နစ်နာကြေးနှုန်းထားများအတိုင်း အလုပ်ရပ်စဲမှုနစ်နာကြေးပေးသင့်ကြောင်းစသည်ဖြင့် ခုံသမာဓိ

၂၀၁၆
ဒေါ်ကျင်မွှေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

အဖွဲ့က သုံးသပ်ပြီးနောက် အခြေခံအလုပ်သမားအဖွဲ့အစည်း အလုပ်အမှုဆောင်တာဝန်ထမ်းဆောင်သူ ဒေါ်သန္တာမိုး ပါ ၇ ဦးအား မူလရာထူး၊ မူလနေရာ၊ မူလ လစာ၊ မူလလုပ်သက်မပျက်ဖြင့် ဆုံးဖြတ်ချက်ချမှတ်သည့်ရက်မှ ၇ ရက်အတွင်း အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးကို အလုပ်ထုတ်သည့် ၂၄-၈-၂၀၁၅ နေ့မှ အလုပ်ပြန်ခန့်သည့်နေ့အထိ နောက်ဆုံးထုတ်လစာ (OT မပါ) ဖြင့်ပေးရန် ကျန်လုပ်သား ၁၈၉ ဦးအနက် ၄၈ ဦးသည် နို့တစ်ကြေးနှင့် နစ်နာကြေးရယူပြီးဖြစ်၍ ကျန်လုပ်သား ၁၄၀ ဦးကို နို့တစ်ကြေးနှင့်နစ်နာကြေးများ လုပ်သက်အလိုက်ထုတ်ပေးရန် ၁၁-၉-၂၀၁၅ နေ့တွင်ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အရ အလုပ်ရှင်ဖြစ်သူ လျှောက်ထားသူက အလုပ်သမား မသန္တာမိုး ပါ ၇ ဦးအား အလုပ်ပြန်ခန့်မည်ဖြစ်ကြောင်း ၂၂-၉-၂၀၁၅ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ ၈-၁၀-၂၀၁၅ နေ့တွင်မှ မြို့နယ်အလုပ်သမားဥပဒေစစ်ဆေးရေးရုံးမှတစ်ဆင့် ၉-၁၀-၂၀၁၅ နေ့တွင် အလုပ်ပြန်ဝင်မည်ဟု အကြောင်းကြားပြီး ၉-၁၀-၂၀၁၅ နေ့တွင် အလုပ်ပြန်ဝင်ခဲ့ကြကြောင်း၊ အလုပ်ရှင်ဖြစ်သူ လျှောက်ထားသူက ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း မသန္တာမိုး ပါ ၇ ဦးကို မူလလုပ်သက်မပျက် မူလလစာရာထူးအတိုင်းပြန်ခန့်ပြီး ကြားကာလနစ်နာကြေးကိုပါ ထုတ်ပေးခဲ့ကြောင်း၊ ယင်းအပေါ် မသန္တာမိုး ပါ ၇ ဦးက ခုံသမာဓိအဖွဲ့၏အမှုအမှတ် ၇၀/၂၀၁၅ ဆုံးဖြတ်ချက်ကို လိုက်နာ၍ ကြားကာလနစ်နာကြေးငွေကို သဘောတူလက်ခံရရှိကြောင်း နှစ်ဖက်လက်ခံကြပြီးဖြစ်၍ နောက်နောင်မည်သည့်ဌာန၊ အဖွဲ့အစည်းသို့မျှ ထပ်မံတင်ပြတောင်းဆိုခြင်းမရှိတော့

ပါကြောင်းနှင့် အခြားပေးရန် ရရန်မရှိတော့ပါကြောင်း သဘောတူ လက်မှတ်ရေးထိုးပါသည်ဟု ၁၄-၁၀-၂၀၁၅ နေ့ရက်စွဲဖြင့် ဝန်ခံကတိပြု လက်မှတ်ရေးထိုးခဲ့ကြကြောင်းတွေ့ရသည်။

၂၀၁၆
ဒေါ်ကျင်မွေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

လျှောက်ထားခံရသူ ၃ မှ ၉ ဒေါ်သန္တာမိုး ပါ ၇ ဦးသည် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ကြသော်လည်း လုပ်ခလစာနှင့် လုပ်ငန်းခွင်တွင် ခွဲခြားဆက်ဆံခံရသောကိစ္စတို့ကို ကျေနပ်မှုမရှိ၍ အလုပ်သမား ၂၄၀ ဦးအား အလုပ်ရှင်မှ လုပ်သက်နစ်နာကြေးပေး၍ ၂၈-၈-၂၀၁၅ နေ့တွင် ဝန်ထမ်းအသစ်အဖြစ် ပြန်လည်ခန့်အပ်သကဲ့သို့ တောင်းဆိုသူ အလုပ်သမား ၇ ဦးအား လုပ်သက်နစ်နာကြေးနှင့် အများနည်းတူခံစားခွင့်တန်းတူပေးရန်၊ အချိန်ပိုခေါ်ရာတွင် ခွဲခြား၍ခေါ်သဖြင့် တန်းတူခေါ်ပေးရန်နှင့် EC စာချုပ် ချုပ်ဆိုခြင်းကိစ္စ ဖြေရှင်းပေးရန်တောင်းဆိုခဲ့သည်။ ယင်းကိစ္စအတွက် လှိုင်သာယာမြို့နယ်၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်သဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး အခြေခံအလုပ်သမားအဖွဲ့အစည်းက အလုပ်သမားဒေါ်သန္တာမိုး ပါ ၇ ဦးအား စက်ရုံရှိ အလုပ်သမား ၂၄၀ ဦးနည်းတူ လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်ပြန်ခန့်ထားရန်၊ OT လုပ်ရန်လိုအပ်ပါက OT လုပ်မည်ဖြစ်ကြောင်းကြေညာပြီး OT လုပ်လိုသူများအားလုံးကို တပြေးညီလုပ်စေရန်၊ EC စာချုပ်ချုပ်ဆိုရန်အတွက် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေပုဒ်မ ၃၊ ၄ တို့နှင့်အညီ နှစ်ဖက်ညှိနှိုင်းပြီး ဖြေရှင်းရန်နှင့်မရပါက သက်ဆိုင်ရာအဖွဲ့အစည်းသို့ တင်ပြချုပ်ဆိုရန် ၁၆-၁၂-၂၀၁၅ နေ့တွင်

ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်ကို အလုပ်ရှင်ဘက်မှ ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့လျှောက်ထားရာ ခုံသမာဓိကောင်စီက အငြင်းပွားမှုအမှတ် ၇၃/၂၀၁၅ ဖွင့်လှစ်စစ်ဆေးခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ တွင် ဆုံးဖြတ်ခဲ့သည့် ဆုံးဖြတ်ချက်အမှတ် (၁) နှင့် (၂) တို့ကို အတည်ပြုကြောင်း၊ ဒေါ်သန္တာမိုးအပါအဝင် အလုပ်သမား ၇ ဦးတို့သည် သက်ဆိုင်ရာမြို့နယ်အလုပ်သမားဦးစီးအရာရှိ၏ အတည်ပြုချက်ရရှိထားပြီးဖြစ်သည့် EC စာချုပ်ကို အခြားအလုပ်သမားများနည်းတူ လက်မှတ်ရေးထိုးချုပ်ဆိုသင့်ကြောင်း၊ အလုပ်သမားများအတွက် နစ်နာသည့်အချက်ဟု ယူဆပါက စာချုပ်သက်တမ်းကုန်ဆုံး၍ အသစ်ချုပ်ဆိုသည့်အခါ ပြင်ဆင်ပေးရန် ညှိနှိုင်းတောင်းဆိုနိုင်မည်ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိ အဖွဲ့၏ အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ၏ ဆုံးဖြတ်ချက်အမှတ် (၃) ကို ပြင်ဆင်ဆုံးဖြတ်ကြောင်းဖြင့် ၁၅-၁-၂၀၁၆ နေ့တွင် ဆုံးဖြတ်ခဲ့သည်။

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ အခန်း (၃)၊ ပုဒ်မ ၅ (က) (၁) တွင် အလုပ်ရှင်သည် အလုပ်သမားအား အလုပ်တစ်ခုခုကို လုပ်ကိုင်ရန်ခန့်အပ်ပြီးပါက ရက်ပေါင်း ၃၀ အတွင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုရမည်ဟု ပြဋ္ဌာန်းထားသည်။

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃၁. ၈. ၂၀၁၅ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၁၅ တွင်

၂၀၁၆
ဒေါ်ကျင်မွေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန (ယခု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန) သည် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေအရ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ ၂၈-၈-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၅ ဖြင့် အနည်းဆုံးအခကြေးငွေကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်၍ သတ်မှတ်ပေးထားသော အတည်ပြုအနည်းဆုံး အခကြေးငွေနှုန်းထား နှင့်အညီ စက်ရုံအလုပ်ရုံ၊ အလုပ်ဌာနလုပ်ငန်း ပိုင်ရှင်များသည် ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလမှစတင်၍ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မိမိတို့ခန့်ထားပြီးဖြစ်သော အလုပ်သမား များနှင့်သော်လည်းကောင်း၊ မိမိတို့ထပ်မံခန့်ထားမည့် အလုပ်သမားများ နှင့်သော်လည်းကောင်း ညှိနှိုင်းချုပ်ဆိုကြရမည်ဖြစ်သည်ဟု ဖော်ပြထား သည်။

အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆို ရာတွင် ပါဝင်ရမည့်အချက် ၂၁ ချက်ကို အလုပ်အကိုင်နှင့် ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅ (ခ) တွင်ပြဋ္ဌာန်းထားရာ (၁) အလုပ် အကိုင်အမျိုးအစား၊ (၃) လုပ်ခလစာ၊ (၈) အချိန်ပိုလုပ်ကိုင်ခြင်းဟူ၍ ဖော်ပြပါရှိသည်။ အဆိုပါဥပဒေပုဒ်မ ၅ (ဆ) တွင် အလုပ်ရှင်နှင့် အလုပ်သမား ချုပ်ဆိုပြီးသော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်မိတ္တူကို သက်ဆိုင်ရာအလုပ်အကိုင်နှင့် အလုပ်သမားများရှာဖွေရေး ရုံးသို့ သတ်မှတ်ကာလအတွင်း အလုပ်ရှင်ကပေးပို့ပြီး အတည်ပြုချက် ရယူထားရမည်ဟု ပြဋ္ဌာန်းထားသည်။

၂၀၁၆
ဒေါ်ကျင်မွေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

အလုပ်အကိုင်နှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များနှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ရှင်နှင့် အလုပ်သမားများအကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို မလွဲမသွေချုပ်ဆိုရန် လိုအပ်ကြောင်းမှာ ထင်ရှားမြင်သာသည်။

အလုပ်သမား ဒေါ်သန္တာမိုးပါ-၇ ဦးတို့သည် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့အငြင်းပွားမှု အမှတ် ၇၀/၂၀၁၅ ၏ ၁၁-၉-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်အရ မူလရာထူးတွင် မူလလစာဖြင့် အလုပ်ပြန်လည်ခန့်ထားခြင်းခံရသူများဖြစ်သည့်အတွက် ၎င်းတို့သည် အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၁/၂၀၁၅ တို့အရ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို အလုပ်ရှင်ဖြစ်သူနှင့် ညှိနှိုင်းပြီးထပ်မံချုပ်ဆိုရန် လိုအပ်မည်ဖြစ်သည်။

လျှောက်ထားခံရသူအမှတ် ၃ မှ ၉ ဒေါ်သန္တာမိုး ပါ ၇ ဦးသည် ၉-၁၀-၂၀၁၅ နေ့တွင် အလုပ်ပြန်လည်ဝင်ရောက်ခဲ့ပြီး စက်ရုံအုပ်ချုပ်ရေးမှူးအဖွဲ့က အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၏ ၃၁-၈-၂၀၁၅ ရက်စွဲဖြင့် ကြေညာချက်အမှတ် ၁/၂၀၁၅ အရ အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုရန် အကြိမ်ကြိမ်တောင်းဆိုသော်လည်း အလုပ်သမား ၇ ဦးက ချုပ်ဆိုခြင်းမပြုကြောင်း၊ ထိုကိစ္စအတွက် မည်ကဲ့သို့ဆောင်ရွက်ရမည်ကို အထည်ချုပ်စက်ရုံမှူးက

လှိုင်သာယာမြို့နယ် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ ၁၃-၁၁-၂၀၁၅ ရက်စွဲပါစာအမှတ်၊ အေအာရ်/ စရမ. စီမံ ၁၀/၂၀၁၅ (၀၀၁၁) ဖြင့် အကြောင်းကြားခဲ့ကြောင်းတွေ့ရသည်။ လျှောက်ထားခံရသူ အမှတ် ၃ မှ ၉ တို့၏ တင်ပြချက်အရ ၎င်းတို့သည် ၁၅-၃-၂၀၁၆ နေ့တွင် အလုပ်ရှင်ဖြစ်သူနှင့် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်ကို ချုပ်ဆိုခဲ့ကြကြောင်းတွေ့ရသည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သည် အလုပ်ရှင်ဖြစ်သူ လျှောက်ထားသူနှင့် အလုပ်သမား ဒေါ်သန္တာမိုး ပါ ၇ ဦးတို့အကြားတွင် အလုပ်ခန့်ထားမှုဆိုင်ရာသဘောတူစာချုပ် ချုပ်ဆိုထားခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် အလုပ်သမား၏ တောင်းဆိုချက်အပေါ် အဆုံးအဖြတ်ပေးခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မျှတမှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ ပါ ဆုံးဖြတ်ချက်အတိုင်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် ၃ မှ ၉ တို့က လိုက်နာဆောင်ရွက်ပြီးဖြစ်ပါလျက် ဒေါ်သန္တာမိုး ပါ ၇ ဦး၏ တောင်းဆိုချက်အရ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ဖွင့်လှစ်ပြီး ၎င်းတို့ ၇ ဦးအား လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်အဖြစ်ပြန်ခန့်ထားရန် ဆုံးဖြတ်ခဲ့ခြင်းသည် မိမိချမှတ်ပြီးသောဆုံးဖြတ်ချက်ကို နောက်တစ်ကြိမ်အသစ်ထပ်မံဆုံးဖြတ်ရာရောက်သည်။

အမှုခေါ် စာချွန်တော်အမိန့်သည်တရားရုံးတစ်ရုံး ရုံး သို့မဟုတ်

၂၀၁၆
ဒေါ်ကျင်မွေး
နှင့်
ခုံသမာဓိကောင်စီ ပါ ၉

တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့သည်အငြင်းပွားမှုအမှတ် ၇၀/၂၀၁၅ တွင် ဒေါ်သန္တာမိုး ပါ ၇ ဦးအား မူလရာထူး၊ မူလနေရာ၊ မူလ လစာ၊ မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလ နစ်နာကြေးပေးရန် ဆုံးဖြတ်ခဲ့ပြီးဖြစ်ပါလျက် အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ တွင် ဒေါ်သန္တာမိုး ပါ ၇ ဦးအား လုပ်သက်နစ်နာကြေးပေးပြီး ဝန်ထမ်းအသစ်ပြန်ခန့်ရန် ထပ်မံဆုံးဖြတ်ခြင်း၊ ဒေါ်သန္တာမိုး ပါ ၇ ဦးသည် အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်းမရှိသေးဘဲ စာချုပ်ပါ အချိန်ပိုလုပ်ကိုင်ခြင်းနှင့်စပ်လျဉ်းသည့် တောင်းဆိုချက်အပေါ် ဆုံးဖြတ်ခြင်း၊ အဆိုပါဆုံးဖြတ်ချက်များကို ခုံသမာဓိကောင်စီက အတည်ပြုခြင်းတို့သည် ဥပဒေနှင့်ညီညွတ်မှုတမှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို စရိတ်နှင့်တကွခွင့်ပြုသည်။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့ အငြင်းပွားမှုအမှတ် ၁၁၆/၂၀၁၅ ၏ ၁၆-၁၂-၂၀၁၅ ရက်စွဲပါ ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်ကို အတည်ပြုခဲ့သည့် ခုံသမာဓိကောင်စီ အငြင်းပွားမှုအမှတ် ၇၃/၂၀၁၅ ၏ ၁၅-၁-၂၀၁၆ ရက်စွဲပါ ဆုံးဖြတ်ချက်တို့ကို အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၅၀၀၀ သတ်မှတ်သည်။

တရားမအထွေထွေလျှောက်ထားမှု

+ ၂၀၁၆ ခုနှစ်
ဧပြီလ ၂၅ ရက်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော
ဦးစိုးညွန့်နှင့် ဦးမြသိမ်း တို့ရှေ့တွင်

ဦးကြည်ရှင်

နှင့်

ဥက္ကဋ္ဌ
တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး ပါ ၂ *

လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် လျှောက်ထားသည့်အခါ ဆောင်ရွက်ရသည့် ဥပဒေ၊ နည်းဥပဒေများနှင့် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ တူညီမှု မရှိခြင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု၏ အဓိပ္ပါယ်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ် (ပုံစံ-၇) ထုတ်ပေးခဲ့ပြီးဖြစ်သည့် လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုကိုသာ မူလမှုခင်းဖွင့်လှစ်၍ စစ်ဆေးဆုံးဖြတ်ခွင့်ရှိခြင်း။

* ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၀၀

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

**ဆုံးဖြတ်ချက်**။ ။ လယ်ယာမြေဥပဒေပုဒ်မ ၁၃ တွင် ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်ထားလွှာအပေါ် မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန် ရှိ မရှိ လယ်ယာမြေနည်းဥပဒေ ၆ အရ ကြော်ငြာရမည်ဖြစ်ပြီး ကန့်ကွက်ချက်ရှိပါက ၇ ရက်အတွင်း စုံစမ်းစစ်ဆေးတင်ပြစေရန် သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ နည်းဥပဒေ ၉ အရ အကြောင်းကြားရမည်ဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စုံစမ်းစစ်ဆေးတွေ့ရှိချက်အပေါ် မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း၊ သဘောထားမှတ်ချက်အဆင့်ဆင့်တင်ပြပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ခွင့်ပြုကြောင်း အကြောင်းကြားချက်အရ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ကြေးပေးသွင်းစေ၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်ဖြစ်ကြောင်း လယ်ယာမြေနည်းဥပဒေ ၉ မှ ၁၄ တို့တွင် ဖော်ပြထားသည်။

ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

အဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအပေါ် မူလမှုခင်းဖွင့်လှစ်၍ စစ်ဆေးကြားနာဆုံးဖြတ်ခွင့်ရှိသော်လည်း ထိုသို့စစ်ဆေးကြားနာဆုံးဖြတ်နိုင်ရန်အတွက် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိရန်လိုအပ်မည်ဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဆိုသည်မှာ လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ နှင့် ၇ တို့အရ မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးနောက်တွင် ပေါ်ပေါက်လာသည့်အငြင်းပွားမှုအရှုပ်အရှင်းကို ခေါ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ လယ်ယာမြေဥပဒေ အခန်း ၂ ပါ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန်သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးမှူးရုံးသို့ လျှောက်ထားသည့်အခါဆောင်ရွက်သည့်လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် လယ်ယာမြေနည်းဥပဒေ အခန်း ၂ ပါ နည်းဥပဒေများသည် လယ်ယာမြေဥပဒေအခန်း ၈ နှင့် လယ်ယာမြေနည်းဥပဒေ အခန်း ၇ တို့တွင် ပြဋ္ဌာန်းထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် တူညီခြင်းမရှိဘဲ သီးခြားစီဆောင်ရွက်ရမည့် ကိစ္စရပ်များသာဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးတက်ဝင်းမြိုင်
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူ(၁)အတွက် - ဒေါ်ယုယုခင်၊ ဥပဒေ ... ပြည်ထောင်စုရှေ့နေချုပ်ရုံး

လျှောက်ထားခံရသူ(၂)အတွက် - ဦးမြအောင်
တရားလွှတ်တော်ရှေ့နေ

တနင်္သာရီတိုင်းဒေသကြီး၊ တနင်္သာရီမြို့နယ်၊ ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄/OSS ၊ ဦးပိုင်အမှတ် ၃၂/၂၊ ဧရိယာ ၁၄. ၀၀ ဧကရှိ ဥယျာဉ်မြေနှင့်ပတ်သက်၍ လျှောက်ထားသူ ဦးကြည်ရှင်နှင့် လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ဝင်းဝင်းမာတို့၏ မြေယာအငြင်းပွားမှုအပေါ် ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ်မြေ ၁၄ . ၀၀ ဧက ကို ဦးကြည်ရှင်မှ ပိုင်ဆိုင်သင့်သည်ဟုဆုံးဖြတ်ခဲ့ကြောင်း၊ ထိုဆုံးဖြတ်ချက်အပေါ် ဒေါ်ဝင်းဝင်းမာက တနင်္သာရီမြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာ မြေယာ ၁၄ . ၀၀ ဧကအနက် ၇ . ၀၀ ဧကကို ဦးငွေသိန်း၏သား ဦးကြည်ရှင်အား ကားလမ်းအတိုင်း မြန်နိုင်မြင့်ကုမ္ပဏီဘက်ခြမ်းမှ ဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်းနှင့် ကျန် ၇ . ၀၀ ဧကကို ဒေါ်ဝင်းဝင်းမာအား ကားလမ်းအတိုင်း တနင်္သာရီမြို့နယ်ဘက်ခြမ်းမှ လုပ်ကိုင်ခွင့်ပြုကြောင်းဆုံးဖြတ်ခဲ့ပြီး ယင်းဆုံးဖြတ်ချက်ကို မြိတ်ခရိုင်နှင့် တနင်္သာရီတိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့တို့က အတည်ပြုခဲ့သဖြင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၁၆(က)(၂) အရ အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးရန် ဦးကြည်ရှင်က လျှောက်ထားခြင်းဖြစ်သည်။ လျှောက်ထားလွှာအပေါ် ကနဦးကြားနာ၍ အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ရန်မသင့်ကြောင်း အကြောင်းပြ

စေရန် လျှောက်ထားခံရသူများထံ အကြောင်းကြားစာထုတ် ဆင့်ခဲ့သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက် ပြည်ထောင်စု ရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်ထားသူမှ အချင်းဖြစ်မြေ ၁၄. ၀၀ ကေသည် လျှောက်ထားသူ၏ဖခင် ဦးငွေသိန်းအမည်ဖြင့် အခွန် စည်းကြပ်လျက်ရှိကြောင်း ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် မြေခွန်ပြေစာ မိတ္တူတစ်စောင်ပူးတွဲတင်ပြထားသဖြင့် အချင်းဖြစ်မြေသည် လျှောက်ထားသူ လက်ရှိလုပ်ကိုင်လျက်ရှိသော လက်ငုတ်မြေဖြစ်သည်ဟု သုံးသပ်တွေ့ရှိရကြောင်း၊ လယ်ယာမြေနည်းဥပဒေများ၏ နည်းဥပဒေ ၃ တွင် လက်ရှိအသုံးပြုခွင့် ရရှိထားသော လယ်မြေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်ထား နိုင်သူများကို ဖော်ပြထားကြောင်း၊ လယ်ယာမြေဥပဒေပုဒ်မ ၆ အရ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေး ပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် (၂) တို့သည် လယ်ယာမြေဥပဒေမတိုင်မီကပင် အချင်းဖြစ်မြေနှင့် စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် နှစ်ဦးသဘောတူခွဲဝေပြီးဖြစ်ခြင်း၊ နှစ်ဦးလုံးသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် လျှောက်ထားခြင်း၊ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းနှင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းများ မပေါ်ပေါက်သဖြင့် အချင်းဖြစ်လယ်ယာမြေအငြင်းပွားမှုအား လယ်ယာမြေဥပဒေအရ ဖြေရှင်းဆောင်ရွက်နိုင်ခွင့်မရှိသဖြင့် လျှောက်ထားလွှာအပေါ် သင့်မြတ်သည့်အမိန့်ချမှတ်သင့်ပါကြောင်း

လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၂) ၏ တရားလွှတ်တော်ရှေ့နေက တနင်္သာရီမြို့နယ်၊ ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄/OSS၊ ဦးပိုင်အမှတ် ၃၂၊ ဧရိယာ ၃၄.၆၈ ဧကသည် လျှောက်ထားခံရသူ အမှတ် (၂)၏ မိခင် ဒေါ်သိန်းကြည်အမည်ဖြင့် အပိုင်ပတ္တာရရှိထားသော မြေဖြစ်ပြီး ထိုမြေတွင် ရော်ဘာပင်များ စိုက်ပျိုးခဲ့ကြောင်း၊ ထိုစဉ်က ကျေးရွာနယ်မြေသည် အနက်ရောင်နယ်မြေဖြစ်၍ သွားရောက်နိုင်ခဲ့ခြင်းမရှိကြောင်း၊ ၂၀၀၇ ခုနှစ်တွင် ရော်ဘာစိုက်ပျိုးရန်စီစဉ်သည့်အခါ မြန်နိုင်မြင့်ကုမ္ပဏီက ၂၀.၆၈ ဧကကို ကျူးကျော်စိုက်ပျိုးထားပြီး လျှောက်ထားသူ၏ ဖခင် ဦးငွေသိန်းက ၁၄ ဧက ကျူးကျော်နေသည်ကိုတွေ့ရသဖြင့် မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတွင် ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း၊ ဦးငွေသိန်းကျူးကျော်ထားသည့်မြေ ၁၄ ဧကနှင့်ပတ်သက်၍ ၁၆-၂-၂၀၀၉ နေ့တွင် မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးနှင့် သက်သေ ဦးကျော်ဒင်၊ ဒေါ်လှမြင့်တို့၏ ရှေ့မှောက်တွင် လျှောက်ထားခံရသူအမှတ် (၂) နှင့် လျှောက်ထားသူတို့မှ တစ်ဦးလျှင် ၇ ဧကစီခွဲဝေယူရန် နှစ်ဦးသဘောတူဝန်ခံခြင်းစာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ သို့သော်လျှောက်ထားသူက လျှောက်ထား ခံရသူအမှတ် (၂) သို့ မြေ ၇ ဧကလွှဲပြောင်းပေးခဲ့ခြင်းမရှိသဖြင့် နစ်နာရ ကြောင်း၊ လျှောက်ထားသူသည် လျှောက်ထားခံရသူအမှတ် (၂) ၏ မိခင် ဒေါ်သိန်းကြည်လုပ်ပိုင်ခွင့်ရှိသော မြေကို ကျူးကျော်လုပ်ကိုင်ပြီး မြေခွန် ထမ်းဆောင်ခြင်းသာဖြစ်ကြောင်း၊ မိခင်ဖြစ်သူနှင့်မည်သို့မျှတော်စပ်မှုမရှိ

သော လျှောက်ထားသူက ကျူးကျော်လုပ်ကိုင်ခြင်းဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၆ (က) (၂) နှင့် ကိုက်ညီမှုမရှိကြောင်း၊ အမှုခေါ် စာချွန်တော်အမိန့်လျှောက်ထားချက်အား ပယ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက အချင်းဖြစ်လယ်ယာမြေတွင် လက်ရှိလုပ်ကိုင်နေခြင်းမရှိသူ လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ဝင်းဝင်းမာအား တနင်္သာရီမြို့ဘက်ခြမ်းမှ ၇ ကေကိုဆက်လက်လုပ်ပိုင်ခွင့်ပြုလိုက်ခြင်းသည် လက်ရှိလုပ်ကိုင်နေသောနိုင်ငံသားတစ်ဦး၏လုပ်ငန်းကို ထိခိုက်စေသောကြောင့် စာချွန်တော်အမိန့်ထုတ်ဆင့်ပေးသင့်ကြောင်း၊ ဒေါ်ဝင်းဝင်းမာသည် အချင်းဖြစ်မြေကွက်နှင့်မည်သို့မျှဆက်စပ်ပတ်သက်သူမဟုတ်သဖြင့် မြေတစ်ဝက် ၇ ကေကိုလုပ်ပိုင်ခွင့်ပြုခဲ့ခြင်းသည် ဥပဒေအရ မှားယွင်းနေကြောင်း၊ ၁၆-၂-၂၀၀၉ နေ့စွဲပါ နှစ်ဦးသဘောတူဝန်ခံခြင်းစာရွက်ပေါ်တွင် ဦးကြည်ရှင်အမည်ပေါ်ရှိ လက်မှတ်မှာ လျှောက်ထားသူ၏လက်မှတ်မဟုတ်ကြောင်း၊ လျှောက်ထားသူမှ လက်မှတ်ရေးထိုးခဲ့ခြင်းမရှိကြောင်း၊ လက်ရှိလုပ်ကိုင်ခြင်းမရှိသော ဒေါ်ဝင်းဝင်းမာအား မြေ ၇ ကေကို သီးစားဆောင်ရွက်ပေးရန် ခရိုင်အုပ်ချုပ်ရေးမှူး၏ အကြောင်းကြားစာသည် တရားမျှတမှုမရှိကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) တင်ပြသော နောက်ဆက်တွဲ-က မြေပုံတွင် အချင်းဖြစ်မြေ ၁၄ ကေ မြေပုံပေါ်၌ လျှောက်ထားသူ ဦးကြည်ရှင်၏ဖခင် ဦးငွေသိန်း (သီဟို) အမည်ပေါက်နေကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ဝင်းဝင်းမာမှ ၎င်းတွင် လုပ်ကိုင်ခွင့် ဂရန်နှင့်ပြေစာရှိသည်ဆိုသော်လည်း တင်ပြထားခြင်းမရှိကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) ၏ မိခင် ဒေါ်သိန်းကြည်မှ မြေရိုင်းများတွင် သီးနှံစိုက်ပျိုးရန်

၁၉၆၃ ခုနှစ်က လျှောက်ထားခဲ့သည့် လျှောက်လွှာပါ စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ခဲ့ခြင်းမရှိသဖြင့် လက်ရှိလုပ်ကိုင်နေသူ ဦးကြည်ရှင်အား ကျူးကျော်သည်ဟုစွပ်စွဲခြင်းမှာ ဥပဒေအရ မှားယွင်းနေကြောင်း၊ တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် မှားယွင်းနေသဖြင့် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူက လျှောက်ထားလွှာ၊ ကျမ်းကျိန်လွှာတို့နှင့်အတူအချင်းဖြစ်ဥယျာဉ်မြေ ၁၄. ၀၀ ဧကနှင့်စပ်လျဉ်း၍ လျှောက်ထားသူ၏ ဖခင် ဦးငွေသိန်းအမည်ဖြင့် ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် စည်းကြပ်ခဲ့သည့်မြေခွန်ပြေစာမိတ္တူနှင့် ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၄/OSS၊ ဦးပိုင်အမှတ် ၃၂၊ ဧရိယာ ၃၄. ၆၈ ဧကရှိ ဒေါ်သိန်းကြည် အမည်ပေါက် ရော်ဘာစိုက်ပျိုးခဲ့သောမြေတွင် မြန်နိုင်မြင့်ကုမ္ပဏီနှင့် စခန်းသစ်ကျေးရွာနေ ဦးငွေသိန်းတို့က အခြားသီးနှံများ ကျူးကျော်ဝင်ရောက်စိုက်ပျိုး ထားခြင်းအား ဖယ်ရှားပေးရန် ဒေါ်သိန်းကြည်၏သမီး လျှောက်ထားခံရ သူအမှတ် (၂) ဒေါ်ဝင်းဝင်းမာက တင်ပြသည့်ကိစ္စအား ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန်အတွက် မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လျှောက်ထားသူ၏ဖခင် ဦးငွေသိန်းနှင့် ဘန်းလမွတ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌထံ ပေးပို့ခဲ့သည့် ၃-၂-၂၀၀၉ ရက်စွဲပါအကြောင်းကြားစာ မူရင်းတို့ကိုတင်ပြသည်။ တင်ပြ ချက်များအရ လျှောက်ထားသူ၏ဖခင် ဦးငွေသိန်း၊ မြန်နိုင်မြင့်ကုမ္ပဏီနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့သည်

လယ်ယာမြေဥပဒေမပြဋ္ဌာန်းမီကပင် မြေယာအငြင်းပွားမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရသည်။

ဘန်းလမွတ်ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ၏ ၈-၈-၂၀၁၄ ရက်စွဲဖြင့် မြေယာမှုခင်းဆုံးဖြတ်ချက်တွင် ဦးကြည်ရှင် လက်ရှိလုပ်ကိုင်ဆောင်ရွက်စိုက်ပျိုးထားသော မြေဧရိယာ ၁၄. ၀၀ ဧကကို ဦးကြည်ရှင်မှ ပိုင်ဆိုင်သင့်ကြောင်း ဆုံးဖြတ်ခဲ့ပြီး တနင်္သာရီမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ မြေယာအယူခံမှုအမှတ် ၂၀/၂၀၁၄ တွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၊ လယ်ယာမြေလုပ်ပိုင်ခွင့်အယူခံမှု အစည်းအဝေးအမှတ်စဉ် ၈/၂၀၁၄ အစည်းအဝေးဆုံးဖြတ်ချက် အပိုဒ် (၁)အရ အချင်းဖြစ်မြေကွင်းအမှတ် ၄/OSS၊ ဦးပိုင်အမှတ် ၃၂/၂၊ မြေဧရိယာ ၁၄. ၀၀ဧကအနက် ၇. ၀၀ ဧကကို ဦးငွေသိန်း၏သား ဦးကြည်ရှင်အား ကားလမ်းအတိုင်း မြန်နိုင်မြင့် ကုမ္ပဏီဘက်ခြမ်းမှ ဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်းနှင့် ကျန်မြေ ၇. ၀၀ဧကကို ဒေါ်ဝင်းဝင်းမာအား ကားလမ်းအတိုင်း တနင်္သာရီမြို့နယ်ဘက်ခြမ်းမှ လုပ်ကိုင်ခွင့်ပြုကြောင်း ၇-၁၀-၂၀၁၄ နေ့တွင် ပြင်ဆင်ဆုံးဖြတ်ခဲ့သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက် အပေါ် ဦးကြည်ရှင်က မြိတ်ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံလျှောက်ထားရာ လယ်ယာမြေလုပ်ပိုင်ခွင့်ရလိုမှုဆိုင်ရာ အယူခံမှုအမှတ် ၁၄/(လယ) ၂၀၁၄-၂၀၁၅ တွင် ဦးကြည်ရှင်၏ အယူခံလွှာကိုပယ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကိုအတည်ပြုကြောင်း ၁၆-၃-၂၀၁၅ နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အပေါ်

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဧရာဝတီတိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

ဒေါ်ဝင်းဝင်းမာနှင့် ဦးကြည်ရှင်တို့နှစ်ဦးစလုံးမှ တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာ တိုင်းဒေသကြီးလယ်ယာမြေ လုပ်ပိုင်ခွင့်ရလိုမှုဆိုင်ရာ အယူခံမှုအမှတ် ၅/လယ/ ၂၀၁၄-၂၀၁၅ (ထားဝယ်) ဖွင့်လှစ်ပြီး ဒေါ်ဝင်းဝင်းမာနှင့် ဦးကြည်ရှင်တို့၏ အယူခံလွှာများအား ပယ်ကြောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုကြောင်း ၇-၇-၂၀၁၅ နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ဦးကြည်ရှင်သည် အချင်းဖြစ်မြေကို လုပ်ကိုင်ခဲ့သော် လည်း ဒေသဆိုင်ရာအာဏာပိုင်၏ ရှေ့မှောက်တွင် အသိသက်သေများ နှင့်အတူ သဘောတူလက်မှတ်ရေးထိုးထားခြင်းအား လိုက်နာသင့်ကြောင်း တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှ သုံးသပ်ချက်အရ အချင်းဖြစ်မြေ ဧရိယာ ၁၄. ၀၀ဧကအနက် ကားလမ်းအတိုင်း မြန်နိုင်မြင့်ကုမ္ပဏီဘက်ခြမ်းမှ ၇. ၀၀ဧကရှိ ဥယျာဉ်မြေကို ဦးကြည်ရှင်အားလည်းကောင်း၊ ကားလမ်းအတိုင်း တနင်္သာရီဘက်ခြမ်းမှ ၇. ၀၀ ဧကရှိ ဥယျာဉ်ခြံမြေကို ဒေါ်ဝင်းဝင်းမာအားလည်းကောင်း၊ ဆက်လက်လုပ်ကိုင်ခွင့်ပြုကြောင်း တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့မှ ၇-၇-၂၀၁၅ ရက်နေ့တွင် တည်ဆဲဥပဒေနှင့်အညီ ဆုံးဖြတ်ချက် ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်ပါသည်ဟု လျှောက်ထားခံရသူ အမှတ် (၁)၏ပြန်လှန်ကျမ်းကျိန်လွှာတွင် ဖော်ပြထားသည်။

လျှောက်ထားခံရသူအမှတ် (၂) ဒေါ်ဝင်းဝင်းမာမှလည်း ဦးငွေသိန်းကျူးကျော်ထားသောမြေ၁၄. ၀၀ဧကနှင့်ပတ်သက်၍ ၁၆-၂-၂၀၀၉ ရက်နေ့တွင် တစ်ဦးလျှင် ၇ ဧကစီခွဲဝေယူရန် သဘောတူ

ခဲ့ကြသော်လည်း လျှောက်ထားခံရသူအမှတ် (၂) သို့ မြေ ၇ ဧကလက်ရောက်လွှဲပြောင်းပေးခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) ၏ မိခင် ဒေါ်သိန်းကြည်အမည်ဖြင့် ရော်ဘာလုပ်ပိုင်ခွင့်ကို ၁၉၆၃-၁၉၆၄ ခုနှစ်က ခွင့်ပြုခဲ့ပြီးနှစ်စဉ်မြေခွန်များထမ်းဆောင်ခဲ့ကြောင်း၊ ကွင်းဆင်းကြည့်ရှုသည့်အခါ မြန်နိုင်မြင့်ကုမ္ပဏီက ၂၀. ၆၈ဧကနှင့် ဦးငွေသိန်းက ၁၄ ဧက ကျူးကျော်ထားသဖြင့် လျှောက်ထားခံရသူအမှတ် (၂) မှ လုပ်ကိုင်ရန်မြေနေရာမရ၍ မလုပ်နိုင်ခြင်းသာဖြစ်ကြောင်း၊ ဒေါ်သိန်းကြည်အမည်ဖြင့် သီးနှံစိုက်ပျိုးခွင့်ပြုသော မြိတ်ခရိုင်မြေစာရင်းရုံး၏ အမိန့်စာမိတ္တူ၊ ဒေါ်သိန်းကြည်အမည်ဖြင့် ၁၉၆၈-၁၉၆၉ မှ ၁၉၉၅-၁၉၉၆ ထိ မြေခွန်ပြေစာ ၁၅ စောင်မိတ္တူ၊ ရော်ဘာခြံအား ကျူးကျော်ဝင်ရောက်စိုက်ပျိုးလုပ်ကိုင်သည့်ကိစ္စညှိနှိုင်းစဉ် အချင်းဖြစ်မြေအား လွှဲပြောင်းရောင်းချပေါင်နှံခြင်းမပြုစေရန်အတွက် ဟန့်တားဆောင်ရွက်ပေးရန် မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီသို့ ၂-၇-၂၀၀၈ ရက်စွဲဖြင့် အကြောင်းကြားစာမိတ္တူ၊ မြေ ၁၄ ဧကအား ဦးငွေသိန်းမှ ၇ ဧကနှင့် ဒေါ်ဝင်းဝင်းမာမှ ၇ ဧကစီ နှစ်ဦးသဘောတူခွဲဝေထားပြီးဖြစ်၍ ဒေါ်ဝင်းဝင်းမာပိုင်ဆိုင်ခွင့်ရှိသော ၇ ဧကအား သီးစားဆောင်ရွက်ပေးသွားရန် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၅-၁၀-၂၀၁၂ ရက်စွဲဖြင့် အကြောင်းကြားစာမိတ္တူ၊ ဦးကြည်ရှင်နှင့်ဒေါ်ဝင်းဝင်းမာတို့၏ ၁၆-၂-၂၀၀၉ ရက်စွဲဖြင့် နှစ်ဦးသဘောတူဝန်ခံချက်မိတ္တူတို့ကို ပြန်ကြားအစီရင်ခံစာ၊ ပြန်လှန်ကျမ်းကျိန်လွှာတို့နှင့်အတူ ပူးတွဲတင်ပြသည်။

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

အချင်းဖြစ်မြေပေါ်တွင် ကျူးကျော်သည်ဆိုသည့်ကိစ္စအား ဒေါ်ဝင်းဝင်းမာက သက်ဆိုင်ရာဌာနအဖွဲ့အစည်းသို့ တင်ပြခဲ့သဖြင့် သက်ဆိုင်ရာက နှစ်ဦးနှစ်ဖက်ခေါ်ယူ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း လျှောက်ထားသူနှင့်လျှောက်ထားခံရသူအမှတ် (၂) တို့သည် မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူးရှေ့မှောက်တွင် မြေ ၇ ကေစီခွဲဝေယူရန် ၁၆-၂-၂၀၀၉ ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံ ချက်ပြုလုပ်ခဲ့ကြောင်းတွေ့ရှိရသည်။ လျှောက်ထားသူက ၁၆-၂-၂၀၀၉ ရက်စွဲပါ သဘောတူညီချက်တွင် လျှောက်ထားသူမှ လက်မှတ်ရေးထိုးခဲ့ ခြင်းမရှိကြောင်း၊ လျှောက်ထားသူ၏ လက်မှတ်မဟုတ်ကြောင်း ချေပ ကျမ်းကျိန်လွှာတင်ပြသော်လည်း မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန၏ ၂၅-၁၀-၂၀၁၂ ရက်စွဲပါ အကြောင်းကြားစာနှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်တို့အရ အဆိုပါ သဘောတူဝန်ခံချက်နှင့်စပ်လျဉ်း၍ လျှောက်ထားသူနှင့် လျှောက်ထားခံ ရသူအမှတ် (၂) တို့ကြားတွင် မြေယာမှုခင်းဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရ သည်။

လယ်ယာမြေဥပဒေပုဒ်မ ၄ တွင် လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဟုလည်းကောင်း ယင်းဥပဒေပုဒ်မ ၆ တွင် ဤဥပဒေအာဏာတည်သည့်နေ့ရက်တွင် တည်ရှိနေသော လယ်ယာမြေ များနှင့်စပ်လျဉ်း၍ မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့သည် လူပုဂ္ဂိုလ်

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

သို့မဟုတ် အဖွဲ့အစည်းအား သက်ဆိုင်ရာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်ဟုလည်းကောင်း ပြဋ္ဌာန်းထားသည်။

တနင်္သာရီတိုင်းဒေသကြီး၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ လယ်ယာမြေလုပ်ပိုင်ခွင့်ရလိုမှုဆိုင်ရာ အယူခံအမှုတွဲအား စိစစ်ကြည့်ရှုရာတွင် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့၏ ၁၆-၂-၂၀၀၉ ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံချက်အရ လျှောက်ထားသူက လျှောက်ထားခံရသူအမှတ် (၂) သို့ သဘောတူညီထားသည့်မြေ ၇ ဧကကို လွှဲပြောင်းပေးခြင်းမရှိကြောင်း၊ ဒေါ်သိန်းကြည်အမည်ပေါက် ရော်ဘာခြံမြေကိစ္စနှင့်ပတ်သက်၍ မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၉-၄-၂၀၁၄ ရက်နေ့ ညှိနှိုင်းအစည်းအဝေးမှတ်တမ်းဆုံးဖြတ်ချက်အပိုဒ် ၅ (က) တွင် ဦးငွေသိန်းထံမှ ရရန်ရှိသောမြေ ၇ ဧကကို ဒေါ်ဝင်းဝင်းမာက သက်ဆိုင်ရာမြေယာစီမံခန့်ခွဲမှုအဖွဲ့ထံတင်ပြ၍ မြေယာမှုခင်းဖွင့်လှစ်ဆောင်ရွက်စေရန်ဟု ဖော်ပြထားပြီး ဆောင်ရွက်ရန်ဌာနအဖြစ် “မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့” ဟု ဖော်ပြထားကြောင်း တွေ့ရှိရသည်။

မြေ ၁၄ ဧကအား ဦးငွေသိန်းမှ ၇ ဧကနှင့် ဒေါ်ဝင်းဝင်းမာမှ ၇ ဧကစီ နှစ်ဦးသဘောတူခွဲဝေထားပြီးဖြစ်၍ ဒေါ်ဝင်းဝင်းမာ ပိုင်ဆိုင်ခွင့်ရှိသော ၇ ဧကအား သီးစားဆောင်ရွက်ပေးသွားရန် မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တနင်္သာရီမြို့နယ်

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ၂၅-၁၀-၂၀၁၂ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့ခဲ့သည်။ ထိုအကြောင်းကြားစာပေးပို့စဉ်က လယ်ယာမြေဥပဒေအတည်ပြုပြဋ္ဌာန်းပြီးဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၄ နှင့် လယ်ယာမြေနည်း ဥပဒေ ၃ အရ လယ်ယာမြေကို အသုံးပြုခွင့်ရရှိသူသည် လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိရန် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနရုံးသို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်ဖြစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောတူညီချက်ဖြင့် မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ကြေးပေးဆောင်စေ၍ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ကို လယ်ယာမြေဥပဒေပုဒ်မ ၆ နှင့်အညီ ထုတ်ပေးရမည်ဖြစ်သည်။ သို့သော် လျှောက်ထားခံရသူအမှတ် (၂) မှ လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန်လျှောက်ထားခဲ့ခြင်းမရှိကြောင်း၊ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ထားခြင်းမရှိကြောင်းနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကလည်း ဒေါ်ဝင်းဝင်းမာအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခဲ့ခြင်းမရှိကြောင်း စိစစ်တွေ့ရှိရသည်။

လယ်ယာမြေဥပဒေပုဒ်မ ၁၃ တွင် ဤဥပဒေအာဏာတည်ပြီးသည့်နောက် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုအရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင်မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

လယ်ယာမြေဥပဒေအာဏာတည်ပြီးနောက် လယ်ယာမြေ

လုပ်ပိုင်ခွင့်လျှောက်ထားလွှာအပေါ် မြို့နယ်ဦးစီးဌာနရုံးသည် လယ်ယာမြေ လုပ်ပိုင်ခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ ၁၅ ရက်အတွင်း ကန့်ကွက်ရန် ရှိ မရှိ လယ်ယာမြေနည်းဥပဒေ ၆ အရ ကြော်ငြာရမည် ဖြစ်ပြီး ကန့်ကွက်ချက်ရှိပါက ၇ ရက်အတွင်း စုံစမ်းစစ်ဆေးတင်ပြစေရန် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ထံ နည်းဥပဒေ ၉ အရ အကြောင်းကြားရမည်ဖြစ်သည်။ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စုံစမ်းစစ်ဆေး တွေ့ရှိချက် အပေါ် မြို့နယ်ဦးစီးဌာနရုံးသည် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း သဘောထားမှတ်ချက် အဆင့်ဆင့်တင်ပြပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ခွင့်ပြုကြောင်း အကြောင်းကြားချက်အရ မြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ကြေး ပေးသွင်းစေ၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ လုပ်ပိုင်ခွင့်ရရှိသူအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးရမည်ဖြစ်ကြောင်း လယ်ယာမြေ နည်းဥပဒေ ၉ မှ ၁၄ တို့တွင် ဖော်ပြထားသည်။

၂၀၁၆ ဦးကြည်ရှင် နှင့် ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ တနင်္သာရီတိုင်းဒေသကြီး ပါ ၂

လယ်ယာမြေလုပ်ပိုင်ခွင့်ကိစ္စ အငြင်းပွားမှုအပေါ် ဖြေရှင်း ခြင်း၊ အယူခံခြင်းနှင့်စပ်လျဉ်း၍ ရပ်ကွက်နှင့်ကျေးရွာအုပ်စုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က မူလမှုခင်းဖွင့်လှစ်၍ စုံစမ်းစစ်ဆေးခြင်း၊ ကြားနာခြင်း နှင့် ဆုံးဖြတ်ခြင်းတို့ကို ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရပ်ကွက်နှင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ချမှတ် သည့်နေ့မှ ရက် ၃၀ အတွင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

လည်းကောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ရက် ၃၀ အတွင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်အပေါ် ရက် ၆၀ အတွင်း တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့လည်းကောင်း သတ်မှတ်ချက်များနှင့်အညီအယူခံနိုင်ကြောင်း တိုင်းဒေသကြီးလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်ဖြစ်ကြောင်း လယ်ယာမြေဥပဒေ အခန်း (၈) နှင့် လယ်ယာမြေနည်းဥပဒေများ အခန်း (၇) တို့တွင် ပြဋ္ဌာန်းဖော်ပြထားသည်။

လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ ရပ်ကွက်နှင့် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုများအပေါ် မူလမှုခင်းဖွင့်လှစ်၍ စစ်ဆေးကြားနာဆုံးဖြတ်ခွင့်ရှိသော်လည်း ထိုသို့စစ်ဆေးကြားနာဆုံးဖြတ်နိုင်ရန်အတွက် လယ်ယာမြေဥပဒေပုဒ်မ ၁၃ အရ မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိရန်လိုအပ်မည်ဖြစ်သည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့သည် တစ်ဦးလျှင် မြေ ၇ ဧကစီခွဲဝေယူရန် နှစ်ဦးသဘောတူဝန်ခံချက်အရ လယ်ယာမြေကို အသုံးပြုခွင့်ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်သည်။ လယ်ယာမြေဥပဒေပုဒ်မ ၄ အရ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူသည် လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ နည်းလမ်းတကျ ဆောင်ရွက်ရမည်ဖြစ်သော်လည်း လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့သည် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနတွင်

မှတ်ပုံတင်ခြင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးခြင်းတို့မရှိသေးသဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၁၃ အရ အချင်းဖြစ်လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေများအရ ဖြေရှင်းဆောင်ရွက်နိုင်မည် မဟုတ်ပေ။

လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဆိုသည်မှာ လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ နှင့် ၇ တို့အရ မြို့နယ်ဦးစီးဌာနရုံးတွင် သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးပြီးနောက်တွင် ပေါ်ပေါက်လာသည့် အငြင်းပွားမှုအရှုပ်အရှင်းကိုခေါ်သည်။ လယ်ယာမြေဥပဒေ အခန်း (၂) ပါ လယ်ယာမြေကို အသုံးပြုခွင့်ရရှိထားသူက လယ်ယာမြေလုပ်ပိုင်ခွင့်ရရှိရန် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးမှူးရုံးသို့လျှောက်ထားသည့်အခါ ဆောင်ရွက်သည့် လယ်ယာမြေဥပဒေပုဒ်မ ၄၊ ၅၊ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် လယ်ယာမြေနည်းဥပဒေများ အခန်း (၂) ပါ နည်းဥပဒေများသည် လယ်ယာမြေဥပဒေအခန်း (၈) နှင့် လယ်ယာမြေနည်းဥပဒေများ အခန်း ၇ တို့တွင်ပြဋ္ဌာန်းထားသည့် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် တူညီခြင်းမရှိဘဲ သီးခြားစီဆောင်ရွက်ရမည့်ကိစ္စရပ်များသာဖြစ်သည်။

လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့၏ မြေယာအငြင်းပွားမှုကို ဘန်းလမွတ်ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က မြေယာမှုခင်းဖွင့်လှစ်ဆုံးဖြတ်ခဲ့ခြင်းနှင့် ယင်းဆုံးဖြတ်ချက်အပေါ် မြို့နယ်၊

၂၀၁၆
ဦးကြည်ရှင်
နှင့်
ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး
လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
တနင်္သာရီတိုင်းဒေသကြီး
ပါ ၂

ခရိုင်နှင့် တိုင်းလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်သို့ အယူခံခဲ့သဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ရလိုမှုဆိုင်ရာ အယူခံမှုများအဖြစ် ကြားနာဆုံးဖြတ်ခဲ့ကြခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

အမှုခေါ်စာချွန်တော်အမိန့်ဆိုသည်မှာ တရားရုံးတစ်ရုံးရုံးသို့မဟုတ် တရားစီရင်မှုသဘောသက်ဝင်သည့် ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့်ညီညွတ်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာကိုဆိုသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကိုခွင့်ပြုသည်။ ဘန်းလမွတ်ကျေးရွာအုပ်စု၊ ကျေးရွာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ၈-၈-၂၀၁၄ ရက်စွဲပါ ဆုံးဖြတ်ချက်နှင့် ယင်းဆုံးဖြတ်ချက်အပေါ် အဆင့်ဆင့်အယူခံလျှောက်ထားခဲ့ကြသည့် မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ၏ ဆုံးဖြတ်ချက်များကို အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

လျှောက်ထားသူတင်ပြသောအချက်ဖြင့် ခွင့်ပြုခြင်းမဟုတ်၍ စရိတ်မသတ်မှတ်။

## တရားမအထူးအယူခံမှု

+ ၂၀၁၆ ခုနှစ်
ဩဂုတ်လ ၂၉ ရက်

### ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးသာဋ္ဌေး၊ ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့် ဦးမြင့်ဟန် တို့ရှေ့တွင်

### ဒေါ်ကြည်ကြည်အေး ပါ ၅

### နှင့်

### ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၁၃ *

**မူလတရားမကြီးမှုတစ်မှုတည်း၏ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှုနှစ်မှုကို စီရင်ချက်တစ်ခုတည်းဖြင့် တစ်ပေါင်းတည်း ချမှတ်ရာတွင်အယူခံမှုနှစ်မှုလုံးအပေါ်အယူခံတင်သွင်းရန် လို မလို၊ အယူခံမှုတစ်မှု၏ ဒီကရီကိုသာအယူခံဝင်ပြီး ကျန်အမှု၌ ချမှတ်သော ဒီကရီကို အယူခံမဝင်လျှင် ယင်းအမှုများ၌ အဆုံးအဖြတ်ပေးသော အကြောင်းအရာသည် မီးသေဆုံးဖြတ်ချက် ဖြစ် မဖြစ်။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ မီးသေပိတ်ပင် ခြင်းဖြစ်ရန်ငြင်းချက်တူသော တရားမမှုနှစ်မှုရှိရမည်ဖြစ်သည်။ သို့မှသာ

* ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၂၇

\+ ၂၀၁၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၆၅၁ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ယခင်အမှုတွင် အပြီးသတ်ဆုံးဖြတ်ချက်သည် နောက်အမှုတွင် အဆိုပါ ငြင်းချက်ကို ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရန် ပိတ်ပင်ခြင်းဖြစ်သည်။

ဤအမှုတွင် ငြင်းချက်တူသော မူလမှု ၂ မှုမရှိသည့်အတွက်ကြောင့်လည်းကောင်း၊ တရားလွှတ်တော်သို့ တရားလို၊ တရားပြိုင် နှစ်ဖက် အမှုသည်များက သီးခြားအယူခံမှု ၂ မှုတင်သွင်းခဲ့ရာတွင် အယူခံမှုများကို စီရင်ချက်တစ်ခုတည်းတွင် စုပေါင်းဆုံးဖြတ်ပြီး သီးခြားဒီကရီများ ရေးဆွဲထားစေကာမူ ဆုံးဖြတ်ချက်တစ်ရပ်သာရှိခြင်းကြောင့်လည်းကောင်း၊ မီးသေခြင်းကိစ္စမှာ ဒီကရီကြောင့်ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စီရင်ချက်ကြောင့်ဖြစ်သည့်အတွက်ကြောင့်လည်းကောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင်သည် တရားလွှတ်တော်က စီရင်ချက်တစ်ရပ်တည်းဖြင့် ဆုံးဖြတ်ခဲ့သော အယူခံမှု ၂ မှုတွင် တစ်မှုတည်းကိုသာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းပြီး ၎င်း၏အယူခံမှုကို ပလပ်ခဲ့သည့် ဒီကရီကို ဆက်လက်အယူခံမတင်သွင်းခြင်းကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုတွင် မီးသေဆုံးဖြတ်ချက်မဖြစ်နိုင်ပေ။

| | |
|---|---|
| အယူခံတရားလိုများအတွက် - | ဒေါ်ချိုချိုဝင်း<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၁)အတွက် - | ဦးသန်းအောင်<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်(၂မှ၁၃)အတွက် - | ကိုယ်တိုင် (မလာ) |

၂၀၁၆

ဒေါ်ကြည်ကြည်အေး ပါ ၅၊
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၊ ၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ် ၁ တွင် ဒေါ်လှလှပါ ၂ ဦးက ဒေါ်ကျင်မေပါ ၉ ဦးတို့အပေါ် အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ အမှုအတွင်း (၁) တရားလို ဒေါ်လှလှကွယ်လွန်သဖြင့် ဒေါ်ကြည်ကြည်အေး၊ ဒေါ်ဝင်းဝင်း၊ ဒေါ်ခင်လှလှနှင့် ဦးဝင်းလှတို့အားလည်းကောင်း၊ (၁) တရားပြိုင် ဒေါ်ကျင်မေ ကွယ်လွန်သဖြင့် ဦးရဲအောင် (ခ) သုခရဲအောင်၊ ဒေါ်သီတာ၊ မောင်ရဲလေး (ခ) ရဲသုခ၊ မောင်ရဲသူရ၊ မရဲသီတာခိုင်တို့အားလည်းကောင်း တရားဝင်ကိုယ်စားလှယ်များအဖြစ် ထည့်သွင်းဆောင်ရွက်ခဲ့သည်။ တရားလိုများသည် ကွယ်လွန်သူ ဦးသုခကျန်ရစ်သော အမွေပုံပစ္စည်းများတွင် အထက်ပါပစ္စည်း၌ ၄ ပုံ ၃ ပုံနှင့် လက်ထက်ပွားပစ္စည်း၌ ၆ ပုံ ၁ ပုံ ရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီအပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားလိုဘက်မှ ၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၇၃ တွင်လည်းကောင်း၊ တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၅ ဦးတို့က ၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၉၂ တွင်လည်းကောင်း အယူခံတင်သွင်းခဲ့ကြရာ ဦးရဲအောင် (ခ) သုခရဲအောင်တို့တင်သွင်းသော အယူခံမှုကိုပလပ်ပြီး ဒေါ်ကြည်ကြည်အေး ပါ ၅ ဦးတို့တင်သွင်းသော အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ တရားလိုတို့သည် ဖခင်ရင်း ဦးသုခနှင့် မိထွေးဒေါ်ကျင်မေတို့ ကျန်ရစ်သော အမွေပစ္စည်းများ၏ ၁၂ ပုံ ၁၁ ပုံ (တစ်ဆယ့်နှစ်ပုံတစ်ဆယ့်တစ်ပုံ) ရထိုက်ခွင့်ရှိကြောင်း ပဏာမဒီကရီကို ပြင်ဆင်ချမှတ်ခဲ့သည်။ ဦးရဲအောင် (ခ) သုခရဲအောင်က ၂၀၁၃ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၇၃ (ဒေါ်ကြည်ကြည်အေးတို့ တင်သွင်းသော အယူခံမှု) တွင် ချမှတ်သည့်

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ၂၀၁၄ ခုနှစ်၊ တရားမ အယူခံမှုအမှတ် ၆၅၁ တွင် အယူခံတင်သွင်းရာ အယူခံမှုကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြုခဲ့သည်။ ယင်းဒီကရီအပေါ် တရားလိုဒေါ်ကြည်ကြည်အေး ပါ ၅ ဦးတို့က အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ ခုနှစ် တရားမအထွေထွေ လျှောက်လွှာ (အထူး) အမှတ် ၂၁၄ တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာများကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

> "၁။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၉၂ ၏ ဒီကရီသည် တရားပြိုင်ဦးရဲအောင် (ခ) သုခရဲအောင်တင်သွင်းသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ၂၀၁၄ ခုနှစ် တရားမအယူခံမှုအမှတ် ၆၅၁ တွင် မီးသေဆုံးဖြတ်ချက် ဖြစ် မဖြစ်၊
>
> ၂။ အကယ်၍ မီးသေဆုံးဖြတ်ချက်မဖြစ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြုခဲ့ခြင်းသည် မှန်ကန်မှု ရှိ မရှိ။"

အယူခံတရားလိုများ၏ရှေ့နေက ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ နှင့် တရားမပထမအယူခံအမှတ် ၉၂/၂၀၁၃ တို့ကို စီရင်ချက်တစ်ပေါင်း

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

တည်း ချမှတ်ခဲ့သည့်အတွက် စီရင်ချက်တွင် တရားမပထမအယူခံအမှတ် ၉၂/၂၀၁၃ကိုပလပ်သည်ဟုဆိုသော်လည်းတရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ၏ ဒီကရီတွင် " ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပယ်ဖျက်လိုက်ပြီး အယူခံတရားလိုများသည် အမွေရှင်များဖြစ်သည့် ဖခင်ရင်းဦးသုခနှင့် မိထွေးဒေါ်ကျင်မေတို့ကျန်ရစ်သော အမွေပစ္စည်းများ ၏ ၁၂ ပုံ ၁၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီကို စရိတ်နှင့်တကွချမှတ်သည်" ဟုဖော်ပြထားကြောင်း၊ ယင်းတရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ၏ စီရင်ချက်နှင့်ဒီကရီသည် ယခုအချိန်ထိ တည်မြဲလျက်ရှိကြောင်း၊ **ဦးမြင့် နှင့် မအေးမိ အမှု** [၁] အရ အဆိုပါ တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ၏ ဒီကရီသည် ထိုအမှုတွင်ပါဝင်သော တရားလို၊ တရားပြိုင်များအပေါ် တည်လျက်ရှိကြောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင်တို့က အဆိုပါ တရားမပထမအယူခံအမှတ် ၉၂/၂၀၁၃ ၏ စီရင်ချက်နှင့်ဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်ခဲ့ခြင်းမရှိသဖြင့် အတည်ဖြစ်လျက်ရှိနေသည့် အခြေအနေတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားမအယူခံမှုအမှတ် ၆၅၁/၂၀၁၄ တွင် တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ တွင် ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီကို ပယ်ဖျက်ခဲ့ကြောင်း၊ သို့ဖြစ်၍ တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ နှင့် တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ တို့၏ စီရင်ချက်နှင့်ဒီကရီတို့သည် ဆန့်ကျင်ဘက်ဝိရောဓိဖြစ်ပေါ်ခဲ့ကြောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင်သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃

(၁) ၁၉၅၇ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉၆ (လွှတ်တော်)။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

၏ စီရင်ချက်နှင့်ဒီကရီအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဝင်ရောက်နိုင်ပါလျက် အယူခံဝင်ရောက်ခဲ့ခြင်းမရှိသည့်အတွက် ယင်းဒီကရီမှာ အတည်ဖြစ်သွားကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အယူခံမှုအမှတ် ၆၅၁/၂၀၁၄ တွင် မီးသေဆုံးဖြတ်ချက်ဖြစ်ကြောင်း၊ **ဦးဘလင်းနှင့် မအေးစိန် အမှု** [၂] ကို ကိုးကားကြောင်း၊ **ဦးညို၀င်း ပါ ၂ နှင့် ဦးမောင်ကို ပါ ၂ အမှု** [၃]၊ **ဦးကျော်မြင့်အောင် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ အမှု** [၄] တို့အရ အဆင့်ဆင့်အယူခံဝင်ရောက်ခြင်းမရှိဘဲ အထူးအယူခံဝင်ခွင့်မရှိကြောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင်သည် မူလရုံး၊ အယူခံရုံးများတွင် ကိတ္တိမမွေးစားသားဖြစ်ကြောင်း တင်ပြရန်အခွင့်အရေးရှိပါလျက် တင်ပြခဲ့ခြင်းမရှိသောကြောင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ဆုံးဖြတ်သကဲ့သို့ မွေးစားသားဟု မှတ်ယူရန်အကြောင်းမရှိကြောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင်ကို ကွယ်လွန်သူဒေါ်ကျင်မေ၏ တရား၀င်ကိုယ်စားလှယ်အဖြစ်ထည့်သွင်းရုံမျှဖြင့် ကိတ္တိမမွေးစားသားအဖြစ် အမွေ၀စုသတ်မှတ်၍ မရကြောင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပဏာမဒီကရီမှာ မိထွေး၊ ပထွေး သက်ရှိထင်ရှားရှိစဉ်ခွဲဝေခြင်းဖြစ်ပြီး ယခုအမှုတွင် မိထွေးဒေါ်ကျင်မေကွယ်လွန်ပြီးဖြစ်၍ ကွယ်လွန်သူအပေါ် ဒီကရီချမှတ်၍မရကြောင်း၊ သို့ဖြစ်၍ ယင်းဒီကရီကို အတည်ပြုခဲ့သော ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဒီကရီမှာ မှန်ကန်ခြင်းမရှိကြောင်း၊ ဤအထူးအယူခံမှုကိုခွင့်ပြု၍ ရန်ကုန်တိုင်းဒေသကြီး

---

(၂) အေအိုင်အာရ် ၁၉၃၆ ခုနှစ်၊ ရန်ကုန်စီရင်ထုံး၊ စာ-၄၀၁။

(၃) ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၅။

(၄) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉ (၂၂)။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

တရားလွှတ်တော်၏ ဒီကရီကို ပြန်လည်အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၁) ၏ရှေ့နေက မူလရုံးတရားလိုတို့သည် ဦးရဲအောင် (ခ) သုခရဲအောင်ကို အမွေမမီမြေး ၈ ဦးတွင် ထည့်သွင်းစွဲဆိုခဲ့ကြောင်း၊ အမှုအတွင်း မွေးစားမိခင်တရားပြိုင် (၁) ဒေါ်ကျင်မေကွယ်လွန်သောအခါ ကိတ္တိမမွေးစားသားဖြစ်သူ ဦးရဲအောင် (ခ) သုခရဲအောင်သည် တရားမကျင့်ထုံးဥပဒေပုဒ်မ ၂ (၁၁) အရ တရားဝင်ကိုယ်စားလှယ်အဖြစ်ပါဝင်လာခြင်းဖြစ်ကြောင်း၊ မူလရုံး၏ ပဏာမဒီကရီအရ ကွယ်လွန်သူဒေါ်ကျင်မေ၏ တရားဝင်ကိုယ်စားလှယ်သည် အထက်ပါပစ္စည်းတွင် ၄ ပုံ ၁ ပုံ၊ လက်ထက်ပွားပစ္စည်းတွင် ၆ ပုံ ၅ ပုံ ခံစားခွင့်ရ၍ အမှုနိုင်သူဖြစ်ကြောင်း၊ **ဒေါ်ခင်ညွန့် ပါ ၂ နှင့် ဒေါ်ခင်သန်း အမှု** [၅] အရ အမှုနိုင်သူသည် သူတို့အားအရှုံးပေးသောပြင်းချက်များအပေါ် အယူခံဝင်ခွင့်မရှိသောကြောင့် ဦးရဲအောင် (ခ) သုခရဲအောင်သည် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ အယူခံဝင်ခွင့်မရှိကြောင်း၊ အယူခံတရားလိုရှေ့နေကတင်ပြသည့် **ဦးဘလင်း နှင့် မအေးစိန် အမှု** [၂] မှာ ၁၉၃၆ ခုနှစ် The India Law Reports, Rangoon Series စာမျက်နှာ ၄၀၁ တွင် မပါရှိကြောင်း၊ ဦးမြ၏စီရင်ထုံးပေါင်းချုပ်တွင် ဖော်ပြထားချက်အရ ထိုစီရင်ထုံးမှာ အမွေထိန်းစာရလိုကြောင်း အပြိုင်လျှောက်ထားသောအမှုများတွင် တစ်စုံတစ်ယောက်သည် ကွယ်လွန်သူ၏ အနီးစပ်ဆုံးအမွေစားအမွေခံဖြစ်ကြောင်း တွေ့ရလျှင် ထိုဆုံးဖြတ်ချက်သည် ယခင်အမှုမှ အမှုသည်များနှင့် ၎င်းတို့၏အခွင့်

(၅) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၅၅။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

အရေးကို ဆက်ခံအရေးဆိုသူများအပေါ် နောက်စွဲဆိုသည့်အမှုတွင် အတည်ဖြစ်သည်ဟု ဖော်ပြထားကြောင်း၊ ထိုစီရင်ထုံးတွင် အမှု ၂ မှုတို့သည် Cross Case ဖြစ်လာကြောင်း၊ အမွေထိန်းစာမရသူသည် မိမိရှုံးနိမ့်သောအမှုကို အယူမခံဘဲ တစ်ဖက်မှနိုင်သွားသောအမှုကို အယူခံဝင်လျှင် မီးသေဖြစ်နိုင်ကြောင်း၊ ယခုအမှုမှာ မူလရုံးတရားလိုနှင့် တရားပြိုင်တို့သည် အပြန်အလှန်စွဲဆိုမှုမဟုတ်ကြောင်း၊ ထို့ကြောင့် တူသောငြင်းချက် ပေါ်ပေါက်ခြင်းရှိသဖြင့် မီးသေဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြုခဲ့ခြင်းမှာ မှန်ကန်မှုရှိကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်အမှတ် (၂ မှ ၁၃) တို့သည် ရုံးရှေ့သို့ လာရောက်တင်ပြခြင်းမပြုချေ။

ကွယ်လွန်သူ စာရေးဆရာဒါရိုက်တာဦးသုခနှင့် ပထမ အိမ်ထောင် ဒေါ်ပိန်တို့မှ သားသမီး ၃ ဦးမွေးဖွားခဲ့ရာ ဒေါ်လှလှ၊ ဦးအောင်မြင့် (တရားလိုအမှတ် ၁၊ ၂) နှင့် ဒေါ်ခင်စိန်တို့ဖြစ်ကြသည်။ ဒေါ်ခင်စိန်သည် ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့ပြီး၊ တရားပြိုင်အမှတ် (၂ မှ ၉) တို့သည် ဒေါ်ခင်စိန်နှင့် ဦးသိန်းမြင့် (ပြိုင်ပြ - ၄) တို့၏ သားသမီးများဖြစ်ကြသည်။ ဦးသုခသည် ဒေါ်ပိန်မကွယ်လွန်မီ ဒေါ်ငွေရင်နှင့်အိမ်ထောင်ပြုခဲ့ပြီး ဒေါ်ပိန်သည် ၁၉၅၀ ပြည့်နှစ်တွင် ကွယ်လွန်ခဲ့သည်။ ဦးသုခသည် ဒေါ်ငွေရင်နှင့် ၁၀ နှစ်ခန့်ပေါင်းသင်းပြီးနောက် သားသမီးမထွန်းကားဘဲ ကွဲကွာခဲ့သည်။ ၁၉၅၃ ခုနှစ်ခန့်တွင် တရားပြိုင် အမှတ် (၁) ဒေါ်ကျင်မေနှင့်အိမ်ထောင်ပြုခဲ့သည်။ အမွေရှင်ဦးသုခသည်

၂၀၁၆

ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင် ပါ ၁၃

၇-၁၂-၂၀၁၅ နေ့တွင် ကွယ်လွန်ခဲ့သဖြင့် သမီးဒေါ်ခင်စိန်သည် ဖခင်ထက်စောစွာကွယ်လွန်ခဲ့ခြင်းကြောင့် တရားပြိုင်အမှတ် (၂ မှ ၉) တို့သည် ဦးသုခ၏ အမွေမမီမြေးများဖြစ်ကြသည်။ တရားလိုများက ဖခင်ရင်း ဦးသုခကွယ်လွန်ခြင်းကြောင့် ကျန်ရစ်သောအထက်ပါပစ္စည်းများနှင့် ဖခင်နှင့် မိထွေးဒေါ်ကျင်မေ (တရားပြိုင် - ၁) တို့၏ လက်ထက်ပွားပစ္စည်းများကို အမွေစီမံခွဲဝေပေးရန် အမှုစွဲဆိုခဲ့ခြင်းဖြစ်သည်။

တရားပြိုင်အမှတ် (၁) ဒေါ်ကျင်မေက ဦးသုခတွင် ပါရင်း၊ အထက်ပါပစ္စည်းပါလာခြင်း မရှိကြောင်း၊ ဦးသုခနှင့် ၎င်းတို့ပေါင်းသင်းစဉ် ဖြစ်ထွန်းသော ကျောက်မြောင်းရှိမြေနှင့်တိုက်ကို ရောင်းချပြီး တရားလိုတို့မောင်နှမ ၃ ဦးအား ခွဲဝေပေးပြီးဖြစ်ကြောင်း၊ တရားလိုများသည် အမွေဆက်ခံခွင့်ရှိသူများမဟုတ်သဖြင့် တရားစွဲဆိုရန် အကြောင်းမပေါ်ပေါက်ကြောင်း ချေပသည်။

မူလမှုအတွင်း တရားပြိုင်အမှတ် (၁) ဒေါ်ကျင်မေသည် ၂၇-၈-၂၀၁၁ နေ့တွင် ကွယ်လွန်သဖြင့် တရားလိုများ၏ရှေ့နေက သတင်းစာပါနာရေးကြော်ငြာအရ ကိုရဲအောင် (ခ) သုခရဲအောင်၊ ၎င်း၏ ဇနီးဒေါ်သီတာနှင့် သားသမီး ၃ ဦးဖြစ်သူ မောင်ရဲလေး၊ မောင်ရဲသူရ၊ မရဲသီတာခိုင်တို့ ၅ ဦးကို တရားဝင်ကိုယ်စားလှယ်အဖြစ် ထည့်သွင်းပေးရန် လျှောက်ထားရာ တရားရုံးက ၁၀-၁၀-၂၀၁၁ နေ့တွင် တရားဝင်ကိုယ်စားလှယ်ထည့်သွင်းခွင့်ပြုခဲ့ပြီး အမှုကိုဆက်လက်စစ်ဆေးစီရင်ခဲ့သည်။

မူလခရိုင်တရားရုံးက တရားလိုများသည် ဖခင်ဦးသုခ

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ကျန်ရစ်သည့် အထက်ပါပစ္စည်းတွင် ၄ ပုံ ၃ ပုံနှင့် လက်ထက်ပွားပစ္စည်းတွင် ၆ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ခဲ့သည်။

ခရိုင်တရားရုံး၏ပဏာမဒီကရီအပေါ် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားလိုတို့က တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ တွင်လည်းကောင်း၊ ကွယ်လွန်သူ တရားပြိုင်အမှတ် (၁) ဒေါ်ကျင်မေ၏ တရားဝင်ကိုယ်စားလှယ်ဖြစ်သူ ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၅ ဦးတို့က တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ တွင်လည်းကောင်း အယူခံတင်သွင်းခဲ့ကြသည်။ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အဆိုပါအယူခံမှု ၂ မှုလုံးကို တပေါင်းတည်းကြားနာပြီးနောက် စီရင်ချက်တစ်ရပ်တည်းတွင် တရားလိုတို့တင်သွင်းသော အယူခံမှုအမှတ် ၇၃/၂၀၁၃ ကို တစ်စိတ်တစ်ဒေသခွင့်ပြု၍ တရားလိုတို့သည် ဖခင်ဦးသုခနှင့် မိထွေးဒေါ်ကျင်မေတို့ကျန်ရစ်သော အမွေပစ္စည်းများ၏ ၁၂ ပုံ ၁၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပြီး ဦးရဲအောင်တို့တင်သွင်းသော တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ကို ပလပ်ခဲ့သည်။

ဦးရဲအောင်(ခ)သုခရဲအောင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းရာတွင် တရားလိုများက တရားလွှတ်တော် သို့ တင်သွင်းခဲ့သည့် တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ ၏ ပဏာမဒီကရီအပေါ်တွင်သာ အယူခံမှုတင်သွင်းခဲ့ခြင်းဖြစ်သည်။ ဦးရဲအောင် (ခ) သုခရဲအောင်တို့က တရားလွှတ်တော်သို့ အယူခံခဲ့သည့် တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ကို ပလပ်ခဲ့သည့်ဒီကရီအပေါ်

အယူခံတင်သွင်းခဲ့ခြင်းမရှိချေ။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ဦးရဲအောင်(ခ)သုခရဲအောင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံမဝင်သောတိုင်းဒေသကြီးတရားလွှတ်တော် တရားမပထမ အယူခံမှုအမှတ်၉၂/ ၂၀၁၃ တွင်အဆုံးအဖြတ်ပေးသော အကြောင်းအရာသည် ၎င်းအပေါ် မီးသေဆုံးဖြတ်ချက်ဖြစ် မဖြစ် စိစစ်ရန်ဖြစ်သည်။

အယူခံတရားလိုများ၏ရှေ့နေက **ဦးဘလင်းနှင့်မအေးစိန်အမှု** [၂] ကို ကိုးကားလျက် မီးသေဖြစ်ကြောင်းတင်ပြသည်။ ယင်းအမှုမှာ ကွယ်လွန်သူ ဒေါ်ငြိမ်း၏အမွေထိန်းစာရရှိရန် ဒေါ်ငြိမ်း၏မောင်ဖြစ်သူ ဦးဘလင်းနှင့် ဒေါ်ငြိမ်း၏ကိတ္တိမသမီးဖြစ်သူ မအေးစိန်တို့က အပြိုင်လျှောက်ထားကြရာ မူလရုံးက အပြန်အလှန်စွဲဆိုသည့်အမှု ၂ မှုကို တပေါင်းတည်းဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ မအေးစိန်ကိုအနိုင်ပေး၍ ဦးဘလင်းစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။ ဦးဘလင်းက မအေးစိန်အား အမွေထိန်းစာထုတ်ပေးသောအမိန့်ကို အယူခံဝင်ပြီး၊ ၎င်းစွဲဆိုသောအမှုကို ပလပ်သည့်အမိန့်ကို အယူခံဝင်ခြင်းမပြုချေ။ ဦးဘလင်းသည် ၎င်းစွဲဆိုသောအမှုကို ပလပ်ခံရသဖြင့် အမွေထိန်းစာရရှိရန်အတွက် ၎င်း၏အမှုကို ပလပ်သည့်အမိန့်အပေါ် အယူခံတင်သွင်းရန်လိုအပ်သည်။ မအေးစိန်စွဲဆိုသောအမှုတွင် မအေးစိန်ကိုအမွေထိန်းစာထုတ်ပေးခြင်းကြောင့် ထိုအမွေထိန်းစာကိုပယ်ဖျက်ရန်အတွက် ဦးဘလင်းအနေဖြင့် အယူခံတင်သွင်းရန်လိုအပ်သည်။ ဦးဘလင်းက မအေးစိန်စွဲဆိုသောအမှုကို အယူခံတင်သွင်းရာ အယူခံမှုကိုခွင့်ပြု၍ မအေးစိန်အားထုတ်ပေးသော အမွေထိန်းစာကိုပယ်ဖျက်လိုက်ပါကလည်း ဦးဘလင်းစွဲဆိုသောအမှုတွင် ဦးဘလင်းအား အမွေထိန်းစာထုတ်

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ပေးရန် ငြင်းပယ်ထားသည့်အတွက် ထိုအမိန့်တည်နေသောကြောင့် ဦးဘလင်း အနေဖြင့် ၎င်းအားအမွေထိန်းစာထုတ်ပေးရန် စောဒကတက်ခွင့်ရှိမည် မဟုတ်ကြောင်းညွှန်ပြကာ ငြင်းချက်တူသောအပြန်အလှန်အမှုများတွင် စီရင်ဆုံးဖြတ်ချက်ကြောင့် နစ်နာသူအမှုသည်တစ်ဦးသည် အမှု ၂ မှုလုံးတွင် ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီနှစ်ရပ်လုံးကို အယူခံမဝင်ဘဲ တစ်မှုတွင် ချမှတ်သောစီရင်ချက်နှင့်ဒီကရီကိုသာ အယူခံဝင်ခွင့်မရှိဟု ထုံးပြုခြင်းဖြစ် သည်။

ယခုအမှုမှာ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး တရားမကြီးမှု အမှတ် ၁/၂၀၁၁ တစ်မှုတည်းဖြစ်သည်။ ခရိုင်တရားရုံးက တရားလို ဒေါ်ကြည်ကြည်အေးတို့အား အမွေရှင်ဦးသုခ၏ အထက်ပါပစ္စည်းတွင် ၄ ပုံ ၃ ပုံနှင့် လက်ထက်ပွားပစ္စည်းတွင် ၆ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမ ဒီကရီချမှတ်ခဲ့သည်။ ယင်းစီရင်ချက်နှင့်ဒီကရီအပေါ် တရားလို ဒေါ်ကြည်ကြည်အေးတို့နှင့် တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၅ ဦးတို့က မကျေနပ်ကြသဖြင့် တရားလွှတ်တော်သို့ အယူခံမှုအသီးသီး တင်သွင်းကြရာ အယူခံမှု ၂ မှုကို တပေါင်းတည်းကြားနာပြီး စီရင်ချက်တစ်ခု တည်းတွင် စုပေါင်းဆုံးဖြတ်ရာ တရားလိုဒေါ်ကြည်ကြည်အေးတို့တင်သွင်း သော တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ ကို တစ်စိတ်တစ်ဒေသ ခွင့်ပြု၍ အမွေပုံပစ္စည်းများ၏ ၁၂ ပုံ ၁၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီကို ပြင်ဆင်ချမှတ်သည်။ တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၅ ဦး တို့တင်သွင်းသော တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ကို ပလပ်ခဲ့ သည်။ တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင်က ၎င်းတင်သွင်းသော အယူခံမှုကို ပလပ်ခြင်းအပေါ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံ

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

တင်သွင်းခြင်းမပြုပေ။ တရားလိုဒေါ်ကြည်ကြည်အေးတို့တင်သွင်းသည့် တရားမပထမအယူခံမှုအမှတ် ၇၃/၂၀၁၃ တွင် ချမှတ်သည့်စီရင်ချက်နှင့် ဒီကရီကိုသာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဆက်လက်အယူခံဝင်ရောက်ခြင်းဖြစ်သည်။

ဤအမှုမှာ မူလတရားမကြီးမှုတစ်မှုတည်းဖြစ်ပြီး တရားလွှတ်တော်သို့တင်သွင်းသော အယူခံမှုသာနှစ်မှုဖြစ်သည့်အတွက် **ဦးဘလင်းနှင့် မအေးစိန် အမှု** [၂] ကဲ့သို့ ငြင်းချက်တူသော အပြန်အလှန်စွဲဆိုသည့် မူလတရားမမှုနှစ်မှုမဟုတ်သောကြောင့် ထိုစီရင်ထုံးနှင့် ဖြစ်ရပ်ချင်းမတူသဖြင့် ဤအမှုအတွက် အဖြေမဟုတ်ပေ။

မူလခရိုင်တရားရုံး၏ ပဏာမဒီကရီအပေါ် တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင် ပါ ၅ ဦးတို့က တရားလိုများစွဲဆိုသောအမှုကို ပလပ်ပေးရန်အတွက် တရားလွှတ်တော်သို့ တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ တင်သွင်းအယူခံခဲ့ခြင်းဖြစ်သည်။ တရားလွှတ်တော်က ၎င်းတို့တင်သွင်းသောအယူခံကို ပလပ်သောကြောင့် တရားလိုများအား အမွေဝေစုခွဲဝေပေးသည့်မူလခရိုင်တရားရုံး၏ ပဏာမဒီကရီမှာ အတည်ဖြစ်လျက်ရှိသည်။ တရားလွှတ်တော်က တရားလိုဒေါ်ကြည်ကြည်အေးတို့တင်သွင်းသော အယူခံမှုကိုတစ်စိတ်တစ်ဒေသခွင့်ပြု၍ တရားလိုများသည် အမွေပစ္စည်းတွင် ၁၂ ပုံ ၁၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီကို ပြင်ဆင်ချမှတ်လိုက်သဖြင့် တရားလိုများသည် မူလခရိုင်တရားရုံးကချမှတ်ခဲ့သည့် အမွေပုံဝေစုသတ်မှတ်ချက်ထက် ပိုမိုရရှိသွားကြောင်းတွေ့ရှိရသည်။

ဦးရဲအောင် (ခ) သုခရဲအောင်သည် တရားလွှတ်တော်က

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ဝင်းတင်သွင်းသော အယူခံမှုအမှတ် ၉၂/၂၀၁၃ ကို ပလပ်ခဲ့သည့် ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းခဲ့ခြင်းမရှိသောကြောင့်တရားလိုများအားအမွေဝေစုခွဲဝေပေးသည့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ပယ်ဖျက်ခြင်းမပြုနိုင်ပေ။ တရားလွှတ်တော်က တရားလိုဒေါ်ကြည်ကြည်အေးတို့တင်သွင်းသည့် အယူခံတွင်ချမှတ်ခဲ့သည့် ဒီကရီကိုသာ ဦးရဲအောင် (ခ) သုခရဲအောင်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အယူခံဆက်လက်တင်သွင်းခဲ့ခြင်းကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်အနေဖြင့် တရားလွှတ်တော်ကချမှတ်ပေးခဲ့သည့် တရားလိုများရထိုက်သော အမွေဝေစုသတ်မှတ်ချက်မှန် မမှန်ကို စိစစ်ဆုံးဖြတ်ခွင့်ရှိသည်။ ယင်းမူသဘောကို **ဦးညိုဝင်း ပါ ၂ နှင့် ဦးမောင်ကို ပါ ၂ အမှု** [၆] တွင် ကြည့်ပါ။ တရားလွှတ်တော်က ဦးရဲအောင် (ခ) သုခရဲအောင်တို့တင်သွင်းသည့် တရားမပထမအယူခံမှုအမှတ် ၉၂/၂၀၁၃ ကို ပလပ်သည့်ဒီကရီမှာ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏အယူခံမှုကို ပိတ်ပင်သည်ဟုမဆိုနိုင်ပေ။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ မီးသေသောဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ရန် အောက်ပါအချက်များနှင့် ညီညွတ်ရမည်ဟု **မခင်နှင့်မပုပါ ၃ အမှု** [၇] ၊ **မညိုညိုမြင့်နှင့် ဒေါ်ခင်မာမာ အမှု** [၈] တို့တွင် ထုံးဖွဲ့သည်-

(၁) နောက်အမှုတွင် သို့မဟုတ် နောက်ငြင်းချက်တွင် တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသောအကြောင်းအရာ

(၆) ၂၀၁၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၉၅။

(၇) ၁၉၄၈၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၄၃။

(၈) ၂၀၀၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၁၀၅။

သည့် ယခင်အမှုတွင် သဘောအားဖြင့်ဖြစ်စေ၊ အမှန်တကယ်ဖြစ်စေ တိုက်ရိုက်အားဖြင့်လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသော အကြောင်းအရာနှင့်တူရမည်။

၂၀၁၆ ဒေါ်ကြည်ကြည်အေး ပါ ၅ နှင့် ဦးရဲအောင်(ခ)သုခရဲအောင် ပါ ၁၃

(၂) ယခင်အမှုမှ ထပ်တူအမှုသည်များ သို့မဟုတ် ၎င်းအမှုသည်တို့ကို သို့မဟုတ် ၎င်းတို့အနက် တစ်ဦးဦးကို အမှီပြု၍ တောင်းဆိုပိုင်ခွင့်သူများအကြား ပေါ်ပေါက်သော အမှုဖြစ်ရမည်။

(၃) ဆိုခဲ့သောအမှုသည်များသည် ယခင်အမှုတွင် ဆိုင်ရေးဆိုင်ခွင့်တစ်ရပ်တည်းအရ တရားဆိုင်ခဲ့ရမည်။

(၄) ယခင်အမှုကို အဆုံးအဖြတ်ပေးခဲ့သော တရားရုံးသည် နောက်အမှုကို စီရင်ပိုင်ခွင့်အာဏာရှိရမည်။ သို့မဟုတ် ယခင်အမှုတွင်ဆုံးဖြတ်ခဲ့သော ငြင်းချက်မျိုးအားထပ်မံတင်ပြသော အမှုကိုစီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးဖြစ်ရမည်။

(၅) နောက်အမှုတွင် တိုက်ရိုက်အားဖြင့် လည်းကောင်း၊ အဓိကအားဖြင့်လည်းကောင်း အငြင်းပွားသည့် အကြောင်းအရာကို ယခင်အမှုတွင်ကြားနာ၍ အပြီးသတ် ဆုံးဖြတ်ပြီးဖြစ်ရမည်။

သို့ဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁ အရ မီးသေပိတ်ပင်ခြင်းဖြစ်ရန် ငြင်းချက်တူသောတရားမမှုနှစ်မှုရှိရမည်ဖြစ်သည်။ သို့မှသာ ယခင်အမှုတွင် အပြီးသတ်ဆုံးဖြတ်ချက်သည် နောက်အမှုတွင်အဆိုပါငြင်း

၂၀၀၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ချက်ကို ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရန် ပိတ်ပင်ခြင်းဖြစ်သည်။

**Narhari And Other Vs Shankar And Others အမှု** (၉) တွင် အေက တရားပြိုင်အချို့အပေါ် တစ်မှုတည်းတွင် မြေလက်ရောက်ရလိုကြောင်း စွဲဆိုသည်။ တရားပြိုင်များက အုပ်စု ၂ စုခွဲ၍ ထုချေကြပြီး ထုချေချက်အခြေခံချင်းမတူ၊ မူလရုံးက စွဲဆိုသည့်အတိုင်း ဒီကရီချမှတ်သည်။ တရားပြိုင်တို့က အုပ်စု ၂ စုခွဲ၍ သီးခြားအယူခံ ၂ မှု တင်သွင်းကြသည်။ အယူခံတရားရုံးက အယူခံမှုများကို စီရင်ချက်တစ်ခု တည်းတွင် စုပေါင်းဆုံးဖြတ်ရာ စီရင်ချက်မူရင်းကို အယူခံမှုတစ်မှုတွင် တွဲစေပြီး ကျန်အမှု၌ မိတ္တူတွဲသည်။ သီးခြားဒီကရီများရေးဆွဲသည်။ အယူခံရုံးတွင် တရားလိုအေရှုံးနိမ့်သဖြင့် တရားလွှတ်တော်သို့ အယူခံမှု ၂ မှုတင်သွင်းသည်။ အယူခံတစ်မှုမှာ ကာလစည်းကမ်းသတ်ကျော်လွန်၍ ပလပ်ခံရသည်။ ယင်းအမှုတွင် ချမှတ်သောစီရင်ချက်မီးသေသည်ဟု အကြောင်းပြကာ နောက်အယူခံမှုကိုလည်း ပလပ်လိုက်သဖြင့် တရားလိုက တရားလွှတ်တော်ချုပ်သို့ ဆက်လက်အယူခံဝင်သောအခါ တရားလွှတ်တော်ချုပ်က အမှုတစ်မှုတွင် ဆုံးဖြတ်ချက်တစ်ရပ်သာရှိ၍ ဒီကရီနှစ်ရပ်ရေးဆွဲထားစေကာမူ အယူခံ ၂ မှုတင်သွင်းရန်မလိုကြောင်း၊ အဓိကမှာဒီကရီမဟုတ်၊ အငြင်းပွားသည့်အကြောင်းအရာသာဖြစ်ကြောင်း၊ မီးသေမှုသည် ဒီကရီကြောင့်ပေါ်ပေါက်ခြင်းမဟုတ်ဘဲ စီရင်ချက်ကြောင့်ဖြစ်ကြောင်း၊ မီးသေပြဿနာမှာ အမှု ၂ မှုရှိသည့်အခါမှသာ ပေါ်ပေါက်ကြောင်း၊ အမှုတစ်မှုတည်းသာရှိသည့်အချက်တွင် မီးသေမှုပြဿနာသည်

(၉) အေအိုင်အာရ် ၁၉၅၃ ခုနှစ်၊ တရားလွှတ်တော်ချုပ်၊ စာ - ၄၁၉။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

အလျဉ်းပေါ်ပေါက်ခြင်းမရှိကြောင်း၊ အမှုတွင် ဒီကရီများမှာ တစ်မှုတည်းတွင်ရှိ၍ စီရင်ချက်တစ်ခု တည်းအပေါ် အခြေခံကြောင်း၊ သို့ဖြစ်၍ မီးသေမှုနှင့် သက်ဆိုင်ရန်အကြောင်း မရှိကြောင်း၊ ပထမအယူခံရုံးက ချမှတ်သောဒီကရီနှစ်ရပ်မှာ အနှစ်သာရ အားဖြင့် တစ်ခုတည်းသာဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြသည်ကို တွေ့ရသည်။

ဤအမှုတွင် ငြင်းချက်တူသော မူလမှု ၂ မှုမရှိသည့်အတွက် ကြောင့်လည်းကောင်း၊ တရားလွှတ်တော်သို့ တရားလို၊ တရားပြိုင် နှစ်ဖက် အမှုသည်များက သီးခြားအယူခံမှု ၂ မှုတင်သွင်းခဲ့ရာတွင် အယူခံမှုများကို စီရင်ချက်တစ်ခုတည်းတွင် စုပေါင်းဆုံးဖြတ်ပြီး သီးခြားဒီကရီများရေးဆွဲ ထားစေကာမူ ဆုံးဖြတ်ချက်တစ်ရပ်သာ ရှိခြင်းကြောင့်လည်းကောင်း၊ မီးသေခြင်းကိစ္စမှာ ဒီကရီကြောင့် ဖြစ်ပေါ်ခြင်းမဟုတ်ဘဲ စီရင်ချက်ကြောင့် ဖြစ်သည့်အတွက်ကြောင့် လည်းကောင်း၊ ဦးရဲအောင် (ခ) သုခရဲအောင် သည် တရားလွှတ်တော်က စီရင်ချက်တစ်ရပ်တည်းဖြင့် ဆုံးဖြတ်ခဲ့သော အယူခံမှု ၂ မှုတွင် အယူခံမှုတစ်မှုတည်းကိုသာ ပြည်ထောင်စု တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းပြီး ၎င်း၏အယူခံမှုကို ပလပ်ခဲ့သည့်ဒီကရီကို ဆက်လက်အယူခံ မတင်သွင်းခြင်းကြောင့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ အယူခံမှုတွင် မီးသေဆုံးဖြတ်ချက် မဖြစ်နိုင်ပေ။

ထို့ကြောင့် ကြားနာခဲ့သော ပြဿနာအမှတ် (၁) နှင့်စပ်လျဉ်း ၍ "ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၁၃ ခုနှစ် တရားမပထမ အယူခံမှုအမှတ် ၉၂ ၏ဒီကရီသည် တရားပြိုင် ဦးရဲအောင် (ခ) သုခရဲအောင် တင်သွင်းသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ၂၀၁၄

၂၀၀၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ခုနှစ် တရားမအယူခံမှုအမှတ် ၆၅၁ တွင် မီးသေဆုံးဖြတ်ချက်မဖြစ်ကြောင်း" ဖြေဆိုလိုက်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရန်ကုန်အရှေ့ပိုင်း ခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြုခဲ့ခြင်းသည် မှန်ကန်မှုရှိ မရှိ ဆက်လက်စိစစ်ရန်ဖြစ်သည်။

အယူခံတရားလို ဒေါ်ကြည်ကြည်အေးတို့က ဖခင်ရင်းဦးသုခ ကွယ်လွန်သည်ကိုအကြောင်းပြု၍ မိထွေးအပေါ် အမွေပုံစီမံခန့်ခွဲ ပေးစေလိုမှု စွဲဆိုခြင်းဖြစ်သည်။ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိရင်းဖရင်းဖြစ်သူသေဆုံး၍ လင်ပါမယားပါသားသမီးများနှင့် မိထွေး ပထွေးတို့အမွေခွဲဝေလျှင် အထက်ပါပစ္စည်းတွင် လင်ပါမယားပါသားသမီး များ၏ဝေစုမှာ ၄ ပုံ ၃ ပုံ ဖြစ်သည်။ **ဒေါ်ပု နှင့် ဒေါ်အေးတင် အမှု** [(၁၀)] ကိုကြည့်ပါ။

လက်ထက်ပွားပစ္စည်းတွင် အမွေရှင်ဦးသုခနှင့် မိထွေး ဒေါ်ကျင်မေတို့၌ သားသမီးမရှိသောကြောင့် လင်ပါသားသမီးဖြစ်သူ တရားလိုဒေါ်ကြည်ကြည်အေးတို့က ၆ ပုံ ၁ ပုံရရှိပြီး မိထွေးဖြစ်သူ ဒေါ်ကျင်မေက ၆ ပုံ ၅ ပုံရရှိမည်ဖြစ်သည်။ **မညိမ်းအေးနှင့် မောင်မောင် ပါ ၃ အမှု** [(၁၁)] တွင်ကြည့်ပါ။

ကွယ်လွန်သူဦးသုခ၏ ပထမအိမ်ထောင်နှင့်ရသော သားသမီး များမှာဒေါ်လှလှ၊ ဦးအောင်မြင့် (တရားလိုများ) နှင့်ဒေါ်ခင်စိန်တို့ ၃ဦးဖြစ် ကြသည်။ ဒေါ်ခင်စိန်သည် ဖခင်ဦးသုခ ကွယ်လွန်သည့် ၇-၁၂-၂၀၀၅

(၁၀) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၆၅၁။

(၁၁) ၃၊ ရန်ကုန်တရားစီရင်ထုံး၊ စာ - ၅၄၉ (စုံညီ)။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

နေ့မတိုင်မီ ၁၉၈၉ ခုနှစ်တွင် ကွယ်လွန်ခဲ့သောကြောင့် ဒေါ်ခင်စိန်၏ သားသမီးများဖြစ်သူ တရားပြိုင်အမှတ် (၂) မှ (၉) တို့သည် အမွေမမီ မြေးများဖြစ်ကြသည်။ သို့ဖြစ်၍ မူလရုံးတရားလို ၂ ဦးနှင့် အမွေမမီမြေး များစုပေါင်း၍ ကွယ်လွန်သူဦးသုခ၏ အထက်ပါပစ္စည်းတွင် ၄ ပုံ ၃ ပုံ၊ လက်ထက်ပွားပစ္စည်းတွင် ၆ ပုံ ၁ ပုံ ရရှိမည်ဖြစ်သည်။ သို့သော် မူလခရိုင် တရားရုံးက တရားလိုများရရှိသည့်အမွေဝေစုတွင် အမွေမမီမြေးဖြစ်သူ တရားပြိုင်အမှတ် (၂) မှ (၉) တို့၏ဝေစုကို နုတ်ပယ်ခြင်းမပြုဘဲ သတ်မှတ် ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားပြိုင်အမှတ် (၂) မှ (၉) တို့သည် အမှုတွင်ချေပခဲ့ခြင်းမရှိ၊ အယူခံဝင်ရောက်ခြင်းမရှိသဖြင့် ခရိုင်တရားရုံး၏ပဏာမဒီကရီကို အတည်ပြုရန်သာဖြစ်ကြောင်း သုံးသပ်ကာ ခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြု ခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဒီကရီနှင့်စပ်လျဉ်း၍ အမွေမမီမြေးဖြစ်သူ တရားပြိုင် (၂) မှ (၉) တို့က အထူးအယူခံတင်သွင်း ခဲ့ခြင်းမရှိသောကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဒီကရီမှာ အတည်ဖြစ်လျက်ရှိနေသဖြင့် ဤအထူးအယူခံမှုတွင် ပယ်ဖျက်ခြင်းမပြု နိုင်ချေ။ ယင်းမူသဘောကို **ဦးထွန်းတင်နှင့် ဦးလာဘ ပါ ၂ အမှု** [(၁၂)] **ဦးကြွား ပါ ၇ နှင့် ဒေါ်တင်လှ ပါ ၄ အမှု** [(၁၃)] တို့တွင်ကြည့်ပါ။

သို့ဖြစ်၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက် နှင့်ဒီကရီကို အတည်ပြုရန်သာဖြစ်သည်။

(၁၂) ၁၉၉၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၈၁ (၈၅)။

(၁၃) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၂၃၉။

၂၀၁၆
ဒေါ်ကြည်ကြည်အေး ပါ ၅
နှင့်
ဦးရဲအောင်(ခ)သုခရဲအောင်
ပါ ၁၃

ထို့ကြောင့် ကြားနာခဲ့သောပြဿနာအမှတ် (၂) ကို အောက်ပါအတိုင်းဖြေဆိုကာ ဤတရားမအထူးအယူခံမှုကို စရိတ်နှင့် တကွပလပ်လိုက်သည်-

"(၂) အကယ်၍ မီးသေဆုံးဖြတ်ချက်မဖြစ်ပါက ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပဏာမဒီကရီကို ပြန်လည်အတည်ပြုခဲ့ခြင်းသည် မှန်ကန်ကြောင်း။"

တရားစရိတ်ကို အမွေပုံမှကျခံစေ။

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
နိုဝင်ဘာလ ၇ ရက်

## တရားမအထွေထွေလျှောက်ထားမှု

### ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြသိမ်းနှင့် ဦးအောင်ဇော်သိန်းတို့ရှေ့တွင်

ဒေါ်ခင်စန်းလွင်

နှင့်

ဥက္ကဋ္ဌ
ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄ *

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိပြီးသူကသာ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့် လျှောက်ထားခွင့်ရှိသဖြင့် ခွင့်ပြုမိန့် မရရှိဘဲ လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုသူအား လယ်ယာမြေဥပဒေအရ သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင် စေခြင်းသည် လယ်ယာမြေဥပဒေ နည်းဥပဒေများနှင့် ညီညွတ် မှုမရှိခြင်း။

**ဆုံးဖြတ်ချက်** ။ ။ လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) အရ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲပါက ဝန်ကြီးဌာန (ပြည်ထောင်စုအစိုးရအဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန) က

* ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၅၄

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

ဤကိစ္စအလို့ငှာခန့်အပ်သည့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် သတ်မှတ်သည့်ဒဏ်ကြေးပေးဆောင်စေသည့်အမိန့်ချမှတ်နိုင်ကြောင်း လယ်ယာမြေဥပဒေပုဒ်မ ၁၉ (က) တွင်ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်**။ ။ လျှောက်ထားခံရသူအမှတ် (၄) သည် အချင်းဖြစ် ဥယျာဉ်ခြံမြေကို လုပ်ကိုင်ခွင့်ပြုရန် (ပုံစံ-၁) ဖြင့် လျှောက်ထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိပါက လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုခွင့်ပြုရန် (ပုံစံ-၁၄) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်သော်လည်း ထိုသို့လျှောက်ထားခဲ့မှုမရှိဘဲ ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်၍ အခြားနည်းဖြင့်အသုံးပြုခဲ့ကြောင်းပေါ်ပေါက်သည်။

လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) ရရှိခဲ့ပြီးနောက် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါက လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) ကို ဖောက်ဖျက်သဖြင့် ယင်းဥပဒေပုဒ်မ ၁၉ အရ ဒဏ်ကြေးငွေထိုက်သင့်မည်ဖြစ်သည်။ သို့သော် ၎င်းသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် လျှောက်ထားခြင်းမရှိသည့်အပြင် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ထားသဖြင့် လယ်ယာမြေဥပဒေအရ သတ်မှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင်စေရန် သထုံခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၄-၄-၂၀၁၄ ရက်စွဲပါ ဆုံးဖြတ်ချက်အပိုဒ် (ဃ) တွင် ဆုံးဖြတ်ခဲ့ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်

ညီညွတ်မှုမရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးခင်မြင့် |
| | | တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁၊၂)အတွက် | - | ဒေါ်ဖြူမာဝေ |
| | | ညွှန်ကြားရေးမှူး |
| လျှောက်ထားခံရသူ(၃)အတွက် | - | ကိုယ်တိုင် (မလာ) |
| လျှောက်ထားခံရသူ(၄)အတွက် | - | ဦးအေးနိုင်၊ |
| | | တရားလွှတ်တော်ရှေ့နေ |

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ရွှေတချောင်းတောင်ကွင်း၊ ကွင်းအမှတ် ၁၂၄-က၊ ဦးပိုင်အမှတ် N - ၇၈၊ ဧရိယာ ၂. ၀၀ ဧကရှိ ဥယျာဉ်ခြံမြေကို လျှောက်ထားသူ ဒေါ်ခင်စန်းလွင်က ၃၁-၃-၁၉၉၁ ရက်နေ့တွင် ဦးငြိမ်းသောင်ထံမှ ငွေကျပ် ၁၀၀၀၀ ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယင်းမြေတွင် လျှောက်ထားသူ၏ မောင်ဖြစ်သူ လျှောက်ထားခံရသူ အမှတ် (၄) ဦးအေးလွင် (ခ) ဦးမောင်မောင်က စားသောက်ဆိုင်ဖွင့်လှစ်၍ နှစ်ဦးနှစ်ဖက်ခြံမြေကိစ္စ အငြင်းပွားကြရာမှ ဦးအေးလွင်က ၁၆-၁၁-၂၀၁၃ ရက်နေ့တွင် လှည်းလမ်းကူး ကျေးရွာအုပ်စု၊ အုပ်ချုပ်ရေးမှူးထံ မြေယာမှုခင်းဖွင့်လှစ်လျှောက်ထားခဲ့၍ အငြင်းပွားမှု အမှတ် ၁/၂၀၁၃ ဖြင့် စစ်ဆေးပြီး မြေ ၂. ၀၀ ဧကတွင် စားသောက်ဆိုင်ဧရိယာအပါအဝင် ၁. ၃၀ ဧကကို ဦးအေးလွင်အား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ လျှောက်ထားသူက မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာ မြေ ၂ ဧကကို လျှောက်ထားသူအား

ခွင့်ပြုခဲ့ကြောင်း၊ ဦးအေးလွင်က ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာ စားသောက်ဆိုင်အဆောက်အဦ ဆောက်လုပ်ထားသော ဧရိယာ ၀. ၃၈ ဧကကို ဦးအေးလွင်အားလုပ်ကိုင်ခွင့်ပြုပြီး ကျန် ၁. ၆၂ ဧကကို လျှောက်ထားသူအား လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ထိုဆုံးဖြတ်ချက်အပေါ် နှစ်ဖက်လုံးက ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှု အဖွဲ့သို့အယူခံရာ ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး အချင်းဖြစ်ဥယျာဉ်ခြံမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာ တရားရုံး၏ ဆုံးဖြတ်ချက်ခံယူရန် ဆုံးဖြတ်ခဲ့သဖြင့် အာဏာပေး စာချွန်တော်အမိန့်ထုတ်ဆင့်ပေးပါရန် ဒေါ်ခင်စန်းလွင်က လျှောက်ထား ခြင်းဖြစ်သည်။

လျှောက်ထားခံရသူအမှတ် (၁) နှင့် (၂) အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုစတင်ဖွင့်လှစ်သူသည် သက်ဆိုင်ရာ ကြေးတိုင်နှင့်မြေစာရင်း ဦးစီးဌာနတွင် လယ်ယာမြေဥပဒေပုဒ်မ ၁၃ အရ မှတ်ပုံတင်ထားမှုရှိသည် ဟု ခရိုင်နှင့်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စစ်ဆေးချက်တွင် ဖော်ပြထားမှုမရှိကြောင်း၊လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ-၇ စတင် လျှောက်ထားမှုမရှိဘဲ အငြင်းပွားမှုကိုအခြေတည်ကာ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမိန့် ပုံစံ-၇ ထုတ်ပေးခဲ့ခြင်း သည် ဥပဒေနှင့်မညီကြောင်း၊ လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေလုပ်ပိုင်ခွင့်ကို နည်းလမ်းတကျ ပုံစံ ၁ ဖြင့် လျှောက်ထား ခြင်းမရှိဘဲ အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် တရား၀င်ခွင့်ပြုချက်မရှိဘဲ

အဆောက်အဦဆောက်လုပ်ထားသဖြင့် လယ်ယာမြေဥပဒေအရ သတ်မှတ်သည့်ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည် ရှေ့နောက်မညီညွတ်ကြောင်း၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု မပြုကိုအဆင့်ဆင့်သော လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကသာ စိစစ်ဆုံးဖြတ်ရန်ဖြစ်ကြောင်း၊ တရားရုံးဆုံးဖြတ်ချက်အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံသူသည် လယ်ယာမြေနည်းဥပဒေ ၂၉ အရ ပုံစံ ၉ ဖြင့် လျှောက်ထားရမည်ဖြစ်ပြီး ထိုလျှောက်ထားမှုအပေါ် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က နည်းဥပဒေ ၃၁ အရ ခွင့်ပြု မပြုစိစစ်ရမည်ဖြစ်ကြောင်း၊ ထိုသို့ခွင့်ပြုမှုနှင့်စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်မှသာတစ်ဆင့်မြင့် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံတင်သွင်းမှုအား စိစစ်နိုင်မည်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၁) သည် ၎င်းတို့ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အစီအစဉ်တကျဆောင်ရွက်ခြင်းမပြုဘဲ လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုသဖွယ် စီရင်ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းနေကြောင်း၊ လျှောက်ထားမှုအပေါ် ဥပဒေနှင့်အညီ သင့်လျော်သည့်အမိန့်တစ်ရပ်ချမှတ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၃) လှည်းလမ်းကူးကျေးရွာအုပ်စု၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် အကြောင်းကြားစာအတည်ဖြစ်လျက် ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတင်သွင်းခြင်းမရှိကြောင်းတွေ့ရသည်။

လျှောက်ထားခံရသူအမှတ် (၄) ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူသည် သထုံခရိုင်တရားရုံးတွင် ၂၀၁၄ ခုနှစ်၊

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဦးကျော်၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

တရားမကြီးမှုအမှတ် ၃၇ ဖြင့် အမွေမှုကို ၁၀-၁၂-၂၀၁၄ ရက်နေ့ ကတည်းကပင်စွဲဆိုထား၍ အချင်းဖြစ်ဥယျာဉ်ခြံမြေလုပ်ပိုင်ခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူရန် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ဆုံးဖြတ်ခဲ့ခြင်းသည်မှားယွင်းခြင်းမရှိ ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၄) သည် အချင်းဖြစ်မြေတွင် လွန်ခဲ့သော ၁၅ နှစ်ခန့်ကပင် ယခုအချိန်ထိ လက်ရှိလက်ငုတ်ဖြစ်၍ ၅ နှစ် ထက်မနည်း လက်ရှိလက်ငုတ်လုပ်ကိုင်နေသူကိုသာ ဦးစားပေးဆုံးဖြတ် ရန် ညွှန်ကြားချက်ရှိသော်လည်း တရားမကြီးမှုစစ်ဆေးနေစဉ် အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ရန် မသင့်ကြောင်း၊ လျှောက်ထားသူသည် တရားမကြီးမှုစွဲဆိုရန် အခြားသောသက်သာခွင့်ရှိနေသည်ဖြစ်၍ စာချွန်တော်အမိန့်လျှောက်ထားခွင့်မရှိကြောင်း၊ ကျေးရွာအုပ်စု၊ မြို့နယ် နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက်များသည် လယ်ယာမြေဥပဒေနှင့်ညီညွတ်ခြင်းမရှိ၍ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ကပယ်ဖျက်ပြီး သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူရန် ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းခြင်းမရှိကြောင်း၊ အမှုခေါ် စာချွန်တော်အမိန့် ထုတ်ဆင့်ရန် မလိုအပ်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ၏တရားလွှတ်တော်ရှေ့နေက ခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ မြေယာအယူခံမှုတွင် ဆုံးဖြတ်ချက်အရ ၁. ၆၂ ဧကအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ-၇ ကို လျှောက်ထားသူအမည်ဖြင့် ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပြည်နယ်လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့က ဧရိယာ ၂. ၀၀ ဧကရှိ ဥယျာဉ်ခြံမြေလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူရန်အမိန့်ချမှတ်

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

ခဲ့၍ လျှောက်ထားသူရရှိခဲ့ပြီးဖြစ်သည့် စိုက်ပျိုးလုပ်ကိုင်ခွင့်ပြန်လည်လက်လွတ်ဆုံးရှုံးသွားရကြောင်း၊ ထိုသို့အမိန့်ချမှတ်ပြီး နောက်ပိုင်း ဦးအေးလွင် က စားသောက်ဆိုင်အားတိုးချဲ့ဆောက်လုပ်ခဲ့၍ စိုက်ပျိုးလုပ်ကိုင်ရန် မြေနေရာမရှိသလောက်ဖြစ်သွား၍ လျှောက်ထားသူအတွက် နစ်နာရ ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေဥပဒေပုဒ်မ ၃၀ အရ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်လျှောက်ထားရယူခြင်း မရှိဘဲ သက်ဆိုင်ရာကလည်း အခြားနည်းအသုံးပြုခွင့်အမိန့်တစ်စုံတစ်ရာ ထုတ်ပြန်ပေးခြင်းမရှိဘဲ ကျေးရွာအုပ်စုနှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့က ဥယျာဉ်ခြံမြေပေါ်တွင် စားသောက်ဆိုင်ဖွင့်လှစ်ရောင်းချရန် ခွင့်ပြုခဲ့ခြင်းသည် မှားယွင်းနေကြောင်း၊ လယ်ယာမြေ သို့မဟုတ် ဥယျာဉ် ခြံမြေအား စိုက်ပျိုးလုပ်ကိုင်ခွင့်နှင့်ပတ်သက်၍ တရားရုံးက စီရင်ပိုင်ခွင့် အာဏာမရှိပါဘဲလျက် မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကိုခံယူစေရန် အမိန့်ချမှတ်ခဲ့ခြင်းသည် လယ်ယာမြေဥပဒေပုဒ်မ ၄ မှ ၈ ပါ ပြဋ္ဌာန်းချက်များနှင့် ဆန့်ကျင်နေကြောင်း၊ လျှောက်ထားခံရသူအမှတ် (၄) က မြေယာမှုခင်း ဖွင့်လှစ်လျှောက်ထားစဉ်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်မရရှိသေးကြောင်း၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏အမိန့်များကို ပြင်ဆင်ပယ်ဖျက်ပြီး လျှောက်ထားသူ၏ အခွင့်အရေးအားဖော်ထုတ်ပေးနိုင်ရန် အမှုခေါ်စာချွန်တော်အမိန့် ထုတ်ဆင့်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူဒေါ်ခင်စန်းလွင်နှင့် လျှောက်ထားခံရသူအမှတ် (၄) ဦးအေးလွင် (ခ) ဦးမောင်မောင်တို့၏ မိဘများဖြစ်ကြသော

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

ဦးစိုးလွင်နှင့် ဒေါ်ခင်ဝေ့းတို့တွင် သားသမီး ၅ ဦးထွန်းကားရာ ဦးခင်မောင်လွင်ဦး၊ ဒေါ်ခင်စန်းလွင်၊ ဦးအေးလွင် (ခ) ဦးမောင်မောင်၊ ဒေါ်ခင်သန်းလွင်၊ ဒေါ်ခင်သီတာချို့တို့ဖြစ်ကြကြောင်း၊ မိဘများသည် မူလကဦးပိုင်မြေကွက်၄ကွက်ပိုင်ဆိုင်ခဲ့ပြီးအချင်းဖြစ်ဦးပိုင်အမှတ် **N** - ၇၈ ၊ ဧရိယာ ၂. ၀၀ ဧကကို ၁၉၉၁ ခုနှစ်တွင် ဦးငြိမ်းသောင်ထံမှ ငွေကျပ် ၁၀၀၀၀ဖြင့် လျှောက်ထားသူ ဒေါ်ခင်စန်းလွင်အမည်နှင့် ဝယ်ယူခဲ့ပြီး မြေကွက် ၅ ကွက်ကို မိသားစုတစ်စီးပွားတည်း အတူလုပ်ကိုင်ခဲ့ကြောင်း၊ မိခင်ကွယ်လွန်ပြီးနောက် အချင်းဖြစ်မြေ ၂. ၀၀ဧကကို ဦးခင်မောင်လွင်ဦး နှင့် ဒေါ်ခင်စန်းလွင် မှ စိုက်ပျိုးလုပ်ကိုင်ခဲ့ပြီး ဦးခင်မောင်လွင်ဦး နိုင်ငံခြား သွားသည့်အခါ ဦးအေးလွင် (ခ) ဦးမောင်မောင်က ဦးစီးလုပ်ကိုင်ခဲ့ ကြောင်း၊ ၂၀၀၅ ခုနှစ် တွင် ခြံမြေ၏အနောက်ဖက်တွင် ဦးခင်မောင်ဆိုသူ အားဘဲလေးထမင်းဆိုင်ဖွင့်ရန်မြေငှားရမ်းခဲ့ပြီး ၂၀၀၈ ခုနှစ်တွင် ဦးအေးလွင် ကိုယ်တိုင် ပြုံးပြုံးလေး ထမင်းဆိုင်ဖွင့်လှစ်ခဲ့ကြောင်း၊ ၂၀၁၃ ခုနှစ်တွင် ဖခင်ဖြစ်သူဦးစိုးလွင် ကွယ်လွန်ပြီးနောက် လှည်းလမ်းကူး ကျေးရွာအုပ်ချုပ် ရေးမှူးကအချင်းဖြစ်မြေအတွင်း ပေ ၂၀ ပတ်လည်အား ကျေးရွာစာကြည့် တိုက်ဖွင့်လှစ်ရန် မြေအလှူခံမှုအပေါ် ဒေါ်ခင်စန်းလွင်က ကျေးရွာ စာကြည့်တိုက်အတွက် မြေအပြင် အမကကျောင်းတိုးချဲ့ရန် မြေ ၁၅ ပေ လှူမည်ဖြစ်ကြောင်း ပြောကြားသည်ကို ဦးအေးလွင်ကမကျေနပ်၍ မူလ မြေယာမှုခင်းဖြစ်ပွားခဲ့ ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၁) မွန်ပြည်နယ်လယ်ယာမြေစီမံ ခန့်ခွဲမှုအဖွဲ့၏ ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတွင် ဖော်ပြထားသည်။

လျှောက်ထားခံရသူအမှတ် (၄) ၏ မြေယာမှုခင်း

လျှောက်ထားမှုအပေါ် လှည်းလမ်းကူးကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် အငြင်းပွားမှု အမှုတွဲအမှတ် ၁/၂၀၁၃ ဖွင့်လှစ်စစ်ဆေးပြီး ဦးပိုင်အမှတ် N - ၇၈၊ ဧရိယာ ၂. ၀၀ ဧကအနက် အဆောက်အဦဆောက်လုပ်ထားသောမြေအပါအဝင် ၁. ၃၀ ဧကကို ဦးအေးလွင်အား လုပ်ကိုင်ခွင့်ပြုကြောင်း၊ ကျန် ၀. ၇၀ ဧကကို ဒေါ်ခင်စန်းလွင်အား လုပ်ကိုင်ခွင့်ပြုကြောင်း ၅-၁၂-၂၀၁၃ နေ့တွင် ဆုံးဖြတ်ခဲ့သည်။

ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်ကို ဒေါ်ခင်စန်းလွင်ကမကျေနပ်၍ ကျိုက်ထိုမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ အယူခံရာ အယူခံမြေယာမှုခင်းအမှတ် ၁/မယ/၂၀၁၃-၂၀၁၄ ဖွင့်လှစ်စစ်ဆေးပြီး အချင်းဖြစ်မြေ ၂. ၀၀ ဧကပေါ်တွင်ရှိသော အဆောက်အဦကိုဖျက်သိမ်းပြီး ဒေါ်ခင်စန်းလွင်အား လယ်ယာမြေဥပဒေနှင့်အညီ စိုက်ပျိုးလုပ်ကိုင်ခွင့်ပြုကြောင်း ၃-၃-၂၀၁၄ နေ့တွင် ဆုံးဖြတ်ခဲ့သည်။

မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ဆုံးဖြတ်ချက်ကို ဦးအေးလွင်က သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့အယူခံရာ သီးစားချထားရေးဆိုင်ရာအယူခံမှုအမှတ် ၁/မယ/၂၀၁၃-၂၀၁၄ ဖွင့်လှစ် စစ်ဆေးပြီး ဦးပိုင်အမှတ် N-၇၈၊ ဧရိယာ ၂. ၀၀ ဧကပေါ်တွင်လက်ရှိ အဆောက်အဦဆောက်လုပ်ထားသောဧရိယာ ၀. ၃၈ ဧကကို ဦးအေးလွင်အား လုပ်ကိုင်ခွင့်ပြု၍ ကျန်ရှိသည့် ၁. ၆၂ ဧကကို ဒေါ်ခင်စန်းလွင်အား လုပ်ကိုင်ခွင့်ပြုကြောင်း၊ ဦးအေးလွင်သည် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ အဆောက်အဦ

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

ဆောက်လုပ်ထားသဖြင့် လယ်ယာမြေဥပဒေအရ သတ်မှတ်သည့် ဒဏ်ကြေးငွေကို ပေးဆောင်စေရန် ၂၄-၄-၂၀၁၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် ဦးအေးလွင်နှင့် ဒေါ်ခင်စန်းလွင်တို့က မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်သွင်းအယူခံရာ ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ဆုံးဖြတ်ချက်များကိုပယ်ဖျက်ပြီး အချင်းဖြစ်ဥယျာဉ်ခြံမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူရန် ၃၀-၆-၂၀၁၅ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။ ထိုသို့ဆုံးဖြတ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ်မြေကိုလက်ရှိတွင် စိုက်ပျိုးမြေအဖြစ် အဓိကအသုံးပြုခြင်းမရှိဘဲ ဥယျာဉ်ခြံမြေအတွင်း စားသောက်ဆိုင်ဖွင့်လှစ်ခြင်းဖြင့် အခြားနည်းအသုံးပြုထားသည်ကို တွေ့ရကြောင်း၊ အယူခံမှုနှင့်စပ်လျဉ်း၍ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ထုတ်ပေးထားသည့် အထောက်အထားများမပါ၍ စိစစ်တင်ပြရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ ၂၉-၁၀-၂၀၁၄ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ရာ ဝ. ၃၈ ဧကကို ဦးအေးလွင်အမည်ဖြင့်လည်းကောင်း၊ ကျန် ၁. ၆၂ ဧကကို ဒေါ်ခင်စန်းလွင်အမည်ဖြင့်လည်းကောင်း၊ ၂၂-၄-၂၀၁၅ ရက်စွဲဖြင့် ပုံစံ ၇ ထုတ်ပေးထားသည်ကိုတွေ့ရကြောင်း၊ အချင်းဖြစ်မြေကို စိုက်ပျိုးမြေအတွက်မဟုတ်ဘဲ ပိုင်ဆိုင်လိုမှုအတွက် အငြင်းပွားနေကြခြင်းဖြစ်ရာ လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) အရ လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍

အငြင်းပွားမှုပေါ်ပေါက်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံး၏အဆုံးအဖြတ်ခံယူခွင့်ရှိသည်ဆိုသည့်ပြဋ္ဌာန်းချက်အရ အဆိုပါ အငြင်းပွားမှုနှင့်စပ်လျဉ်းသည့် အယူခံမှုအား လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ စစ်ဆေးဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြား အစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတို့တွင် ရှင်းလင်းတင်ပြထားသည်။

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

အချင်းဖြစ်ဦးပိုင်အမှတ် N-၇၈၊ ဧရိယာ ၂.၀၀ ဧကကို ဦးငြိမ်းသောင်ထံမှ ဒေါ်ခင်စန်းလွင်ကဝယ်ယူခဲ့ကြောင်း၊ ၃၀-၃-၁၉၉၁ ရက်စွဲပါ ခြံမြေအရောင်းအဝယ်စာချုပ်နှင့် ဒေါ်ခင်စန်းလွင်အမည်ဖြင့် မြေခွန်ထမ်းဆောင်ထားသည့် ၁၉၉၁-၁၉၉၂ ခုနှစ်၊ ၂၀၀၂-၂၀၀၃ ခုနှစ်၊ ၂၀၀၅-၂၀၀၆ ခုနှစ်၊ ၂၀၀၇-၂၀၀၈ ခုနှစ်၊ ၂၀၀၉-၂၀၁၀ ခုနှစ်၊ ၂၀၁၁-၂၀၁၂ ခုနှစ်နှင့် ၂၀၁၂-၂၀၁၃ ခုနှစ် မြေခွန်ပြေစာဖြတ်ပိုင်းများကို လျှောက်ထားသူ ဒေါ်ခင်စန်းလွင်ကတင်ပြသည်။ လျှောက်ထားခံရသူ အမှတ် (၄) ဦးအေးလွင်သည် ၂၀၀၁ ခုနှစ်မှစ၍ အချင်းဖြစ်မြေတွင် စိုက်ပျိုးလုပ်ကိုင်ခဲ့သည်ဟု သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ပြန်ကြားအစီရင်ခံစာတွင် ဖော်ပြထားသော်လည်း ဦးအေးလွင်အမည်ဖြင့် မြေခွန်စည်းကြပ်ထားသည့် ပြေစာအထောက်အထားတင်ပြခြင်းမရှိဘဲ စားသောက်ဆိုင်လုပ်ငန်းအတွက် ကုန်သွယ်လုပ်ငန်းခွန်ပြေစာအထောက် အထားများနှင့် မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့က ဦးအေးလွင် အမည်ဖြင့် ၉-၉-၂၀၁၄ နေ့တွင်ထုတ်ပေးထားသည့် ၂၀၁၄-၂၀၁၅ ခုနှစ် အတွက် စားသောက်ဆိုင်လုပ်ငန်းလိုင်စင်တို့ကို လျှောက်ထားခံရသူအမှတ် (၄) က တင်ပြသည်။

နှစ်ဖက်တင်ပြသည့် စာရွက်စာတမ်းအထောက်အထားများ

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

အရ အချင်းဖြစ်မြေသည် ဥယျာဉ်ခြံမြေအမျိုးအစားဖြစ်၍ လယ်ယာမြေဥပဒေပုဒ်မ ၃ (က) အရ လယ်ယာမြေဟူသော စကားရပ်တွင်အကျုံးဝင်ပြီး လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေအတွင်း စားသောက်ဆိုင်ဖွင့်လှစ်ခြင်းဖြင့် အခြားနည်းအသုံးပြုလျက်ရှိကြောင်း ပေါ်ပေါက်သည်။

အများပြည်သူအကျိုးငှာ လယ်ယာမြေကိုအခြားနည်းဖြင့် အသုံးပြုရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် လယ်မြေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်ကြောင်း၊ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သည် လယ်မြေမှတစ်ပါး လယ်ယာမြေကိုအခြားနည်းအသုံးပြုနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ စိစစ်ထောက်ခံချက်ဖြင့် ခွင့်ပြုနိုင်ကြောင်း လယ်ယာမြေဥပဒေပုဒ်မ၃၀(က)(ခ)တို့တွင်ပြဋ္ဌာန်းထားသည်။

လယ်ယာမြေကိုအခြားနည်းအသုံးပြုခွင့်ရရှိလိုသူသည် လယ်ယာမြေနည်းဥပဒေ ၇၉၊ ၈၀ နှင့် ၈၁ တို့တွင် ဖော်ပြထားသော ကိစ္စရပ်များအပါအဝင် လယ်ယာမြေကို အခြားနည်းဖြင့်အသုံးပြုလိုပါက လယ်ယာမြေကိုအခြားနည်းဖြင့်အသုံးပြုခွင့်လျှောက်လွှာ (ပုံစံ ၁၄) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လယ်ယာမြေနည်းဥပဒေ ၈၂ အရ လျှောက်ထားရမည်ဖြစ်သည်။ မြို့နယ်ဦးစီးဌာနရုံးသည် လျှောက်ထားလွှာအား လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လုပ်ငန်းစာတွဲဖွင့်လှစ်၍ လျှောက်ထားသည့်မြေနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအခြေအနေ၊ စိုက်ပျိုးလုပ်ကိုင်မှုအခြေအနေ၊ ဆောက်လုပ်မည့်အဆောက်အအုံတည်နေရာပြမြေပုံ၊ မည်သည့်

နေ့မှစ၍ အသုံးပြုလိုကြောင်းတင်ပြချက်၊ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ သဘောထားမှတ်ချက်နှင့် စိစစ်ထောက်ခံချက်၊ သက်ဆိုင်ရာဌာန၏ လုပ်ငန်းဆိုင်ရာခွင့်ပြုချက်၊ အနီးပတ်ဝန်းကျင်မြေများတွင် အသုံးပြုမှုအခြေအနေ စသည်တို့ကို ရက် ၃၀ အတွင်းစိစစ်၍ သဘောထားမှတ်ချက်ဖြင့် မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်ဖြစ်ပြီး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ က ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြကာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုရန်ခွင့်ပြုမိန့် (ပုံစံ ၁၅-က) ထုတ်ပေးရမည်ဖြစ်ကြောင်း လယ်ယာမြေနည်းဥပဒေ ၈၂ မှ ၈၉ တို့တွင် ပြဋ္ဌာန်းထား သည်။

လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်ရရှိရန် မြို့နယ်ဦးစီးဌာနရုံးသို့ (ပုံစံ ၁၄ ) ဖြင့် လျှောက်ထားခြင်း၊ ပြည်နယ်အစိုးရအဖွဲ့၏ လယ်ယာမြေကို အခြားနည်း ဖြင့် အသုံးပြုရန်ခွင့်ပြုမိန့် (ပုံစံ ၁၅-က) ရရှိထားခြင်းတို့ မပေါ်ပေါက်ပေ။

လယ်ယာမြေဥပဒေပုဒ်မ ၁၃ တွင် ဤဥပဒေအာဏာတည် ပြီးနောက် လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှု အရှုပ်အရှင်းဖြစ်လာလျှင် ဦးစီးဌာနတွင် မှတ်ပုံတင်ထားပြီးမှသာ တရားဝင်ဖြေရှင်းဆောင်ရွက်နိုင် ခွင့်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

အချင်းဖြစ်ဥယျာဉ်ခြံမြေ၏ မြေစာရင်းပုံစံ ၁၀၅ တွင် လျှောက်ထားသူဒေါ်ခင်စန်းလွင်အမည်ဖြင့်ရှိနေပြီးဒေါ်ခင်စန်းလွင်သည် လည်းကောင်း၊ မောင်ဖြစ်သူ ဦးအေးလွင်သည်လည်းကောင်း အဆိုပါ

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

ဥယျာဉ်ခြံမြေအား လုပ်ပိုင်ခွင့်ရရှိရန် လယ်ယာမြေဥပဒေပုဒ်မ ၄ နှင့် လယ်ယာမြေနည်းဥပဒေ ၃ တို့အရ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာ (ပုံစံ ၁ ) ကို သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုလယ်ယာ မြေစီမံခန့်ခွဲ မှုအဖွဲ့မှတစ်ဆင့် မြို့နယ်ဦးစီးဌာနသို့ သတ်မှတ်ချက်များ နှင့်အညီလျှောက်ထားရမည်ဖြစ်သော်လည်းထိုသို့လျှောက်ထားခဲ့ ကြောင်း မပေါ်ပေါက်ပေ။လျှောက်ထားခံရသူအမှတ် (၄) က ၁၆-၁၀-၂၀၁၃ ရက် နေ့တွင် မြေယာမှုခင်းဖွင့်လှစ်ခဲ့၍ လှည်းလမ်းကူး ကျေးရွာအုပ်စု လယ်ယာ မြေစီမံခန့်ခွဲမှုအဖွဲ့က လယ်ယာမြေ လုပ်ပိုင်ခွင့်အငြင်းပွားမှုအဖြစ် စစ်ဆေး ခဲ့ရာအချင်းဖြစ်မြေနှင့်စပ်လျဉ်း၍လယ်ယာမြေဥပဒေပုဒ်မ၁၃အရ မြို့နယ် ဦးစီးဌာနရုံးတွင် မှတ်ပုံ တင်ထားခြင်း၊ မြို့နယ်လယ်ယာ မြေ စီမံခန့်ခွဲမှု အဖွဲ့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်(ပုံစံ ၇ ) ထုတ်ပေးထားခြင်း တို့မရှိပေ။သို့ဖြစ်၍လှည်းလမ်းကူး ကျေးရွာအုပ်စု၊ လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ဆုံးဖြတ်ချက်နှင့် ယင်း ဆုံးဖြတ်ချက်အပေါ် အဆင့်ဆင့် တင်သွင်းအယူခံခဲ့၍ ကျိုက်ထိုမြို့နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ သထုံ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့တို့က လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှု အပေါ်အယူခံမှုများ အဖြစ် စစ်ဆေးဆုံးဖြတ်ခဲ့ကြခြင်းသည် လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေ များအရ စီရင်ပိုင်ခွင့်မရှိဘဲ ဆုံးဖြတ်ခဲ့ခြင်းဖြစ် သည်။လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ထုတ်ပေးထားသည့် အထောက်အထား များမပါရှိသည့်အတွက် စိစစ်တင်ပြရန် မွန်ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲ မှုအဖွဲ့က ၂၉-၁၀-၂၀၁၄ ရက်စွဲပါစာဖြင့် သထုံခရိုင်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့အား ညွှန်ကြားခဲ့သည့်အခါတွင်မှ သထုံခရိုင်လယ်ယာမြေ

စီမံခန့်ခွဲမှုအဖွဲ့က အချင်းဖြစ်မြေ ၂. ၀၀ ကေတွင် စားသောက်ဆိုင်ဖွင့်လှစ်ထားသည့် ၀. ၃၈ ဧကကို ဦးအေးလွင်အမည်ဖြင့်လည်းကောင်း၊ ကျန် ၁. ၆၂ ဧကကို ဒေါ်ခင်စန်းလွင်အမည်ဖြင့်လည်းကောင်း၊ ၂၂-၄-၂၀၁၅ ရက်စွဲဖြင့် (ပုံစံ ၇) ထုတ်ပေးကြောင်း အစီရင်ခံတင်ပြခဲ့ခြင်းဖြစ်သည်။

လယ်ယာမြေဥပဒေပုဒ်မ ၉ (ဂ) ပြဋ္ဌာန်းချက်အရ တရားရုံးများသည် လယ်ယာမြေလုပ်ကိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်းသည့် အငြင်းပွားမှုကိုသာ ဆုံးဖြတ်နိုင်ပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ကို တရားရုံးများက အဆုံးအဖြတ်မပေးနိုင်ပေ။ လယ်ယာမြေလုပ်ပိုင်ခွင့်ရပြီးမှသာ အမွေဆက်ခံခွင့်အငြင်းပွားမှုကို တရားရုံးကအဆုံးအဖြတ်ပေးနိုင်မည်ဖြစ်သည်။ လျှောက်ထားခံရသူအမှတ် (၁) မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ကျေးရွာအုပ်စု၊ မြို့နယ်နှင့် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ဆုံးဖြတ်ချက်များကို ပယ်ဖျက်ခဲ့သော်လည်း အချင်းဖြစ်ဥယျာဉ်ခြံမြေလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ကိုခံယူရန်ဆုံးဖြတ်ခဲ့ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်ညီညွတ်မှုမရှိပေ။

လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) အရ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲပါက ဝန်ကြီးဌာန (ပြည်ထောင်စုအစိုးရအဖွဲ့၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန) က ဤကိစ္စအလို့ငှာ ခန့်အပ်သည့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သည် ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သောနည်းဥပဒေများနှင့်အညီ စုံစမ်းစစ်ဆေးပြီးနောက် သတ်မှတ်သည့်ဒဏ်ကြေးငွေပေးဆောင်စေသည့် အမိန့်ချမှတ်နိုင်ကြောင်း လယ်ယာမြေဥပဒေပုဒ်မ ၁၉ (က) တွင်ပြဋ္ဌာန်းထားသည်။

လျှောက်ထားခံရသူအမှတ် (၄) သည် အချင်းဖြစ်ဥယျာဉ်ခြံမြေကို လုပ်ပိုင်ခွင့်ပြုရန် (ပုံစံ ၁) ဖြင့်လျှောက်ထားပြီး လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ရရှိပါက လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်ပြုရန် (ပုံစံ-၁၄) ဖြင့် မြို့နယ်ဦးစီးဌာနရုံးသို့ လျှောက်ထားရမည်ဖြစ်သော်လည်း ထိုသို့လျှောက်ထားခဲ့မှုမရှိဘဲ ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်၍ အခြားနည်းဖြင့်အသုံးပြုခဲ့ကြောင်းပေါ်ပေါက်သည်။ လျှောက်ထားခံရသူအမှတ် (၄) သည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ ၇) ရရှိခဲ့ပြီးနောက် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် စားသောက်ဆိုင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါက လယ်ယာမြေဥပဒေပုဒ်မ ၁၂ (ဆ) ကိုဖောက်ဖျက်သဖြင့် ယင်းဥပဒေပုဒ်မ ၁၉ အရ ဒဏ်ကြေးငွေထိုက်သင့်မည်ဖြစ်သည်။ သို့သော် ၎င်းသည် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်လျှောက်ထားခြင်းမရှိသည့်အပြင် အချင်းဖြစ်ဥယျာဉ်ခြံမြေတွင် တရားဝင်ခွင့်ပြုချက်မရှိဘဲ အဆောက်အဦဆောက်လုပ်ထားသဖြင့် လယ်ယာမြေဥပဒေအရ သတ်မှတ်သည့် ဒဏ်ကြေးငွေကိုပေးဆောင်စေရန် သထုံခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ၂၄-၄-၂၀၁၄ ရက်စွဲပါ ဆုံးဖြတ်ချက်အပိုဒ် (ဃ) တွင် ဆုံးဖြတ်ခဲ့ခြင်းသည် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိပေ။

အမှုခေါ်စာချွန်တော်အမိန့်သည် တရားရုံးတစ်ရုံးရုံးသို့မဟုတ် တရားစီရင်မှုသဘော သက်ဝင်သည့်ကိစ္စရပ်တစ်ခုခု၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မှုတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါက ထိုဆုံးဖြတ်ဆောင်ရွက်ချက်ကို ဥပဒေနှင့်ညီညွတ်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

၂၀၁၆
ဒေါ်ခင်စန်းလွင်
နှင့်
ဥက္ကဋ္ဌ၊
ပြည်နယ်လယ်ယာမြေ
စီမံခန့်ခွဲမှုအဖွဲ့
မွန်ပြည်နယ် ပါ ၄

လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှုအပေါ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်၏ ဆုံးဖြတ်ချက်သည် တရားစီရင်မှုသဘောဆောင်သည့် ဆုံးဖြတ်ချက်ဖြစ်သဖြင့် ယင်းဆုံးဖြတ် ဆောင်ရွက်ချက်သည် ဥပဒေနှင့် ညီညွတ်မျှတမှု ရှိ မရှိ အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ရန်ဖြစ်သည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို စရိတ်နှင့်တကွခွင့်ပြုသည်။ လှည်းလမ်းကူးကျေးရွာအုပ်စု၊ ကျိုက်ထိုမြို့နယ်၊ သထုံခရိုင်နှင့် မွန်ပြည်နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်တို့၏ ဆုံးဖြတ်ချက်များကို အမှုခေါ် စာချွန်တော်အမိန့်ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၅၀၀၀ိ/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
ဇွန်လ ၁၀ ရက်

**တရားမအယူခံမှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးအောင်ဇော်သိန်းရှေ့တွင်**

**ဒေါ်စန္ဒာဆွေ**

**နှင့်**

**ဦးသိန်းဝင်း***

**လင်ဖြစ်သူသည် ကြီးလေးသောရက်စက်မှုကို ကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်ရနိုင်သည် သာမက ပါရင်းပစ္စည်းပါဝင်သည့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ ရသင့်သည့်ဝေစုအားလုံးဆုံးရှုံးမည်ဖြစ်ခြင်း**

**ဆုံးဖြတ်ချက်။** ။ တရားပြိုင်သည် တရားလိုနှင့် မိမိတို့မှမွေးဖွားသည့် အရွယ်မရောက်သေးသူ သမီးအရင်းအပေါ် မုဒိမ်းမှုကျူးလွန်ခြင်း ဖြစ်သည်။ ယင်းသို့ကျူးလွန်ခြင်းသည် မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာ၊ မြန်မာလူမှုအသိုင်းအဝန်းတွင် မည်သို့မျှခွင့်မလွှတ်နိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် လူမှုကျင့်ဝတ်သိက္ခာ ချိုးဖောက်မှု ဖြစ်သည်။ ယင်းသို့ တရားပြိုင်၏ပြုလုပ်မှုကြောင့် မိခင်ဖြစ်သူတရားလိုတွင် ကြီးစွာသောစိတ်ဒဏ်ရာရသကဲ့သို့ ကျူးလွန်ခြင်းခံရသူ သမီးမနန္ဒာကျော်

* ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၂၉

+ ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၁၃ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်စွဲပါ ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု။

(ခ) မနန္ဒာဝင်း၏ ဘဝတစ်လျှောက်လုံးတွင်လည်း ပယ်ဖျက်၍မရနိုင်သည့် အမည်းစက်ဖြစ်ပေါ်ခဲ့ရသည်မှာ ထင်ရှားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ တရားပြိုင်သည် မိမိနှင့်တရားလိုတို့၏ အရွယ်မရောက်သေးသူ သမီးအရင်းကို မုဒိမ်းပြုကျင့်ခဲ့ခြင်းသည် တရားလိုအပေါ် ကြီးစွာသောစိတ်ဆင်းရဲမှုကိုဖြစ်စေသည်မှာ ယုံမှားဖွယ်မရှိသဖြင့် ကြီးလေးသောရက်စက်မှု တစ်နည်းအားဖြင့် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်သူအဖြစ် သတ်မှတ်ကာ လင်မယားပိုင်ပစ္စည်းတွင် လင်ဝေစုဖြစ်သည့် ၎င်း၏ဝေစုကို ဆုံးရှုံးခံထိုက်စေရန်ဖြစ်သည်။

အယူခံတရားလိုအတွက် - ဦးသက်ဆွေ၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးချစ်လေး၊ တရားလွှတ်တော်ရှေ့နေ

ပဲခူးခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၆၄ တွင် ဒေါ်စန္ဒာဆွေက ဦးသိန်းဝင်းအပေါ် လင်ဝေစုကိုစွန့်လွှတ်၍ လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုစွဲဆိုရာ လင်မယားအဖြစ်မှ ကွာရှင်းခွင့်ပြုကြောင်းနှင့် တရားလိုသည် ပါရင်းပစ္စည်းအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများ၏ ထက်ဝက် **ဒ** ကိုရထိုက်ကြောင်း စရိတ်နှင့်တကွ ဒီကရီချမှတ်ခဲ့သည်။ ယင်းဒီကရီကို ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်သို့ တရားလို ဒေါ်စန္ဒာဆွေက ၂၀၁၅ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၃ ဖြင့်လည်းကောင်း၊ တရားပြိုင် ဦးသိန်းဝင်းက ၂၀၁၅ ခုနှစ် တရားမပထမအယူခံမှုအမှတ် ၁၆ ဖြင့်လည်းကောင်း အယူခံတင်သွင်းကြရာ

အယူခံမှုနှစ်မှုလုံးကို ပလပ်ခဲ့သည်။ တရားလိုဒေါ်စန္ဒာဆွေက ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၅ ခုနှစ် တရားမပထမအယူခံမှု အမှတ် ၁၃ ၏ ဒီကရီကို ကျေနပ်မှုမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

အဆိုလွှာတွင် တရားလိုနှင့် တရားပြိုင်တို့မှာ မြန်မာ-ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး ၁၉၉၈ ခုနှစ်တွင် လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြောင်း၊ ၁၉၉၉ ခုနှစ်တွင် သမီး မနန္ဒာကျော်ကို မွေးဖွားခဲ့ကြောင်း၊ တရားလို၊ တရားပြိုင်တို့သည် တရားပြိုင်၏မိဘအိမ်၌နေထိုင်၍ တရားပြိုင်မိဘများမှာ နွားမွေးပြီးနွားနို့ရောင်းသဖြင့် တရားလိုသည် ဒိန်ချဉ်တည်ပြီး ရောင်းခဲ့ကြောင်း၊ ၂၀၀၁ ခုနှစ်တွင် တရားပြိုင်သည် မလေးရှားနိုင်ငံသို့ အလုပ်သွားလုပ်ပြီး ၂၀၀၃ ခုနှစ်တွင်ပြန်လာကာ ၎င်းပါလာသောငွေဖြင့် ယခုလက်ရှိနေသောမြေနှင့်အိမ်ကို ကျပ် ၂၄ သိန်းဖြင့်ဝယ်ယူပြီး နို့စားနွားမ ၅ ကောင်ဝယ်၍ နွားနို့ရောင်းခဲ့ကြကြောင်း၊ တရားပြိုင်သည် မလေးရှားနိုင်ငံမှပြန်လာပြီး အလုပ်မလုပ်ဘဲ အရက်သောက်ခြင်း၊ ဘိလိယက်ထိုးခြင်း၊ မိန်းမရှုပ်ပွေ၍ ပျော်ပါးခြင်းတို့သာပြုလုပ်နေ၍ တရားလိုကသာ နွားနို့လုပ်ငန်းကိုလုပ်ကိုင်ခဲ့ရကြောင်း၊ ၂၀၀၃ ခုနှစ်တွင် တရားပြိုင်သည် မသန်းသန်းလတ်ဆိုသူနှင့် အိမ်ထောင်ရေးဖောက်ပြန်၍ တရားလိုအား ရိုက်နှက်နှိပ်စက်ကြောင်း၊ ၁၉-၆-၂၀၁၃ ရက်နေ့ နံနက် ၄ နာရီခန့်တွင် သမီးဖြစ်သူ မနန္ဒာကျော်က ၎င်းအား ဖခင်ဖြစ်သူ တရားပြိုင်က အဓမ္မကျင့်ကြောင်း၊ ယခင်ကလည်းကျင့်သည်ဟုပြော၍ ရဲစခန်းတိုင်ခဲ့ကြောင်း၊ ပဲခူးခရိုင်တရားရုံး ပြစ်မှုကြီးအမှတ် ၄၀/၂၀၁၃ တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ စစ်ဆေးနေကြောင်း၊ တရားပြိုင်

သည် တရားလိုနှင့်သမီးအား အကြောင်းမဲ့ရိုက်နှက်နှိပ်စက်သည့်အပြင် သမီးရင်းဖြစ်သူကိုပင် အဓမ္မကျင့်သည်အထိ ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကျူးလွန်သဖြင့် တရားပြိုင်၏လင့်ဝေစုကို စွန့်လွှတ်၍ လင်မယားကွာရှင်းပြတ်စဲသည့် ဒီကရီချမှတ်ပေးရန် အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် တရားလိုနှင့်အတူ ဒိန်ချဉ်ရောင်းကြောင်း၊ မလေးရှားနိုင်ငံမှပြန်လာပြီးနောက် နို့စားနွားမွေးမြူခြင်း၊ နွားနို့ရောင်းခြင်းလုပ်ငန်းအတူလုပ်ကိုင်၍ မိသားစုအတွက် အသက်မွေးဝမ်းကျောင်းပြုခဲ့ကြောင်း၊ တရားပြိုင်သည် လင့်ဝတ္တရားနှင့်အညီ မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ပြီး လက်ရှိနေသောမြေနှင့် အိမ်ကိုဝယ်ယူ၍ နို့စားနွားမွေးမြူရေးလုပ်ကိုင်၍ ကျွေးမွေးခဲ့ကြောင်း၊ တရားလိုသည် နှစ်လုံး၊ သုံးလုံးထီများ အဆမတန်ထိုး၍ တားမြစ်ရာမှ မကြာခဏစကားများခဲ့ခြင်းဖြစ်ကြောင်း၊ လောင်းကစားကြွေးများအတွက် တရားလိုက မြေနှင့်အိမ်ရောင်းပြီး ဆပ်မည်ဆို၍ ပြဿနာဖြစ်ခဲ့ကြောင်း၊ သမီးဖြစ်သူအား ဖခင်ဝတ္တရားနှင့်အညီ စောင့်ရှောက်ခဲ့ပြီး စာမကျက်သည့်အခါ ပြောဆိုဆုံးမခြင်းသာရှိကြောင်း၊ တရားလိုသည် ယခင်ကအိမ်ထောင်ကျဖူးသဖြင့် လင်မယားရန်ဖြစ်သည့်အခါ တစ်ခုလပ်မဟု ပြောမိသည်ကို အငြိုးထားခြင်း၊ လောင်းကစားကြွေးများကို အိမ်ရောင်းပြီးဆပ်ရန် အနေအထားဖြစ်နေ၍ တရားပြိုင်အား သမီးဖြစ်သူကို အဓမ္မပြုကျင့်ပါသည်ဟု မမှန်မကန်စွပ်စွဲတိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း၊ သမီးဖြစ်သူအား အဓမ္မပြုကျင့်ခဲ့ခြင်းမရှိကြောင်း ချေပသည်။

ပဲခူးခရိုင်တရားရုံးက ငြင်းချက် ၄ ရပ်ထုတ်နုတ်စစ်ဆေးပြီး

တရားပြိုင်သည် အိမ်ထောင်ရေးဖောက်ပြန်မှု ကျူးလွန်သည်ဆိုသည့် သက်သေခံချက်မထင်ရှားကြောင်း၊ တရားပြိုင်က တရားလိုနှင့် လင်မယား ရန်ဖြစ်ရာတွင် တစ်ကြိမ်မက ရိုက်နှက်ခဲ့သည့် သက်သေခံချက်များ ရှိကြောင်း၊ သမီးဖြစ်သူ မနန္ဒာကျော်အား အဓမ္မပြုကျင့်သည်ဆိုခြင်းကို တရားပြိုင်မှ ငြင်းဆိုချေဖျက်နိုင်ခြင်းမရှိကြောင်း၊ သမီးရင်းကို မုဒိမ်းကျင့် ခြင်းအတွက် တရားလိုတွင် ကိုယ်စိတ်ဆင်းရဲရခြင်းဖြစ်ကြောင်း၊ တရားပြိုင်၏ပြုလုပ်မှုသည် တရားလိုအား စိတ်တွင်ထိခိုက်နာကျင်ခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်အောင် ကျူးလွန်သည့်ရက်စက်မှုဖြစ်၍ တရားလိုက ကွာရှင်းခွင့်ရထိုက်ကြောင်း၊ သို့ရာတွင် **ဒေါ်ပု (ခ) ဒေါ်ပုကြီး** နှင့် **မောင်ထွန်းခ အမှု** [၁] စီရင်ထုံးပြဆိုချက်များတွင် အကျုံးဝင်သည့် ရက်စက်မှုဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိသဖြင့် တရားပြိုင်သည် ၎င်း၏ အစုဆုံးရှုံးခြင်းမခံထိုက်ကြောင်း၊ တရားပြိုင်၏ပြုလုပ်မှုသည် ရှန့်ရင်းကြမ်း တမ်း၍ နာကျင်ခါးသီးဖွယ်ရာရှိစေကာမူ လင်ဖြစ်သူ၏ သာမန် အိမ်ထောင်ရေးပြစ်မှုကြောင့် ကွာရှင်းခြင်းဖြစ်လျှင် လင်မယားနှစ်ဦး သဘောတူကွာရှင်းသည့်နည်းတူ ပစ္စည်းခွဲဝေရကြောင်း၊ တရားလိုသည် ပါရင်းပစ္စည်းအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများ၏ ထက်ဝက်ကို သာ ရရှိနိုင်ကြောင်း သုံးသပ်ကာ လင်မယားအဖြစ်မှ ကွာရှင်းခွင့်ပြု ကြောင်းနှင့် တရားလိုသည် ပါရင်းပစ္စည်းအပါအဝင် လင်မယားနှစ်ဦးပိုင် ပစ္စည်းများ၏ ထက်ဝက် ½ ကို ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့သည်။

ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်က မူလရုံးတရားလို အနေဖြင့် ၎င်းအား တရားပြိုင်မှရိုက်နှက် နှိပ်စက်ခြင်းကြောင့် ဤအမှု

(၁) ၁၉၄၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၄၅။

စွဲဆိုခြင်းမဟုတ်ကြောင်း၊ ရိုက်နှက်နှိပ်စက်သည်ကို သည်းခံ၍ပေါင်းသင်းခဲ့သော်လည်း နောက်ဆုံးတွင် သမီးရင်းဖြစ်သူကိုပင် မုဒိမ်းမှုကျူးလွန်ခဲ့၍ စွဲဆိုခဲ့ခြင်းဖြစ်ကြောင်း၊ တရားလိုအနေဖြင့် တရားပြိုင်က မိမိအပေါ် အနိုင်အထက်ရိုက်နှက် နှိပ်စက်မှုများကိုပြုလုပ်ခဲ့သည့်အပြင် သမီး အရင်းကိုပင် မုဒိမ်းမှုကျူးလွန်လာသည့်အခြေအနေတွင် အလွန်ပင်စိတ်ဆင်းရဲမှုဖြစ်ရမည်မှာ ယုံမှားဖွယ်မရှိကြောင်း၊ သမီးရင်းအပေါ် ကျူးလွန်သောခင်ပွန်းနှင့်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန်လည်း ဖြစ်နိုင်ဖွယ်ရာမရှိ၍ ပဲခူးခရိုင်တရားရုံးက လင်မယားကွာရှင်းခွင့်ရထိုက်ကြောင်း ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းမှုမရှိကြောင်း၊ မူလရုံးတရားပြိုင် ကျူးလွန်သော ရက်စက်မှုသည် **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ အမှု** တွင်ပြဆိုသည့် ကြီးလေးသောရက်စက်မှုနှင့် အကျုံးဝင်ခြင်းမတွေ့ရသဖြင့် မူလရုံးက နှစ်ဦးသဘောတူကွာရှင်းသကဲ့သို့ ပစ္စည်းခွဲဝေစေခြင်းမှာ မှားယွင်းမှုမရှိကြောင်းသုံးသပ်၍ အယူခံမှုကို ပလပ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက မနန္ဒာကျော် (ခ) မနန္ဒာဝင်းသည် မူလရုံးတရားပြိုင်၏ သမီးအရင်းဖြစ်ပြီး မယားပါသမီးမဟုတ်ကြောင်း၊ မနန္ဒာကျော် (ခ) မနန္ဒာဝင်းက မူလရုံးတရားပြိုင်သည် အခင်းမဖြစ်မီ တစ်လကျော်ခန့်ကတည်းက ၎င်းအား အတင်းအဓမ္မပြုကျင့်ရန် အားထုတ်ခဲ့ပြီး အခင်းဖြစ်သည့် ၁၉. ၆. ၂၀၁၃ ရက်နေ့ နံနက် ၄ နာရီကျော်ခန့်တွင် အတင်းအဓမ္မပြုကျင့်ခဲ့ကြောင်း ထွက်ဆိုထားကြောင်း၊ မူလရုံးတရားပြိုင်၏ အဆိုပါအပြုအမူသည် မူလရုံးတရားလိုအပေါ် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်ရာရောက်ကြောင်း သတ်မှတ်ထိုက်ကြောင်း၊ မူလရုံးတရားလို၏ ပါရင်းပစ္စည်းအပါအဝင်

လင်မယားနှစ်ဦးပိုင်ပစ္စည်းများတွင် ထက်ဝက်ခံစားခွင့်ရှိကြောင်း ဒီကရီချမှတ်ခဲ့ခြင်းသည် အမှုတွဲပါ သက်သေခံချက်များနှင့် ဆန့်ကျင်လျက်ရှိကြောင်း၊ မူလရုံးတရားပြိုင်သည် ဖခင်၏ တာဝန်ဝတ္တရားများကို ကျေပွန်ခြင်းမရှိသည့်အပြင် သမီးဖြစ်သူအား ၎င်း၏ပတ်ဝန်းကျင်နှင့် လူပတ်ဝန်းကျင်တွင် မျက်နှာမပြဝံ့သည့် မလုပ်ထိုက်သော လုပ်ရပ်များကို ပြုလုပ်ခဲ့သောကြောင့် မူလရုံးတရားလိုနှင့် သမီးမနန္ဒာကျော် (ခ) မနန္ဒာဝင်းတို့သည် ခေါင်းမဖော်ဝံ့၊ မျက်နှာမပြဝံ့သည်အထိ အရှက်ရခဲ့ပြီး သမီးငယ်၏ ဘဝတစ်သက်တာ၌လည်း အဆိုပါအမည်းစက်ကြီးအား မည်သို့မျှ ပယ်ဖျက်၍ ရမည်မဟုတ်ကြောင်း၊ သို့ပါလျက် မူလရုံးနှင့်တိုင်းဒေသကြီးတရားလွှတ်တော်တို့က ကြီးလေးသောရက်စက်မှုအဖြစ် သတ်မှတ်ခြင်းမပြုဘဲ လင်ပိုင်ဝေစုကို စွန့်လွှတ်စေခြင်းမပြုခဲ့ခြင်းမှာ ယဉ်ကျေးသောမြန်မာ့လူနေမှုအသိုင်းအဝိုင်းတွင်ရှိသော အမျိုးသမီးများ၊ သမီးပျိုများနှင့် သမီးပျိုများရှိသောမိခင်များ၏ လုံခြုံမှုဘဝကို ကာကွယ်စောင့်ရှောက်ရာ မရောက်သောကြောင့် မူလရုံးတရားလိုတွင် များစွာနစ်နာလျက်ရှိကြောင်း၊ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်ဖြစ်သူသည် ကြီးလေးသောရက်စက်မှုကိုကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်ရနိုင်သည်သာမက ပါရင်းပစ္စည်းပါဝင်သည့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ လင်ရသင့်သည့်ဝေစုအားလုံးဆုံးရှုံးကြောင်းကို **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ** အမှုတွင် ဆုံးဖြတ်ထားကြောင်း၊ ဖခင်ဖြစ်သူက သမီးအရင်းဖြစ်သူကို အတင်းအဓမ္မပြုကျင့်ခြင်းသည် ရှေးဓမ္မသတ်များ၊ စီရင်ထုံးများတွင် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုဟု မသတ်မှတ်ခဲ့သော်လည်း ယခုအခါ ခေတ်ကာလ၊ အချိန်ကာလပြောင်းလဲလာသည်နှင့်အညီ အချင်းဖြစ်ကိစ္စနှင့်ပတ်သက်၍

ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုအဖြစ်သတ်မှတ်ပြီး မူလရုံးတရားပြိုင် အနေဖြင့် ၎င်း၏ဝေစုကို မရထိုက်ကြောင်း ငြင်းချက်အမှတ် ၃ အား ဖြေဆိုပေးသင့်ကြောင်း၊ မူလရုံးတရားလိုအား လင်မယားအဖြစ်မှ ကွာရှင်း ပြတ်စဲခွင့်ပေးခဲ့သော်လည်း လင်မယားနှစ်ဦးပိုင်ပစ္စည်းများအား မူလရုံး တရားပြိုင်က စွန့်လွှတ်စေသည့်ဒီကရီကို မချမှတ်ခဲ့ခြင်းသည် ဥပဒေအရ လည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းနေ ကြောင်း၊ မနန္ဒာကျော် (ခ) မနန္ဒာဝင်းသည် အခြေခံဖြစ်စဉ်က အဌမတန်း တွင် ပညာသင်ကြားနေသူဖြစ်ကြောင်း၊ ၎င်းသည် ၁၇-၇-၂၀၁၅ နေ့ ပဲခူးမြို့၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၌ ဒသမတန်းတွင် ပညာသင်ကြားနေစဉ် မိန်းကလေးသူငယ်ချင်းတစ်ဦးက ဖခင်နှင့်ကာမ စပ်ယှက်ထားသူဖြစ်ကြောင်းပြောဆို၍ မနန္ဒာကျော် (ခ) မနန္ဒာဝင်းက သွားကိုက်ပျောက်ဆေးပြား အပြား ၂၀ ခန့်သောက်ခဲ့သဖြင့် မြောက်ဥက္ကလာပမြို့နယ်ရှိ လကမ္ဘာအထူးကုဆေးခန်းတွင် ဆေးကုသမှု ခံခဲ့ရကြောင်း၊ ထိုမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးတွင် ခွဲစိတ်ကုသမှုခံ ယူခဲ့ကြောင်း၊ ဆေးကုသမှုမှတ်တမ်းများကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇၊ ၂၈ တို့အရ နောက်ထပ်သက်သေခံချက်များအဖြစ် လက်ခံပေးပါရန်နှင့်ပဲခူးခရိုင်တရားရုံး၏ဒီကရီ ယင်းဒီကရီအား အတည် ပြုခဲ့သည့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်တို့၏ ဒီကရီများ အား ပယ်ဖျက်ပြီးအယူခံတရားပြိုင်သည် ၎င်း၏ဝေစုကို စွန့်လွှတ်စေ၍ အယူခံ တရားလိုအား လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေသည့် အနိုင် ဒီကရီကို စရိတ်နှင့်တကွ ပြင်ဆင်ချမှတ်ပေးရန် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက အယူခံတရားပြိုင်အပေါ်

ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၇၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ချမှတ်ခဲ့ပြီး မူလရုံးတရားပြိုင်အနေဖြင့် ပြစ်ဒဏ်ခံယူနေပြီဖြစ်သည့်အတွက် လည်းကောင်း၊ မြန်မာလေ့ထုံးတမ်းဥပဒေအရ ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုဟုဆိုရာတွင် ကြီးလေးသောရက်စက်မှုကိုကျူးလွန်မှ သာလျှင် အပြစ်ရှိသူ၌ ပါရင်းပစ္စည်းပါဝင်သည့် နှစ်ဦးပိုင်ပစ္စည်းများမှ မိမိရသင့်သည့်ဝေစုများကို ဆုံးရှုံးကြောင်း **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ အမှု** တွင် လမ်းညွှန်ထားသော်လည်း ယခုအမှုတွင် မူလရုံး တရားပြိုင်၏ပြုလုပ်မှုသည် အဆိုပါစီရင်ထုံး၏ ပြဆိုချက်များတွင် အကျုံးဝင်သည့် ရက်စက်မှုဖြစ်ကြောင်း ပေါ်ပေါက်ခြင်းမရှိ၍ လည်းကောင်း၊ ငြင်းချက်အမှတ် ၃ ဖြစ်သည့် တရားပြိုင်သည် ၎င်း၏အစု ကို မရထိုက်သည်မှာ မမှန်ကြောင်း ဖြေဆိုခဲ့ခြင်းသည် ဥပဒေအရ မှန်ကန်ကြောင်း၊ မူလရုံးမှ ယောကျ်ားဖြစ်သူက မုဒိမ်းမှုကျူးလွန်ခြင်းသည် အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်းမရှိကြောင်း၊ သာမန်အားဖြင့် လင်ယောကျ်ားဖြစ်သူက မုဒိမ်းမှုကျူးလွန်ခြင်းသည် အိမ်ထောင်ရေးပြစ်မှုဖြစ်ကြောင်း မြန်မာဓလေ့ ထုံးတမ်းဥပဒေက လက်ခံထားခြင်းမရှိကြောင်း သုံးသပ်ထားပြီးဖြစ် ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်မှ ရက်စက်မှုကျူးလွန်သူသည် (၁) နောင်တရမည့်အစား ၎င်းကပင် ကွာရှင်းရန်လိုလားလျှင် (၂) တစ်ဖက်သားအား ကွာရှင်းခွင့်တောင်းဆိုစေရန် ရည်ရွယ်ချက်ဖြင့် ပြုလုပ် လျှင် (၃) ဒဏ်ရာမှာ ရာဇသတ်ကြီးပုဒ်မ ၃၂၀ ၌ ပြဆိုသည့် အပြင်းအထန် နာကျင်စေမှုဖြစ်လျှင် စသည့် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုတွင် သတ်မှတ်ထားသည့် အချက်များနှင့် တရားပြိုင်ကျူးလွန်သော ရက်စက်မှု

တွင် အကျုံးဝင်သည့်အချက်မတွေ့ရသဖြင့် ပဲခူးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီအား ဆက်လက်အတည်ပြုခဲ့သည့် ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီမှာ ဥပဒေအရ မှန်ကန်၍ ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်ပေးရန် လျှောက်လဲတင်ပြသည်။

မူလခရိုင်တရားရုံးနှင့် တိုင်းဒေသကြီးတရားလွှတ်တော်တို့သည် တရားပြိုင်က မုဒိမ်းမှုကျူးလွန်သူမှာ အခြားသူအပေါ် ကျူးလွန်ခြင်းမဟုတ်ဘဲ တရားလိုနှင့် တရားပြိုင်တို့မှ မွေးဖွားသည့် သမီးအရင်းအပေါ် ကျူးလွန်ခြင်းဖြစ်ကြောင်း တစ်သဘောတည်း သုံးသပ်ခဲ့သော်လည်း လင်ဖြစ်သူတရားပြိုင်၏ ယင်းသို့ပြုလုပ်မှုသည် မယားဖြစ်သူ တရားလို၏ စိတ်တွင် ထိခိုက်နာကျင်ခြင်း၊ စိတ်ဆင်းရဲခြင်းဖြစ်သည့်အတွက် ရက်စက်မှုမြောက်သဖြင့် သာမန်အိမ်ထောင်ရေးပြစ်မှုသာဖြစ်ကြောင်း ကောက်ယူသုံးသပ်ကာ ကွာရှင်းခွင့်ပြုပြီး လင်ဝေစုမဆုံးရှုံးကြောင်း ဆုံးဖြတ်ခဲ့သည်။

မူလရုံးတရားလို ဒေါ်စန္ဒာဆွေက တရားပြိုင် ဦးသိန်းဝင်းသည် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှုကျူးလွန်ခြင်းကြောင့် လင်မယားကွာရှင်းပြတ်စဲသည့် ဒီကရီနှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများတွင် လင်ဝေစုကို စွန့်လွှတ်စေရန် စွဲဆိုခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် ဆိုပါက တရားပြိုင်သည် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှု ကျူးလွန်သူဖြစ်၍ လင်မယားပိုင်ပစ္စည်းများတွင် ၎င်း၏ဝေစုဆုံးရှုံးကြောင်းစွပ်စွဲ၍ အမှုစွဲဆိုခြင်း ဖြစ်သည့်အတွက် တရားပြိုင်သည် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှု ကျူးလွန်ခြင်း ရှိ မရှိ စိစစ်ဆုံးဖြတ်ရန်ဖြစ်သည်။

မြန်မာဓလေ့ထုံးတမ်းဥပဒေအရ အိမ်ထောင်ရေးပြစ်မှု

ကြောင့် ကွာရှင်းပြတ်စဲခြင်းတွင် သာမန်အိမ်ထောင်ရေးပြစ်မှု ၅ မျိုးနှင့် ကြီးလေးသောအိမ်ထောင်ရေးပြစ်မှု ၂ မျိုးရှိကြောင်း တွေ့ရှိနိုင်သည်။ သာမန်အိမ်ထောင်ရေးပြစ်မှု ၅ မျိုးမှာ (၁) ရက်စက်မှု၊ (၂) လင်၏ဖောက်ပြန်မှု၊ (၃) ဒုတိယမယားယူမှု၊ (၄) စွန့်ပစ်မှုနှင့် (၅) လီဆယ်မှုတို့ဖြစ်သည်။ ကြီးလေးသောအိမ်ထောင်ရေးပြစ်မှု ၂ မျိုးမှာ (၁) မယား၏ဖောက်ပြန်မှုနှင့် (၂) ကြီးလေးသောရက်စက်မှုတို့ဖြစ်ကြသည်။

ဤအမှုတွင် တရားပြိုင်သည် တရားလိုနှင့် တရားပြိုင်မှ မွေးဖွားသည့် အသက် ၁၄ နှစ်အရွယ်ရှိ သမီးအရင်း မနန္ဒာကျော် (ခ) မနန္ဒာဝင်းအား ၁၉-၆-၂၀၁၃ နေ့တွင် မုဒိမ်းပြုကျင့်ခဲ့၍ တရားလို ကိုယ်တိုင် ပဲခူးမြို့ အမှတ် (၃) ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားခဲ့သဖြင့် ပဲခူးခရိုင်တရားရုံးတွင် ၂၀၁၃ ခုနှစ်၊ ပြစ်မှုကြီးအမှတ် ၄၀ ဖြင့် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၇၆ အရ စွဲဆိုခံရကြောင်း အမှုတွင် အငြင်းမပွားပေါ်ပေါက်သည့်အတွက် မူလခရိုင်တရားရုံးက တရားလိုအား တရားပြိုင်က ရိုက်နှက် ညှဉ်းပန်းသည့်အပြင် တရားလို၊ တရားပြိုင်တို့၏ သမီးအရင်းကို အဓမ္မ ပြုကျင့်ခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်းသုံးသပ်ကာ ငြင်းချက်အမှတ် (၁) ဖြစ်သည့် တရားပြိုင်သည် ရိုက်နှက်ညှင်းပန်းခြင်းပြုသည့်အပြင် သမီးအရင်းကို အဓမ္မကျင့်ခဲ့သည်ဆိုခြင်းမှာ မှန်ကြောင်းဖြေဆိုဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။ ယင်းသုံးသပ်ချက်အပေါ် တိုင်းဒေသကြီးတရားလွှတ်တော်ကလည်း လက်ခံခဲ့ကြောင်းတွေ့ရသည်။ သို့ဖြစ်၍ တရားပြိုင်မှ ၎င်း၏သမီးအရင်းအပေါ် အဓမ္မပြုကျင့်ခဲ့ကြောင်းကို မူလရုံးနှင့် အယူခံရုံးတို့မှ တစ်သဘောတည်းလက်ခံထားကြသည်။ ၎င်းအပြင် အယူခံတရားပြိုင် ရှေ့နေ၏ လျှောက်လဲချက်အရလည်း တရားပြိုင်သည် ပြစ်မှုဆိုင်ရာဥပဒေ

ပုဒ်မ ၃၇၆ အရ အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၁၀ နှစ် ပြစ်မှုထင်ရှား စီရင်ခံရကြောင်း တွေ့ရှိရသည်။

လင်ဖြစ်သူသည် ကြီးလေးသောရက်စက်မှုကိုကျူးလွန်လျှင် မယားဖြစ်သူ၌ ကွာရှင်းခွင့်ရနိုင်သည်သာမက ပါရင်းပစ္စည်းပါဝင်သည့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများမှ ရသင့်သည့်ဝေစုအားလုံး ဆုံးရှုံးကြောင်းကို **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ အမှု** ၌ ပြဆိုထားသည်။ ထိုအမှု၌ အသက် ၂၅ နှစ်အရွယ်ရှိ ငယ်ရွယ်သူ မောင်ထွန်းခနှင့် အသက် ၅၅ နှစ်ခန့်ရှိ ဒေါ်ပုတို့သည် အကြောင်းပါပြီး ၄ လမပြည့်မီ မောင်ထွန်းခက ဒေါ်ပုအား လူကိုချစ်၍မဟုတ်၊ ပစ္စည်းကိုလိုချင်၍ ယူသည်ဟုပြောဆိုခြင်း၊ အများရှေ့တွင် အရှက်တကွဲဖြစ်လောက်အောင်ပြုမူပြီး မကြာခဏ အကြောင်းမဲ့ ပြင်းထန်စွာရိုက်နှက်ခြင်း စသောပြစ်မှုများကြောင့် ဒေါ်ပုအား ကွာရှင်းခွင့်ပေးခဲ့သည်။

ယင်းစီရင်ထုံးတွင် -

(၁) ကျူးလွန်သူသည် နောင်တရမည့်အစား ၎င်းကပင် ကွာရှင်းရန် လိုလားလျှင်၊

(၂) တစ်ဖက်သားအား ကွာရှင်းခွင့်တောင်းဆိုစေရန် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဖြစ်လျှင်၊

(၃) ရက်စက်မှုသည် တစ်ကြိမ်မက ထပ်မံ၍ အကြိမ်ကြိမ် ရက်စက်မှုကျူးလွန်ခြင်းဖြစ်လျှင်၊

(၄) ဒဏ်ရာမှာ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၀ ၌ ပြဆိုသော အပြင်းအထန်နာကျင်စေမှုဖြစ်လျှင် ရက်စက်မှုသည်

ကြီးလေးလာပြီး လင်မယားကွာရှင်းရာတွင် အပြစ်ကျူးလွန်သူသည် ပါရင်းပစ္စည်းအပါအဝင် နှစ်ဦးပိုင်ပစ္စည်းရှိ ၎င်း၏အစု ဆုံးရှုံးခြင်းခံရမည်ဖြစ်ကြောင်း ညွှန်ပြထားသည်။

ယခုအမှုမှာ တရားပြိုင်သည် တရားလိုနှင့် မိမိတို့မှ မွေးဖွားသည့် အရွယ်မရောက်သေးသူ သမီးအရင်းအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းဖြစ်သည်။ ယင်းသို့ ကျူးလွန်ခြင်းသည် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်းအစဉ်အလာ၊ မြန်မာလူမှုအသိုင်းအဝိုင်းတွင် မည်သို့မျှခွင့်မလွှတ်နိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ကောင်းသည့် လူမှုကျင့်ဝတ်သိက္ခာချိုးဖောက်မှုဖြစ်သည်။ ယင်းသို့ တရားပြိုင်၏ပြုလုပ်မှုကြောင့် မိခင်ဖြစ်သူတရားလိုတွင် ကြီးစွာသောစိတ်ဒဏ်ရာရသကဲ့သို့ ကျူးလွန်ခြင်းခံရသူ သမီးမနန္ဒာကျော် (ခ) မနန္ဒာဝင်း၏ ဘဝတစ်လျှောက်လုံးတွင်လည်း ပယ်ဖျက်၍မရနိုင်သည့် အမည်းစက်ဖြစ်ပေါ်ခဲ့ရသည်မှာ ထင်ရှားသည်။

မည်သည့် မြန်မာအမျိုးသမီးကမှ လက်ခံနိုင်ခြင်း၊ သည်းခံခွင့်လွှတ်နိုင်ခြင်းမရှိသည့် သမီးအရင်းအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းကို **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ အမှု**ပါ ကြီးလေးသောရက်စက်မှုနှင့် အကျုံးဝင်ခြင်းမရှိသဖြင့် တရားပြိုင်အားသာမန်အိမ်ထောင်ရေး ပြစ်မှုကျူးလွန်သူအဖြစ်ကောက်ယူသုံးသပ်ခဲ့ခြင်းသည်မှာတမှန်ကန်မှုရှိသည်ဟု ဆိုနိုင်မည်မဟုတ်ချေ။ အမှုတစ်မှု၏ဖြစ်ရပ်နှင့် အမှုတွင်ပေါ်ပေါက်သော အကြောင်းအရာတို့သည် တစ်မှုနှင့်တစ်မှု ထပ်တူထပ်မျှ တူညီနိုင်မည်မဟုတ်၍ ယခုအမှုပါဖြစ်ရပ်နှင့် **ဒေါ်ပု (ခ) ဒေါ်ပုကြီး နှင့် မောင်ထွန်းခ အမှု**ပါ ကြီးလေးသောရက်စက်မှုသည် တူညီနိုင်မည် မဟုတ်ချေ။

ယောက်ျားဖြစ်သူ မုဒိမ်းမှုကျူးလွန်ခြင်းသည် အိမ်ထောင်ရေး ပြစ်မှုဖြစ်ကြောင်း မြန်မာဓလေ့ထုံးတမ်းဥပဒေတွင် ပြဆိုထားခြင်းမရှိဟု **နန်းမွေးအိမ် နှင့် စိုင်းမောင်အေး အမှု** [၂] တွင် ညွှန်ပြထားသည်။ သို့ရာတွင် ယင်းအမှုပါဖြစ်ရပ်မှာ တရားပြိုင် စိုင်းမောင်အေးသည် တရားလို နန်းမွေးအိမ်နှင့် ပေါင်းသင်းနေစဉ် အခြားအမျိုးသမီးတစ်ဦးအား အလိုမတူဘဲ သားမယားပြုကျင့်ခဲ့၍ ပြစ်ဒဏ်ကျခံရပြီး ယင်းသို့ မုဒိမ်းမှု ကျူးလွန်ခြင်းသည် လင်မယားကွာရှင်းခွင့် ရစေလောက်သည့် အိမ်ထောင်ရေးပြစ်မှုမဟုတ်ကြောင်း သုံးသပ်ခဲ့ခြင်းဖြစ်သည်။ ယခုအမှုမှာ တရားပြိုင်သည် အခြားသူအပေါ် မုဒိမ်းမှုကျူးလွန်ခြင်းမဟုတ်ဘဲ သမီး အရင်းအပေါ် ကျူးလွန်ခြင်းဖြစ်၍ အယူခံတရားပြိုင်ရှေ့နေတင်ပြချက်ကို လက်ခံရန်အကြောင်းမရှိချေ။

ယခုအမှုတွင် တရားပြိုင်သည် မိမိနှင့်တရားလိုတို့၏ အရွယ် မရောက်သေးသူ သမီးအရင်းကို မုဒိမ်းပြုကျင့်ခဲ့ခြင်းသည် တရားလို အပေါ် ကြီးစွာသောစိတ်ဆင်းရဲမှုကိုဖြစ်စေသည်မှာ ယုံမှားဖွယ်မရှိသဖြင့် ကြီးလေးသောရက်စက်မှု တစ်နည်းအားဖြင့် ကြီးလေးသော အိမ်ထောင်ရေး ပြစ်မှုကို ကျူးလွန်သူအဖြစ်သတ်မှတ်ကာ လင်မယားပိုင်ပစ္စည်းတွင် လင်ဝေစုဖြစ်သည့် ၎င်း၏ဝေစုကို ဆုံးရှုံးခံထိုက်စေရန်ဖြစ်သည်။

ဤနေရာတွင် ဆက်လက်သုံးသပ်လိုသည်မှာ အယူခံ တရားလို၏ရှေ့နေက မနန္ဒာကျော် (ခ) မနန္ဒာဝင်း၏ ဆေးကုသမှု မှတ်တမ်းများကို တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၂၇၊ ၂၈ တို့အရ အမှုတွင် နောက်ထပ်သက်သေခံချက်များအဖြစ် လက်ခံပေးရန်

---

(၂) ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ - ၃၉

လျှောက်လဲချက်နှင့်အတူ ပူးတွဲတင်ပြခဲ့သည်။ ယင်းအကြောင်းအရာများသည် အယူခံအကြောင်းပြချက်တွင် ဖော်ပြထားခြင်းမရှိသည့်အပြင် အယူခံတရားပြိုင်ဘက်မှလည်း ချေပနိုင်သည့် အခွင့်အရေးမရရှိခဲ့၍ အယူခံတရားလိုရှေ့နေ လျှောက်ထားသည့်အတိုင်း နောက်ထပ်သက်သေခံချက်များအဖြစ် လက်ခံရန်အကြောင်းမရှိပေ။

သို့ဖြစ်၍ ပဲခူးခရိုင်တရားရုံးနှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်တို့က တရားပြိုင်သည် သာမန်အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်သူဖြစ်၍ လင်မယားပိုင်ပစ္စည်းတွင် ၎င်း၏အစု ဆုံးရှုံးခြင်းခံထိုက်သည်ဟု မဆိုနိုင်ကြောင်းသုံးသပ်၍ တရားပြိုင်သည် ၎င်း၏အစုကို မရထိုက်သည်မှာ မမှန်ကြောင်း၊ တရားလိုသည် ပါရင်းပစ္စည်းအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းများ၏ ထက်ဝက် ၁/၂ ကို ရထိုက်ကြောင်း ဒီကရီချမှတ်ခဲ့ခြင်းမှာ အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်များအရ မှျတမှန်ကန်မှုမရှိချေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွခွင့်ပြုပြီး မူလပဲခူးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီ၊ ယင်းစီရင်ချက်နှင့် ဒီကရီကို အတည်ပြုသော ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီတို့ကို ပယ်ဖျက်လိုက်သည်။ တရားပြိုင်သည် ကြီးလေးသော အိမ်ထောင်ရေးပြစ်မှုကို ကျူးလွန်သူဖြစ်၍ တရားလိုသည် လင်မယားကွာရှင်းခွင့်နှင့် တရားလို၏ ပါရင်းပစ္စည်းအပါအဝင် လင်မယားနှစ်ဦးပိုင်ပစ္စည်းအားလုံးကို ရထိုက်ကြောင်း စီရင်ချက်နှင့်ဒီကရီချမှတ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀/- သတ်မှတ်သည်။

တရားမအယူခံမှု

+ ၂၀၁၆ ခုနှစ်

ဖေဖော်ဝါရီလ ၁၁ ရက်

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြသိမ်းရှေ့တွင်

ဦးဇော်နိုင်သိန်း

နှင့်

ဒေါ်မြမြဝေ*

**ကုမ္ပဏီတစ်ခု၏ အထွေထွေအရပ်ရပ်အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိခြင်း၊ ကုမ္ပဏီမှရရန်ရှိသည့်ငွေများကို ကုမ္ပဏီ၏တာဝန်ပေးချက်အရ ကုမ္ပဏီကိုယ်စားတရားစွဲဆိုခြင်း မပြုဘဲ ကုမ္ပဏီဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီမန်နေဂျာကဖြစ်စေ တရားလိုပြုလုပ်၍ တရားစွဲဆိုခွင့်မရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယား စည်းမျဉ်းအပိုဒ် ၇၁ ပါပြဋ္ဌာန်းချက်အရ ကုမ္ပဏီတစ်ခုခု၏ အထွေထွေအရပ်ရပ်အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိသည်။ စည်းမျဉ်းအပိုဒ် ၉၁ အရ ဒါရိုက်တာအဖွဲ့ကသာ ကုမ္ပဏီ

---

* ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၂၉၂

+ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၆၄ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီအပေါ် အယူခံမှု။

ကိုယ်စားပြုရန် တစ်ဦးဦးအားလွှဲအပ် ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကုမ္ပဏီပိုင်ငွေများအတွက် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးခြင်းမရှိဘဲ ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးအနေဖြင့် မိမိတို့တစ်ဦးချင်း၏ သဘောအလျောက် ဆောင်ရွက်ခွင့်မရှိပေ။ ကုမ္ပဏီမှ ရရန်ရှိသည့်ငွေများကို ပြန်လည်ပေးဆပ်စေရန်အတွက် ကုမ္ပဏီ၏တာဝန်ပေးချက်အရ ကုမ္ပဏီကိုယ်စား တရားစွဲဆိုခြင်းမပြုဘဲ ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီ၏မန်နေဂျာကဖြစ်စေ တရားလိုပြုလုပ်၍ တရားစွဲဆိုနိုင်ခွင့်မရှိပေ။

အယူခံတရားလိုအတွက် - ဦးမြဟန်၊ တရားလွှတ်တော်ရှေ့နေ
အယူခံတရားပြိုင်အတွက် - ဦးသောင်းထွန်း
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀၄၁ တွင် ဦးဇော်နိုင်သိန်းက ဒေါ်မြမြဝေအပေါ် ချေးငွေနှင့် နစ်နာကြေးငွေကျပ်သိန်း ၁၂၀၀ ရလိုကြောင်းစွဲဆိုသည်။ ခရိုင်တရားရုံးက တရားလိုသည် တရားပြိုင်အပေါ် ဤအမှုစွဲဆိုရန် ပုဂ္ဂိုလ်ရေးအရ အခွင့်အရေးရှိသူမဟုတ်ဆိုသည်မှာ မှန်သလားဆိုသည့် နောက်တိုးငြင်းချက်ကို မှန်ကြောင်းဖြေဆိုပြီး ကျန်ငြင်းချက်များကို ဖြေဆိုခြင်းမပြုတော့ဘဲ အမှုကိုပလပ်ခဲ့သည်။ အဆိုပါစီရင်ချက်နှင့် ဒီကရီကို ဦးဇော်နိုင်သိန်းက မကျေနပ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၆၄ ဖြင့် အယူခံဝင်ရောက်ရာ ပလပ်ခြင်း

ခံရသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤအယူခံမှုကို ဆက်လက်တင်သွင်းလာခြင်းဖြစ်သည်။

ဆိုလွှာတွင် တရားပြိုင်က လုပ်ငန်းတွင်အသုံးပြုရန်အတွက် ငွေခေတ္တထုတ်ပေးထားရန် အကူအညီတောင်းသဖြင့် ၆-၉-၂၀၀၆ နေ့တွင်ငွေ ၂၃၈၅၁၈၀၀၀ ကျပ်ကို အတိုးမယူဘဲ ထုတ်ပေးခဲ့ကြောင်း၊ တရားပြိုင်က ငွေပေးငွေယူကတိစာချုပ်တွင် ယင်းငွေများကို ၂၁-၁၀-၂၀၀၆ နေ့တွင် နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်မည်ဟု ဝန်ခံကတိပြုခဲ့ကြောင်း၊ စုစုပေါင်းငွေကျပ်သိန်း ၁၃၅၀ ကို ပြန်လည်ပေးဆပ်ခဲ့ပြီး ငွေ ၁၀၃၅၁၈၀၀၀ ကျပ်ပေးဆပ်ရန်ကျန်ရှိကြောင်း၊ တရားလိုသည် ငွေ ၁၀၃၅၁၈၀၀၀ ကျပ်နှင့် ယင်းငွေအပေါ် ၁ နှစ်လျှင် နစ်နာကြေး ၁၀% ဖြင့် ၂ နှစ်အတွက် စုစုပေါင်းငွေကျပ်သိန်း ၁၂၀၀ ရထိုက်ကြောင်း အဆိုပြုသည်။

ချေလွှာတွင် တရားပြိုင်သည် တရားလိုထံမှ ငွေကြေးအကူအညီတောင်းခံခဲ့ခြင်းလုံးဝမရှိကြောင်း၊ ၆-၉-၂၀၀၆ နေ့တွင် တရားလိုနှင့် သက်သေ မနီလာခင်တို့ ကြိုတင်လက်မှတ်ရေးထိုးထားသော ငွေပေးငွေယူကတိစာချုပ်နှင့် မြေနှင့်အိမ်အပြီးအပိုင်အရောင်းအဝယ်စာချုပ် ၂ စောင်ကို တရားပြိုင်နေအိမ်သို့ တရားလိုကလာပေးသွားကြောင်း၊ စာချုပ် ၂ စောင်စလုံးတွင် ငွေ ၂၃၈၅၁၈၀၀၀ ကျပ်ဟုဖော်ပြထားပြီး တရားပြိုင်က ငွေယူသူ၊ အပိုင်ရောင်းသူအဖြစ် လက်မှတ်ရေးထိုးပေးခဲ့ ရကြောင်း၊ ကိုကျော်ပြည်စိုး၏ပြောပြချက်အရဦးမောင်ထူးထံမှ ကားများ ဝယ်ယူပါက အကျိုးအမြတ်ရမည်၊လိုအပ်ငွေကို တရားလိုကထုတ်ပေးမည်၊ ထိုသို့ ထုတ်ပေးရသည့်အတွက် အကျိုးအမြတ်ရယူမည်ဟု ပြောဆိုမှုအပေါ်

ယုံကြည်၍ ဦးမောင်ထူးနှင့် ကိုကျော်ပြည်စိုးတို့ စာချုပ်များတွင် လက်မှတ်ရေးထိုးကြကြောင်း၊ ပြန်လည်ပေးဆပ်ငွေကျပ်သိန်း ၁၃၅၀ သည် တရားပြိုင်က ပေးဆပ်ခြင်းမဟုတ်ကြောင်း၊ ကိုကျော်ပြည်စိုးပေးဆပ်သောငွေများသည် Supreme Group of Companies ပိုင်ငွေများဖြစ်ကြောင်း၊ လူပုဂ္ဂိုလ်အနေဖြင့် တရားလိုပြုလုပ်၍ ဤအမှုကိုစွဲဆိုခွင့်မရှိကြောင်း ချေပသည်။

ခရိုင်တရားရုံးက Supreme Group of Companies ပိုင်ငွေများကို ကုမ္ပဏီအနေဖြင့်ထုတ်ချေးခဲ့ခြင်းအပေါ် ထိုငွေကိုပြန်လည်ရရှိရန်အတွက် ကုမ္ပဏီဒါရိုက်တာအဖွဲ့က တာဝန်ပေးအပ်သူကသာ တရားစွဲဆိုနိုင်သဖြင့် ကုမ္ပဏီဒါရိုက်တာအဖွဲ့က တရားဝင်တာဝန်ပေးအပ်ထားခြင်းမရှိသော တရားလိုဦးဇော်နိုင်သိန်းသည် ကုမ္ပဏီဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်ရုံမျှဖြင့် ဤအမှုကို တရားလိုပြုလုပ် တရားစွဲဆိုခွင့်မရှိကြောင်း သုံးသပ်ပြီး ၎င်းစွဲဆိုသောအမှုကို ပလပ်ခဲ့သည်။

တိုင်းဒေသကြီးတရားလွှတ်တော်က Supreme Group of Companies ပိုင်ငွေများကို ဒါရိုက်တာအဖွဲ့၏ခွင့်ပြုချက်မရှိဘဲ တရားလိုတစ်ဦးတည်း၏ ကိုယ်စားလှယ်လွှဲစာဖြင့် ဦးတင်ဝင်းက တရားစွဲဆိုလာခြင်းဖြစ်ကြောင်း၊ ထိုသို့ Supreme Group of Companies ကိုယ်စားဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရမဟုတ်ဘဲ တရားလိုကတရားစွဲဆိုလာခြင်းသည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနောက်ဆက်တွဲဇယားစည်းမျဉ်းအပိုဒ် ၇၁ နှင့် ၉၁ တို့နှင့် ညီညွတ်ခြင်းမရှိကြောင်းသုံးသပ်ပြီး ခရိုင်တရားရုံး၏ဒီကရီကို အတည်ပြုခဲ့သည်။

အယူခံတရားလို၏ရှေ့နေက သက်သေခံ-ခ ငွေပေးငွေယူ

ကတိစာချုပ်ပါ စကားရပ်အားလုံးတွင် ဦးဇော်နိုင်သိန်းက ဒေါ်မြမြဝေကို ငွေချေးခြင်း၊ ပေးခြင်းသာ ပေါ်ပေါက်ကြောင်း၊ တိုင်းဒေသကြီး တရားလွှတ်တော်က ငွေပေးငွေယူစာချုပ်ကို ကျော်လွှားကာ ဦးဇော်နိုင်သိန်းက ပုဂ္ဂိုလ်ရေးအရ တရားစွဲဆိုခွင့်မရှိဟု သုံးသပ်ပြီး အမှုကိုပလပ်ခဲ့ကြောင်း၊ ဒေါ်မြမြဝေ၌ ငွေပေးဆပ်ရန် တာဝန်ရှိနေပါလျက် ဦးဇော်နိုင်သိန်းတွင် တရားစွဲဆိုပိုင်ခွင့်မရှိဟုဆိုကာ အယူခံမှုကိုပလပ်ခြင်းသည် ငွေပေးဆပ်ခွင့်တာဝန် ကင်းလွတ်ခွင့်ပြုရာရောက်ကြောင်း၊ ဦးဇော်နိုင်သိန်းက ဒေါ်မြမြဝေကို ငွေထုတ်ချေးရာတွင် ကုမ္ပဏီရှိငွေကို ခေတ္တယူပြီးပေးလိုက်ရုံမျှဖြင့် ကုမ္ပဏီကသာ ဒေါ်မြမြဝေကို တရားလိုပြုလုပ်စွဲဆိုရန်မဟုတ်ကြောင်း၊ ဦးဇော်နိုင်သိန်းအနေဖြင့် မိမိချေးသောငွေပြန်ရခွင့်မဆုံးရှုံးကြောင်း၊ တရားလိုစွဲဆိုသည်အတိုင်း အနိုင်ဒီကရီချမှတ်ပေးရန် တင်ပြလျှောက်ထားသည်။

အယူခံတရားပြိုင်၏ရှေ့နေက ဆိုလွှာအရ ဦးဇော်နိုင်သိန်းက ဒေါ်မြမြဝေအပေါ် ပုဂ္ဂိုလ်ရေးအရ ချေးငွေနှင့် နစ်နာကြေးငွေရလိုမှုစွဲဆိုထားခြင်းဖြစ်ကြောင်း၊ ဒေါ်မြမြဝေအပေါ် တရားစွဲဆိုတောင်းခံသောငွေသည် ဦးဇော်နိုင်သိန်း၏ ကိုယ်ပိုင်ငွေများမဟုတ်ဘဲ ကုမ္ပဏီပိုင်ငွေများသာဖြစ်ကြောင်း၊ ဒေါ်မြမြဝေအပေါ် တရားစွဲဆိုရန် အခွင့်အရေးရှိသူသည် ဦးဇော်နိုင်သိန်းမဟုတ်ကြောင်း၊ Supreme Group of Companies (သို့မဟုတ်) ကုမ္ပဏီဒါရိုက်တာအဖွဲ့၏တာဝန်ပေးအပ်သူကသာ ကုမ္ပဏီကိုယ်စား တရားလိုပြုလုပ်တရားစွဲဆိုရန် အခွင့်အရေးရှိကြောင်း၊ အယူခံမှုကိုပလပ်ပေးရန်ဖြစ်ကြောင်း တင်ပြလျှောက်ထားသည်။

ဦးဇော်နိုင်သိန်းက တရားပြိုင်ဒေါ်မြမြဝေနှင့် ၆-၉-၂၀၀၆

ရက်စွဲပါ ငွေပေးငွေယူကတိစာချုပ် သက်သေခံ-ခ နှင့် ၆-၉-၂၀၀၆ ရက်စွဲပါ မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ် သက်သေခံ-ဂ ကိုချုပ်ဆိုပြီး ငွေ ၂၃၈၅၁၈၀၀၀ ကျပ်ကို တရားပြိုင်သို့ ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း ထွက်ဆိုတင်ပြသည်။

တရားလိုသက်သေများက ဦးဇော်နိုင်သိန်းမှ ၎င်း၏ရုံးခန်းတွင် တရားပြိုင်ဒေါ်မြမြဝေသို့ ငွေ ၂၃၈၅၁၈၀၀၀ ကျပ်ကို ပေးအပ်ခဲ့ကြောင်း၊ ဒေါ်မြမြဝေ၏မြေးဖြစ်သူ ကိုကျော်ပြည်စိုးက ငွေကျပ် သိန်း ၁၃၅၀ ကို အလီလီပြန်လည်ပေးဆပ်ခဲ့ကြောင်း ထွက်ဆိုထားသည်ကို တွေ့ရသည်။

ဒေါ်မြမြဝေ၏မြေးဖြစ်သူ ကိုကျော်ပြည်စိုးမှ ငွေလာရောက်ပေးဆပ်ရာတွင် ကုမ္ပဏီဝန်ထမ်းများက Supreme Group of Companies ခေါင်းစည်းပါ သက်သေခံစာရွက်ဖြင့် လက်ခံခဲ့ကြောင်း ပေါ်ပေါက်သည်။

Supreme Group of Companies စာရင်းကိုင် ဦးတင်ဝင်း (တရားလို၏အခွင့်ရကိုယ်စားလှယ်) က ဒေါ်မြမြဝေသို့ ပေးအပ်လိုက်သည့်ငွေများသည် ကုမ္ပဏီမှငွေများဖြစ်ကြောင်း၊ အချို့တဝက်သာ ပြန်လည်ရရှိပြီး ကျန်ငွေများသည် ကုမ္ပဏီမှ ရရန်ကျန်ရှိသောငွေများဖြစ်ကြောင်း ၎င်းအား တရားပြိုင်ဘက်မှ ပြန်လှန်စစ်မေးရာတွင် ထွက်ဆိုထားကြောင်းတွေ့ရသည်။

Supreme Group of Companies ၏ လက်ထောက်စာရင်းကိုင် ဒေါ်အမာကြိုင် (လိုပြ-၁) နှင့် လက်ထောက်မန်နေဂျာ ဒေါ်ခင်ခင်သော် (လိုပြ-၂) တို့ကလည်း ဒေါ်မြမြဝေထံ ပေးအပ်လိုက်သည့်ငွေများနှင့်

ကိုကျော်ပြည်စိုးထံမှ လက်ခံရယူထားသောငွေများကို ကုမ္ပဏီ၏ငွေစာရင်းတွင် ရေးသွင်းဖော်ပြချက်များရှိကြောင်း၊ ကုမ္ပဏီပိုင်ငွေများဖြစ်၍ ကုမ္ပဏီ၏ငွေစာရင်းမှ အသွင်းအထုတ်ပြုလုပ်ရကြောင်း ထွက်ဆိုသည်။

တရားလိုဦးဇော်နိုင်သိန်းအနေဖြင့် တရားပြိုင်ဒေါ်မြမြဝေသို့ ပုဂ္ဂိုလ်ရေးအရ ငွေချေးခဲ့ခြင်းဖြစ်ပါက ကုမ္ပဏီ၏ငွေစာရင်းတွင် ဖော်ပြရေးသွင်းရန်အကြောင်းမရှိပေ။ ကုမ္ပဏီမှ ငွေများထုတ်ပေးရာတွင် ငွေထုတ်ပေးသည့်အကြောင်းနှင့်ပတ်သက်၍ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ဆွေးနွေးမှုရှိကြောင်း၊ တရားလို၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းမှ ထွက်ဆိုသည်။ ကိုကျော်ပြည်စိုးပေးသွင်းသည့်ငွေများကို ကုမ္ပဏီဒုတိယဥက္ကဋ္ဌ ဒေါ်မြသန္တာသို့ လွှဲပြောင်းပေးခဲ့ကြောင်းလည်း ပေါ်ပေါက်သည်။

သို့ဖြစ်ရာ တရားလိုပြသက်သေထွက်ဆိုချက်များအရ ဒေါ်မြမြဝေသို့ ထုတ်ချေးခဲ့သည်ဆိုသော ငွေ ၂၃၈၅၁၈၀၀၀ ကျပ်သည် ဦးဇော်နိုင်သိန်း၏ကိုယ်ပိုင်ငွေများမဟုတ်ဘဲ ကုမ္ပဏီပိုင်ငွေ များဖြစ်ကြောင်း၊ ကိုကျော်ပြည်စိုး မှ ငွေအချို့တဝက်ပေးဆပ်ပြီးဖြစ်၍ ကျန်ငွေသည် ကုမ္ပဏီအနေဖြင့် ရရန် ရှိသည့်ငွေဖြစ်ကြောင်း ကောက်ယူနိုင်သည်။

တရားလို၏အခွင့်ရကိုယ်စားလှယ် ဦးတင်ဝင်းက Supreme Group of Companies ၏ ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်နိုင်သိန်းကရင်းအားကိုယ်စားလှယ်စာပေး၍အမှုကိုဆောင်ရွက်စေခဲ့ကြောင်း ထွက်ဆိုသည်။ ဒေါ်မြမြဝေသို့ ထုတ်ချေးခဲ့သည်ဆိုသောငွေများသည် ကုမ္ပဏီပိုင်ငွေများဖြစ်လျက် ထိုငွေများကိုပြန်လည်ရရှိရန် တရားစွဲဆိုရာတွင် ကုမ္ပဏီအနေဖြင့် တရားစွဲဆိုခြင်းမပြုဘဲ လူပုဂ္ဂိုလ်အနေဖြင့် ဦးဇော်နိုင်သိန်း

က တရားစွဲဆိုခဲ့ခြင်းဖြစ်ကြောင်းတွေ့ရသည်။

မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ နောက်ဆက်တွဲဇယား စည်းမျဉ်းအပိုဒ် ၇၁ ပါ ပြဋ္ဌာန်းချက်အရ ကုမ္ပဏီတစ်ခု၏ အထွေထွေ အရပ်ရပ် အုပ်ချုပ်မှု စီမံခန့်ခွဲမှုအာဏာသည် ဒါရိုက်တာအဖွဲ့တွင်ရှိသည်။ စည်းမျဉ်းအပိုဒ် ၉၁ အရ ဒါရိုက်တာအဖွဲ့ကသာ ကုမ္ပဏီကိုယ်စားပြုရန် တစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။

ကုမ္ပဏီပိုင်ငွေများအတွက် ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးခြင်းမရှိဘဲ ကုမ္ပဏီ၏ဒါရိုက်တာအဖွဲ့ဝင် တစ်ဦးအနေဖြင့် မိမိတို့တစ်ဦးချင်း၏ သဘောအလျောက် ဆောင်ရွက်ခွင့် မရှိပေ။ ကုမ္ပဏီမှရရန်ရှိသည့်ငွေများကို ပြန်လည်ပေးဆပ်စေရန်အတွက် ကုမ္ပဏီ၏ တာဝန်ပေးချက်အရ ကုမ္ပဏီကိုယ်စား တရားစွဲဆိုခြင်းမပြုဘဲ ကုမ္ပဏီ၏ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ကုမ္ပဏီ၏မန်နေဂျာကဖြစ်စေ တရားလိုပြုလုပ်၍ တရားစွဲဆိုနိုင်ခွင့်မရှိပေ။

တရားလိုက ပဋိညာဉ်အက်ဥပဒေပုဒ်မ ၁၂၈ အရ တရားပြိုင် သည် သက်သေခံ - ခ ပါ ယူငွေကိုအပြည့်အဝမပေးဆပ်ပျက်ကွက်လျှင် လည်း အာမခံသူသည် မူလမြီစားနှင့်ထပ်တူ တာဝန်ရှိကြောင်းတင်ပြထား ချက်နှင့်စပ်လျဉ်း၍ သက်သေခံ-ခ ငွေပေးငွေယူကတိစာချုပ်တွင် ကိုကျော်ပြည်စိုးပေးရန်ရှိသောငွေကို ဒေါ်မြမြဝေကပေးဆပ်ရန် အာမခံ ကြောင်း ရေးသားဖော်ပြထားခြင်းမရှိသဖြင့် ယင်းအချက်ကို အမှုတွင် ထည့်သွင်းစဉ်းစားနိုင်ရန် အကြောင်းမရှိပေ။

သို့ဖြစ်ရာ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးက တရားလို

စွဲဆိုသည့်အမှုအား ပလပ်ခဲ့ခြင်းကို ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းခြင်းမရှိသဖြင့် ဆက်လက်အတည်ပြုရမည်သာဖြစ်သည်။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀ိ/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
ဇွန်လ ၁၃ ရက်

# တရားမအထွေထွေလျှောက်ထားမှု

## ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော ဦးစိုးညွန့်နှင့် ဦးအောင်ဇော်သိန်းတို့ရှေ့တွင်

ဦးတိုးငွေး ပါ ၂

နှင့်

ညွှန်ကြားရေးမှူးချုပ်

မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေးဝန်ကြီးဌာန*

မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကို တစ်ဖက်သတ်ပယ်ဖျက်ကြောင်း ကြေညာခဲ့ခြင်းသည် ဥပဒေနှင့်မညီခြင်း။

**ဆုံးဖြတ်ချက်။** ။ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် မြေငှားစာချုပ်ကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၂၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည် -

20. When The Revenue Officer is satified that any

* ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၁၅၀

၂၀၀၅
ဦးတိုးငွေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

State Land of which a grant or lease has been made, or in respect of which a licence has been given, limited to any specific purpose, has been, or is being used without the permission of the Revenue Officer for any other purpose, the person in possession of the land shall be liable-

(3) to have the grant, lease or licence of or for the land cancelled by the Revenue Officer and to be evicted therefrom:

Provided that no final order under this section shall be made until the person in possession of the land has had an opportunity of showing cause against the imposition of any penalty, and that no order shall be enforced until it has been confirmed by the Commissioner of the division.

**ထပ်မံဆုံးဖြတ်ချက်။** ။ အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ဖြင့် ပေးအပ်ထားသည့် အစိုးရမြေကို အခွန်တော်အရာရှိ၏ အခွင့်အမိန့်မရှိဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့် ဆန့်ကျင်၍ အခြားကိစ္စအတွက် အသုံးပြုလျှင် အခွန်တော်အရာရှိက ဂရန်ရရှိသူ သို့မဟုတ် အငှားစာချုပ်ရသူအား အကြောင်းပြထုချေခွင့်ပေး၍ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကို ဖျက်သိမ်းနိုင်သည်။ သို့ရာတွင် မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ အမိန့်မချရပေ။

လျှောက်ထားသူများအား ထုတ်ပေးထားသော မြေငှားစာချုပ်နှစ် ၆၀ (အထူးဂရန်) သည် အငှားဂရန်သက်တမ်းကုန်ဆုံးခြင်း မရှိသေးသည့်အပြင် လျှောက်ထားသူများမှ မြေငှားစာချုပ်ပါ စည်းကမ်းချက်တစ်စုံ တစ်ရာဖောက်ဖျက်ကြောင်း ပေါ်ပေါက်ခြင်းမရှိပါဘဲလျက် လျှောက်ထားခံရသူဌာနသည် လျှောက်ထားသူများအား အကြောင်းပြထုချေခွင့်မပြုဘဲ မြေငှားစာချုပ်အား တစ်ဖက်သတ်ပယ်ဖျက်ကြောင်း ကြေညာခဲ့ခြင်းသည် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း ပေါ်ပေါက်သည်။

လျှောက်ထားသူများအတွက် - ဦးမျိုးသန့်၊ တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဒေါ်ယုယုခင်၊ ညွှန်ကြားရေးမှူး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ မြေကွက်အမှတ် ၂၃၂၊ ဧရိယာ ဝ. ဝ၂၉ ဧကရှိမြေကို မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မြေချပါမစ်ဖြင့် လျှောက်ထားသူများကို ချထားပေးခဲ့သဖြင့် ၁၉၉၀ ပြည့်နှစ်မှစ၍ အိမ်ဆောက်လုပ်နေထိုင်ခဲ့ကြောင်း၊ ဘေးချင်းကပ်လျက်ရှိသည့် မြေကွက်အမှတ် ၂၃၃ တွင် လူနေထိုင်ခြင်းမရှိဘဲ လျှောက်ထားသူများ၏မြေကွက်နှင့် တစ်ဆက်တည်းဖြစ်၍ အဆိုပါမြေကွက်အမှတ် ၂၃၃ ကို လျှောက်ထားသူတို့က မြေငှားစာချုပ် (အထူးဂရန်) ရရှိရေးအတွက် လျှောက်ထားခံရသူဌာနသို့ ၂၄-၁၂-၂၀၁၃

နေ့တွင် လျှောက်ထားခဲ့ရာ သက်ဆိုင်ရာဌာနက လိုအပ်သည်များ စစ်ဆေးပြီးနောက် ၁၁-၁၂-၂၀၁၄ နေ့တွင် လျှောက်ထားသူများအမည်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့ကြောင်း၊ လျှောက်ထားသူများက ၂၀၁၅-၂၀၁၆ ပထမအပတ်နှင့် ဒုတိယအပတ် မြေငှားခများကို ၁၅-၁၀-၂၀၁၅ နေ့တွင် ပေးဆောင်ခဲ့ပြီး ခြံစည်းရိုးကာရန်၊ အဆောက်အဦဆောက်ရန်အတွက် မြေပုံမြေရာဇဝင်ကူးခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်ကုန်တွင် သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးပါတီ ဆိုင်းဘုတ်ကို မြေကွက်အမှတ် ၂၃၃ ခြံစည်းရိုး၏ အရှေ့ဘက်တွင် စိုက်ထူထားသည်ကို တွေ့ရကြောင်း၊ လျှောက်ထားသူများသည် မြေကွက်အမှတ် ၂၃၃ နှင့်ပတ်သက်၍ မြေငှားစာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့ခြင်း၊ ဂရန်လိမ်လည်လျှောက်ထားခြင်းတို့ မရှိပါဘဲလျက် နှစ် ၆၀ မြေငှားဂရန်ထုတ်ပေးမှုအား စိစစ်ပြန်ကြားပေးရေးကိစ္စ အကြောင်းအရာဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ထံ ပေးပို့သည့် ၂၄-၆-၂၀၁၅ ရက်စွဲပါ စာမိတ္တူကို လျှောက်ထားသူများထံပေးခဲ့ပြီး မြေကွက်အမှတ် ၂၃၃၊ မြေငှားစာချုပ် (အထူးဂရန်) ကို ဌာနသို့ ပြန်လည်အပ်နှံရန် အကြောင်းကြားခဲ့ကြောင်း၊ မြေငှားစာချုပ်ပြန်အပ်ရန် အကြောင်းကြားစာများပေးခဲ့ပြီးနောက် ၁၉-၁၀-၂၀၁၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် လျှောက်ထားသူများက မြေငှားစာချုပ်အပ်နှံခြင်းမရှိသဖြင့် ၁-၁၀-၂၀၁၅ နေ့မှစ၍ ပယ်ဖျက်ကြောင်း ကြေညာခဲ့ခြင်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ နည်းလမ်းတကျထုတ်ပေးထားသော မြေငှားစာချုပ် (အထူးဂရန်) အား စုံစမ်းစစ်ဆေးမှုမပြုဘဲ ပယ်ဖျက်ကြောင်းကြေညာခဲ့ခြင်းတို့သည်

လျှောက်ထားခံရသူဌာနအနေဖြင့် အပ်နှင်းထားသော လုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည့်အတွက် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန် လျှောက်ထားခြင်းဖြစ်သည်။

လျှောက်ထားခံရသူအတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၈-၁-၁၉၉၆ ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက် (၃) အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နမိတ်အတွင်းရှိ အစိုးရပိုင်မြေများနှင့် စပ်လျဉ်း၍ လျှောက်ထားခံရသူ မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ၂၆-၅-၂၀၁၅ ရက်စွဲပါစာအပိုဒ် ၂ တွင် အချင်းဖြစ်မြေကွက်အမှတ် ၂၃၃ သည် Block Map တွင် မြေကွက်အမှတ်ပါဝင်ပြီး မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးမှုဦးစီးဌာနမှ လွှဲပြောင်းပေးသော မြေငှားခစည်းကြပ်မှုစာရင်း Assessment Roll တွင် အမည်ပေါက်ဖော်ပြသတ်မှတ်ထားခြင်း မရှိကြောင်း ဖော်ပြချက်နှင့် ၃၀-၁၂-၁၉၉၂ ရက်စွဲပါ မြေခွန်၊ မြေခစည်းကြပ်သောစာရင်းစာချုပ်များ လွှဲပြောင်းပေးခြင်းနှင့် ဇဝနရပ်ကွက်ပြေစာမိတ္တူတို့အရ စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးသော မြေများတွင် အမည်ပေါက်မသတ်မှတ်ရသေးသော အချင်းဖြစ်မြေကွက်အမှတ် ၂၃၃ သည် အပိုင်ဂရန်မြေအဖြစ် ပေးအပ်ထားခြင်းမရှိသေးသည့်မြေဖြစ်ကြောင်း ပေါ်ပေါက်၍ အချင်းဖြစ်မြေကွက်သည် မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပိုင်ခွင့်ရှိသည့် အစိုးရမြေဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း၊ လျှောက်ထားခံရသူဌာနသည် ၎င်းဆောင်ရွက်ပိုင်ခွင့်ရှိသော အချင်းဖြစ်အစိုးရမြေအား လျှောက်ထားသူတို့အမည်ဖြင့် ဌာန၏

လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူတို့သည် မြေငှားစာချုပ်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခဲ့ခြင်းမရှိကြောင်း၊ အချင်းဖြစ်မြေကွက်အား လျှောက်ထားခံရသူဌာနက လျှောက်ထားသူများသို့ အငှားစာချုပ်ထုတ်ပေးခြင်းအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ကန့်ကွက်ခဲ့ခြင်းနှင့် သဃ်န်းကျွန်းမြို့နယ်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌ၏ မြေငှားဂရန်လျှောက်ထားမှုကို အရေးယူပေးရန်တင်ပြချက်တို့အရ ရန်ကုန်တိုင်းဒေသကြီး၊ အစိုးရအဖွဲ့က မြေငှားစာချုပ်အား အမြန်ပယ်ဖျက်ပေးရေးဆောင်ရွက်ရန် အကြောင်းကြားခဲ့သဖြင့် လျှောက်ထားခံရသူဌာနက ၁-၁၀-၂၀၁၅ နေ့မှစ၍ ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း၊ လျှောက်ထားသူတို့သည် မြေငှားစာချုပ်အပိုဒ် (၁) တွင် ဖော်ပြထားသော မြေငှားစာချုပ်ရသူတို့လိုက်နာရမည့်ပဋိညာဉ်ကို လိုက်နာရန်ပျက်ကွက်ခဲ့သည်ကို မတွေ့ရှိရကြောင်း၊ လျှောက်ထားခံရသူဌာနသည် မိမိလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းတွေ့ရသဖြင့် လျှောက်ထားမှုအပေါ် သင့်မြတ်သည့်အမိန့်တစ်ရပ်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူများ၏ရှေ့နေက လျှောက်ထားခံရသူဌာနသည် မြေငှားစာချုပ်ပယ်ဖျက်ရန် စီရင်ပိုင်ခွင့်အာဏာရှိသော်လည်း ပေးအပ်ထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း၊ မြေငှားစာချုပ်ပယ်ဖျက်ကြောင်း ၁၉-၁၀-၂၀၁၅ နေ့ထုတ်မြန်မာ့အလင်းသတင်းစာမှ ကြော်ငြာရာတွင် “ရှုပ်ထွေးမှုများ ပေါ်ပေါက်နေသဖြင့်” ဟူသော အကြောင်းပြချက်ဖြင့် ပယ်ဖျက်ခဲ့ခြင်းသည် ဥပဒေ၌

၂၀၁၅
ဦးတိုးဌေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

ပြဋ္ဌာန်းထားခြင်းမရှိသော အကြောင်းပြချက်ဖြင့် ပယ်ဖျက်ရာရောက်ကြောင်း၊ လျှောက်ထားခံရသူဌာနအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အမြန်ဆောင်ရွက်ပေးရန် အကြောင်းကြားသည့်အပေါ် အမြန်ဆောင်ရွက်ပေးခဲ့သော်လည်း ဆောင်ရွက်မှုသည် ၁၉၀၇ ခုနှစ်၊ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေနှင့် ကိုက်ညီမှုမရှိကြောင်း၊ လျှောက်ထားသူများအား မြေငှားစာချုပ်မပယ်ဖျက်သင့်ကြောင်း ခုခံချေပရှင်းလင်းခွင့်မပေးဘဲ မြေငှားစာချုပ်ပြန်လည်အပ်နှံရန်ကိုသာ အဓိကထား၍ ထုတ်ဆင့်ခဲ့ပြီး မြေငှားစာချုပ်ပယ်ဖျက်ကြောင်း သတင်းစာမှ ကြော်ငြာခဲ့ခြင်းသည် ဌာနမှပေးအပ်ထားသော လုပ်ပိုင်ခွင့်များကို လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်ခဲ့ကြောင်း ပေါ်လွင်နေသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသည် ရန်ကုန်တိုင်းဒေသကြီး၊ စည်ပင်သာယာနယ်နမိတ်အတွင်းရှိ လူနေရပ်ကွက်များ၊ စက်မှုဇုန်များကို ၁၉၉၃ ခုနှစ်မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးလျက်ရှိရာ ၈-၁-၁၉၉၆ နေ့တွင် ကျင်းပပြုလုပ်သည့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အပိုဒ် (၉) တွင် အစိုးရမြေများကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆက်လက်၍စီမံဆောင်ရွက်သွားရန် လမ်းညွှန်မှုပြုခဲ့ကြောင်း၊ လျှောက်ထားသူများမှ မြေငှားစာချုပ်လျှောက်ထားသောမြေကွက်အမှတ် ၂၃၃၊ ဧရိယာ ၀.၀၂၉ ဧကခန့်သည် အစိုးရမြေကွက်လပ်ဖြစ်၍ ၂၂-၃-၂၀၁၄ နေ့တွင် ကွင်းဆင်းစစ်ဆေးခဲ့ရာ လျှောက်ထားသူများ၏ မြေကွက်အမှတ် ၂၃၂ နှင့် ဆက်စပ်နေပြီး

၂၀၁၅

ဦးတိုးဌေး ပါ ၂

နှင့်

ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

မြေပေါ်တွင် မည်သည့်အဆောက်အဦ၊ မည်သည့်ဆိုင်းဘုတ်မျှမရှိသည်ကိုတွေ့ရှိခဲ့ရကြောင်း၊ လျှောက်ထားသည့်မြေကွက်အမှတ် ၂၃၃ အားစိစစ်ပြီးနောက် ၄-၁၁-၂၀၁၄ နေ့တွင် ကျင်းပပြုလုပ်သောဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် ၄၂/ ၂၀၁၄ ဆုံးဖြတ်ချက်အရ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးရန်အတွက် ကန့်ကွက်ရန်ရှိ မရှိကို ၁၉-၁၁-၂၀၁၄ ရက်စွဲပါစာဖြင့် သဃ်န်းကျွန်းမြို့နယ်အုပ်ချုပ်ရေးမှူးရုံးနှင့် ၉၀နရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထံလည်းကောင်း၊ ၂၂-၁၁-၂၀၁၄ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင်လည်းကောင်း ထည့်သွင်းကြော်ငြာခဲ့ရာ သတ်မှတ်ရက် ၁၅ ရက်အတွင်း ကန့်ကွက်သူမရှိ၍ မြေတန်ဖိုးငွေကျပ် ၄၂ သိန်းပေးသွင်းစေပြီး လျှောက်ထားသူများ၏အမည်ဖြင့် နှစ် ၆၀ မြေငှားစာချုပ် (အထူးဂရန်) ကို ၁၁-၁၂-၂၀၁၄ ရက်နေ့တွင်ထုတ်ပေးခဲ့ကြောင်း၊ ထိုသို့မြေငှားစာချုပ်ထုတ်ပေးခဲ့မှုအပေါ် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၆-၅-၂၀၁၅ ရက်စွဲပါ ကန့်ကွက်စာပေးပို့ခဲ့ပြီး သဃ်န်းကျွန်းမြို့နယ်၊ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဥက္ကဋ္ဌကပါတီပိုင်မြေအား ခြံစည်းရိုးခတ်၍ မြေငှားဂရန်လျှောက်ထားမှုကို အရေးယူပေးရန်တင်ပြလာသဖြင့် မြေငှားစာချုပ် (အထူးဂရန်) အမြန်ပယ်ဖျက်ပေးရေးဆောင်ရွက်ပေးရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ၂၆-၈-၂၀၁၅ ရက်စွဲပါစာဖြင့် အကြောင်းကြားခဲ့ကြောင်း၊ ထို့ကြောင့် ပြန်လည်စိစစ်ဆောင်ရွက်ရန်လိုအပ်လာသဖြင့် မြေငှားစာချုပ်ကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဌာနသို့ ပြန်လည်အပ်နှံရန် လျှောက်ထားသူများထံ ၁၈-၆-၂၀၁၅၊ ၉. ၇. ၂၀၁၅၊ ၈-၉-၂၀၁၅ ရက်စွဲပါစာများဖြင့် ၃ ကြိမ်ပေးပို့ခဲ့သော်လည်း

၂၀၁၅
ဦးတိုးငွေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

လာရောက်အပ်နှံခြင်းမရှိသဖြင့် ၃၁-၉-၂၀၁၅ နေ့ နောက်ဆုံးထားပြီး အပ်နှံခြင်းမရှိပါက ဤဦးစီးဌာနမှ ပယ်ဖျက်သွားမည်ဖြစ်ကြောင်း ၂၃-၉-၂၀၁၅ ရက်စွဲပါ အကြောင်းကြားစာထပ်မံပေးပို့ခဲ့ကြောင်း လျှောက်ထားသူများမှ မြေငှားစာချုပ်အပ်နှံခြင်း၊ လာရောက်ခြင်းမရှိသဖြင့် ၁၉-၁၀-၂၀၁၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြေငှားစာချုပ်အား ပယ်ဖျက်ကြောင်း ထည့်သွင်းကြော်ငြာခဲ့ရကြောင်း၊ အဆိုပါမြေကွက်အမှတ် ၂၃၃၊ အစိုးရမြေကွက်သည် ဌာနမှစီမံခန့်ခွဲလျက်ရှိသော မြေဖြစ်သဖြင့် ဦးတိုးငွေး + ၁ သို့ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့သော်လည်း ပိုင်ဆိုင်မှုအငြင်းပွားမှုများဖြစ်ပေါ်လာသဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ရန်အတွက် မြေငှားစာချုပ်အား ဌာနသို့ပြန်လည်အပ်နှံရန် အကြိမ်ကြိမ်အကြောင်းကြားခဲ့သော်လည်း ကာယကံရှင်မှ လာရောက်အပ်နှံခြင်းမရှိသဖြင့် မြေငှားစာချုပ်ကို ပယ်ဖျက်သည်အထိ ဆောင်ရွက်ခဲ့ရခြင်းဖြစ်ပြီး နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများအရ တာဝန်နှင့်လုပ်ပိုင်ခွင့်ကို ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းမရှိ၍ အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ရန်မသင့်ကြောင်းဖြင့် လျှောက်ထားခံရသူက ပြန်ကြားအစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာတို့တွင် ဖော်ပြထားသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့သည့် မြေကွက်အမှတ် ၂၃၃ မြေသည် အစိုးရမြေဖြစ်၍ အောက်မြန်မာနိုင်ငံမြို့နှင့်ကျေးရွာမြေများအက်ဥပဒေနှင့် သက်ဆိုင်မည်ဖြစ်သည်။ ထုတ်ပေးထားသည့်ဂရန်စာချုပ် သို့မဟုတ် မြေငှားစာချုပ်ကိုဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများအက်ဥပဒေပုဒ်မ ၂၀ တွင်

အောက်ပါအတိုင်းပြဋ္ဌာန်းထားသည် -

20. When The Revenue Officer is satified that any State Land of which a grant or lease has been made, or in respect of which a licence has been given, limited to any specific purpose, has been, or is being used without the permission of the Revenue Officer for any other purpose, the person in possession of the land shall be liable-

၂၀၁၅
ဦးတိုးဌေး ပါ ၂
နှင့်
ညွန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

(3) to have the grant, lease or licence of or for the land cancelled by the Revenue Officer and to be evicted therefrom:

Provided that no final order under this section shall be made until the person in possession of the land has had an opportunity of showing cause against the imposition of any penalty, and that no order shall be enforced until it has been confirmed by the Commissioner of the division.

အဆိုပါဥပဒေပြဋ္ဌာန်းချက်အရ ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ဖြင့် ပေးအပ်ထားသည့်အစိုးရမြေကို အခွန်တော်အရာရှိ၏ အခွင့်အမိန့်မရှိဘဲ စည်းကမ်းသတ်မှတ်ချက်များနှင့်ဆန့်ကျင်၍ အခြားကိစ္စအတွက်အသုံးပြုလျှင် အခွန်တော်အရာရှိက ဂရန်ရရှိသူ သို့မဟုတ် အငှားစာချုပ်ရသူအား အကြောင်းပြထုချေခွင့်ပေး၍ ထုတ်ပေးထားသည့် ဂရန်စာချုပ် သို့မဟုတ် အငှားစာချုပ်ကို ဖျက်သိမ်းနိုင်သည်။ သို့ရာတွင်

၂၀၁၅
ဦးတိုးဌေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

မြေလက်ရှိဖြစ်သူအား အကြောင်းပြထုချေခွင့်မပေးဘဲ အမိန့်မချရပေ။

အချင်းဖြစ်မြေကွက်အမှတ် ၂၃၃ နှင့်စပ်လျဉ်း၍ လျှောက်ထားသူများအမည်ဖြင့် ထုတ်ပေးထားသည့်မြေငှားစာချုပ် (အထူးဂရန်) တွင် အငှားစာချုပ်ရသူနှင့် အငှားချထားသူတို့မှ ပဋိညာဉ်စည်းကမ်းများသတ်မှတ်ချုပ်ဆိုထားပြီး ၁၁-၁၂-၂၀၁၄ နေ့မှစ၍ နှစ်ပေါင်း ၆၀ ကာလအပိုင်းအခြားအတွက် လက်ရှိထားနိုင်ရန် အငှားစာချုပ်ရသူအား အငှားချထားကြောင်းဖြင့်ဖော်ပြပါရှိသည်။

မြေငှားစာချုပ်လျှောက်ထားသော မြေကွက်အမှတ် ၂၃၃ သည် အစိုးရပိုင်မြေဖြစ်သဖြင့် လျှောက်ထားခံရသူဌာနက ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နည်းလမ်းတကျစိစစ်ပြီး နှစ် ၆၀ မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့ကြောင်းတွေ့ရသည်။ အချင်းဖြစ်မြေကို လျှောက်ထားသူများအမည်ဖြင့် မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးထားပြီး ကန့်ကွက်သူ သဃ်န်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီသို့ အချင်းဖြစ်မြေကို ဂရန်ချထားပေးခဲ့သည့် အထောက်အထားမတွေ့ရပေ။

မြေငှားစာချုပ် (အထူးဂရန်) ပြန်လည်အပ်နှံရန် လျှောက်ထားခံရသူဌာနမှ လျှောက်ထားသူများထံ အကြောင်းကြားသည့်စာများတွင် မြေငှားစာချုပ် (အထူးဂရန်) ထုတ်ပေးခဲ့ခြင်းအပေါ် ပြန်လည်စိစစ်ဆောင်ရွက်ရမည်ဖြစ်၍ မြေငှားစာချုပ်အား ဌာနသို့ ပြန်လည်အပ်နှံပါရန်ဟု ဖော်ပြထားကြောင်းတွေ့ရသည်။ ၂၃-၉-၂၀၁၅ ရက်စွဲဖြင့် မြေငှားစာချုပ် ပြန်လည်အပ်နှံရန် အကြောင်းကြားစာတွင် မြေကွက်အမှတ် ၂၃၃ အား လျှောက်ထားသူ ဦးတိုးဌေး ဒေါ်စန်းရီအမည်ဖြင့် မြေငှားစာချုပ်

ထုတ်ပေးခဲ့ခြင်းနှင့်ပတ်သက်၍ ရှုပ်ထွေးမှုများဖြစ်ပေါ်နေသဖြင့် ပြန်လည်စိစစ်ဆောင်ရွက်ရန်ဟုသာ ဖော်ပြထားပြီး လျှောက်ထားသူများမှ မြေငှားစာချုပ်ပါ မည်သည့်စည်းကမ်းချက်ကို ဖောက်ဖျက်ကြောင်း၊ မည်သည့်ရှုပ်ထွေးမှုများဖြစ်ပေါ်နေကြောင်းစသည်ဖြင့် မြေငှားစာချုပ်ပြန်လည်အပ်နှံစေရသည့် အကြောင်းကိစ္စကို ဖော်ပြထားခြင်းမရှိပေ။

၂၀၁၅
ဦးတိုးဌေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

လျှောက်ထားခံရသူဌာနမှ လျှောက်ထားသူများထံပေးပို့သည့် အကြောင်းကြားစာများသည် ထုတ်ပေးထားသည့်မြေငှားစာချုပ် (အထူးဂရန်) ကို ပြန်လည်အပ်နှံရန် အကြောင်းကြားသည့်စာသာဖြစ်ပြီး မြေငှားစာချုပ်ပြန်လည်အပ်နှံစေသည့်အကြောင်းနှင့် မြေငှားစာချုပ်ကို မည်သည့်အတွက် မအပ်နှံသင့်ကြောင်း လျှောက်ထားသူများအား အကြောင်းပြထုချေခွင့်ပေးခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေယာဌာနခွဲမှ ၁၉-၁၀-၂၀၁၅ နေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် မြေငှားစာချုပ်ပယ်ဖျက်ခြင်းခေါင်းစဉ်ဖြင့် အချင်းဖြစ်မြေကွက်အမှတ် ၂၃၃ အား ဦးတိုးဌေး၊ ဒေါ်စန်းရီအမည်ဖြင့် မြေငှားစာချုပ်ထုတ်ပေးခဲ့ရာ ရှုပ်ထွေးမှုများဖြစ်နေပါသဖြင့် ဌာနသို့ပြန်လည်အပ်နှံရန် အကြောင်းကြားခဲ့သော်လည်း လာရောက်အပ်နှံခြင်းမရှိသဖြင့် အဆိုပါမြေကွက်၏ မြေငှားစာချုပ်အား ၁-၁၀-၂၀၁၅ နေ့မှစ၍ ပယ်ဖျက်လိုက်ကြောင်း ကြေညာ အပ်ပါသည်ဟုဖော်ပြပါရှိသည်။

လျှောက်ထားသူများအား ထုတ်ပေးထားသော မြေငှားစာချုပ်နှစ် ၆၀ (အထူးဂရန်) သည် အငှားဂရန်သက်တမ်းကုန်ဆုံးခြင်းမရှိသေးသည့်အပြင် လျှောက်ထားသူများမှ မြေငှားစာချုပ်ပါ စည်းကမ်း

၂၀၁၅

ဦးတိုးဌေး ပါ ၂
နှင့်
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့်အိမ်ရာ
ဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေး
ဝန်ကြီးဌာန

ချက်တစ်စုံတစ်ရာဖောက်ဖျက်ကြောင်း ပေါ်ပေါက်ခြင်းမရှိပါဘဲလျှောက်ထားခံရသူဌာနသည် လျှောက်ထားသူများအား အကြောင်းပြထုချေခွင့်မပြုဘဲ မြေငှားစာချုပ်အား တစ်ဖက်သတ်ပယ်ဖျက်ကြောင်း ကြေညာခဲ့ခြင်းသည် အပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းပေါ်ပေါက်သည်။

အာဏာပေးစာချွန်တော်အမိန့်သည် တရားဝင်အခွင့်အာဏာရှိသူ တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ အစိုးရဌာနတစ်ခုခုကဖြစ်စေ အပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုအား ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ရေးသားထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

**နမ္မတူအလုပ်သမားများသမဂ္ဂနှင့် မြန်မာ့စက်မှုလုပ်ငန်းဆိုင်ရာအနုညာတခုံရုံး ပါ ၂ အမှု** (၁) တွင် အာဏာပေးစာချွန်တော်အမိန့်သည် အာဏာပိုင်အဖွဲ့အစည်းက ဥပဒေနှင့်အညီထမ်းဆောင်ရန်ပျက်ကွက်သည့် ၎င်း၏ပြည်သူ့တာဝန် ဝတ္တရားဆိုင်ရာပျက်ကွက်မှုကို ဖြည့်ဆည်းဆောင်ရွက်စေရေးအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တိုက်ရိုက်ညွှန်ကြားနိုင်သည့် စာချွန်တော်အမိန့်တစ်ရပ်ဖြစ်ကြောင်း လမ်းညွှန်ထုံးဖွဲ့ထားသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို ခွင့်ပြုသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ မြေရာဌာနခွဲက ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ဇဝနရပ်ကွက်၊ မြေကွက်အမှတ် ၂၃၃၊ ဦးတိုးဌေး၊ ဒေါ်စန်းရီအမည်ဖြင့်

(၁) ၁၉၅၀ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး (တရားလွှတ်တော်ချုပ်) စာ-၁၇၆။

ထုတ်ပေးထားသည့်မြေငှားဂရန်အား ၁-၁၀-၂၀၁၅ နေ့မှစ၍ ပယ်ဖျက်လိုက်သည့်အမိန့်ကို အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

စရိတ်မသတ်မှတ်။

၂၀၁၅

ဦးတိုးဌေး ပါ ၂

နှင့်

ညွှန်ကြားရေးမှူးချုပ်

မြို့ပြနှင့်အိမ်ရာ

ဖွံ့ဖြိုးရေးဦးစီးဌာန

ဆောက်လုပ်ရေး

ဝန်ကြီးဌာန

+ ၂၀၁၆ ခုနှစ်
နိုဝင်ဘာလ ၂၃ ရက်

## တရားမအထူးအယူခံမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးသာဌေး၊ဦးစိုးညွန့်၊ ဦးမြသိမ်း၊ ဦးမြင့်အောင်၊ ဦးအောင်ဇော်သိန်းနှင့်
ဦးမြင့်ဟန်တို့ရှေ့တွင်

ဦးတင်အေး

နှင့်

ဦးကျော်ကျော်သက် ပါ ၂*
(ကွယ်လွန်သူ ဦးသက်ဖော၏ တရားဝင်ကိုယ်စားလှယ်)

အမှုသည်တို့၏ အခွင့်အရေးဆက်ခံသူများတွင် မည်သူတို့ပါဝင်ခြင်း။
ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့် သို့မဟုတ် စီမံခွင့်ကို ပိတ်ပင်သည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဆိုသည်မှာ တစ်ဖက်အမှုသည်၏ အခွင့်အရေးများကို ထိခိုက်စေသည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်ခြင်း။

---

* ၂၀၁၆ ခုနှစ်၊ တရားမအထူးအယူခံမှုအမှတ် ၃၈ နှင့် ၃၉

\+ ၂၀၁၄ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၈၆၅ နှင့် ၉၃၅ တို့တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂ ရက်စွဲပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံမှု။

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

**ဆုံးဖြတ်ချက်။** ။ အမှုသည်တို့၏ အခွင့်အရေးဆက်ခံသူဆိုရာတွင် အမွေဆိုင်များ၊ သေတမ်းစာအတည်ပြုသူများ၊ အမွေထိန်းများကဲ့သို့ သော တရားဝင်ကိုယ်စားလှယ်များသာမက တရားနိုင်၏ အကျိုးခံစားခွင့် ကို လွှဲပြောင်းရရှိသူ၊ တရားရှုံး၏ အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်းရရှိသူ ကဲ့သို့ အခွင့်အရေးဆက်ခံသူတို့လည်းပါဝင်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့် နှင့်စပ်လျဉ်း၍ သီးခြားတိုက်ရိုက်ပြဿနာပေါ်ပေါက်လျက်ရှိသော တရားမမှုခင်းတစ်ရပ်ရပ်သည် ပူးပေါင်းကြံစည်စွဲဆိုခြင်း မဟုတ်သည့်အပြင် ပြီးပြတ်ခြင်းမရှိပါက တရားရုံးကသတ်မှတ်ထားသည့် စည်းကမ်းချက်များ နှင့်အညီမှတစ်ပါး အမှုတွင်ချမှတ်သော ဒီကရီ သို့မဟုတ် အမိန့်အရ ထိုပစ္စည်းအပေါ် တစ်ဖက်အမှုသည်က ရသင့်ရထိုက်သော အခွင့်အရေး ကို ထိခိုက်အောင် မည်သည့်အမှုသည်ကမျှ လွှဲပြောင်းခွင့်၊ အခြားနည်း စီမံခွင့်မရှိကြောင်း တွေ့ရှိရသည်။

ယင်းပုဒ်မ ၅၂ ၏ ရှင်းလင်းချက်အရ တရားမမှုခင်း တစ်ရပ်ကို အဆိုလွှာတင်သည့်နေ့ သို့မဟုတ် စွဲဆိုသည့်နေ့မှစတင်သည့် အပြင် ထိုမှုခင်းကို အပြီးသတ်ဒီကရီဖြင့်ဖြစ်စေ၊ အမိန့်ဖြင့်ဖြစ်စေ ဆုံးဖြတ်ပြီးနောက် ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အပြေအကျေရရှိပြီး သည်ထိသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းဒီကရီ၊ အမိန့်သည် ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် အတည်ပြု ဆောင်ရွက်ခြင်းမပြုနိုင်သည့်အထိလည်းကောင်း မပြီးပြတ်ဘဲရှိသည်ဟု

မှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါပုဒ်မ ၅၂ အရ တရားမမှုခင်း မပြီးပြတ်မီ လွှဲပြောင်းခြင်းသည် အမှုစတင် စွဲဆိုသည့်နေ့မှစတင်ပြီး ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပြီးနောက် ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အတည်ပြုဆောင်ရွက်သည့် တရားမဇာရီမှုပြီးပြတ်သည်ထိ အကျုံးဝင် သက်ဆိုင်မည်ဖြစ်သည်။

စာချုပ်စာတမ်းကို မှတ်ပုံမတင်မချင်းစာချုပ်တွင် အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ထိခိုက်ခြင်းမရှိသည့် အလျောက် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ တွင် ပြဋ္ဌာန်းထား သည့်အတိုင်း အမှုသည်၏အခွင့်အရေးကို ထိခိုက်စေမည်မဟုတ်၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်သည့်လွှဲပြောင်းမှု သို့မဟုတ် စီမံမှုသည် တစ်ဖက်အမှုသည်၏ အခွင့်အရေးများကို ထိခိုက်စေသည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်သည့် အလျောက် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၄၉ (က) နှင့် ဆက်စပ်ကြည့်လျှင် မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုကိုဆိုလိုသည်။

| | | |
|---|---|---|
| အယူခံတရားလိုအတွက် | - | ဦးစိုးသိန်း<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ဦးအောင်ဇော်မင်း<br>တရားလွှတ်တော်ရှေ့နေ |

ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၂၀၁၃ ခုနှစ်၊ တရားမကြီးမှု အမှတ် ၄၁ တွင် ဦးသက်ဖောနှင့်ဒေါ်နော်လောနာတို့က ဦးတင်အေး

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

အပေါ် "ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ ၂၀၀၉ ခုနှစ် တရားမကြီးမှု အမှတ် ၇၇၆ ၏ ၂၇-၁၀-၂၀၁၀ ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီသည် တရားလိုများ ဝယ်ယူသည့်မြေနှင့် အသစ်ဆောက်လုပ်နေထိုင်လျက် ရှိသည့် အာရ်စီနှစ်ထပ်တိုက်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် တရားပြိုင်ကတရားလိုများအား အချင်းဖြစ်မြေနှင့်အိမ်မှ ဖယ်ရှားရန်ဆောင်ရွက်ခြင်းအပါအဝင် နှောင့်ယှက်ခြင်း တစ်စုံတစ်ရာအရေးဆိုခြင်းမပြုရန်ထာဝရတားဝရမ်းရလိုမှု"စွဲဆိုရာအမှုကို ပလပ်ခဲ့သည်။ ယင်းဒီကရီကို ဦးသက်ဖောတို့က ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၂၅ တွင် အယူခံရာ အယူခံမှုကိုတစ်စိတ်တစ်ဒေသခွင့်ပြုပြီး ၂၀၀၉ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ တရားမကြီးမှုအမှတ် ၇၇၆ ၏ စီရင်ချက်နှင့်ဒီကရီသည် တရားလိုများနေထိုင်လျက်ရှိသော အာရ်စီ နှစ်ထပ်တိုက်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာသည့် ဒီကရီချမှတ်ခဲ့သည်။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တရားပြိုင် ဦးတင်အေးက ၂၀၁၄ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၈၆၅ ဖြင့်လည်းကောင်း၊ ဦးသက်ဖောတို့က ၂၀၁၄ ခုနှစ်၊ တရားမအယူခံမှု အမှတ် ၉၃၅ ဖြင့်လည်းကောင်း အယူခံတင်သွင်းရာ အယူခံမှုနှစ်မှုလုံးကို ပလပ်ခဲ့သည်။ဦးတင်အေးက အထူးအယူခံဝင်ခွင့်ပြုရန် ၂၀၁၅ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ (အထူး) အမှတ် ၄၀၀ နှင့် ၄၀၁ တို့တွင် လျှောက်ထားသောအခါ အောက်ပါပြဿနာကို ပြန်လည်စိစစ်ကြားနာနိုင်ရန် အထူးအယူခံဝင်ခွင့်ပြုခဲ့သည်-

"ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ်

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

၇၇၆/၂၀၀၉ ၏ ၂၇-၁၀-၂၀၁၀ နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီသည် တရားလိုဦးသက်ဖောတို့ နေထိုင်လျက်ရှိသော အာရ်စီနှစ်ထပ်တိုက်အပေါ်တွင် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည် မှန်ကန်ခြင်း ရှိမရှိ။"

ဤတရားမအထူးအယူခံမှုနှစ်မှုသည် မူလတရားမကြီးမှုတစ်မှုတည်းမှ ပေါ်ပေါက်လာပြီး ဆုံးဖြတ်ရမည့်ပြဿနာလည်း တူညီသဖြင့် ဤစီရင်ချက်သည် အထူးအယူခံမှုနှစ်မှုလုံးနှင့် သက်ဆိုင်စေမည်ဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အဆိုလွှာအပိုဒ် ၄ အရ ဦးတင်အေးအား မြေကိုလက်ရောက်ပေးအပ်စေရန် ၂၇-၁၀-၂၀၁၀ ရက်စွဲပါ ဒီကရီချမှတ်ပြီးနောက်တွင်မှ ဒေါ်မဲမရီခရောင်းတို့က တရားရှုံးဒေါ်မြင့်မြင့်စိန်ထံမှ ၂၇-၁၂-၂၀၁၀ ရက်စွဲပါစာချုပ်ဖြင့် မြေနှင့်အိမ်ကိုဝယ်ယူခဲ့ခြင်း၊ ဒေါ်မဲမရီခရောင်းတို့ထံမှ ဦးသက်ဖောတို့က ၂၃-၇-၂၀၁၁ ရက်စွဲပါစာချုပ်ဖြင့်ဝယ်ယူပြီး အိမ်ကိုဖျက်၍ လက်ရှိတိုက်ကို ဆောက်လုပ်ခဲ့ခြင်း ကြောင့် ဦးသက်ဖောတို့သည် ဒီကရီချမှတ်ထားသော မြေနှင့်စပ်လျဉ်း၍ တရားရှုံးဒေါ်မြင့်မြင့်စိန်၏ အခွင့်အရေးကို ဆက်ခံသူများ (representative) အဖြစ်သို့ ဥပဒေအရရောက်ရှိသွားကြောင်း၊ ဦးတင်အေးရရှိသည့် ဒီကရီကို အတည်ပြုလျက်

ရှိသောဇာရီမှုမှ ဦးတင်အေးနှင့် ဦးသက်ဖော၊ ဒေါ်နော်လောနာတို့ကြား ပေါ်ပေါက်လျက်ရှိသော အချင်းဖြစ်မြေကို တရားနိုင်ဦးတင်အေးသို့ လက်ရောက်ပေးသင့် မသင့် ပြဿနာဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ (၁) အရ ဇာရီမှုတွင်သာ အဆုံးအဖြတ်ပေးရန်ဖြစ်ကြောင်း၊ ဦးသက်ဖောတို့စွဲဆိုသောအမှုသည် အနှစ်သာရအားဖြင့် မြေမှ ဖယ်ရှားမပေးလို၍ စွဲဆိုသောအမှုဖြစ်ကြောင်း၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ (၁) တွင် ပိတ်ပင်ထားလျက် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်ကချမှတ်သည့် မွက်ဟာဒီကရီကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်က အတည်ပြုခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ ဦးတင်အေးရရှိသော အနိုင်ဒီကရီပါ တစ်ထပ်နေအိမ်သည် မရှိတော့ ကြောင်း၊ အာရ်စီနှစ်ထပ်တိုက်သည် ဦးသက်ဖောတို့ ဆောက်လုပ်ထား သောအိမ်ဖြစ်သည်ကို ချေလွှာတွင် ဦးတင်အေးက မငြင်းကြောင်း၊ ယင်းအာရ်စီနှစ်ထပ်တိုက်ကို ဦးသက်ဖောတို့မပိုင်ဟု ဦးတင်အေးက ငြင်းဆိုကြောင်း အဆိုလွှာတွင် အဆိုပြုထားခြင်းမရှိသောကြောင့် သီးခြားသက်သာခွင့်အက်ဥပဒေပုဒ်မ ၄၂ တွင် အကျုံးဝင်သော အမှုမဟုတ်၍ တရားလွှတ်တော်ကချမှတ်သော မွက်ဟာဒီကရီကို ပြည်ထောင်စုတရား လွှတ်တော်ချုပ်က အတည်ပြုခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ **ဦးချစ်မောင် (ခ) မူရှာဂဆန်နှင့် အတွင်းဝန် (လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသားမှတ်ပုံတင်ရုံး) အမှု** [၁]၊ **ဦးမောင်ညို (ခ) အော၊ အမ်၊ အိုးမားနှင့် ပီ၊ အယ်(လ်)၊ ကေ ကာစီချစ်တီးယား (ခ) ဦးကာစီ အမှု** [၂] တို့အရ သီးခြားသက်သာခွင့်အက်ဥပဒေ

---

(၁) ၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၀။

(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၆၄ (ရုံးချုပ်)။

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

ပုဒ်မ၄၂အရ သက်သာခွင့်ကိုလိုလားသူသည် အပြစ်ကင်းမဲ့သန့်ရှင်းရန်လိုကြောင်း၊ ယင်းအမှုများ၌ တရားရုံးသည် ဆင်ခြင်တုံတရားကိုအသုံးပြု၍ သက်သာခွင့်ပေးရခြင်းဖြစ်ကြောင်းဖြင့် ဆုံးဖြတ်ကြောင်း၊ ဦးတင်အေးအား လက်ရောက်ပေးအပ်စေရန် ၂၇-၁၀-၂၀၁၀ နေ့တွင် ဒီကရီချမှတ်ပေးခြင်းဖြစ်ပြီး တရားရှုံး ဒေါ်မြင့်မြင့်စိန်က မှတ်ပုံမတင်သော ၂၇-၁၂-၂၀၁၀ ရက်စွဲပါ သက်သေခံ (ဃ) စာချုပ်ဖြင့် ဒေါ်မဲမရီခရောင်းတို့ထံလည်းကောင်း၊ ၎င်းတို့က ၂၃-၇-၂၀၁၁ ရက်စွဲပါ သက်သေခံ (ဂ) စာချုပ်ဖြင့် ဦးသက်ဖောတို့ထံလည်းကောင်း ရောင်းချခြင်းဖြစ်၍ အမှုမပြီးပြတ်မီ ဝယ်ယူခြင်းဖြစ်ကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ အရ လွှဲပြောင်းမှု၊ မှတ်ပုံမတင်သောစာချုပ်များအရ လွှဲပြောင်းမှုဖြစ်၍ တရားဝင်လွှဲပြောင်းမှုမဟုတ်ကြောင်း၊ ဦးသက်ဖောတို့သည် ကျူးကျော်နေထိုင်ခြင်းသာဖြစ်ကြောင်း၊ ဦးတင်အေး ရရှိထားသောဒီကရီကို အဟောသိကံဖြစ်အောင်ပြုလုပ်ခြင်းဖြစ်၍ တရားလိုဦးသက်ဖောတို့သည် အပြစ်ကင်းစင်သူများမဟုတ်ပါဘဲလျက် မြွက်ဟဒီကရီချမှတ်ပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း၊ ဤအယူခံမှုကိုခွင့်ပြု၍ မူလခရိုင်တရားရုံး၏ ဒီကရီကိုပြန်လည်အတည်ပြုသင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အယူခံတရားပြိုင်များ၏ရှေ့နေက တရားရှုံး ဒေါ်မြင့်မြင့်စိန်တို့ အမွေခွဲဝေသော သက်သေခံအမှတ် (ဆ) စာချုပ်နှင့် ဒေါ်မြင့်မြင့်စိန်က အချင်းဖြစ်မြေကွက်ကိုလဲလှယ်သော သက်သေခံအမှတ် (ဝ) စာချုပ်များသည် ဥပဒေအရ မှတ်ပုံမတင်သဖြင့် ဒေါ်မြင့်မြင့်စိန်သည် အချင်းဖြစ်မြေကွက်ကို တရားဝင်ပိုင်ဆိုင်ခြင်း

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

မရှိကြောင်း၊ အချင်းဖြစ်မြေနှင့်မူလအိမ်ဟောင်းကို ဒေါ်မြင့်မြင့်စိန်တို့က ဒေါ်မဲမရီခရောင်းတို့အားရောင်းချသော ၂၇-၁၂-၂၀၁၀ ရက်စွဲပါ သက်သေခံအမှတ် (ဃ) စာချုပ်နှင့် ဒေါ်မဲမရီခရောင်းတို့က ဦးသက်ဖေ‌ာတို့အား ရောင်းချသော ၂၃-၇-၂၀၁၁ ရက်စွဲပါ သက်သေခံ အမှတ် (ဂ) စာချုပ်များသည် မှတ်ပုံတင်ခြင်းမပြုသဖြင့် ဦးသက်ဖော‌တို့သည် လက်ရောက်ရယူနေထိုင်ခြင်းဖြင့် လက်ရှိထားပိုင်ခွင့်ကိုသာရရှိကြောင်း၊ တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ ပါ အမှုသည်တို့၏အခွင့်အရေးကို ဆက်ခံသူ ဆိုရာတွင်××××××တရားရှုံး၏အကျိုးသက်ဆိုင်ခွင့်ကိုလွှဲပြောင်းရရှိသူကဲ့သို့သော အခွင့်အရေးဆက်ခံသူတို့ပါဝင်သည်ဟုဆိုထား၍ တရားရှုံးဒေါ်မြင့်မြင့်စိန်သည် ပင်လျှင် ဥပဒေအမြင်တွင် ပိုင်ရှင်မဟုတ်သောကြောင့် ဦးသက်ဖော‌တို့သည် အချင်းဖြစ်မြေ၏တရားဝင်ပိုင်ရှင်ဖြစ်မလာသဖြင့် တရားရှုံးဒေါ်မြင့်မြင့်စိန်၏ အခွင့်အရေးဆက်ခံသူများမဟုတ်ကြောင်း၊ သို့ဖြစ်၍ ဦးတင်အေးက ဒီကရီ အတည်ပြုလျက်ရှိသည့်ဇာရီမှုတွင် ဆုံးဖြတ်ပေးရန်အကြောင်းမရှိကြောင်း၊ ဦးတင်အေးက အပြီးသတ်ဒီကရီကို ၂၇-၁၀-၂၀၁၀ နေ့တွင် ရရှိခြင်း ဖြစ်ရာ ဒီကရီချမှတ်ပြီး ၂ လအကြာ ၂၇-၁၂-၂၀၁၀ နေ့တွင် ဒေါ်မြင့်မြင့်စိန်တို့က ရောင်းချခြင်းဖြစ်၍ အမှုအတွင်းရောင်းချခြင်း မဟုတ်သဖြင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ နှင့် အကျုံးမဝင် ကြောင်း၊ ရောင်းချသောစာချုပ်များသည် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် ရောင်းချသည့်ပစ္စည်းကို ထိခိုက်ခြင်းမရှိသည့်အလျောက် ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေ ပုဒ်မ ၅၂ နှင့် ငြိစွန်းမှုမရှိကြောင်း၊ **ဦးရွှေမိုး ပါ ၃ နှင့် ဦးအိုက်ဖုန်းပါ ၂ အမှု** [၃] ကို ကိုးကားကြောင်း၊ ဦးတင်အေးသည်

(၃) ၁၉၉၅ ပြည့်နှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၅၁။

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

၂၇-၁၀-၂၀၁၀ နေ့တွင် ဒီကရီရရှိခဲ့ပြီး နောက်တွင်မှ ဦးသက်ဖောတို့က လက်ရှိနေထိုင်သော နှစ်ထပ်တိုက်ကို ၂၀၁၁ ခုနှစ်တွင် ဆောက်လုပ်ကြောင်းမှာ သက်သေခံအမှတ် (ဏ၊ ဏ-၁) ဓါတ်ပုံများအရ အငြင်းမပွားကြောင်း၊ ဦးတင်အေးရရှိသော ဒီကရီသည် ထိုနှစ်ထပ်တိုက်အပေါ် အကျိုးသက်ရောက်မှုမရှိကြောင်း၊ ဦးတင်အေးသည် မြေကို လက်ရောက်ရရန် ဒီကရီကိုအတည်ပြုရာ၌တိုက်ကို မဖယ်ရှားဘဲ မြေကိုလက်ရောက်ရနိုင်မည်မဟုတ်သဖြင့် ထိုဒီကရီသည် ဦးသက်ဖောတို့ ပိုင်ဆိုင်သော နှစ်ထပ်တိုက်တွင် ဒြိမ်းခြောက်လျက်ရှိသဖြင့် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၂ အရ ဦးသက်ဖောတို့က တရားစွဲခွင့်ရှိကြောင်း၊ **ခါတိဇာဘီဘီ နှင့် မဆင့် ပါ ၇ အမှု**[၄] ကို ကိုးကားကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ဒီကရီမှာ မှန်ကန်သဖြင့် ဤအထူးအယူခံမှုများကို ပလပ်သင့်ကြောင်းဖြင့် လျှောက်လဲတင်ပြသည်။

အဆိုလွှာတွင် တရားလိုဦးသက်ဖောသည် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒဌာနမှ အငြိမ်းစားပါမောက္ခဖြစ်ပြီး ဒေါ်နော်လောနာသည် သူနာပြုတက္ကသိုလ်မှ အငြိမ်းစားပါမောက္ခဖြစ်ကြောင်း၊ တရားလိုတို့သည် ဘူမိဗေဒ ကျောင်းသား ၃၀၀ ခန့်လှူဒါန်းငွေကျပ်သိန်း ၂၉၀ ဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် ၉၇၉/အေ၊ တစ်ထပ်တိုက်နှင့် ပေ ၅၀ × ၃၄ ပေရှိမြေတို့ကို ၂၃-၇-၂၀၁၁ နေ့တွင် ဒေါ်မဲမရီခရောင်းတို့ထံမှ ဝယ်ယူခဲ့ကြောင်း၊ မူလနေအိမ်ကိုဖြိုဖျက်၍ အာရ်စီနှစ်ထပ်တိုက်ဆောက်လုပ်ခဲ့ကြောင်း၊ ဒေါ်မဲမရီခရောင်းတို့က မူလပိုင်ရှင် ဦးကံစိန်နှင့်ဒေါ်တင်ရွှေတို့၏

(၄) ၁၉၆၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၈။

အမွေခံသားသမီးများဖြစ်ကြသော ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်းနှင့် ဒေါ်မြင့်မြင့်စိန်တို့ထံမှ ၂၇-၁၂-၂၀၁၀ နေ့တွင် ဝယ်ယူခဲ့ကြောင်း၊ တရားလိုတို့နေထိုင်စဉ် ၂၅-၁၀-၂၀၁၂ နှင့် ၂၀-၁၂-၂၀၁၂ နေ့များတွင် အင်းစိန်မြို့နယ်တရားရုံးက ဝရမ်းအတည်ပြုရာနေအိမ်မှာ ဒီကရီပါပစ္စည်းနှင့်မတူ၍ဖယ်ရှားမပေးနိုင်ဟု ခုခံခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၉ ခုနှစ်၊ တရားမကြီးမှုအမှတ် ၇၇၆ (တရားလို ဦးတင်အေးနှင့် တရားပြိုင် ဒေါ်မြင့်မြင့်စိန် အမှု)တွင် ချမှတ်သည့် ၂၇-၁၀-၂၀၁၀ ရက်စွဲပါ ဒီကရီကို မြို့နယ်တရားရုံး ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၅၃ ဖြင့် အတည်ပြုခြင်းဖြစ်သည်ဟု သိရကြောင်း၊ အမှုအတွင်း ဒေါ်မြင့်မြင့်စိန်တစ်ဦးတည်းက ရောင်းချခြင်းမဟုတ်ကြောင်း၊ အမွေဆိုင် ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်းနှင့် ဒေါ်မြင့်မြင့်စိန်တို့ ၃ ဦးလုံးက အဆင့်ဆင့်ရောင်းချခဲ့ခြင်းဖြစ်ကြောင်း၊ ဝရမ်းအတည်ပြုသည့်နေ့မှစ၍ တရားစွဲဆိုရန် အကြောင်းပေါ်ပေါက်ကြောင်းဖြင့် အဆိုပြုစွဲဆိုသည်။

ချေလွှာတွင် မူလပိုင်ရှင် ဦးကံစိန်နှင့် ဒေါ်တင်ရွှေတို့ ကွယ်လွန်သောအခါ အမွေခံသားသမီးများဖြစ်သော ဒေါ်သန်းသန်းအေး၊ ဦးမြင့်သန်း၊ ဒေါ်မြင့်မြင့်စိန်၊ ဦးသန်းထွန်းတို့ ၄ ဦးသည် ၁၆-၂-၁၉၉၀ နေ့တွင် အမွေခွဲဝေခြင်းစာချုပ်အရ အမွေခွဲဝေခဲ့ကြောင်း၊ ဒေါ်မြင့်မြင့်စိန်က တောင်ဘက်ခြမ်းရှိ ၇၅ ပေ × ၂၃ ပေခွဲ၊ ၁၈ ပေ မြေနှင့်အိမ်ကို ရရှိကြောင်း၊ ထိုကာလတွင် တရားပြိုင်ဦးတင်အေးနှင့် ဒေါ်မြင့်မြင့်စိန်တို့သည် လင်မယားအဖြစ် ပေါင်းသင်းဆဲဖြစ်ကြောင်း၊ ၁-၃-၁၉၉၀ နေ့တွင် မြေကွက်လဲလှယ်ခြင်းစာချုပ်အရ ဦးမြင့်သန်းနှင့် ဒေါ်မြင့်မြင့်စိန်တို့ မြေကွက်နေရာ လဲလှယ်ယူခဲ့ကြောင်း၊ ဦးမြင့်သန်းရရှိသော မြေကွက်သည်

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

အလျား ၃၈ ပေ × ၂၃ ပေ ခွဲ၊ ၂၂ ပေ ဖြစ်ကြောင်း၊ အိမ်အမှတ် ၉၇၉ ပါရှိကြောင်း၊ အမှုအတွင်း ဒေါ်မြင့်မြင့်စိန်တစ်ဦးတည်းမှ ရောင်းချခြင်း မဟုတ်ဘဲ ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း၊ ဒေါ်မြင့်မြင့်စိန်တို့ ပူးတွဲရောင်းချခြင်း ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၆ တွင် ချမှတ်သည့် ၂၇-၁၀-၂၀၁၀ ရက်စွဲပါဒီကရီအရ အဆိုပါမြေနှင့်အိမ်သည် ဦးတင်အေးတစ်ဦးတည်း ပိုင်ဆိုင်ကြောင်းနှင့် တရားလိုအားလက်ရောက်ပေးအပ်ရန် ဒီကရီချမှတ် ခဲ့သဖြင့် ဦးတင်အေးက တရားဝင်ပိုင်ဆိုင်ခွင့်ရရှိကြောင်း၊ အမှုအတွင်း ဒေါ်မြင့်မြင့်စိန်က ရောင်းချခြင်းဖြစ်၍ ပျက်ပြယ်ကြောင်း၊ တရားပြိုင် ဦးတင်အေးရရှိသော အနိုင်ဒီကရီအရ ဇာရီမှုတွင်အတည်ပြုခြင်း ဖြစ်ကြောင်း၊ တရားစွဲရန်အကြောင်းမပေါ်ပေါက်ကြောင်းဖြင့်ချေပသည်။

ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှု အမှတ် ၇၇၆ ၏ ၂၇-၁၀-၂၀၁၀ ရက်စွဲပါ အပြီးသတ်ဒီကရီကို သက်သေခံအမှတ် (ပ) နှင့် သက်သေခံအမှတ် (၂) အဖြစ် တရားလို၊ တရားပြိုင်တို့ကတင်ပြကြသည်။ အဆိုပါအပြီးသတ်ဒီကရီသည် ဦးတင်အေးက ဒေါ်မြင့်မြင့်စိန်အပေါ် လင်မယားကွာရှင်းပြတ်စဲပြီး ပစ္စည်း ခွဲဝေပေးစေလိုမှုစွဲဆိုရာ လင်မယားကွာရှင်းပြတ်စဲပြီး ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဘိုကုန်း၊ ရွာမအရှေ့၊ အောင်မင်္ဂလာလမ်း အမှတ် ၉၇၉ ရှိ မြေကွက်နှင့်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားလို တစ်ဦးတည်းမှပိုင်ဆိုင်ကြောင်းနှင့် တရားလိုသို့ လက်ရောက်ပေးအပ် စေရန် ဒီကရီချမှတ်ခဲ့သည့် ဒီကရီဖြစ်သည်။

ယင်းဒီကရီကို ဦးတင်အေးက အင်းစိန်မြို့နယ်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမဇာရီမှု အမှတ် ၅၃ ဖြင့် အတည်ပြုဆောင်ရွက်ရာတွင် အပ်ဝရမ်းထုတ်ဆင့်ခဲ့သည့် အပ်ဝရမ်းကို အတည်ပြုသူဘီလစ်က ယင်းမြေပေါ်တွင် ဦးသက်ဖောတို့နေထိုင်လျက်ရှိသော အာရ်စီ နှစ်ထပ်တိုက်တည်ရှိနေပြီး ဒီကရီအတည်ပြုသည့်ပစ္စည်းနှင့်မတူညီ၍ ငြင်းဆန်ခုခံသဖြင့် ဝရမ်းအတည်မပြုနိုင်ကြောင်း (သက်သေခံအမှတ်-ထ၊ ဒ) အပ်ဝရမ်းများကို ပြန်သွင်းခဲ့ကြောင်းတွေ့ရှိရသည်။

အချင်းဖြစ်ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ ရပ်ကွက်၊ အောင်မင်္ဂလာလမ်း အမှတ် ၉၇၉ (အေ) ဟု ခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်သည် မူလပိုင်ရှင် ဦးကံစိန်နှင့် ဒေါ်တင်ရွှေ တို့၏ သားသမီးများဖြစ်သူ ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း၊ ဒေါ်မြင့်မြင့်စိန်တို့က အမွေဆက်ခံပြီး ၎င်းတို့က ဒေါ်မဲမရီခရောင်းတို့အား ၂၇-၁၂-၂၀၁၀ ရက်စွဲပါအရပ်စာချုပ် (သက်သေခံအမှတ်-ဃ) ဖြင့် ရောင်းချခဲ့သည်။ ဒေါ်မဲမရီခရောင်းတို့ထံမှ ဦးသက်ဖောတို့က ၂၃-၇-၂၀၁၁ ရက်စွဲပါ မှတ်ပုံမတင်သော သက်သေခံအမှတ် (ဂ) စာချုပ်ဖြင့် ဝယ်ယူခဲ့ပြီးနောက် သက်သေခံအမှတ် (ဏ) ပါ မူလတစ်ထပ်တိုက်အိမ် ကိုဖျက်၍ သက်သေခံ အမှတ် (ဏ-၁) ပါ အာရ်စီနှစ်ထပ်တိုက်ကို အသစ် ဆောက်လုပ်နေထိုင်ခဲ့ကြခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက ဦးသက်ဖောတို့သည် တရားရုံး ဒေါ်မြင့်မြင့်စိန်ထံမှ အချင်းဖြစ်မြေနှင့် မြေပေါ်ရှိမူလအိမ်ဟောင်းကို အဆင့်ဆင့်လွှဲပြောင်းရောင်းချဝယ်ယူခဲ့သူများဖြစ်၍ တရားရုံး ဒေါ်မြင့်မြင့်စိန်၏ အခွင့်အရေးကို ဆက်ခံသူများဖြစ်ကြောင်း၊ တရားနိုင်

ဦးတင်အေးရရှိသည့် ဒီကရီကိုအတည်ပြုလျက်ရှိသော ဇာရီမှုတွင် အချင်းဖြစ်မြေကို လက်ရောက်ပေးသင့်မသင့် ပြဿနာဖြစ်၍ တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင် အကျုံးဝင်သဖြင့် ဦးသက်ဖော တို့သည် သီးခြားတရားမမှုစွဲဆိုခွင့်မရှိကြောင်း တင်ပြသည်။

တရားမကျင့်ထုံးဥပဒေပုဒ်မ ၄၇ တွင် ဒီကရီချမှတ်ခဲ့သည့် အမှုမှ အမှုသည်များ အချင်းချင်းတွင်ဖြစ်စေ၊ ၎င်းတို့၏အခွင့်အရေးကို ဆက်ခံသူတို့အချင်းချင်းတွင်ဖြစ်စေ ဒီကရီအတည်ပြုခြင်း ××××× နှင့်စပ်လျဉ်း၍ ပေါ်ပေါက်သောပြဿနာအရပ်ရပ်ကို ဒီကရီအတည်ပြု သည့် တရားရုံးကဆုံးဖြတ်ရမည်။ သီးခြားတရားမမှုတွင် အဆုံးအဖြတ် မပြုရဟု ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အမှုသည်တို့၏အခွင့်အရေးဆက်ခံသူဆိုရာတွင် အမွေဆိုင် များ၊ သေတမ်းစာအတည်ပြုသူများ၊ အမွေထိန်းများကဲ့သို့သော တရားဝင်ကိုယ်စားလှယ်များသာမက တရားနိုင်၏အကျိုးခံစားခွင့်ကို လွှဲပြောင်းရရှိသူ၊ တရားရှုံး၏အကျိုးသက်ဆိုင်ခွင့်ကို လွှဲပြောင်းရရှိသူကဲ့သို့ အခွင့်အရေးဆက်ခံသူတို့လည်းပါဝင်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၉ ခုနှစ်၊ တရားမကြီးမှု အမှတ် ၇၇၆ မှ အမှုသည်များသည် တရားလို ဦးတင်အေးနှင့် တရားပြိုင် ဒေါ်မြင့်မြင့်စိန်တို့ဖြစ်ကြပြီး တရားရှုံးသည် ဒေါ်မြင့်မြင့်စိန်တစ်ဦးတည်း သာဖြစ်သည်။ အချင်းဖြစ်မြေနှင့် မူလတစ်ထပ်တိုက်ကို သက်သေခံ အမှတ် (ဃ) စာချုပ်ဖြင့် မူလရောင်းချသူများမှာ တရားရှုံး ဒေါ်မြင့်မြင့်စိန် တစ်ဦးတည်းမဟုတ်ဘဲ အချင်းဖြစ်မြေကိုအမွေဆက်ခံသူများဖြစ်ကြသည့်

ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်းနှင့် တရားရှုံး ဒေါ်မြင့်မြင့်စိန်တို့ ဖြစ်ကြသဖြင့် အဆင့်ဆင့်လွှဲပြောင်းရောင်းချ၍ ဝယ်ယူရရှိသူ ဦးသက်ဖောတို့သည် တရားရှုံး ဒေါ်မြင့်မြင့်စိန်၏ အကျိုးသက်ဆိုင်ခွင့်ကို သာ လွှဲပြောင်းရရှိသူဟု ဆိုနိုင်မည်မဟုတ်ပေ။ ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်းတို့၏ အကျိုးသက်ဆိုင်ခွင့်ကိုပါလွှဲပြောင်းရရှိခြင်းဖြစ်၍ ဦးသက်ဖောတို့သည်တရားရှုံး ဒေါ်မြင့်မြင့်စိန်၏ အခွင့်အရေးကို ဆက်ခံသူဖြစ်သည်ဟု သတ်မှတ်နိုင်မည်မဟုတ်သဖြင့် ဦးသက်ဖောတို့က ဤတရားမကြီးမှုစွဲဆိုခြင်းကို တရားမကျင့်ထုံးဥပဒေ ပုဒ်မ ၄၇ က ပိတ်ပင်ရန်အကြောင်းမရှိပေ။

ဦးတင်အေးနှင့် ဒေါ်မြင့်မြင့်စိန်တို့အကြား ဖြစ်ပွားသော ရန်ကုန်တိုင်းဒေသကြီးတရားရုံး ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၆ တွင် အပြီးသတ်ဒီကရီကို ၂၇-၁၀-၂၀၁၀ နေ့တွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါဒီကရီတွင်ပါရှိသော အချင်းဖြစ်မြေနှင့် မူလ တစ်ထပ်တိုက်အိမ်ကို ဒေါ်မြင့်မြင့်စိန် ပါ ၃ ဦးတို့က သက်သေခံ အမှတ်(ဃ) အရပ်စာချုပ်ဖြင့် ဒေါ်မဲမရီခရောင်းတို့အား ၂၇-၁၂-၂၀၁၀ နေ့တွင်လည်းကောင်း၊ ဒေါ်မဲမရီခရောင်းတို့က မှတ်ပုံမတင်သော သက်သေခံ အမှတ် (ဂ) စာချုပ်ဖြင့် ဦးသက်ဖောတို့အား ၂၃-၇-၂၀၁၁ နေ့ တွင်လည်းကောင်း အဆင့်ဆင့်လွှဲပြောင်းရောင်းချခဲ့ ခြင်း ဖြစ်သဖြင့် တရားမကြီးမှုအမှတ် ၇၇၆/ ၂၀၀၉ အပြီးသတ် ဒီကရီချမှတ် ပြီးနောက်တွင်မှ လွှဲပြောင်းရောင်းချခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၆ ၏

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

ဒီကရီကို တရားနိုင် ဦးတင်အေးက အင်းစိန်မြို့နယ်တရားရုံး၊ တရားမဇာရီမှုအမှတ် ၅၃/၂၀၁၁ တွင် အတည်ပြုလျက်ရှိကြောင်း အပ်ဝရမ်းအတည်မပြုနိုင်ကြောင်း ဘီလစ်၏ ၂၀-၁၂-၂၀၁၂ ရက်စွဲပါ အစီရင်ခံစာပါ အပ်ဝရမ်းသက်သေခံအမှတ် (ဒ) အရ တွေ့ရှိရသည်။ သို့ဖြစ်၍ အချင်းဖြစ်မြေနှင့်တစ်ထပ်တိုက်ကို ဦးသက်ဖောတို့က အဆင့်ဆင့်လွှဲပြောင်းဝယ်ယူခဲ့ခြင်းသည် ထိုပစ္စည်းကို အတည်ပြုနေသည့် တရားမဇာရီမှုမပြီးပြတ်မီကာလအတွင်း လွှဲပြောင်းခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ ရှေ့နေက ဦးသက်ဖောတို့သည် အမှုမပြီးပြတ်မီအတွင်း ဝယ်ယူခြင်းဖြစ်၍ ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ အရ ငြိစွန်းသဖြင့် တရားဝင်လွှဲပြောင်းမှုမဟုတ်ကြောင်း၊ မှတ်ပုံမတင်သောစာချုပ်ဖြင့် လွှဲပြောင်းခြင်းဖြစ်၍ တရားမဝင်ကြောင်း၊ သို့ဖြစ်၍ ဦးသက်ဖောတို့သည် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ တရားစွဲဆိုခွင့်ရှိသည့် အပြစ်ကင်းသူများ မဟုတ်ကြောင်း တင်ပြသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်အရဆိုလျှင် မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ပိုင်ဆိုင်ခွင့်နှင့်စပ်လျဉ်း၍ သီးခြားတိုက်ရိုက်ပြဿနာပေါ်ပေါက်လျက်ရှိသော တရားမမှုခင်းတစ်ရပ်ရပ်သည် ပူးပေါင်းကြံစည်စွဲဆိုခြင်းမဟုတ်သည့်အပြင် ပြီးပြတ်ခြင်း မရှိသေးပါက တရားရုံးကသတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီမှတပါးအမှုတွင် ချမှတ်သောဒီကရီ သို့မဟုတ် အမိန့်အရ ထိုပစ္စည်းအပေါ် တစ်ဖက်အမှုသည်က ရသင့်ရထိုက်သော အခွင့်အရေး

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

ကိုထိခိုက်အောင် မည်သည့်အမှုသည်ကမျှ လွှဲပြောင်းခွင့်၊ အခြားနည်း စီမံခွင့်မရှိကြောင်း တွေ့ရှိရသည်။

ယင်းပုဒ်မ ၅၂ ၏ ရှင်းလင်းချက်အရ တရားမမှုခင်း တစ်ရပ်ကို အဆိုလွှာတင်သည့်နေ့ သို့မဟုတ် စွဲဆိုသည့်နေ့မှ စတင်သည့်အပြင် ထိုမှုခင်းကို အပြီးသတ်ဒီကရီဖြင့်ဖြစ်စေ၊ အမိန့်ဖြင့် ဖြစ်စေ ဆုံးဖြတ်ပြီးနောက်ယင်းဒီကရီ သို့မဟုတ် အမိန့်ကို အပြေအကျေ ရရှိပြီးသည်ထိသော်လည်းကောင်း၊ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းဒီကရီ၊ အမိန့်သည် ကာလစည်းကမ်းသတ်ကျော်လွန်သဖြင့် အတည်ပြုဆောင်ရွက်ခြင်း မပြုနိုင်သည့်အထိလည်းကောင်း မပြီးပြတ်ဘဲ ရှိသည်ဟုမှတ်ယူရမည်ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါပုဒ်မ ၅၂ အရ တရားမမှုခင်းမပြီးပြတ်မီ လွှဲပြောင်းခြင်းသည် အမှုစတင်စွဲဆိုသည့်နေ့မှ စတင်ပြီး ဒီကရီ သို့မဟုတ် အမိန့်ချမှတ်ပြီးနောက် ယင်းဒီကရီ သို့မဟုတ် အမိန့်ကိုအတည်ပြုဆောင်ရွက်သည့် တရားမဇာရီမှုပြီးပြတ်သည်ထိ အကျုံးဝင်သက်ဆိုင်မည်ဖြစ်သည်။

ဤအမှုတွင် ဦးသက်ဖောတို့သည် အချင်းဖြစ်မြေနှင့် မူလ တစ်ထပ်တိုက်အိမ်တို့ကို ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ် ၅၃ အတည်ပြုဆောင်ရွက်ဆဲတွင် အဆင့်ဆင့်လွှဲပြောင်းရယူခဲ့ခြင်းကြောင့် အမြင်အားဖြင့် အယူခံတရားလိုရှေ့နေတင်ပြသကဲ့သို့ အမှုမပြီးပြတ်မီ အတွင်း လွှဲပြောင်းခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

သို့ရာတွင် ယင်းဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်တွင် ပစ္စည်းကိုအမှုသည်တစ်ဦးဦးက လွှဲပြောင်းသည့်ကိစ္စကိုသာ သတ်မှတ်

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

ထားခြင်းဖြစ်၍ အမှုသည်များထက်ပို၍ပိုင်ဆိုင်ခွင့်ရှိသူက ပစ္စည်းလွှဲပြောင်းခြင်းသည် ပုဒ်မ ၅၂ နှင့် သက်ဆိုင်ခြင်းမရှိပေ။ ဤအမှုတွင် အချင်းဖြစ်မြေနှင့် မူလတစ်ထပ်တိုက်ကို အဆင့်ဆင့်လွှဲပြောင်းရောင်းချရာတွင် အမှုသည်ဖြစ်သူ ဒေါ်မြင့်မြင့်စိန် တစ်ဦးတည်း မဟုတ်ဘဲ အမွေဆိုင်များဖြစ်သူ ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း တို့က လွှဲပြောင်းရောင်းချခြင်းဖြစ်၍ ယင်းဥပဒေပုဒ်မ ၅၂ နှင့် သက်ဆိုင်သည်ဟု မဆိုနိုင်ချေ။

အချင်းဖြစ်မြေနှင့် မူလတစ်ထပ်တိုက်ကို ဒေါ်မြင့်မြင့်စိန် ပါ ၃ ဦးတို့ထံမှ အဆင့်ဆင့်လွှဲပြောင်းရောင်းချရာတွင် မှတ်ပုံမတင်သော သက်သေခံအမှတ် (ဂ) (ဃ) စာချုပ်တို့အရ ဦးသက်ဖောတို့က လက်ရောက်ဝယ်ယူနေထိုင်ခဲ့ကြကြောင်း အငြင်းမပွားချေ။ စာချုပ်စာတမ်းကို မှတ်ပုံမတင်မချင်းစာချုပ်တွင် အကျုံးဝင်သည့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းကို ထိခိုက်ခြင်းမရှိသည့်အလျောက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုသည်၏ အခွင့်အရေးကို ထိခိုက်စေမည်မဟုတ်၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ ပါ ပြဋ္ဌာန်းချက်များက ပိတ်ပင်သည့်လွှဲပြောင်းမှု သို့မဟုတ် စီမံမှုသည် အမှုသည်၏အခွင့်အရေးများကို ထိခိုက်စေသည့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်သည့်အလျောက် စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၄၉ (က) နှင့် ဆက်စပ်ကြည့်လျှင် မှတ်ပုံတင်စာချုပ်စာတမ်းဖြင့် လွှဲပြောင်းမှု သို့မဟုတ် စီမံမှုဖြစ်သည်ဟု **ဦးရွှေမိုးပါ ၃ နှင့် ဦးအိုက်ဖုန်း ပါ ၁ အမှု** [၃] **တွင်** ညွှန်ပြသည်။ ဤအမှုတွင် တရားရုံးဒေါ်မြင့်မြင့်စိန်အပါအဝင် ဒေါ်သန်းသန်းအေး၊ ဦးသန်းထွန်း

တို့၏လွှဲပြောင်းမှုသည် မှတ်ပုံမတင်သော စာချုပ်များအရလွှဲပြောင်းမှုဖြစ်၍ စာချုပ်ပါမရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုထိခိုက်ခြင်း မရှိသည့် အလျောက် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း အမှုသည်၏အခွင့်အရေးကို ထိခိုက် စေမည်မဟုတ်ချေ။ တစ်နည်းအားဖြင့် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ နှင့်သက်ဆိုင်သောလွှဲပြောင်းမှုမဟုတ်ဟု ဆိုရပေမည်။

ဦးသက်ဖောတို့သည် အချင်းဖြစ်မြေနှင့် မူလတစ်ထပ်တိုက် တို့ကို အဆင့်ဆင့်လွှဲပြောင်းဝယ်ယူခဲ့ရာတွင် ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေပုဒ်မ ၅၂ အရ ပိတ်ပင်သည့် လွှဲပြောင်းမှုမဟုတ်ခြင်း၊ မှတ်ပုံမတင်သောစာချုပ်များအရ ဝယ်ယူခဲ့ခြင်းမှန်သော်လည်း လက်ရှိ ထားနေထိုင်ပိုင်ခွင့် အခွင့်အရေးရှိခြင်းတို့ကြောင့် သီးခြားသက်သာခွင့် အက်ဥပဒေပုဒ်မ ၄၂ အရ သက်သာခွင့်တောင်းဆိုရန် အပြစ်ကင်းသူများမဟုတ်ဟု မဆိုနိုင်သဖြင့် ပုဒ်မ ၄၂ အရ မြွက်ဟချက် ဒီကရီ တရားစွဲဆိုတောင်းပိုင်ခွင့်ရှိသူများဖြစ်ကြောင်းမှာ ယုံမှားဖွယ်ရာ မရှိနိုင်ပေ။

ဦးသက်ဖောတို့နေထိုင်လျက်ရှိသော အချင်းဖြစ် နှစ်ထပ်တိုက်သည် ဦးတင်အေးရရှိထားသောဒီကရီပါ မူလက တည်ရှိခဲ့သည့် တစ်ထပ်တိုက်မဟုတ်ကြောင်းမှာ အငြင်းပွားရန်မရှိပေ။ ဦးသက်ဖောတို့သည် အချင်းဖြစ်မြေပေါ်ရှိ မူလကတည်ရှိခဲ့သော တစ်ထပ်တိုက်ကိုဖြိုဖျက်ပြီး အာရ်စီနှစ်ထပ်တိုက်အသစ်ကို ၂၀၁၁

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

ခုနှစ်တွင် ဆောက်လုပ်ခဲ့ခြင်းဖြစ်သောကြောင့် ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၆ ၌ ၂၇-၁၀-၂၀၁၀ နေ့တွင် ချမှတ်ခဲ့သည့် ဒီကရီပါပစ္စည်းမဟုတ်ကြောင်းမှာ ထင်ရှားမြင်သာသဖြင့် အဆိုပါ ဦးတင်အေး ရရှိခဲ့သော ဒီကရီသည်ဦးသက်ဖောတို့လက်ရှိနေ ထိုင်လျက်ရှိသော နှစ်ထပ်တိုက်အပေါ် အကျိုးသက်ရောက်မှုမရှိနိုင်ချေ။

အချင်းဖြစ်မြေသည် တရားရုံးဒေါ်မြင့်မြင့်စိန်နှင့် သက်ဆိုင်သောမြေပါဝင်ပြီး ဒီကရီပါမြေဖြစ်၍ ဦးသက်ဖောတို့အပေါ် လုံးဝအကျိုးသက်ရောက်မှုမရှိဟု မဆိုနိုင်သဖြင့် မြေနှင့်ပတ်သက်၍ ဒီကရီအကျိုးမသက်ရောက်ကြောင်း မြွက်ဟဒီကရီကို မရနိုင်ပေ။

သို့ဖြစ်၍ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချမှတ်ခဲ့သည့် ဦးတင်အေးရရှိထားသော ၂၀၀၉ ခုနှစ် တရားမကြီးမှုအမှတ် ၇၇၆ ၏ အပြီးသတ်ဒီကရီသည် ဦးသက်ဖောတို့ နေထိုင်လျက်ရှိသော အာရ်စီနှစ်ထပ်တိုက်အပေါ်တွင် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာသည့်ဒီကရီကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အတည်ပြုခဲ့ခြင်းသည် မှားယွင်းသည်ဟုမဆိုသာချေ။

ထို့ကြောင့် ကြားနာခဲ့သောပြဿနာကို အောက်ပါ အတိုင်းဖြေဆိုကာ ဤတရားမ အထူးအယူခံမှုနှစ်မှုလုံးကို စရိတ်နှင့်တကွပလပ်လိုက်သည်-

"ရန်ကုန်တိုင်းတရားရုံး တရားမကြီးမှုအမှတ် ၇၇၆/၂၀၀၉ ၏ ၂၇-၁၀-၂၀၁၀ နေ့စွဲပါ စီရင်ချက်နှင့်ဒီကရီသည် တရားလို ဦးသက်ဖောတို့ နေထိုင်လျက်ရှိသော အာရ်စီနှစ်ထပ်တိုက်

အပေါ်တွင် အကျိုးသက်ရောက်မှုမရှိကြောင်း မြွက်ဟကြေညာသည့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ ဆုံးဖြတ်ချက်သည်မှန်ကန်ကြောင်း။"

ရှေ့နေစရိတ် ကျပ် ၅၀၀၀၀ိ/- စီ သတ်မှတ်သည်။

၂၀၁၆
ဦးတင်အေး
နှင့်
ဦးကျော်ကျော်သက်
ပါ ၂

တရားမအထွေထွေလျှောက်ထားမှု

+ ၂၀၁၆ ခုနှစ်
အောက်တိုဘာလ ၁၇ ရက်

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးစိုးညွန့် နှင့် ဦးမြသိမ်း တို့ရှေ့တွင်

ဦးမင်းယုရှိန်
ဦးနေဝင်း

နှင့်

ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန *

**ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ နိုင်ငံ့ဝန်ထမ်းတစ်ဦးအား ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့် ညီညွတ်မှုမရှိခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လျှောက်ထားသူဦးမင်းယုရှိန်နှင့် ဦးနေဝင်းတို့ ၂ ဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ) အရ အကြောင်းကြားခဲ့ခြင်းအပေါ်

* ၂၀၁၆ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၅၁ နှင့် ၆၆

ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့် ညီညွတ်မှုမရှိပေ။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာမှုမပြုဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၅ အရ ဌာနဆိုင်ရာအရေးယူမှုတွင် ချမှတ်သည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဝန်ထမ်း၏အယူခံခွင့် အခွင့်အရေးကို လျှောက်ထားသူများမှ ရရှိခဲ့ခြင်းမရှိကြောင်းတွေ့ရသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာမှုမပြုဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပယ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသဖြင့် အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ရန်သင့်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်လဲ့လဲ့ရီ<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားသူအတွက် | - | ဦးလှိုင်မြင့်<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်ဖြူမာဝေ၊ ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂၀၁၆
ဦးမင်းယုရှိန်
ဦးနေဝင်း
နှင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ ဦးမင်းယုရှိန်နှင့် မကွေးတိုင်းဒေသကြီး အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး ဦးနေဝင်းတို့ ၂ ဦးအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၃-၁-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၆/ ၂၀၁၆ နှင့် ၇၅/၂၀၁၆ တို့ဖြင့် ၁၃-၁-၂၀၁၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်း ဥပဒေအခန်း ၁၁၊ ပုဒ်မ ၅၃၊ ပုဒ်မ ခွဲ (ဈ) အရ ဝန်ထမ်းအဖြစ်မှထုတ်ပစ် ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးပါရန် ဦးမင်းယုရှိန်နှင့် ဦးနေဝင်းတို့က အသီးသီးလျှောက်ထား လာကြခြင်းဖြစ်သည်။

လျှောက်ထားမှုအပေါ် ကနဦးကြားနာဆုံးဖြတ်ရေး အဖွဲ့က အာဏာပိုင်မေးစာချွန်တော် အမိန့်ထုတ်ဆင့်ရန်မသင့်ကြောင်း အကြောင်းပြစေရန် လျှောက်ထားခံရသူထံ အကြောင်းကြားစာ ထုတ်ဆင့်ခဲ့သည်။

ဤတရားမအထွေထွေလျှောက်ထားမှုများသည် ဖြစ်ရပ်တစ်ခုတည်းမှ ပေါ်ပေါက်လာပြီး လျှောက်ထားတင်ပြသည့် ပြဿနာတူညီသဖြင့် ဤအမိန့်သည် လျှောက်ထားမှု ၂ မှုလုံးနှင့် သက်ဆိုင်စေရမည်။

လျှောက်ထားခံရသူအတွက် ပြည်ထောင်စုရှေ့နေချုပ် ရုံး၊ ညွှန်ကြားရေးမှူးက လျှောက်ထားသူတို့သည် ဒုတိယ ညွှန်ကြားရေးမှူးချုပ်အဆင့် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်းတစ်ဦး

အပေါ် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကိုချမှတ်မည်ဆိုပါက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်သင့်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၁၈၊ ၂၁၉ အရ ဌာနဆိုင်ရာအရေးယူမှုတွင် ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဝန်ထမ်းမှမကျေနပ်ပါက အယူခံတင်သွင်းခွင့်ရှိပြီး ဝန်ထမ်းကလျှောက်ထားတောင်းခံပါက ဌာနဆိုင်ရာ စစ်ဆေးမှုသက်သေထွက်ချက်နှင့် အစီရင်ခံစာတို့ကို မိတ္တူထုတ်ပေးရမည်ဖြစ်ကြောင်း၊ လျှောက်ထားသူတို့အပေါ် ဌာနဆိုင်ရာစစ်ဆေးမှုပြုလုပ်ခဲ့ခြင်းမရှိသည့်အတွက် အယူခံဝင်ရောက်နိုင်ရေးအတွက် အမှုတွဲမိတ္တူကူးယူခွင့်မရရှိခဲ့သဖြင့် အခွင့်အရေးများဆုံးရှုံးခဲ့ရပါသည်ဆိုသောလျှောက်ထားသူတို့၏ အကြောင်းပြချက်သည် လက်ခံစဉ်းစားသင့်သောအချက်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအနေဖြင့် လျှောက်ထားသူတို့အား ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် လျှောက်ထားမှုများအပေါ် သင့်မြတ်သည့် အမိန့်ချမှတ်သင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူ ဦးမင်းယုရှိန်၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က Fax ဖြင့်ပေးပို့ထားသော မေးခွန်းများကို ဖြေကြားရာတွင် မကွေးတိုင်းဒေသကြီးစည်ပင်သာယာမှ ဝန်ထမ်းများရာထူးတိုးရာတွင် ၎င်းတို့ထံမှငွေကြေးတောင်းခံ လက်ခံရယူခဲ့ခြင်းမရှိကြောင်း ဖြေကြားပေးပို့ခဲ့ပြီး မိမိအားစွပ်စွဲသူကို မသိရှိခဲ့ရကြောင်း၊ သက်သေအနေဖြင့်

သာ မေးခွန်းဖြေဆိုခဲ့ရကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ပြန်ကြားမှုတွင် အပြစ်ရှိကြောင်း အမြင်မရှင်းဖွယ်ရာဆိုသော စကားသည် ဥပဒေတွင်မရှိသော သာမန်လူမှုရေးနယ်ပယ်တွင် သုံးသောစကားရပ်ကို ထည့်သွင်းပြီး အပြစ်ရှိသည်ဟုသုံးသပ်ကာ စုံစမ်းစစ်ဆေးရန် လိုအပ်ခြင်းမရှိဟုမှတ်ယူပြီး ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၃(က)၊ ၂၁၂(က)(ခ) တို့ကို လိုက်နာမှုမရှိ၍ ဥပဒေ၊ နည်းဥပဒေများကို ဆန့်ကျင်ဆောင်ရွက်ရာရောက်ကြောင်း၊ လျှောက်ထားသူအပေါ် ခိုင်လုံသော အထောက်အထားမရှိဘဲ ဥပဒေနှင့်မညီသည့် အရေးယူမှု ပြုလုပ်ခဲ့ခြင်းကြောင့် နိုင်ငံသားအခွင့်အရေး ဆုံးရှုံးနစ်နာရကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် အောက်အဆင့်များသည် သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးကခန့်အပ်သည့် နိုင်ငံ့ဝန်ထမ်းများဖြစ်ကြကြောင်း၊ လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းသာဖြစ်၍ ဝန်ထမ်းအဖွဲ့အစည်း၏ အကြီးအမှူးမဟုတ်ကြောင်း၊ လျှောက်ထားသူအပေါ် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုမရှိဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် အမြင့်ဆုံး ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့်မညီကြောင်း၊ အယူခံလွှာတင်သွင်းရန် သက်သေထွက်ဆိုချက်နှင့် အစီရင်ခံစာမိတ္တူတို့မရရှိသဖြင့် အယူခံတက်ရောက်ရန် အခွင့်အရေးမရရှိခဲ့ကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၏ ၁၃-၁-၂၀၁၆ ရက်စွဲပါအမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၆ သည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသဖြင့် အာဏာပိုင်မေးစာချွန်တော်အမိန့်ဖြင့် ပယ်ဖျက်ပေးသင့်ပါကြောင်း လျှောက်လဲ

တင်ပြသည်။

၂၀၁၆

ဦးမင်းယုရှိန်

ဦးနေဝင်း

နှင့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးဝန်ကြီးဌာန

လျှောက်ထားသူဦးနေဝင်း၏ တရားလွှတ်တော်ရှေ့နေက ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စစ်ဆေးဆောင်ရွက်ချက်အရ လျှောက်ထားသူအပေါ် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့သော်လည်း ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာမှုမရှိခဲ့ခြင်းသည် နိုင်ငံ့ ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့်ညီညွတ်ခြင်းမရှိကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မတီရှင်က ဦးနေဝင်းသည် အဂတိလိုက်စားသည်ဟု အမြင်မရှင်းဖွယ်ရာလုပ်ဆောင်ကြောင်း သုံးသပ်ချက်သည် အဂတိလိုက်စားသည်ဟုဆိုလိုရာမရောက်ဘဲ သံသယထင်ကြေးသာဖြစ်ကြောင်း၊ လျှောက်ထားသူသည် စွပ်စွဲတိုင်တန်းခံရသူမဟုတ်ကြောင်း၊ ကိုယ်တိုင်ထုချေရှင်းလင်းခြင်း၊ သက်သေတင်ပြခြင်းတို့ မပြုခဲ့ရသဖြင့် ခုခံချေပခွင့် မရရှိခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၇၇ အရ အခွင့်အရေးရရှိရန်အတွက် စာချွန်တော်အမိန့် လျှောက်ထားရခြင်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၉၀ တွင် နိုင်ငံ့ဝန်ထမ်းများအား အရေးယူခြင်းကိုဥပဒေနှင့်အညီ ဆောင်ရွက်ရမည် ဟုပြဋ္ဌာန်းထားပါလျက် လျှောက်ထားသူအပေါ် ဥပဒေနှင့်မညီဘဲ အရေးယူခဲ့ခြင်းသည် တရားမျှတမှုကင်းမဲ့နေကြောင်း၊ လျှောက်ထားသူက သက်သေထွက်ဆိုချက်ပေးခဲ့ရသည့်အချက်အပေါ် အခြေပြုပြီး ခုခံချေပခွင့် အလိုအလျောက်ရရှိသည်ဟု ပြည်ထဲရေးဝန်ကြီး၏ ပြန်လှန်ကျမ်းကျိန်လွှာပါ ဖော်ပြချက်သည် ခုခံချေပခွင့်ဆိုသည့် ဥပဒေပြဋ္ဌာန်းချက်ကို မျက်ကွယ်ပြုရာရောက်ကြောင်း၊ လျှောက်ထားသူသည် အယူခံဝင်ခွင့်ရရန်

ကြိုးစားခဲ့သော်လည်း လိုအပ်သည့်အမိန့် မိတ္တူများမရသဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၁ (ဍ) အရ အခြေခံအခွင့်အရေးဖြစ်သည့် ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်မရခဲ့သောကြောင့် နစ်နာဆုံးရှုံးရကြောင်း၊ လျှောက်ထားသူအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသဖြင့် လျှောက်ထားသူအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့်အမိန့်ကိုအာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ဆင့်ပယ်ဖျက်ပေးသင့်ပါကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားသူဦးမင်းယုရှိန်သည် ကယားပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင်အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၃-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၆ ဖြင့်လည်းကောင်း၊ လျှောက်ထားသူ ဦးနေဝင်းသည် မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အုပ်ချုပ်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၃-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၆ ဖြင့်လည်းကောင်း၊ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း ၁၁၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဈ) အရ ဝန်ထမ်းအဖြစ်မှထုတ်ပစ် (Dismiss) ခဲ့ခြင်းဖြစ်သည်။

လျှောက်ထားသူတို့သည် နိုင်ငံ့ဝန်ထမ်းဆိုင်ရာပြစ်မှုကျူးလွန်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ တရားရုံးဆိုင်ရာ

၂၀၁၆
ဦးမင်းယုရှိန်
ဦးနေဝင်း
နှင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပြစ်ဒဏ်ချမှတ်ခံရခြင်း၊ အမှုအခင်းတစ်စုံတစ်ရာဖြင့် အရေးယူခံရခြင်းတို့ မရှိပါဘဲ လျှောက်ထားသူတို့အပေါ် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍စစ်ဆေးကြားနာမှု မရှိဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် အမြင့်ဆုံးပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် ဥပဒေနှင့် ညီညွတ်မှုမရှိကြောင်း၊ လျှောက်ထားသူတို့သည် တိုင်တန်းခံရသူမဟုတ်ဘဲ မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးအား တိုင်ကြားသည့်ကိစ္စတွင် သက်သေတစ်ဦးက လျှောက်ထားသူတို့၏အမည်ပါသည့်စကားရပ်ကို သုံးနှုန်းရုံမျှဖြင့် လျှောက်ထားသူတို့အား အဝေးရောက်သက်သေထွက်ဆိုချက်သာ တောင်းယူပြီး အလုပ်မှထုတ်ပစ်ခဲ့ခြင်းသည် များစွာနစ်နာရကြောင်း၊ လျှောက်ထားသူတို့ဘက်မှ ခုခံချေပခွင့် အယူခံဝင်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အမှုတွဲမှ သက်သေ ထွက်ဆိုချက်အစီရင်ခံစာတို့အား မိတ္တူကူးခွင့်မရရှိခဲ့သည့်အတွက် နိုင်ငံသားအခွင့်အရေးဆုံးရှုံးနစ်နာရပါကြောင်းဖြင့် လျှောက်ထားသူတို့၏ ကျမ်းကျိန်လွှာအသီးသီးတွင် ဖော်ပြလျှောက်ထားသည်။

လျှောက်ထားသူတို့၏တင်ပြချက်အပေါ် လျှောက်ထား ခံရသူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လျှောက်ထားသူ တို့သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ အကြီးအမှူးဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတ သည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ ထုတ်ပစ်ခြင်း ပြုနိုင်သည့်အခွင့်အာဏာအရလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ တွင် ဝန်ထမ်း၌အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသည့်ကိစ္စတွင်

၂၀၀၆

ဦးမင်းယုရှိန်

ဦးနေဝင်း

နှင့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးဝန်ကြီးဌာန

ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့်ဝန်ထမ်း ပြစ်ဒဏ် ချမှတ်နိုင်သည်ဟူသော ပြဋ္ဌာန်းချက်အရလည်းကောင်း၊ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုအရ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက လျှောက်ထားသူ ၂ ဦးကိုနိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၃ (ဈ) ဖြင့် အရေးယူရန်အကြောင်းကြားလာခြင်းကြောင့် ဌာဆိုင်ရာစုံစမ်းစစ်ဆေးမှု လိုအပ်ခြင်းမရှိဟု မှတ်ယူခဲ့ပြီး ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူ ၂ ဦးသည် အဝေးရောက် လွတ်လပ်စွာသက်သေထွက်ဆိုချက်ပေးခဲ့ပြီးဖြစ်၍ ခုခံချေပခွင့်လည်း အလိုအလျောက်ရရှိခဲ့ပြီးဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ တိုင်ကြားစာကိစ္စ အား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့က စစ်ဆေးခဲ့ပြီး စစ်ဆေးတွေ့ရှိချက်အရ နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ညွှန်ကြားလာမှုအပေါ် ပြည်ထဲရေးဝန်ကြီးဌာနက အရေးယူဆောင် ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ဆောင်ရွက်ရသည့်ကိစ္စမဟုတ်သဖြင့် စစ်ဆေးထွက်ဆိုချက်နှင့် အစီရင်ခံစာအား မိတ္တူကူးယူခွင့်မပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြန်ကြား အစီရင်ခံစာနှင့် ပြန်လှန်ကျမ်းကျိန်လွှာကို စာရွက်စာတမ်း အထောက် အထားများနှင့်တကွ တင်ပြသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ (ဃ) တွင် ဝန်ထမ်း အဖွဲ့အစည်းအကြီးအမှူးဆိုသည်မှာ နိုင်ငံတော်သမ္မတက ဝန်ထမ်း အဖွဲ့အစည်းတစ်ခုခုတွင် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးအဖြစ် တာဝန်ပေးခန့်အပ်ခြင်းခံရသူကိုဆိုသည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံတော်သမ္မတသည် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို ခန့်အပ်ခြင်း၊ အတည်ပြုခြင်း၊ ပြောင်းရွှေ့ခြင်း၊ အငြိမ်းစားပေးခြင်း၊ ထုတ်ပယ်ခြင်းနှင့် ထုတ်ပစ်ခြင်းတို့ပြုလုပ်နိုင်သည်ဟု နိုင်ငံဝန်ထမ်း ဥပဒေပုဒ်မ ၆ တွင် ပြဋ္ဌာန်းထားသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂ (င) တွင် ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့် နိုင်ငံ့ဝန်ထမ်းကို ဆိုလိုသည်ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားသူ ဦးမင်းယုရှိန်အား ညွှန်ကြားရေးမှူး ရာထူးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူး သို့တိုးမြှင့်ခန့်ထားပြီး ကယား ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အုပ်ချုပ်ရေးမှူးရာထူး၌ ခန့်အပ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၃၀-၇-၂၀၁၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၄၉/ ၂၀၁၅ ကို လျှောက်ထားသူ ဦးမင်းယုရှိန်က ချေပကျမ်းကျိန်လွှာဖြင့် ပူးတွဲတင်ပြသည်။လျှောက်ထားသူ ဦးနေဝင်း၏ လျှောက်ထားလွှာတွင်လည်း ဦးနေဝင်းသည် မကွေးတိုင်း ဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အုပ်ချုပ်ရေးမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) တာဝန်ထမ်းဆောင်စဉ်ဟုဖော်ပြထား၍ လျှောက်ထားသူတို့သည် ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးအဆင့် ရှိသော နိုင်ငံ့ဝန်ထမ်းများဖြစ်ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ စစ်ဆေးဆောင်ရွက်ချက်အပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၂-၁-၂၀၁၆ ရက်စွဲပါစာအမှတ် ၂၄/၁၅၂-လမ်းညွှန်/အမရ (၂၀၁၆) ဖြင့် အကြောင်းကြားစာ

၂၀၁၆
ဦးမင်းယုရှိန်
ဦးနေဝင်း
နှင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

(ပြန်ကြားအစီရင်ခံစာတွင် နောက်ဆက်တွဲ-ခ) အရ လျှောက်ထားသူ ဦးမင်းယုရှိန်နှင့် ဦးနေဝင်းတို့ ၂ ဦးအား ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်သည့် အမိန့်ကြော်ငြာစာများထုတ်ပြန်ခဲ့ကြောင်းတွေ့ရသည်။

နောက်ဆက်တွဲ (ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၁၂-၁-၂၀၁၆ ရက်စွဲပါအကြောင်းကြားစာတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရုံးအဖွဲ့မှူး ဦးမင်းယုရှိန်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူးဦးနေဝင်းတို့သည် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများ၏ ရာထူးတိုးစာမေးပွဲဖြေဆိုခဲ့မှုတွင် ရာထူးတိုး ဖြေဆိုခဲ့သူများကဂါရဝပြုခဲ့သည့်ဂါရဝပြုငွေကြေးကျပ် ၅ သိန်းစီ လက်ခံရယူခဲ့ခြင်းသည် အဂတိလိုက်စားသည်ဟု အများအမြင် မရှင်းဖွယ်ရာလုပ်ဆောင်ခဲ့ခြင်းဖြစ်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေ ပုဒ်မ ၃၀ (ခ) အရ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရန် ၇-၁-၂၀၁၆ ရက်နေ့တွင် ကျင်းပပြုလုပ်သောကော်မရှင်အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၆ ၌ ညှိနှိုင်းဆုံးဖြတ်ခဲ့သဖြင့် အဆိုပါ ဝန်ထမ်း ၂ ဦးအား နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၃၊ ပုဒ်မခွဲ (ဈ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ အရေးယူသွားရန်ဟုဖော်ပြ ထားသည်။

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ အကြောင်းကြားစာအရ လျှောက်ထားသူ ၂ ဦးအပေါ် အရေးယူ ဆောင်ရွက်မှုသည် နိုင်ငံ့ဝန်ထမ်း ဥပဒေနှင့်သာအကျုံးဝင်သက်ဆိုင်ကြောင်း ပေါ်ပေါက်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ) တွင် ကော်မရှင်သည်စုံစမ်းစစ်ဆေးချက်အရ စွပ်စွဲခံရသူအပေါ် ဝန်ထမ်းစည်းကမ်းအရသာ အရေးယူသင့်သည်ဟုယူဆပါက ယင်း၏ ဝန်ထမ်းအကြီးအကဲထံ အကြောင်းကြားရမည်ဟု ပြဋ္ဌာန်းထားသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ တွင် ဝန်ထမ်း၌ အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားနေသည့်ကိစ္စတွင် ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ထိုက်သင့်သည့်ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကို ချမှတ်နိုင်သည်ဟုပြဋ္ဌာန်းထားသည်။

ဝန်ထမ်းစည်းကမ်းဆိုင်ရာပြစ်ဒဏ်ချမှတ်ခြင်း၊ အယူခံခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း ၁၁၊ ပုဒ်မ ၅၃ (က) မှ (ဈ) တွင် ပြစ်ဒဏ်အမျိုးအစား ၉ မျိုးဖော်ပြထားရာ ပုဒ်မ ၅၃ (ဈ) တွင်ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်းဟု ပြဋ္ဌာန်းထားသည်။ ဝန်ထမ်းသည် ဌာနဆိုင်ရာ အရေးယူမှုတွင်ချမှတ်သည့် ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ အယူခံခွင့် ရှိစေရမည်ဟု နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၅ တွင် ပြဋ္ဌာန်းထားသည်။

နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ) တွင် ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုသည် လစာနှုန်းအတွင်း လစာလျှော့ချခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း သို့မဟုတ် ရာထူးမှထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း ပြစ်ဒဏ်တစ်ရပ်ရပ် ထိုက်သင့်သည့် ကိစ္စရပ်ဖြစ်ကြောင်း ငြိစွန်းတွေ့ရှိလျှင် ဌာနဆိုင်ရာ စစ်ဆေးမှုဖွဲ့၍ စစ်ဆေးကြားနာရမည်ဟု ပြဋ္ဌာန်းထားသည်။

၂၀၀၆
ဦးမင်းယုရှိန်
ဦးနေဝင်း
နှင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ဌာနဆိုင်ရာစစ်ဆေးမှုနှင့်စပ်လျဉ်း၍ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုသည် လစာနှုန်းအတွင်း လစာ လျှော့ချခြင်း သို့မဟုတ် ရာထူးအဆင့်လျှော့ချခြင်း သို့မဟုတ် ရာထူးမှ ထုတ်ပယ်ခြင်း သို့မဟုတ် ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ပြစ်ဒဏ် အောက်လျော့ပေါ့သည့် ပြစ်ဒဏ်တစ်ရပ်ရပ်သာ ထိုက်သင့်သော ကိစ္စရပ်ဖြစ်ပြီး ပြစ်မှုကျူးလွန်ကြောင်းထင်ရှားပေါ်ပေါက်ပါက ဌာနဆိုင်ရာ စစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ အမှုကိုဆုံးဖြတ်ချက် ချနိုင်သည်။ သို့ရာတွင် တရားမျှတမှုရှိစေရေးအတွက် လည်းကောင်း၊ ဥပဒေကြောင်းအရခိုင်လုံစေရန် လည်းကောင်း၊ စစ်ဆေးကြားနာသင့်သည့် အချက်အလက်များပါရှိသည်ဟုယူဆပါက ဌာနဆိုင်ရာ စစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာနိုင်သည်ဟု နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၃ (က) တွင် ပြဋ္ဌာန်းထားသည်။ နိုင်ငံဝန်ထမ်းတစ်ဦးအား ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်းပြစ်ဒဏ်အောက်လျှော့ပေါ့သည့် ပြစ်ဒဏ်တစ်ရပ်ရပ်သာ ထိုက်သင့်သောကိစ္စရပ်တွင် ပြစ်မှုကျူးလွန်ကြောင်း ထင်ရှားပေါ်ပေါက်သည့် အခြေအနေမှာပင် နိုင်ငံ့ဝန်ထမ်း နည်းဥပဒေ ၁၉၃ (က) အရ ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာနိုင်ကြောင်း တွေ့ရသည်။

လျှောက်ထားသူတို့သည် အချင်းဖြစ်တိုင်ကြားစာကိစ္စ နှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က ပေးပို့သည့် မေးခွန်းများကို ဖြေဆိုသည့်ထွက်ဆိုချက်အား စာဖြင့်ရေးသား ပေးပို့ခဲ့ရသည်မှအပ စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ကိုယ်တိုင်ထုချေ ရှင်းလင်းခြင်း၊ သက်သေတင်ပြခြင်း၊ ပြန်လှန်မေးမြန်းထုချေခြင်းတို့

ဆောင်ရွက်ခဲ့ရခြင်းမရှိကြောင်း၊ လျှောက်ထားလွှာနှင့် ကျမ်းကျိန်လွှာတို့အရတွေ့ရသည်။ ထို့သို့ဆောင်ရွက်ခဲ့ခြင်းမရှိဘဲ လျှောက်ထားသူတို့တွင်အပြစ်ရှိကြောင်း ပေါ်လွင်ထင်ရှားသည်ဟု ကောက်ယူရန်သင့်မည်မဟုတ်ပေ။ လျှောက်ထားသူတို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ထံ သက်သေထွက်ဆိုချက်ပေးရာတွင် ဂါရဝပြုကန်တော့သည့်ငွေကြေးတစ်စုံတစ်ရာ လက်ခံရယူခဲ့ခြင်းမရှိပါဟု ငြင်းဆိုထားသည်ကိုတွေ့ရသည်။

ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ စုံစမ်းစစ်ဆေးချက်အရ လျှောက်ထားသူ ၂ ဦးအပေါ် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်ရန် ယင်းကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၆ က ဆုံးဖြတ်ခဲ့သဖြင့် အဆိုပါဝန်ထမ်း ၂ ဦးအား ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းမပြုဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် အမြင့်ဆုံးပြစ်ဒဏ်ကို ချမှတ်ခဲ့ကြောင်းတွေ့ရသည်။

လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လျှောက်ထားသူ ဦးမင်းယုရှိန်နှင့် ဦးနေဝင်းတို့ ၂ ဦးအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၃၀ (ခ) အရ အကြောင်းကြားခဲ့ခြင်းအပေါ် ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာခြင်းမပြုဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပစ်သည့် ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၉၂ (ဃ)၊ ၁၉၃ (က) တို့နှင့်ညီညွတ်မှုမရှိပေ။

၂၀၁၆
ဦးမင်းယုရှိန်
ဦးနေဝင်း
နှင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေအခန်း (၈) တွင် နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်စပ်လျဉ်း၍ ပုဒ်မ ၃၄၇ တွင် နိုင်ငံတော်သည် မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူ ညီမျှ အခွင့်အရေးရရှိစေရမည်၊ ထို့အပြင် ဥပဒေ၏အကာအကွယ်ကို လည်း တန်းတူညီမျှစွာ ရယူပိုင်ဆိုင်ခွင့်ပေးရမည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေ အခန်း (၄) တွင်ဝန်ထမ်း၏ အခြေခံအခွင့်အရေး နှင့် စပ်လျဉ်း၍ပုဒ်မ ၁၁ (ဃ) တွင် ဝန်ထမ်းရေးရာခံစားခွင့်၊ ဆုံးရှုံးနစ်နာမှုများ နှင့်စပ်လျဉ်း၍ တင်ပြခွင့်၊ ရှင်းလင်းထုချေခွင့်နှင့် အယူခံခွင့်ဟု ပြဋ္ဌာန်းထားသည်။

လျှောက်ထားခံရသူ ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍ စစ်ဆေးကြားနာမှု မပြုဘဲ ဝန်ထမ်းအဖြစ်မှထုတ်ပယ်ခဲ့ခြင်းကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၅၅ အရ ဌာနဆိုင်ရာအရေးယူမှုတွင် ချမှတ်သည့်ပြစ်ဒဏ်နှင့်စပ်လျဉ်း၍ ဝန်ထမ်း၏အယူခံခွင့်အခွင့်အရေးကို လျှောက်ထားသူများမှ ရရှိခဲ့ခြင်း မရှိကြောင်းတွေ့ရသည်။

အာဏာပိုင်မေးစာချွန်တော်အမိန့်သည် အစိုးရဌာန တစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့် အဖွဲ့အစည်း တစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန် ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက် ထားခြင်းရှိ မရှိ စိစစ်ကြားနာ၍ ဥပဒေနှင့် ညီညွတ်ခြင်းရှိ မရှိရေးသား ထုတ်ပြန်သည့် အမိန့်စာဖြစ်သည်။

၂၀၁၆

ဦးမင်းယုရှိန်

ဦးနေဝင်း

နှင့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထဲရေးဝန်ကြီးဌာနသည် လျှောက်ထားသူတို့အား ဌာနဆိုင်ရာစစ်ဆေးမှုဖွင့်၍စစ်ဆေးကြားနာမှုမပြုဘဲ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခဲ့ခြင်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ခြင်းမရှိသဖြင့် အာဏာပိုင်မေးစာချွန်တော်အမိန့်ထုတ်ဆင့်ရန်သင့်သည်။

ထို့ကြောင့် ဤတရားမထွေထွေလျှောက်ထားမှုများကို ခွင့်ပြုသည်။ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီး ရုံး၏ ၁၃-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၆/၂၀၁၆ ဖြင့် လျှောက်ထားသူ ကယား ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမင်းယုရှိန် (ပ/၄၅၉၀) အားလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၁၃-၁-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၇၅/၂၀၁၆ ဖြင့် လျှောက်ထားသူ မကွေးတိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးဦးနေဝင်း (ပ/၅၀၁၂)အားလည်းကောင်း၊ ၂၀၁၆ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေအခန်း (၁၁)၊ ပုဒ်မ ၅၃၊ ပုဒ်မခွဲ(ဈ)အရ ဝန်ထမ်းအဖြစ်မှထုတ်ပစ် (Dismiss) လိုက်သည့်အမိန့်ကြော်ငြာစာများသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း အာဏာပိုင်မေးစာချွန်တော်အမိန့် ထုတ်ပြန်လိုက်သည်။

လျှောက်ထားခံရသူ ပြည်ထောင်စုဝန်ကြီး၊ ပြည်ထဲရေး ဝန်ကြီးဌာနသည် လျှောက်ထားသူများအပေါ် အရေးယူရန်လိုအပ်ပါက သက်ဆိုင်သည့်ဥပဒေပါ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ နည်းလမ်းတကျ စုံစမ်းစစ်ဆေးမှုပြုလုပ်၍ ပေါ်ပေါက်ချက်များနှင့် အညီ အမိန့်ချမှတ်ရန်ဖြစ်သည်။

+ ၂၀၁၆ ခုနှစ်
မေလ ၁၉ ရက်

## တရားမအယူခံမှု

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
### ဦးမြင့်အောင်ရှေ့တွင်

ဦးမောင်မြင့် (ခ) တွန်းလီမြင့်

နှင့်

၁။ မောင်ရှိုင်းမင်းဦး
(၎င်း၏နီးစပ်ရာမိတ်ဆွေ ဦးမင်းလွင်ဦး)
၂။ ဒေါ်မိမိထွန်း *

**အရွယ်မရောက်သေးသော သားသမီးဖြစ်သူပိုင်သည့်ပစ္စည်းကို အမေဖြစ်သူက တရားရုံးမှ အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်းမခံရမီ ရောင်းချခြင်းသည် ကနဦးကပင်ပျက်ပြယ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ တစ်ဦးတစ်ယောက်သောသူသည် အရွယ်မရောက်သေးသူ၏ အုပ်ထိန်းသူဟု သာမန်ဖော်ပြကာ အရွယ်မရောက်သေးသူ၏ပစ္စည်းကို ရောင်းချရန် (သို့မဟုတ်) ပေါင်နှံရန် ဥပဒေအရ အခွင့်အာဏာရရှိစေသည်မဟုတ်၊ အုပ်ထိန်းသူအနေဖြင့် အရွယ်မရောက်

---

* ၂၀၁၅ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၅၀၈

+ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၃၈ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဇွန်လ ၃၀ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ စီရင်ချက်နှင့် ဒီကရီအပေါ် အယူခံမှု။

| ၂၀၁၆ |
| --- |
| ဦးမောင်မြင့် (ခ) တွန်းလီမြင့် နှင့် မောင်ရှိုင်းမင်းဦး ပါ ၂ |

သေးသူ၏ပစ္စည်းကို စီမံခန့်ခွဲနိုင်သူသည် တရားရုံးကခန့်အပ်ထားသော အုပ်ထိန်းသူသာဖြစ်သည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ အရွယ်မရောက်သေးသူ သားသမီးများ၏ ပစ္စည်းများကို မိဘများက အုပ်ထိန်းသူအဖြစ် ရောင်းချခွင့်မရှိကြောင်း၊ အကယ်၍ မိဘများသည် အရွယ်မရောက်သေးသည့် သားသမီးများ၏ ပစ္စည်းများကို ရောင်းချခြင်း၊ ပေါင်နှံခြင်းပြုပါက အဆိုပါလွှဲပြောင်းမှုသည် ခိုင်မာခြင်းမရှိပျက်ပြယ်သည်ဟု **အေအာရ်ဗွီ ချစ်တီးကုန်တိုက် နှင့် မောင်လှကြီးအမှု**[၅] **ရန်ဂျာခန် နှင့် မချစ်အမှု**[၄] တို့တွင် ထုံးဖွဲ့ထားသည်ကို ညွှန်ပြ၍ **ဒေါ်သန်းစိန်၊ ဒေါ်မြမြ (ခ) ဒေါ်မြမြချစ် နှင့် ဒေါ်အေးအေးကြည် ပါ ၃ အမှု**[၇] **နှင့် ဦးကျော်မြင့်အောင် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ အမှု**[၆] တို့တွင် အလားတူလိုက်နာဆုံးဖြတ်ထားသည်ကို တွေ့ရသည်။

ဤအခြေအနေတွင် အရွယ်မရောက်သေးသော တရားလိုရှိုင်းမင်းဦးနှင့် ညီဖြစ်သူဟိန်းဇော်လင်းတို့ အမည်ပေါက် မြေ ၂ ကွက်ကို ရောင်းချရန် ၁၊ ၂ တရားပြိုင်တို့ ပြုလုပ်ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များသည် ၂-တရားပြိုင်အား တရားရုံးမှ တရားလိုတို့၏ အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားမှုမရှိသေးမီ ပြုလုပ်ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များဖြစ်၍ မူလကပင်ပျက်ပြယ်နေသည်မှာ ထင်ရှားပေါ်ပေါက်သည်။

| | | |
| --- | --- | --- |
| အယူခံတရားလိုအတွက် | - | ဒေါ်စန်းရီ<br>တရားလွှတ်တော်ရှေ့နေ |
| အယူခံတရားပြိုင်များအတွက် | - | ၁။ ဒေါ်ရီရီမေ<br>တရားလွှတ်တော်ရှေ့နေ |

၂။ ဦးအောင်သိန်းလှိုင်
တရားလွှတ်တော်ရှေ့နေ၊
မလာ
(၎င်း၏ရေးသားလျှောက်
လဲချက်အား တရားလွှတ်
တော်ရှေ့နေ ဒေါ်ရီရီမေမှ
ကိုယ်စားတင်သည်။)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၆၃၈ တွင် မောင်ရှိန်းမင်းဦး (၎င်း၏နီးစပ်ရာမိတ်ဆွေဦးမင်းလွင်ဦး) က ဦးမောင်မြင့် (ခ) တွန်းလီမြင့်နှင့် ဒေါ်မိမိထွန်းတို့အပေါ် မြေကွက်အရောင်းအဝယ်ပြုလုပ်ရန် သဘောတူစာချုပ်သည် မူလကပင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ ပေးစေလိုမှုနှင့် မြေကွက်များကို လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု စွဲဆိုရာစွဲဆိုသည့် အတိုင်းဒီကရီချမှတ်သည်။ အဆိုပါဒီကရီကို ဦးမောင်မြင့် (ခ)ထွန်းလီမြင့်က ကျေနပ်မှုမရှိ၍ ဤအယူခံမှုကို တင်သွင်းလာခြင်းဖြစ်သည်။

တရားလိုက အချင်းဖြစ်မြေ ၂ ကွက်သည် မှတ်ပုံတင်စာချုပ်အမှတ် ၂၇၅၂/၀၅ အရ တရားလိုနှင့် ညီဖြစ်သူမောင်ဟိန်းဇော်လင်းတို့ ပူးတွဲအမည်ပေါက်ပိုင်ဆိုင်ပြီး ညီဖြစ်သူ ဟိန်းဇော်လင်းကွယ်လွန်၍ တရားလိုတစ်ဦးတည်းဆက်ခံ ခံစားခွင့်ရှိသောမြေကွက်များဖြစ်ကြောင်း၊ တရားလို၏မိခင် ၂-တရားပြိုင်သည် အဆိုပါမြေ၂ကွက်ကို ၃၁-၃-၀၉

နေ့တွင် ၁-တရားပြိုင် နှင့် မြေကွက်အရောင်းအဝယ်အတွက် စရန်ပေးစာချုပ်ချုပ်ဆိုပြီး၊ ၃၀-၄-၀၉ နှင့် ၁-၈-၀၉ ရက်စွဲပါ နောက်ဆက်တွဲစာချုပ်များကိုထပ်မံချုပ်ဆိုခဲ့ကြောင်း၊ တရားလိုနှင့် ဟိန်းဇော်လင်းတို့သည် အရွယ်မရောက်သေးသူများဖြစ်ကြောင်း၊ ၂-တရားပြိုင်ဒေါ်မိမိထွန်းသည် ရန်ကုန်တိုင်း တရားရုံး၊ ၂၀၀၉ခုနှစ်၊ တရားမအထွေထွေမှုအမှတ် ၁၀၁ တွင် တရားလိုနှင့် ဟိန်းဇော်လင်းတို့အား အုပ်ထိန်းခွင့်လျှောက်ထားရာ အုပ်ထိန်းခွင့်လက်မှတ်ကို ၆-၈-၀၉ နေ့တွင်ရရှိခဲ့ကြောင်း၊ မြေ ၂ ကွက်အားရောင်းချခွင့်ပြုသည့်အမိန့်ကို ၅-၅-၂၀၁၀ နေ့တွင် တရားရုံးမှ ထုတ်ပေးခဲ့ကြောင်း၊ ၁-တရားပြိုင် ဦးမောင်မြင့်(ခ) တွန်းလီမြင့်က တရားလိုနှင့်ဟိန်းဇော်လင်းတို့၏ သဘောတူခွင့်ပြုခြင်းမရှိဘဲထိုမြေ၂ ကွက်ပေါ်တွင် အုတ်တံတိုင်းခတ်ခြင်း၊ အဆောက်အအုံကြီးငယ်များဆောက်ခြင်း၊ အဝီစိတွင်းတူးဖော်ခြင်းတို့ကို ကျော်နင်းပြုလုပ်ခဲ့ကြောင်း၊ ၁-တရားပြိုင် ဦးမောင်မြင့် (ခ) တွန်းလီမြင့် နှင့် ၂-တရားပြိုင် ဒေါ်မိမိထွန်းတို့ချုပ်ဆိုခဲ့သော ၃၁-၃-၀၉ နေ့စွဲပါ အရောင်းအဝယ် စရန်ပေးကတိစာချုပ်နှင့် ယင်းစာချုပ်နှင့်ဆက်နွယ်ပေါ်ပေါက်သော ၃၀. ၄. ၀၉ နေ့စွဲပါ ကတိစာချုပ်၊ ၁-၈-၀၉ နေ့စွဲပါ ကတိစာချုပ်တို့သည် မူလကပင် ပျက်ပြယ်နေ၍ အဆိုပါစာချုပ်များပြွက်ဟကြေညာသည့် ဒီကရီနှင့် တရားလိုပိုင်မြေ ၂ ကွက်ပေါ်တွင် ၁-တရားပြိုင် ကျူးလွန်ဆောက်လုပ်ထားသည့် အုတ်တံတိုင်း၊ အဆောက်အအုံကြီးငယ်များနှင့် အဝီစိတွင်းတို့ကို ဖျက်သိမ်းဖယ်ရှား၍ မြေ ၂ ကွက်ကို လက်ရောက်ပေးအပ်သည့် ဒီကရီရထိုက်ကြောင်း အဆိုပြုသည်။

၁-တရားပြိုင်ကအချင်းဖြစ်မြေ ၂ ကွက်ကိုတရားလိုနှင့်

ဟိန်းဇော်လင်းတို့၏ အုပ်ထိန်းသူမိခင် ၂-တရားပြိုင်ဒေါ်မိမိထွန်းက သားနှစ်ယောက်ကောင်းကျိုးအတွက် အရောင်းအဝယ်စရန်ပေး စာချုပ်များချုပ်ဆို၍ရောင်းချသည်ကို တရားလိုသိရှိပြီးဖြစ်ကြောင်း၊ ဒေါ်မိမိထွန်းက ၃၁-၃-၀၉ နေ့တွင် စရန်ပေးစာချုပ်ချုပ်ဆိုပြီး ငွေကျပ်သိန်း ၂၀ ရယူ၍ ရောင်းသူတရားလိုနှင့် ဟိန်းဇော်လင်းမှာ အရွယ်မရောက်သေးသူများဖြစ်၍၎င်းတို့၏ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းခွင့် နှင့် ပစ္စည်းရောင်းချခွင့်ကို တရားရုံးတွင် လျှောက်ထားရယူ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန်နှင့် မြေပုံမြေရာဇဝင်ရရှိရန် တာဝန်ယူ သည်ဟု ကတိပြုခဲ့ကြောင်း၊ ၃၀-၄-၀၉နေ့တွင်ဒုတိယအရစ်ငွေ သိန်း ၁၀၀ ပေးသည့်ကတိစာချုပ်၊၁-၈-၀၉နေ့တွင် တတိယအရစ်ငွေသိန်း ၁၀၀ ပေးသည့်ကတိစာချုပ်များချုပ်ခဲ့ကြောင်း၊ တရားလိုနှင့် ဟိန်းဇော်လင်း တို့အား အုပ်ထိန်းခွင့်ကိုတရားရုံးမှခွင့်ပြုပြီးနောက် ၄-၉-၀၉ နေ့တွင်ငွေသိန်း၂၀၊ ၅-၁-၂၀၁၀ နေ့တွင် သိန်း ၂၀ တောင်းခံကြောင်း၊ ရောင်းချခွင့်လျှောက်ပေးခဲ့ပြီးနောက် ရောင်းဘိုးငွေ ကျပ်သိန်း ၄၀၀ အနက်မှ ငွေကျပ်သိန်း ၂၆၀ ကို ဒေါ်မိမိထွန်းက လက်ခံယူခဲ့ကြောင်း ၁-တရားပြိုင်က ၅-၄-၀၉နေ့တွင် ကြေးမုံသတင်းစာတွင် ကန့်ကွက်ရန်ရှိ မရှိကြော်ငြာရာ တရားလိုမှကန့်ကွက်ခြင်းမရှိကြောင်း၊ ဒေါ်မိမိထွန်းက တရားလိုသည် မိခင်ဒေါ်မိမိထွန်း၏ အုပ်ထိန်းမှုအောက်တွင်နေထိုင်ပြီး အုပ်ထိန်းသူခန့်ထားခံရပြီးဖြစ်၍ စရန်ငွေပေးချေထားသော မြေပေါ်တွင်မြေဖို့ခြင်း၊ အုတ်တံတိုင်းခတ်ခြင်း၊ အဆောက်အဦ ဆောက်ခြင်းတို့ကိုပြုလုပ်ရန်ခွင့်ပြု၍ မြေကွက်နှင့်ဆိုင်သော အခွန်အခ များပေးဆောင်ရန်နှင့် လျှပ်စစ်မီးမီတာရရန်ကိစ္စများအတွက် ကူညီခဲ့၍

၂၀၁၆
ဦးမောင်မြင့် (ခ)
တွန်းလီမြင့်
နှင့်
မောင်ရှိန်းမင်းဦး ပါ ၂

ကျော်နင်းမှုကျူးလွန်ခြင်းမဟုတ်ကြောင်း၊ ရောင်းဘိုးကျန်ငွေသိန်း ၁၄၀ ပေးရန်နေ့တွင် ၁-တရားပြိုင်က ငွေပေးရန်အသင့်ရှိသော်လည်း မှတ်ပုံတင်စာချုပ်ချုပ်ရန်ချိန်းပြီးမှ တရားလိုဘက်က ပျက်ကွက်နေခြင်းဖြစ်ကြောင်း၊ ၂၁-၅-၂၀၁၀ နေ့တွင် တရားလို၏မိခင် ၁-တရားပြိုင်ထံ မှတ်ပုံတင်စာချုပ်ချုပ်ပေးရန် အကြောင်းကြားရာ ၂-၆-၂၀၁၀ နေ့တွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အကြောင်းပြန်ပြီးနောက်မှ ဒေါ်မိမိထွန်းက ၁၆-၁၁-၂၀၁၀၊ ၁၈-၁၁-၂၀၁၀နေ့စွဲပါစာများဖြင့် ဆောက်လုပ်ထားသောအဆောက်အအုံများကို ဖျက်သိမ်းရန်အကြောင်းကြားခဲ့ကြောင်း၊ ထို့နောက်ဒေါ်မိမိထွန်းက ၂၇-၁-၂၀၁၀ နေ့တွင် ပြဿနာငြိမ်းအေးစွာပြီးဆုံးရန်အတွက် ညှိနှိုင်းဆက်သွယ်ရန် အကြောင်းကြားလာသဖြင့် တွေ့ဆုံညှိနှိုင်းလိုသည့်နေရာ နှင့်အချိန်ကို အကြောင်းပြန်ပေးရန် အကြောင်းကြားခဲ့သော်လည်း အကြောင်းပြန်ကြားခြင်းမရှိကြောင်း၊ အုပ်ထိန်းသူမိခင်က အရွယ်မရောက်သေးသူအတွက် ချုပ်ဆိုသော ပဋိညာဉ်သည် လုံးလုံးလျားလျားပျက်ပြယ်သော ပဋိညာဉ်မဟုတ်ကြောင်း၊ အုပ်ထိန်းသူအားရောင်းချခွင့်ပြုကြောင်း အမိန့်ချပြီးဖြစ်၍ အုပ်ထိန်းသူနှင့် ဝယ်သူတို့ကို တရားလိုမှ တရားစွဲခွင့်မရှိကြောင်း တရားလို နှင့် အုပ်ထိန်းသူမိခင်တို့ပူးပေါင်း၍ မမှန်မကန်တရားစွဲခြင်းသာဖြစ်ကြောင်း ချေပသည်။

၂-တရားပြိုင်ဒေါ်မိမိထွန်းက တရားလို၏ အဆိုလွှာအပေါ် ဝန်ခံချေလွှာတင်သွင်းသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က အမှုတွင်

၂၀၁၆
ဦးမောင်မြင့် (ခ)
တွန်းလီမြင့်
နှင့်
မောင်ရှိုင်းမင်းဦး ပါ ၂

သက်သေခံ-က၊ သက်သေခံ-ခ၊ သက်သေခံ-ဂ စာချုပ်များချုပ်ဆိုစဉ်က တရားလိုရှိုင်းမင်းဦးနှင့် ဟိန်းဇော်လင်းတို့သည်အရွယ် မရောက်ကြသေးဘဲ မိခင်ဖြစ်သူမှလည်း တရားဝင်အုပ်ထိန်းခွင့်ရရှိခြင်း မရှိသေးကြောင်း ပေါ်ပေါက်ပြီး၊ ထိုအချက်ကို ၁-တရားပြိုင်က သိရှိသဘောတူပြီး ၂-တရားပြိုင်သည်အရွယ်မရောက်သေးသူများ၏ သဘာဝအုပ်ထိန်းသူ အဖြစ် စာချုပ်များကိုလက်မှတ်ရေးထိုးထားခြင်းဖြစ်ကြောင်း၊ အရွယ် မရောက်သေးသူတို့၏ သဘာဝအုပ်ထိန်းသူမိခင် ၂-တရားပြိုင်က တရားရုံးမှ အုပ်ထိန်းခွင့်မရမီ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စရန်ပေး စာချုပ်များသည် ကနဦးကပင် ပျက်ပြယ်နေသောစာချုပ်များဖြစ်ကြောင်း၊ အချင်းဖြစ်မြေ ၂ ကွက်ပေါ်တွင်အုတ်တံတိုင်း၊ အဆောက်အဦ အဝီစိတွင်းတို့ကို ပျက်ပြယ်နေသောစရန်ပေးစာချုပ်များအရ ၂-တရားပြိုင် က ခွင့်ပြု၍ ဆောက်လုပ်ခြင်းဟု ၁-တရားပြိုင်က တင်ပြထားကြောင်း၊ သို့ဖြစ်ရာ တရားလို၏ခွင့်ပြုချက်ဖြင့် ဆောက်လုပ်ခြင်းမဟုတ်၍ ပျက်ပြယ် နေသောစာချုပ်များအရ ၁-တရားပြိုင်သည် တရားလိုပိုင်မြေပေါ်တွင် အခွင့်အရေးတစ်စုံတစ်ရာရှိသူမဟုတ်၍ ၎င်းဆောက်လုပ်ထားသော အုတ်တံတိုင်း၊ အဆောက်အဦ၊အဝီစိတွင်းတို့ကို ဖျက်သိမ်းဖယ်ရှား၍ မြေကိုတရားလိုသို့ လက်ရောက်ပေးရမည်ဖြစ်ကြောင်း သုံးသပ်၍ တရားလိုစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့ခြင်းဖြစ်သည်။

အယူခံတရားလို၏ရှေ့နေက အမှုတွင်ပေါ်ပေါက်သော အကြောင်းအရာများကို ကွင်းဆက်မပြတ်သုံးသပ်မှုမရှိဘဲ အုတ်တံတိုင်း၊ အဆောက်အအုံကြီးငယ်၊ အဝီစိတွင်းကိုဖျက်သိမ်း ဖယ်ရှားရန် တရားလို တောင်းဆိုခြင်းမရှိဘဲ မတောင်းဆိုသောသက်သာခွင့်ကို မူလရုံးတော်က

ပေးခြင်းမှာ ဥပဒေအရမှားယွင်းကြောင်း၊ ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းခွင့် အမိန့်ရရှိပြီးနောက် အုပ်ထိန်းခြင်းခံရသူ တရားလိုကအုပ်ထိန်းသူနှင့် ဝယ်သူတို့အား ပစ္စည်းလက်ရောက်ရလိုမှု စွဲဆိုခွင့်မရှိကြောင်း၊ ၁-တရားပြိုင်က အရွယ်မရောက်သေးသူပိုင်မြေ (၂) ကွက်ကို သိန်း ၄၀၀ ဖြင့် သားတို့အတွက် ရောင်းချရန်ကမ်းလှမ်းပြီး၊ တရားရုံးတွင် အုပ်ထိန်းခွင့်၊ ရောင်းချခွင့်နှင့် မှတ်ပုံတင်စာချုပ်ပြုလုပ်ခြင်းကို အုပ်ထိန်းသူမိခင်က ရောင်းသူများကိုယ်စားပြုလုပ်ပေးပါမည်ဟု ဝန်ခံကတိပြု၍ စရန်ပေးစာချုပ်များ ချုပ်ဆို၍ ရောင်းဘိုးငွေအရစ်ကျပေးချေခဲ့ခြင်း ဖြစ်ကြောင်း၊ ၂-တရားပြိုင် ဒေါ်မိမိထွန်းသည် မှတ်ပုံတင်စာချုပ်ချုပ်ရန် ရက်ချိန်းပြီးမှ ပျက်ကွက်ခြင်းဖြစ်ကြောင်း၊ ဒေါ်မိမိထွန်းကပြေလည်အောင် ညှိနှိုင်းဆောင်ရွက်လိုကြောင်း အကြောင်းကြား၍ ညှိနှိုင်းမည့်နေရာ၊ အချိန်ကိုအကြောင်းပြန်ပေးရန် အကြောင်းကြားခဲ့သော်လည်း အကြောင်းတစ်စုံတစ်ရာပြန်ကြားခြင်းမရှိဘဲသားအမည်နှင့် တရားစွဲဆို ခြင်းဖြစ်ကြောင်း၊ တရားလိုမှ မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးရန် ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၁ ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၅၃ စွဲဆိုထားသည်ကို သုံးသပ်ခြင်းမရှိဘဲ စာချုပ်များသည် မူလကပင် ပျက်ပြယ်ကြောင်း သုံးသပ်ခြင်းသည် ၁-တရားပြိုင်အားနစ်နာစေကြောင်း၊ တရားလိုစွဲဆိုသည့်အမှုသည်သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ ပါ အင်္ဂါရပ်များနှင့် အကျုံးမဝင်ဘဲတရားလို စွဲဆိုသည့်အတိုင်း အမိန့်ချမှတ်ခြင်းသည် ဥပဒေနှင့်ဆန့်ကျင်၍ မူလရုံး၏စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်ပေးရန် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်-၁၏ ရှေ့နေကဒေါ်မိမိထွန်းသည်

တရားရုံးတော်မှ အရွယ်မရောက်သေးသူများ အမည်ပေါက်ပိုင်ဆိုင်သည့် မြေ ၂ ကွက်အတွက် ရောင်းချခွင့်အမိန့်ရ ရှိခြင်းမရှိသေးမီ ၁-တရားပြိုင်သို့ မြေ ၂ ကွက် ရောင်းချရန်စရန်ငွေလက်ခံရယူ၍ ၃၁-၃-၀၉ နေ့တွင် စာချုပ်များကို ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေါ်မိမိထွန်းသည် တရားရုံးတော်မှ အရွယ်မရောက်သေးသူများ၏ ပစ္စည်းရောင်းချခွင့် အမိန့်ထုတ်ပေးခြင်း မပြုမီအရွယ်မရောက်သေးသူများ အမည်ပေါက်မြေ ၂ ကွက်ကို လွှဲပြောင်းရောင်းချခြင်း ငွေကြေးလက်ခံရယူခြင်း၊ ပဋိညာဉ်ပြုခြင်းသည် မူလကပင် ပျက်ပြယ်သည်မှာထင်ရှားကြောင်း၊ အုပ်ထိန်းသူ၏ပြုလုပ်မှုမှာ မိမိ၏ဝတ္တရားဘောင်အတွင်း ကျရောက်သော်လည်း ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်ထက်ကျော်လွန်နေပါက အရွယ်မရောက်သူသည် ထိုပဋိညာဉ်ကို ပယ်ဖျက်လိုက ပယ်ဖျက်ခွင့် ရှိကြောင်း၊ အသက်မပြည့်မီအခြား အုပ်ထိန်းသူမှဖြစ်စေ၊ အသက်ပြည့်ပြီး မိမိကိုယ်တိုင်ဖြစ်စေ ပဋိညာဉ်ကိုဖျက်ပေးရန် တောင်းဆိုခွင့်ရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်မှချမှတ်သော စီရင်ချက်နှင့်ဒီကရီကိုအတည်ပြုပြီး အယူခံမှုအား ပလပ်ပေးပါရန် လျှောက်ထားတင်ပြသည်။

အယူခံတရားပြိုင်-၂ရှေ့နေက ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီသည် မှန်ကန်မျှတ၍ တစ်စုံတစ်ရာမှားယွင်းမှုမရှိသဖြင့် မူလရုံး၏ဒီကရီကို ဆက်လက် အတည်ပြုပေးပါရန် ရေးသားလျှောက်ထားတင်ပြသည်။

မူလရုံးအမှုမှာ မူလရုံးတရားလိုမောင်ရှိန်းမင်းဦး (၎င်း၏နီးစပ်ရာမိတ်ဆွေ ဦးမင်းလွင်ဦး)က ဦးမောင်မြင့်(ခ) တွန်းလီမြင့်

နှင့် ဒေါ်မိမိထွန်းတို့အပေါ် မြေကွက်အရောင်းအဝယ်ပြုလုပ်ရန် သဘောတူစာချုပ်များသည် မူလကပင်ပျက်ပြယ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှုနှင့် မြေကွက်များကို လက်ရောက်ပြန်လည်ပေးအပ်စေလိုမှု စွဲဆိုခြင်းဖြစ်သည်။

တရားလိုက ၁-တရားပြိုင် နှင့် ၂-တရားပြိုင်တို့ချုပ်ဆိုသော ၃၁-၃-၀၉ နေ့စွဲပါ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်၊ ယင်းစာချုပ်မှ ဆက်နွယ်ပေါ်ပေါက်သော ၃၀-၄-၀၉ နေ့စွဲပါ ကတိစာချုပ်၊ ၁-၈-၀၉ နေ့စွဲပါ ကတိစာချုပ်များကို ချုပ်ဆိုသည့်အချိန်က မြေကွက်အမည်ပေါက်ပိုင်ရှင်တရားလို နှင့် ညီဖြစ်သူဟိန်းဇော်လင်း (ကွယ်လွန်)တို့ အရွယ်မရောက်သေးဘဲ တရားလို၏မိခင် ၂-တရားပြိုင်ဒေါ်မိမိထွန်းအား အုပ်ထိန်းသူအဖြစ် တရားရုံးမှ ခန့်အပ်ထားမှု မရှိသေးခြင်းကြောင့် အဆိုပါစာချုပ်များသည် မူလကပင် ပျက်ပြယ်နေသည်ဟု အဆိုပြုထားသည်။

အမှုတွင် နှစ်ဖက်အမှုသည်များက ၁-တရားပြိုင်နှင့် ၂-တရားပြိုင်တို့ချုပ်ဆိုသော အဆိုပါ ကတိစာချုပ်များကို သက်သေခံ-က၊ ခ၊ ဂ နှင့် သက်သေခံ-၃၊ ၅၊ ၆ အဖြစ်တင်ပြထားသည်။

အဆိုပါစာချုပ်များအားစိစစ်ရာ စာချုပ်များတွင် အပိုင်ရောင်းချသူ မောင်ရှိုင်းမင်းဦးနှင့် မောင်ဟိန်းဇော်လင်းတို့ ညီအကို ၂ ဦးမှာ အရွယ်မရောက်သေးသူများဖြစ်၍ ၎င်းတို့၏ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းခွင့်နှင့် ပစ္စည်းရောင်းချခွင့်ကို မိခင်ဒေါ်မိမိထွန်းက သက်ဆိုင်ရာတရားရုံးတွင် လျှောက်ထားရယူပြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး

ဦးစီးဌာနမှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ကိုကူးယူပေးရန် အပိုင်ရောင်းချသူများကိုယ်စား မိခင်ဒေါ်မိမိထွန်းက တာဝန်ယူကတိပြုပါသည်ဟု ဖော်ပြထားပြီးအပိုင်ရောင်းချသူနေရာတွင် ၂-တရားပြိုင်ဒေါ်မိမိထွန်းက အရွယ်မရောက်သေးသူများ၏ သဘာဝအုပ်ထိန်းသူအဖြစ် လက်မှတ်ရေးထိုးထားသည်။

ထို့အပြင် ၂-တရားပြိုင် ဒေါ်မိမိထွန်းသည် ရန်ကုန်တိုင်းတရားရုံး၊ တရားမအထွေထွေမှုအမှတ် ၁၀၁/၀၉ ဖြင့် ၆-၄-၀၉ နေ့တွင် တရားလိုရှိုင်းမင်းဦးနှင့် ဟိန်းဇော်လင်းတို့၏ ကိုယ်နှင့်ပစ္စည်းအုပ်ထိန်းခွင့်ကို လျှောက်ထားရာ အုပ်ထိန်းခွင့်ပြုသည့်အမိန့် (သက်သေခံ-ဃ) ကို ၆-၈-၀၉ နေ့တွင်ချမှတ်ခဲ့ပြီး အချင်းဖြစ်မြေ ၂ကွက်အား စီမံခန့်ခွဲရောင်းချခွင့်ကို ၈-၃-၂၀၁၀နေ့တွင်လျှောက်ထားရာ စီမံခန့်ခွဲရောင်းချခွင့်ပြုသည့်အမိန့် (သက်သေခံ-င) ကို ၅-၅-၂၀၁၀ နေ့တွင်ချမှတ်ခဲ့ကြောင်း အမှုတွဲရှိသက်သေခံအထောက်အထားများအရ တွေ့ရသည်။

သို့ဖြစ်ရာ ၁၊၂ တရားပြိုင်တို့ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်ပြုလုပ်ရန်အတွက် အဆိုပါကတိစာချုပ်များ ချုပ်ဆိုစဉ်က မြေကွက်အမည်ပေါက်ပိုင်ရှင် တရားလိုရှိုင်းမင်းဦးနှင့် မောင်ဟိန်းဇော်လင်း (ကွယ်လွန်) တို့သည် အရွယ်မရောက်သေးသူများဖြစ်ကြောင်း၊ ၂-တရားပြိုင် မိခင်ဒေါ်မိမိထွန်းကလည်း တရားရုံးမှ တရားဝင် အုပ်ထိန်းခွင့်မရသေးခြင်းကို ၁-တရားပြိုင်ကိုယ်တိုင် သိရှိသဘောတူပြီး အဆိုပါစရန်ပေးကတိစာချုပ်နှင့် ဆက်စပ်စာချုပ်များ ချုပ်ဆိုခဲ့ခြင်း ဖြစ်ကြောင်း အငြင်းမပွားထင်ရှားပေါ်ပေါက်သည်။

၂၀၁၆
ဦးမောင်မြင့် (ခ) တွန်းလီမြင့် နှင့် မောင်ရှိုင်းမင်းဦး ပါ ၂

တစ်ဦးတစ်ယောက်သောသူသည် အရွယ်မရောက်သေးသူ၏ သာမန်အုပ်ထိန်းသူဟုဖော်ပြကာ အရွယ်မရောက်သေးသူ၏ ပစ္စည်းကို ရောင်းချရန် (သို့မဟုတ်) ပေါင်နှံရန် ဥပဒေအရ အခွင့်အာဏာရှိစေခြင်း မပြုနိုင်၊ အုပ်ထိန်းသူအနေဖြင့် အရွယ်မရောက်သေးသူ၏ပစ္စည်းကို စီမံခန့်ခွဲနိုင်သူသည် တရားရုံးက ခန့်အပ်ထားသော အုပ်ထိန်းသူသာ ဖြစ်သည်။ **စီတီဗွီအီးပိုင်ရာပန် ချစ်တီးယား နှင့် မစောနွဲ့ နှင့် အခြားသူများအမှု** [၁] ကိုရည်ညွှန်းသည်။

ထို့အပြင် အရွယ်မရောက်သေးသော သမီးဖြစ်သူပိုင်သည့် ပစ္စည်းကို အမေဖြစ်သူက တရားရုံးမှ အုပ်ထိန်းသူအဖြစ် ခန့်အပ်ခြင်း မခံရဘဲရောင်းချခြင်းသည် ကနဦးကပင်ပျက်ပြယ်သည်၊ **ဦးရဲမြင့် နှင့် မြန်မာနိုင်ငံဗဟိုကော်မာရှယ်ဘဏ်လီမိတက် ပါ ၂ အမှု** [၂] ကိုရည်ညွှန်းသည်။

အရွယ်မရောက်သေးသူ သားသမီးများ၏ပစ္စည်းများကို မိဘများက အုပ်ထိန်းသူအဖြစ် ရောင်းချခွင့်မရှိကြောင်း၊ အကယ်၍ မိဘများသည်အရွယ်မရောက်သေးသည့် သားသမီးများ၏ပစ္စည်းများကိုရောင်းချခြင်း၊ ပေါင်နှံခြင်းပြုပါက အဆိုပါလွှဲပြောင်းမှုသည် ခိုင်မာခြင်းမရှိ ပျက်ပြယ်သည်ဟု **အေအာရ်ပွီချစ်တီးကုန်တိုက် နှင့် မောင်လှကြီး အမှု** [၃]၊ **ရန်ဂျာခန် နှင့် မချစ် အမှု** [၄] တို့တွင် ထုံးဖွဲ့ထားသည်ကို ညွှန်ပြ၍

---

(၁) ၁၂၊ ရန်ကုန်၊ စာ-၄၇။

(၂) ၁၉၆၃ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၅၄။

(၃) အတွဲ-၆၊ ရန်ကုန်၊ စာ-၃၂၉။

(၄) အေအိုင်အာ၊ ၁၉၃၁၊ ရန်ကုန်၊ စာ-၁၇၈။

၂၀၁၆
ဦးမောင်မြင့် (ခ)
တွန်းလီမြင့်
နှင့်
မောင်ရှိုင်းမင်းဦး ပါ ၂

**ဒေါ်သန်းစိန်၊ ဒေါ်မြမြ (ခ) ဒေါ်မြမြချစ် နှင့် ဒေါ်အေးအေးကြည် ပါ ၃ အမှု** [၅] **နှင့် ဦးကျော်မြင့်အောင် ပါ ၂ နှင့် ဒေါ်ခင်မာမာ ပါ ၄ အမှု**[၆] **တို့**တွင် အလားတူလိုက်နာဆုံးဖြတ်ထားသည်ကိုတွေ့ရသည်။

ဤအခြေအနေတွင် အရွယ်မရောက်သေးသော တရားလို ရှိုင်းမင်းဦးနှင့် ညီဖြစ်သူ ဟိန်းဇော်လင်းတို့အမည်ပေါက်မြေ ၂ ကွက်ကို ရောင်းချရန် ၁၊ ၂ တရားပြိုင်တို့ပြုလုပ်ချုပ်ဆိုသော ပဋိညာဉ်စာချုပ်များသည် ၂-တရားပြိုင်အား တရားရုံးမှ တရားလိုတို့၏အုပ်ထိန်းသူအဖြစ် ခန့်အပ်ထားမှုမရှိသေးမီ ပြုလုပ်ချုပ်ဆိုသောပဋိညာဉ်စာချုပ်များဖြစ်၍ မူလကပင် ပျက်ပြယ်နေသည်မှာ ထင်ရှားပေါ်ပေါက်သည်။

သို့ဖြစ်ရာ တရားလိုသည် အရောင်းအဝယ်ပြုလုပ်သော မြေ ၂ ကွက်၏ အမည်ပေါက်ပိုင်ဆိုင်သူဖြစ်ပြီး အဆိုပါစာချုပ်များသည် ၂-တရားပြိုင်က ဥပဒေအရ အခွင့်အာဏာမရရှိသေးမီ ပြုလုပ်ချုပ်ဆိုထားသဖြင့် တရားဝင်ပိုင်ဆိုင်သူ တရားလိုအနေဖြင့် ၂-တရားပြိုင် နှင့် ၁-တရားပြိုင်တို့ပြုလုပ်ချုပ်ဆိုသော အဆိုပါစာချုပ် ၃စောင်သည် တရားလိုနှင့်စပ်လျဉ်း၍ ပျက်ပြယ်ကြောင်း မြွက်ဟကြေညာသည့် ဒီကရီရထိုက်ခွင့် ရှိပေသည်။

ထို့အပြင်အဆိုပါ စာချုပ်များချုပ်ဆိုပြီးနောက် အချင်းဖြစ်မြေ ၂ ကွက်ပေါ်တွင် ၁-တရားပြိုင်က အုတ်တံတိုင်း၊ အဆောက်အအုံကြီးငယ်များနှင့် အဝီစိတွင်းတို့ပြုလုပ်ထားကြောင်း အငြင်းမပွား

---

(၅) ၁၉၉၈ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၂၆၃။

(၆) ၂၀၀၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၉(၂၉)

ပေါ်ပေါက်သည်။ ၁-တရားပြိုင်ကအဆိုပါစာချုပ်များချုပ်ပြီး ၂-တရားပြိုင်၏ ခွင့်ပြုချက်အရ ပြုလုပ်ခြင်းဖြစ်ကြောင်း၊ သတင်းစာကြော်ငြာသော်လည်း တရားလိုကကန့်ကွက်ခဲ့ခြင်းမရှိကြောင်း တင်ပြသည်။ တရားလိုသည် ထိုစဉ်ကအရွယ်မရောက်သေးသူဖြစ်သည်။ တရားရုံးမှ အုပ်ထိန်းခွင့်နှင့် စီမံခန့်ခွဲရောင်းချသည့် အမိန့်မရသေးမီ အရွယ်မရောက်သေးသူများ၏ ပစ္စည်းနှင့်စပ်လျဉ်း၍ ၂-တရားပြိုင်အနေဖြင့် စီမံခန့်ခွဲရန်အခွင့်အာဏာမရှိသည့်အပြင် မူလကပင်ပျက်ပြယ်နေသောစာချုပ်များအရ တရားလိုပိုင်မြေပေါ်တွင် ၁-တရားပြိုင်သည် အခွင့်အရေးတစ်စုံတစ်ရာရှိသူမဟုတ်ပေ။



ဤအယူခံမှုတွင် အယူခံတရားလိုရှေ့နေက အုပ်ထိန်းခွင့်မရမီ ချုပ်ဆိုသောစရန်ပေးကတိစာချုပ်များ မူလကပင်ပျက်ပြယ်နေကြောင်း၊ ၁-တရားပြိုင်အခိုင်အမာဆောက်လုပ်ထားသည့် အုတ်တံတိုင်း၊ အဆောက်အဦကိုဖျက်သိမ်းဖယ်ရှားရန် တရားလိုကထွက်ဆိုခြင်းမရှိဘဲ မူလတရားရုံးကသက်သာခွင့်ပေးခြင်းမှာ အမှုသည်တစ်ဦးဦးအတွက် တိမ်းစောင်းအသာပေးဆုံးဖြတ်သည်ဟု တင်ပြထားသည်။

တရားမမှုများတွင် အမှုသည်များ၏ အဆိုအချေတို့အပေါ်တွင်မူတည်၍ အမှုအနိုင်အရှုံးဆုံးဖြတ်ရမည်ဖြစ်သည်။ ယင်းမူသဘောကို **ဦးဂဖူးနှင့် ဦးစိန်မောင်ပါ-၂ အမှု** [7] တွင်ထုံးဖွဲ့ထားသည်။

တရားလို၏ အဆိုလွှာအပိုဒ် ၉ တွင် ၁-တရားပြိုင်နှင့်

(၇) ၁၉၉၁၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၆။

၂၀၁၆
ဦးမောင်မြင့် (ခ)
တွန်းလှိုမြင့်
နှင့်
မောင်ရှိန်းမင်းဦး ပါ ၂

၂-တရားပြိုင်တို့ပြုလုပ်ချုပ်ဆိုခဲ့သော ၃၁-၃-၀၉ ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ်ပြုလုပ်ရန် စရန်ပေးကတိစာချုပ်သည်လည်းကောင်း၊ ယင်းမှဆက်နွယ်ပေါ်ပေါက်လာသည့် ၃၀-၄-၀၉ ရက်စွဲပါကတိစာချုပ်၊ ၁-၈-၀၉ ရက်စွဲပါကတိစာချုပ်တို့သည် မူလကပင်ပျက်ပြယ်နေပါ၍ ယင်းစာချုပ်များပျက်ပြယ်ကြောင်း မြွက်ဟကြေညာဒီကရီနှင့် တရားလိုပိုင်မြေ ၂ ကွက်ပေါ်တွင် ၁-တရားပြိုင်မှ ကျော်နင်းပြုလုပ်ကျူးလွန်ဆောက်လုပ်ထားသည့် အုတ်တံတိုင်း၊ အဆောက်အအုံကြီးငယ်များနှင့် အစီစိတွင်းကို ဖျက်သိမ်းဖယ်ရှား၍ မြေကွက် ၂ ကွက်ကို တရားလိုသို့ လက်ရောက်ပေးအပ်စေသည့်အမိန့် စီရင်ချက်နှင့်ဒီကရီကို တရားပြိုင်များအပေါ် ရထိုက်ပါ၍ တောင်းဆိုပါသည်ဟု ထင်ထင်ရှားရှားအဆိုပြုဖော်ပြထားသဖြင့် အယူခံတရားလိုရှေ့နေ၏တရားလိုက ထွက်ဆိုခြင်းမရှိဘဲ တရားရုံးကသက်သာခွင့်ပေးသည်ဆိုသည့် တင်ပြချက်လက်မခံနိုင်ပေ။

သို့ဖြစ်၍ ၁-တရားပြိုင်သည် အချင်းဖြစ်မြေ ၂ ကွက်ပေါ်တွင် မည်သည့်အခွင့်အရေးမှမရှိကြောင်း ထင်ရှားပြီးဖြစ်ရာ မြေကွက်များပိုင်ရှင်တရားလိုသို့ လက်ရောက်ပြန်လည်ပေးအပ်ရန်တာဝန်ရှိသည်။

အထက်ပါအတိုင်း ပေါ်ပေါက်နေသည့် အခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ၁-တရားပြိုင်နှင့် ၂-တရားပြိုင်တို့ချုပ်ဆိုထားသည့် ၃၁-၃-၀၉ နေ့စွဲပါ မြေကွက်အရောင်းအဝယ် စရန်ပေးကတိစာချုပ်၊ယင်းစာချုပ်နှင့် ဆက်နွယ်ပေါ်ပေါက်သော ၃၀-၄-၀၉ နေ့စွဲပါစာချုပ်၊ ၁-၈-၀၉ နေ့စွဲပါစာချုပ်များသည် မူလကပင်

ပျက်ပြယ်ကြောင်း မြွက်ဟကြေညာ၍ ထိုစာချုပ်ပါ အရောင်းအဝယ်ပြုသည့် မြေ ၂ ကွက်ပေါ်ရှိ အုတ်တံတိုင်း၊ အဆောက်အဦ၊ အဝီစိတွင်းတို့ကို ၁-တရားပြိုင်က ဖျက်သိမ်းဖယ်ရှား၍ မြေကွက်ကို တရားလိုသို့ လက်ရောက်ပေးအပ်စေရန် ဒီကရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရလည်းကောင်း၊ အကြောင်းခြင်းရာအရလည်းကောင်း မှားယွင်းခြင်းမရှိသည့်အပြင် အထောက်အထားမဲ့ဆုံးဖြတ်ခြင်းမဟုတ်၍ ယင်းစီရင်ချက်နှင့်ဒီကရီအပေါ် ဝင်ရောက်စွက်ဖက်ရန် အကြောင်းမရှိပေ။

ထို့ကြောင့် ဤအယူခံမှုကို စရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၃၀၀၀၀ိ/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
ဧပြီလ ၂၅ ရက်

တရားမအထွေထွေလျှောက်ထားမှု

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများဖြစ်ကြသော
ဦးစိုးညွန့်နှင့် ဦးမြသိမ်း တို့ရှေ့တွင်

ဦးလှမြင့်ဖူး

နှင့်

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပါ ၂ *

မြေကွက်ခွဲစိတ်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ခြင်း။

**ဆုံးဖြတ်ချက်** ။ ။ မြေကွက်ခွဲစိတ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် ဧရိယာအတိုင်းအတာနှင့် လျှောက်ထားလိုသူသည် မြေတိုင်းလျှောက်ထားစဉ်က တင်ပြခဲ့သော အထောက်အထားများအပြင် လိုအပ်သည့်စာရွက်စာတမ်းမူရင်းများတင်ပြရန် မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအပိုဒ် ၇ တွင် သတ်မှတ်ဖော်ပြထားသည်။

---

* ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေလျှောက်ထားမှုအမှတ် ၈၂

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ် (၂) တို့ နှစ်ဦးပူးတွဲအမည်ပေါက်လျက်ရှိသည့် အချင်းဖြစ်မြေကွက်ကြီး ဧရိယာ ၀.၄၅၄ ဧကတွင် အမှတ် ၉ အဆောက်အဦတည်ရှိရာ မြေကွက်ဧရိယာ ၀.၃၂၃ ဧကကို လျှောက်ထားခံရသူအမှတ် ၂ က ၎င်းတစ်ဦးတည်းအမည်ပေါက် လျှောက်ထားရန်အတွက် မြေကွက်ခွဲ၊ မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားခြင်းအပေါ် နှစ်ဦးပူးတွဲအမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်စာချုပ်မိတ္တူ၊ နှစ်ဦးအမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းမိတ္တူတို့ဖြင့်သာ လက်ခံဆောင်ရွက်ပေးခဲ့ခြင်းသည် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းမြင်သာသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ဒေါ်မီမီမြင့်ဖူး လက်ရှိဖြစ်သည့်အပိုင်းကို ဦးလှမြင့်ဖူး၏သဘောတူညီချက်မရရှိဘဲ နှစ်ဦးပူးတွဲအမည်ပေါက်မှ ဒေါ်မီမီမြင့်ဖူးတစ်ဦးတည်းအမည်ပေါက်အဖြစ် တစ်ဖက်သတ် မြေကွက်ခွဲဝေပေးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်လှလှလွင်<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)အတွက် | - | ဒေါ်ယုယုခင်၊ ညွှန်ကြားရေးမှူး<br>ပြည်ထောင်စုရှေ့နေချုပ်ရုံး |

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

လျှောက်ထားခံရသူ(၂)အတွက် - ဦးခင့်အောင်
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၅ ဒီ၊ မြေကွက်အမှတ် ၄၇ဒီ/ ၁အေ၊ ဧရိယာ ၀. ၄၅၄ ဧကရှိ မြေသည် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ အရ လျှောက်ထားသူ ဦးလှမြင့်ဖူးနှင့် လျှောက်ထားခံရသူအမှတ် (၂) ဒေါ်မီမီမြင့်ဖူးတို့မှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၁၈-၉-၂၀၁၄ ရက်စွဲဖြင့် ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့ နှစ်ဦးပူးတွဲအမည်ပေါက်ပြောင်းလဲပိုင်ဆိုင်ခွင့်ရရှိခဲ့ကြကြောင်း၊ အဆိုပါ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများကို ရန်ကုန်မြို့ ဝါးတန်းလမ်းရှိ မြဝတီဘဏ်၏ လော့ကာအမှတ်-D,342 တွင် လျှောက်ထားသူနှင့် ဒေါ်မီမီမြင့်ဖူးတို့နှစ်ဦးကအပ်နှံခဲ့ပြီး သော့တစ်ချောင်းစီကိုင်ဆောင်ကာ နှစ်ဦးသဘောတူညီချက်ဖြင့် နှစ်ဦးအတူတကွထုတ်ယူမှသာ ဘဏ်မှ ထုတ်ယူခွင့်ပြုရန် စီစဉ်ဆောက်ရွက်ခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်ပေါ်တွင် အမှတ် ၉ နှင့် ၉/က ဟူ၍ အဆောက်အဦ ၂ လုံးရှိရာ အမှတ်-၉ မြေနှင့်အဆောက်အဦကို ဒေါ်မီမီမြင့်ဖူးနှင့် မိသားစုက ဌားရမ်းထားခဲ့ပြီး အမှတ် ၉/က တွင် လျှောက်ထားသူ ဦးလှမြင့်ဖူးမိသားစု နေထိုင်လျက်ရှိကြောင်း၊ အမှတ်-၉ မြေကွက်တွင် ဦးလှမြင့်ဖူးရပိုင်ခွင့်ရှိသည့် ၃၇၀၉ စတုရန်းပေ မြေပိုပါဝင်နေကြောင်း၊ အဆိုပါနှစ်ဦး ပူးတွဲအမည်ပေါက်မြေကွက်ကြီးတွင် အမှတ်-၉ တည်ရှိရာအပိုင်းကို

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

ဒေါ်မီမီမြင့်ဖူးက လျှောက်ထားသူအား အသိပေးအကြောင်းကြားခြင်း မရှိဘဲ အမည်ပေါက်လျှောက်ထားရန်အတွက် မြေကွက်ခွဲမြေပုံကူးနှင့် မြေတိုင်းလျှောက်ထားခဲ့ကြောင်းကို သတင်းစာကြော်ငြာပါမှ သိရှိရသဖြင့် လျှောက်ထားသူက အထောက်အထား စာရွက်စာတမ်းများဖြင့် တင်ပြကန့်ကွက်ခဲ့ကြောင်း၊ လျှောက်ထားသူမှလည်း မြေကွက်ခွဲစိတ်မြေပုံကူးယူခွင့်ပြုရန်နှင့် မြေတိုင်းခွင့်ပြုရန်လျှောက်ထားခဲ့ရာ အဆိုပါမြေကွက်အမှတ် ၄၇-ဒီ/၁ အေ သည် မြေစာရင်းတွင် ခွဲစိတ်ပြီးဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက ၂၉-၄-၂၀၁၅ ရက်စွဲဖြင့် အကြောင်းကြားစာပေးပို့ခဲ့ကြောင်း၊ နှစ်ဦးပူးတွဲအညီအမျှ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသည်ကို ဆန့်ကျင်သွေဖီလျက် လျှောက်ထားသူ၏ကန့်ကွက်မှုကိုလျစ်လျူရှုကာ မြေကွက်များခွဲစိတ်ပြီးကြောင်း အကြောင်းကြားစာပေးပို့လာခြင်းသည် ဌာန၏လုပ်ထုံးလုပ်နည်းမူဘောင်ကို ကျော်လွန်၍ တစ်ဖက်သတ်ဆောက်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် အာဏာပေးစာချွန်တော်အမိန့်ထုတ်ဆင့်ပေးသင့်ကြောင်းဖြင့် ဦးလှမြင့်ဖူးက လျှောက်ထားလာခြင်းဖြစ်သည်။

လျှောက်ထားခံရသူအမှတ် (၁) အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ညွှန်ကြားရေးမှူးက နှစ်ဦးပူးတွဲအမည်ပေါက်မြေကွက်ကို လျှောက်ထားခံရသူအမှတ် (၂) တစ်ဦးတည်းက အမှတ်(၉) တည်ရှိရာမြေအား အမည်ပေါက်လျှောက်ထားရန်အတွက် မြေကွက်ခွဲ၊ မြေပုံကူးနှင့်မြေတိုင်းတာရန် လျှောက်ထားခဲ့ရာတွင် လျှောက်ထားခံရသူအမှတ် (၁) ဌာနက သတင်းစာတွင်ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခဲ့ပြီး

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

လျှောက်ထားသူက ဌာနမှူးထံလိပ်မူ၍ ကန့်ကွက်စာတင်ပြခဲ့ကြောင်း၊ ဌာနမှူးရုံးခန်း၌ပြုလုပ်သော အစည်းအဝေး၌လည်း လျှောက်ထားသူက တင်ပြကန့်ကွက်ခဲ့ကြောင်းတွေ့ရှိရသော်လည်း ဒေါ်မိမိမြင့်ဖူးသည် မြေကွက်တစ်ခုလုံး၏ ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်ခြင်း၊ တရားရုံး စီရင်ချက်အထောက်အထားများအရ ၎င်းလက်ရှိဖြစ်ကြောင်း ပေါ်ပေါက်ခြင်း၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်မိတ္တူကို တင်ပြခြင်းဖြစ်သော်လည်း ယင်းစာချုပ်မူရင်းကို လျှောက်ထားခံရသူ အမှတ် (၁) ၏ဌာနက လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့နှစ်ဦးပူးတွဲအမည်ပေါက်ပြောင်းရန် လျှောက်ထားစဉ်က တိုက်ဆိုင်စစ်ဆေးထားပြီးဖြစ်ခြင်း၊ ၂၉-၁၀-၂၀၁၄ ရက်စွဲပါလျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့၏ သဘောတူစာချုပ်အပိုဒ် ၄ တွင် လက်ရှိနေထိုင်လျက်ရှိသော မြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦများတွင် လက်ရှိအနေအထားအတိုင်း သီးခြားစီလွတ်လပ်စွာ နေထိုင်ခွင့်ရှိကြောင်း ဖော်ပြထားခြင်း၊ စာချုပ်အပိုဒ် ၇ တွင် မြေ၏ အကျယ်အဝန်းခြားနားချက်ကို အမှတ် ၉ ခြံရောင်းသည့်အခါ ကာလပေါက်ဈေးဖြင့်တန်ဖိုးသင့်၍ ဒေါ်မိမိမြင့်ဖူးက ဦးလှမြင့်ဖူးသို့ ပေးချေရန်သဘောတူကြောင်းဖော်ပြထားခြင်း၊ စာချုပ်အပိုဒ် ၁၀ တွင် အကယ်၍ မိမိတို့လက်ရှိ နေထိုင်သောနေရာကို မိမိအမည်ပေါက်ရန် သီးခြားစီဆောင်ရွက်လိုပါကဆောင်ရွက်ခွင့်ရှိကြောင်း ဖော်ပြထားခြင်း၊ ဒေါ်မိမိမြင့်ဖူးနှင့်ဦးလှမြင့်ဖူးတို့၏ မြေကွက်များသည် ကြားတွင် မူလကပင် အုတ်ခြံစည်းရိုးကာရံ ပိုင်းခြားထားပြီး သီးခြားစီဖြစ်ကြောင်း မှတ်တမ်း ဓါတ်ပုံများအရတွေ့ရှိရခြင်းတို့ကြောင့် လျှောက်ထားချက်အပေါ်

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

လက်ခံစဉ်းစားရန်မသင့်ပါကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် သက်ဆိုင်ရာဌာနအလိုက် နည်းဥပဒေများ ပြဋ္ဌာန်းခဲ့သော်လည်း မြေတိုင်းတာခြင်း၊ မြေကွက်ခွဲစိတ်ခြင်းဆိုင်ရာလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ကို နည်းဥပဒေတွင် ဖော်ပြထားခြင်းမရှိသဖြင့် ဌာန၏လုပ်ထုံးလုပ်နည်းအရ ဆောင်ရွက်ခဲ့ရာတွင် ဥပဒေနှင့်အညီအပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာရန် ပျက်ကွက်ခဲ့သည်ဟု ပေါ်ပေါက်မှုမရှိကြောင်း၊ လျှောက်ထားခံရသူ အမှတ် (၁) ဌာန၏ဆောင်ရွက်ချက်သည် လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိဟုမဆိုနိုင်သည့်အပြင် လျှောက်ထားခံရသူအမှတ် (၂) သည် ၎င်းလက်ရှိပိုင်ဆိုင်သောမြေကွက်ကိုသာ ၎င်းအမည်ပေါက်မြေကွက်ခွဲမြေပုံကူးနှင့် မြေတိုင်းတာလျှောက်ထားခြင်းအပေါ် ခွင့်ပြုခဲ့ခြင်းသာဖြစ်သောကြောင့် အပ်နှင်းထားသောလုပ်ပိုင်ခွင့်နှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိကြောင်းတွေ့ရှိရသဖြင့် အာဏာပေးစာချွန်တော်အမိန့် ထုတ်ဆင့်ပေးရန် လျှောက်ထားချက်အားပယ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။

လျှောက်ထားခံရသူအမှတ် (၂) ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့သည် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုပြီးနောက်တွင် လျှောက်ထားသူသည် အကြောင်းအမျိုးမျိုးပြ၍ ၂၉-၁၀-၂၀၁၄ ရက်စွဲပါ နှစ်ဖက်သဘောတူစာချုပ်ကို ဆန့်ကျင်လျက် မြေကွက်ခွဲစိတ်ရန် ငြင်းဆန်နေပြီးမူရင်းများကို ဘဏ်လော်ကာတွင်ထားပြီးမှ ဆက်ဆွေးနွေးမည်ဟု အကြပ်ကိုင်နေ၍လျှောက်ထားခံရသူအမှတ် (၂) က တစ်ဖက်သတ်

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

မြေကွက်ခွဲမြေပုံနှင့် မြေတိုင်းလျှောက်ထားခဲ့ရကြောင်း၊ ထိုသို့ လျှောက်ထားရာတွင် လျှောက်ထားခံရသူအမှတ် (၂) က အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းကြေညာစာချုပ်အမှတ် ၂၉၄၃/ ၂၀၁၄ မိတ္တူနှင့်အတူ တရားရုံးစီရင်ချက်အထောက်အထားများ၊ လျှောက်ထားခံရသူအမှတ် (၂) မှ ဆရာစံရပ်ကွက်အုပ်ချုပ်ရေးမှူး ရှေ့မှောက်တွင်ပြုလုပ်ခဲ့သည့် ၁-၁-၂၀၁၅ ရက်စွဲပါဝန်ခံချက်၊ လျှောက်ထားသူထံအကြောင်းကြား စာတို့ကိုပူးတွဲတင်ပြခဲ့ကြောင်း ၂၉-၁၀-၂၀၁၄ ရက်စွဲပါ နှစ်ဖက် သဘောတူစာချုပ်တွင် မိမိတို့လက်ရှိထားနေထိုင်လျှက်ရှိသော မြေကွက် နှင့် အဆောက်အဦတွင် သီးခြားစီလွတ်လပ်စွာနေထိုင်ခွင့် စီမံပိုင်ခွင့်ရှိကြောင်း၊ အမှတ်၉/က မြေကွက် အကျယ်အဝန်းထက် အမှတ် ၉ မြေကွက်ကထက်ဝက်စီ အကျယ်အဝန်းထက် ၃၇၀၉ စတုရန်းပေ ပိုမိုနေခြင်းကို အမှတ် ၉ ခြံရောင်းသည့်အခါ တန်ဖိုးသင့်၍ ဒုတိယ တစ်ဖက်က ပထမတစ်ဖက်သို့ပေးချေရန်၊ မိမိတို့လက်ရှိနေထိုင်နေသော နေရာကို မိမိအမည်ပေါက်ရန် သီးခြားဆောင်ရွက်လိုပါက ဆောင်ရွက်နိုင်ခွင့်ရှိကြောင်းတို့ကိုဖော်ပြ သဘောတူထားခဲ့ကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ယခင်ကွင်းဆင်းတိုင်းတာခဲ့သော မြေ အတိုင်းအတာများကို ထပ်မံကွင်းဆင်းအတည်ပြုပြီး တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီစိစစ်၍ ၀. ၄၅၄ ကေမြေကွက်ကြီးမှ လျှောက်ထားခံရသူအမှတ်(၂) ဒေါ်မိမိမြင့်ဖူးတစ်ဦးတည်း အမည်ဖြင့် ၀. ၃၂၃ ကေမြေကွက်ကိုခွဲစိတ်ပေးခြင်းဖြစ်ကြောင်း၊ ဥပဒေဘောင်ကျော် လွန်၍ ဆောင်ရွက်ပေးခဲ့ကြောင်း မပေါ်ပေါက်၍ လျှောက်ထားလွှာကို

ပယ်သင့်ကြောင်း လျှောက်လဲတင်ပြသည်။



လျှောက်ထားသူ၏ တရားလွှတ်တော်ရှေ့နေက လျှောက်ထားခံရသူအမှတ် (၂) ၏ တစ်ဖက်သတ်ဆောင်ရွက်မှုကို သိလျှင်သိချင်း လျှောက်ထားသူက ၂၁-၁၁-၂၀၁၄ နေ့စွဲပါစာအမှတ် ၂၀၆၈၈/၂၀၁၄ ဖြင့် လျှောက်ထားခံရသူအမှတ် (၁) ဌာန၏ ဌာနမှူးထံလိပ်မူ၍ အထောက်အထားစာရွက်စာတမ်းပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်ခဲ့ကြောင်း၊ အချင်းဖြစ်မြေကွက်ကြီးအား ထက်ဝက်စီညီတူညီမျှ ခွဲစိတ်နိုင်ရေးအတွက် လျှောက်ထားသူက ၂၂-၄-၂၀၁၅ နေ့တွင် မြေကွက်ခွဲစိတ်မြေပုံကူးခွင့်ပြုရန်နှင့် ၂၇-၄-၂၀၁၅ နေ့တွင် မြေတိုင်းခွင့်ပြုရန် လျှောက်ထားခဲ့ရာ လျှောက်ထားခံရသူအမှတ် (၁) ဌာနက မြေကွက်အမှတ် ၄၇-ဒီ/၁ အေ သည် မြေစာရင်းတွင်မြေကွက် ခွဲစိတ်ပြီးဖြစ်ကြောင်း၊ ၂၉-၄-၂၀၁၅ ရက်စွဲပါ အကြောင်းကြားစာကိုပေးပို့ခဲ့ကြောင်း၊ လျှောက်ထားသူ၏သဘောတူ ညီချက်မပါဘဲ ထိုကဲ့သို့တစ်ဖက်သတ်မြေခွဲစိတ်ပေးခဲ့ခြင်းသည် တရားမျှတမှုနှင့်ကင်းဝေးလျက်ရှိကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် လျှောက်ထားသူ၏ ကန့်ကွက်နေမှုကို လျစ်လျူရှုကာဌာန၏ လုပ်ထုံးလုပ်နည်းမူဘောင်ကိုကျော်လွန်၍ တစ်ဖက်သတ် ဆောင်ရွက်ဆုံးဖြတ်ခဲ့ခြင်းသည် လျှောက်ထားသူ၏ ပုဂ္ဂလိကအခွင့်အရေးနစ်နာဆုံးရှုံးရပါကြောင်း၊ လျှောက်ထားခံရသူအမှတ် (၁) ဌာနတွင် မည်သည့်ကိစ္စရပ်မဆို အမှုတွဲဖွင့်လှစ်ဆောင်ရွက်မည်ဆိုပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြသတိုက်ဆိုင်စစ်ဆေးပြီးမှသာ အမှုတွဲဖွင့်လှစ် ဆောင်ရွက်ခွင့်ရှိသည်

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

ဆိုခြင်းမှာ အများပြည်သူသိရှိနားလည်ထားသည့် လုပ်ထုံးလုပ်နည်း တစ်ရပ်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) မှ ပိုင်ဆိုင်မှု အထောက်အထားမှုရင်းများမပါဘဲ မိတ္တူဖြင့်သာ တစ်ဖက်သတ် တင်ပြလျှောက်ထားချက်အပေါ် ဆောင်ရွက်ပေးခဲ့ခြင်းသည် လုပ်ထုံး လုပ်နည်းနှင့်ဆန့်ကျင်နေကြောင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ တရားဝင် Website တွင် အများပြည်သူသိရှိလိုက်နာရန် ထုတ်ပြန်ထားသည့် မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အပိုဒ် ၆၊ ၇ ပါ မြေတိုင်းတာခြင်း၊ မြေကွက် ခွဲစိတ်ခြင်းတို့အတွက် ဌာနမှသတ်မှတ်ထားသည့်အချက်များနှင့် ပြည့်စုံမှန်ကန်မှသာလျှင် တရားဝင်မြေတိုင်းတာခြင်းနှင့် မြေကွက် ခွဲစိတ်ခြင်းများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လျှောက်ထားခံရသူ အမှတ် (၁) သည် မိမိထုတ်ပြန်ထားသည့် လုပ်ထုံးလုပ်နည်းအပိုဒ် ၆ (ခ) (ဂ) (ဃ) တို့ကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ခဲ့ကြောင်း၊ လုပ်ထုံးလုပ်နည်း အပိုဒ် ၇ တွင် တစ်ဖက်သတ်မြေကွက်ခွဲစိတ်နိုင်ကြောင်း ထုတ်ပြန်သတ်မှတ်ထားမှုမရှိကြောင်း၊ လျှောက်ထားခံရသူ အမှတ် (၂) ၏ တစ်ဖက်သတ်လျှောက်ထားမှုအပေါ် လျှောက်ထားသူက ကန့်ကွက် ခဲ့ပြီးနောက် လျှောက်ထားခံရသူအမှတ် (၁) က မည်သည့် အကြောင်း ကြားစာကိုမျှ ကန့်ကွက်သူအားအသိပေးအကြောင်းကြားမှု မရှိခြင်းသည် လုပ်ထုံးလုပ်နည်းလွဲမှားနေကြောင်း၊ ၂၉-၁၀-၂၀၀၄ နေ့စွဲပါ စာချုပ်ကို ၉-၆-၂၀၁၄ နေ့စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်ကြေညာ စာချုပ်အမှတ်-၂၉၄၃/၂၀၁၄ ဖြင့် အစားထိုးအတည်ပြုခဲ့ပြီး ဖြစ်ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၁) ဌာနသည် ဥပဒေနှင့်အညီ တရားဝင်

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

ချုပ်ဆိုထားသည့် ၉-၆-၂၀၁၄ နေ့စွဲပါ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၄၃/၂၀၁၄ ကို မျက်ကွယ်ပြု၍ တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ဆောင်ရွက်ခဲ့ခြင်းဖြစ်၍ အာဏာပေး စာချွန်တော်အမိန့်ထုတ်ဆင့်ပေးသင့်ကြောင်း လျှောက်လဲတင်ပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့ နှစ်ဦးပူးတွဲအမည်ပေါက်လျက်ရှိသော မြေကွက်ကြီးမှ လျှောက်ထားခံရသူအမှတ် (၂) လက်ရှိဖြစ်သည့် အမှတ် ၉ တည်ရှိရာအပိုင်းကိုတစ်ဖက်သတ်မြေတိုင်းတာခြင်းနှင့် မြေကွက် ခွဲစိတ်ခြင်းတို့ပြုလုပ်ခဲ့ခြင်းသည် ယင်းဌာနကထုတ်ပြန်ထားသည့် မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေ လုပ်ထုံးလုပ်နည်း များနှင့်အညီဆောင်ရွက်ထားခြင်း ရှိ မရှိ စိစစ်ရန်ဖြစ်သည်။

လျှောက်ထားလွှာ၊ ကျမ်းကျိန်လွှာများနှင့် ပူးတွဲတင်ပြ သည့် အထောက်အထားစာရွက်စာတမ်းများအရ အချင်းဖြစ်မြေကွက် အမှတ် ၄၇/ဒီ/၁ -အေ ဧရိယာ ဝ. ၄၅၄ ဧက မြေပိုင်မြေသည်မူလပိုင်ရှင် Mr J W Darwood ထံမှ လျှောက်ထားသူ၏ မိဘများဖြစ်ကြသော ဦးဖူး၊ ဒေါ်ခင်မြင့်မြင့်တို့က ၁၉-၁-၁၉၅၁ နေ့တွင်ဝယ်ယူ ပိုင်ဆိုင်ခဲ့ကြောင်း၊ လျှောက်ထားခံရသူအမှတ် (၂) ဒေါ်မီမီမြင့်ဖူးသည် လျှောက်ထားသူ၏ အစ်ကိုဖြစ်သူ ဦးမြင့်ဖူး၏သမီးဖြစ်ပြီး ၎င်းအားဖခင်ဦးဖူးက ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ကိတ္တိမမွေးစားခြင်းမှတ်ပုံတင်စာချုပ် အမှတ် ၁၈/၁၉၇၁ ဖြင့်တရားဝင်မွေးစားခဲ့ကြောင်း၊ မိဘများနှင့်

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

အစ်ကိုဖြစ်သူ ဦးမြင့်ဖူး ကွယ်လွန်ပြီးနောက် လျှောက်ထားသူနှင့် လျှောက်ထားခံရသူ (၂) တို့သည် အဆိုပါမြေနှင့်မြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်အမှတ် ၂၉၇၃/၂၀၁၄ အရ နှစ်ဦး အမွေဆက်ခံပိုင်ဆိုင်ခဲ့ကြပြီး လျှောက်ထားသူနှင့် လျှောက်ထားခံရသူ အမှတ်(၂)တို့၏အမည်ပေါက်မြေရာဇဝင်မှတ်တမ်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၁၇-၉-၂၀၁၄ ရက်စွဲဖြင့် မြေအမည်ပေါက်လွှဲပြောင်းခြင်းမှတ်တမ်းတို့အရ အချင်းဖြစ်မြေတွင်နှစ်ဦးပူးတွဲ အမည်ပေါက်လျက်ရှိကြောင်းတွေ့ရှိရသည်။

အဆိုပါအမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် အမှတ် ၂၉၇၃/၂၀၁၄ မူရင်းနှင့် အမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းမူရင်းတို့ကို လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့က ၅-၁၁-၂၀၁၄ နေ့တွင် မြဝတီဘဏ်၌ လော်ကာအမှတ် D,342 ဖြင့် အပ်နှံထားပြီး နှစ်ဦးသဘောတူမှသာထုတ်ယူနိုင်ရန် စီစဉ်ထားကြောင်းတွေ့ရသည်။ ထိုကဲ့သို့စာချုပ်စာတမ်းမူရင်းတို့ကို ဘဏ်တွင်အပ်နှံထားသဖြင့် လျှောက်ထားခံရသူ အမှတ် (၂) က စာချုပ်စာတမ်းမိတ္တူများကိုတင်ပြ၍ အမှတ် ၉ ဆရာစံလမ်းဟု ခွဲစိတ်ထားပြီးသောမြေကွက်အား မိမိတစ်ဦးတည်း အမည်ပေါက်ပြုလုပ် ပေးရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ လျှောက်ထား ခဲ့ခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက

အမိန့်ကြော်ငြာစာအမှတ် ၃/၂၀၀၁ ဖြင့် ထုတ်ပြန်ထားသော မြို့ပြစီမံကိန်း နှင့် မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများ ၄၄ နှင့် ၅၄ အရ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ပုဂ္ဂိုလ်တစ်ဦးဦး၏ လျှောက်ထားချက်အရ မြေတိုင်းတာပြီး အတည်ပြုမြေတိုင်းမြေပုံထုတ် ပေးနိုင်ကြောင်း၊ ထိုသို့လျှောက်ထားရာတွင် မြေအမည်ပေါက် ကိုယ်တိုင်ဖြစ်စေ၊ အမည်ပေါက်ထံမှ မှတ်ပုံတင်စာချုပ်စာတမ်း အဆက် အစပ်ဖြင့်ဆက်ခံသူကဖြစ်စေ လျှောက်ထားနိုင်ပြီး ပိုင်ဆိုင်မှုအထောက် အထားအဖြစ် ဂရန်မြေဖြစ်ပါက ဂရန်မူရင်း၊ မြေပိုင်မြေဖြစ်ပါက မှတ်ပုံ တင်စာချုပ်အဆက်အစပ်မူရင်းများတင်ပြရန်လိုအပ်ပြီး မှတ်ပုံတင် စာချုပ်အဆက်အစပ်များ တင်ပြနိုင်ခြင်းမရှိပါက ပိုင်ဆိုင်မှုနှင့်စပ်လျဉ်း သည့် တရားရုံးစီရင်ချက်တာဝန်ခံမိတ္တူမှန်များတင်ပြနိုင်ကြောင်း၊ ပူးတွဲအမည်ပေါက်မြေကွက်များအား မြေကွက်ခွဲစိတ်ခြင်းနှင့်စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် ပူးတွဲလျှောက်ထားနိုင်ခြင်းမရှိပါက မြေကွက်ခွဲစိတ်လိုသူသည် အမည်ပေါက်ကိုယ်တိုင်ဖြစ်ပြီး ၎င်းကခွဲစိတ်လို သည့် အစိတ်အပိုင်းသည် မျက်နှာစာဖက်၌ အနည်းဆုံးပေ ၂၀ ရှိရမည် ဖြစ်ပြီး မြေတစ်ကွက်လုံး၏ စုစုပေါင်းဧရိယာသည် အနည်းဆုံး ၁၂၀၀ စတုရန်းပေရှိရမည့်အပြင် တစ်ဖက်သတ်ခွဲစိတ်၍ကျန်ရှိမည့် အစိတ်အပိုင်းသည်လည်း ထိုသို့ အနည်းဆုံးသတ်မှတ်ထားသည့် ဧရိယာအတိုင်းအတာရှိပြီး မြေပြင်တွင်လည်း မြေကွက်များသီးခြားစီ ဖြစ်ပါ က ပိုင်ဆိုင်မှုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်စာချုပ်မူရင်း တင်ပြနိုင်ခြင်း မရှိသည့်တိုင် တရားရုံးစီရင်ချက်အထောက်အထားများ တင်ပြနိုင်ပါက တစ်ဖက်သတ်မြေကွက် ခွဲစိတ်ခွင့်ပြုသည့်နည်းလမ်းကို ကျင့်သုံး

၂၀၁၆

ဦးလှမြင့်ဖူး နှင့် ဌာနမှူး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ပါ ၂

ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေါ်မိမိမြင့်ဖူး၏ မြေကွက်အတိုင်းအတာသည် သတ်မှတ်ချက်ပြည့်မီခြင်း၊ မြေပြင်သို့ထပ်မံကွင်းဆင်းရာ အမှတ် ၉ နှင့် ၉/က သည် မြေပြင်တွင် သီးခြားစီဖြစ်ကြောင်းတွေ့ရှိရခြင်းတို့ကြောင့် ဌာန၏ ၂၂-၄-၂၀၁၅ ရက်စွဲ ပါစာဖြင့် မြေကွက်ခွဲစိတ်ခွင့်ပြုခဲ့ပြီး လျှောက်ထားသူဦးလှမြင့်ဖူးထံ ၂၉-၄-၂၀၁၅ ရက်စွဲပါစာဖြင့် အကြောင်းပြန်ကြားခဲ့ခြင်းဖြစ်ကြောင်း လျှောက်ထားခံရသူအမှတ် (၁) ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှူးက ပြန်ကြားအစီရင်ခံစာ၊ ပြန်လှန်ကျမ်းကျိန်လွှာတို့ကို ပူးတွဲစာရွက်စာတမ်း အထောက်အထားများ ဖြင့်တင်ပြသည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲရေးဆိုင်ရာနည်းဥပဒေများ၏ နည်းဥပဒေ ၄၄ တွင်ကော်မတီသည် အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခု၏ လိုအပ်ချက်အရဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး၏လျှောက်ထားချက်အရဖြစ်စေ မြေတိုင်းတာပြီး မြေတိုင်းမြေပုံကိုထုတ်ပေးနိုင်သည်ဟု ဖော်ပြထားပြီး ကော်မတီ၏လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များကို ရုံးအကြီးအကဲနှင့် ဌာနမှူးတို့အားဖြစ်စေ၊ လက်အောက်ဌာနအဖွဲ့အစည်းအားဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးအားဖြစ်စေလွှဲအပ်ဆောင်ရွက်စေနိုင်သည်ဟု နည်းဥပဒေ ၅၄ တွင်ဖော် ပြထားသည်။

ယင်းကော်မတီ၏မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများတွင် မြေအမည် ပေါက်ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ အပိုဒ် ၄ (ခ) တွင် လျှောက်ထားလိုသူသည် ဌာနမှ

သတ်မှတ်သောပုံစံနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ မြေပိုင်မြေဖြစ်ကအမည်ပေါက်စာချုပ်၊ ဂရန်မြေဖြစ်က မြေငှားဂရန်နှင့်နောက်ဆုံးထမ်းဆောင်ထားသောမြေခွန်ပြေစာ၊ စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်သူဖြစ်ပါကမှတ်ပုံတင်စာချုပ် စာတမ်း၊ တရားရုံးအမိန့်ရရှိထားသူဖြစ်ပါက ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ တရားရုံးကချမှတ်ထားသည့်စီရင်ချက်နှင့် ဒီကရီမူရင်းများတင်ပြလျှောက်ထားရပါသည်ဟုလည်းကောင်း၊ အပိုဒ် ၄ (ဂ) တွင် ဌာနမှဂရန်အသစ်လျှောက်ထားခဲ့စဉ်ကကဲ့သို့ပင် စိစစ်၍ ကန့်ကွက်သူမရှိပါက သတ်မှတ်ဝန်ဆောင်ခပေးသွင်းစေပြီး မြေအမည်ပေါက်ပြောင်းလဲ မှတ်သားပေးနိုင်ရန်လျှောက်ထားသူမှ မှတ်ပုံတင်စာချုပ်မူရင်း သို့မဟုတ် မြေငှားဂရန်မူရင်းတင်ပြရမည်ဖြစ်ပြီး ဌာနမှအမည်ပြောင်းလဲခြင်း မှတ်တမ်းတွင်ရေးဖြည့်ပြီးပြန်လည်ထုတ်ပေးပါသည်ဟုလည်းကောင်း ဖော်ပြထားသည်။ မြေတိုင်းတာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါလုပ်ထုံးလုပ်နည်းအပိုဒ် ၆ (ခ) နှင့် (ဂ) တွင် စာချုပ်စာတမ်းမူရင်းများတင်ပြ လျှောက်ထားရန် သတ်မှတ်ထားပြီး ဌာနမှ အထောက်အထားမိတ္တူများအား မူရင်းနှင့်တိုက်ဆိုင်စစ်ဆေး၍ လက်ခံပေးပါသည်ဟုလည်းကောင်း၊ အပိုဒ် ၆ (ဃ) တွင် လျှောက်ထားသူတင်ပြသော အထောက်အထားနှင့်မြေစာရင်းရှိ အထောက်အထားကိုက်ညီမှန်ကန်မှုရှိပါက လျှောက်ထားသည့်မြေကွက်နှင့်ထိစပ်နေသည့် ပတ်ဝန်းကျင်မြေကွက်များမှ မြေတိုင်းတာမည်ဖြစ်ကြောင်း ကြော်ငြာစာတွင် သိရှိကြောင်းလက်မှတ်ရေးထိုးပေးရပြီး ကန့်ကွက်မှုမရှိပါက သတ်မှတ်ဝန်ဆောင်ခပေးသွင်းစေ၍ မြေတိုင်းတာပေးပြီး မြေတိုင်းမြေပုံထုတ်ပေးပါသည်ဟုလည်းကောင်းဖော်ပြပါရှိသည်။

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
၄ ဦး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

မြေကွက်ခွဲစိတ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်သည့် ဧရိယာအတိုင်း အတာနှင့် လွှဲပြောင်းလိုသူသည် မြေတိုင်းလျှောက်ထားစဉ်က တင်ပြခဲ့သော အထောက်အထားများအပြင် လိုအပ်သည့်စာရွက်စာတမ်း မူရင်းများတင်ပြရန် လုပ်ထုံးလုပ်နည်းအပိုဒ် ၇ တွင် သတ်မှတ် ဖော်ပြထားသည်။

မြေစီမံခန့်ခွဲမှုနှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း သတ်မှတ်ချက်များအရ မြေကွက်အမည် ပြောင်းလဲရန်အတွက် မြေကွက်ခွဲစိတ်မြေပုံကူးနှင့် မြေတိုင်းလျှောက်ထားရာတွင် ပိုင်ဆိုင်မှု စာချုပ်စာတမ်းမူရင်းများကို မလွဲမသွေတင်ပြရန် လိုအပ်မည်ဖြစ်သည်။ လျှောက်ထားခံရသူအမှတ် (၁) ၏ ပြန်လှန်ကျမ်းကျိန်လွှာတွင် လျှောက်ထားခံရသူအမှတ် (၂) က အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာ စာချုပ်ကို မိတ္တူသာတင်ပြထားသော်လည်း နှစ်ဦးပူးတွဲ မြေအမည်ပြောင်း လျှောက်ထားစဉ်က မူရင်းနှင့်တိုက်ဆိုင်စိစစ်ခဲ့ပြီးဖြစ်၍ မြေကွက်ခွဲစိတ်ခွင့် ပြုခဲ့သည်ဟုဖော်ပြထား၍ မူရင်းတင်ပြခြင်းမပြုဘဲ မိတ္တူဖြင့်သာ ဆောင်ရွက်ပေးခဲ့ကြောင်းပေါ်ပေါက်သည်။ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် လျှောက်ထားသူနှင့် လျှောက်ထားခံရသူအမှတ် (၂) တို့ နှစ်ဦးပူးတွဲ အမည်ပေါက်လျက်ရှိသည့်အချင်းဖြစ်မြေကွက်ကြီး ဧရိယာ ဝ. ၄၅၄ ဧက တွင် အမှတ် ၉ အဆောက်အဦတည်ရှိရာမြေကွက်ဧရိယာ ဝ. ၃၂၃ ဧက ကို လျှောက်ထားခံရသူအမှတ် (၂) က ၎င်းတစ်ဦးတည်း အမည်ပေါက် လျှောက်ထားရန်အတွက်မြေကွက်ခွဲ၊ မြေပုံကူးနှင့်မြေတိုင်း လျှောက်ထားခြင်းအပေါ် နှစ်ဦးပူးတွဲအမွေ ဆက်ခံပိုင်ဆိုင်ကြောင်း

မှတ်ပုံတင်စာချုပ်မိတ္တူ နှစ်ဦးအမည်ပေါက်လွှဲပြောင်းခြင်း မှတ်တမ်းမိတ္တူတို့ဖြင့်သာ လက်ခံဆောင်ရွက်ပေးခဲ့ခြင်းသည် ဌာနဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ခဲ့ ခြင်းမရှိကြောင်းမြင်သာသည်။

ဦးလှမြင့်ဖူးနှင့် ဒေါ်မီမီမြင့်ဖူးတို့၏ ၂၉-၁၀-၂၀၀၄ ရက်စွဲပါ နှစ်ဦးသဘောတူကတိစာချုပ်အပိုဒ် ၁၀ ပါ မိမိတို့ လက်ရှိနေထိုင်သော နေရာကို မိမိအမည်ပေါက်ရန် သီးခြားစီဆောင်ရွက်လိုပါက ဆောင်ရွက်ပိုင်ခွင့် ရှိကြောင်းသဘောတူညီချက်အရ ဒေါ်မီမီမြင့်ဖူး၏ တစ်ဦးတည်းအမည်ပေါက်လျှောက်ထားခြင်းအား ဆောင်ရွက်ပေးခဲ့ကြောင်းလျှောက်ထားခံရသူအမှတ် (၁) မှ တင်ပြထားသည်။ ဤသို့သဘောတူညီချက်ရှိသည့်တိုင်အောင် မြေကွက်ခွဲစိတ်ခွင့် လျှောက်ထားခြင်းကို လုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်သည်။ မြေစီမံခန့်ခွဲမှု နှင့် မြေတိုင်းတာခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် တစ်ဖက်သတ်မြေကွက်ခွဲစိတ်ခွင့်ပြုခြင်းအတွက် သီးခြားသတ်မှတ်ချက်ဖော်ပြထားခြင်းမတွေ့ရှိရပေ။ မြေကွက်ခွဲစိတ်ပေးရန် လျှောက်ထားသည့် အမှတ် ၉ မြေကွက်နှင့် ထိစပ်နေသည့်ပတ်ဝန်းကျင်မြေကွက်ဖြစ်သော လျှောက်ထားသူလက်ရှိဖြစ်သည့်အမှတ် ၉/က မြေကွက်တွင်နေသူ လျှောက်ထားသူက မြေတိုင်းတာမည်ဖြစ်ကြောင်းကြော်ငြာစာတွင် လုပ်ထုံးလုပ်နည်းအပိုဒ် ၆(ဃ) အရ သိရှိကြောင်း လက်မှတ်ရေးထိုးပေးခဲ့ရခြင်းမရှိကြောင်းလည်းပေါ်ပေါက်သည်။ ဤသို့သော အခြေအနေတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသည် ဒေါ်မီမီမြင့်ဖူးလက်ရှိဖြစ်သည့် အပိုင်းကို

၂၀၁၆
ဦးလှမြင့်ဖူး
နှင့်
ဌာနမှူး
မြို့ပြစီမံကိန်းနှင့်
မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်
စည်ပင်သာယာရေး
ကော်မတီ ပါ ၂

ဦးလှမြင့်ဖူး၏သဘောတူညီချက်မရရှိဘဲ နှစ်ဦးပူးတွဲအမည်ပေါက်မှ ဒေါ်မီမီမြင့်ဖူးတစ်ဦးတည်းအမည်ပေါက်အဖြစ် တစ်ဖက်သတ်မြေကွက်ခွဲဝေပေးခဲ့ခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိကြောင်း သုံးသပ်တွေ့ရှိရသည်။

အာဏာပိုင်မေးစာချွန်တော်အမိန့်ဆိုသည်မှာ အစိုးရဌာနတစ်ခုခု သို့မဟုတ် အခွင့်အာဏာအပ်နှင်းထားသည့်အဖွဲ့အစည်းတစ်ခုခုသည် တစ်ဦးတစ်ယောက် သို့မဟုတ် အများအပေါ်တွင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်၊အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိ မရှိစိစစ်ကြားနာ၍ ဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိ ရေးသားထုတ်ပြန်သည့် အမိန့်စာ ကိုဆိုလိုသည်။

ထို့ကြောင့် ဤတရားမအထွေထွေလျှောက်ထားမှုကို စရိတ်နှင့်တကွခွင့်ပြုသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၏ ၁၀-၄-၂၀၁၅ ရက်စွဲပါရုံးတွင်းအမိန့်အမှတ် ၁၄၈၁/၂၀၁၅ ဖြင့် မြို့မြေစာရင်းတွင် ပြင်ဆင်မှတ်သားရန် ညွှန်ကြားခြင်းအမိန့်စာကို အာဏာပိုင်မေးစာချွန်တော်အမိန့်ထုတ်ဆင့်ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၅၀၀၀ိ/- သတ်မှတ်သည်။

## တရားမပြင်ဆင်မှု

+ ၂၀၁၆ ခုနှစ်
ဇန်နဝါရီလ ၂၉ ရက်

### ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
### ဦးမြသိမ်းရှေ့တွင်

ဦးဝင်းဟန် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဦးသာပွင့်)

နှင့်

ဦးကျင်မောင် (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်အေးသန္တာ) *

**ကော်မရှင်နာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၆ အရ အပ်နှင်းသည့် အခွင့်အာဏာအရ ဆောင်ရွက်ပြီး မိမိတွေ့ရှိချက်ကို တရားရုံးသို့တင်ပြအစီရင်ခံရန်သာဖြစ်ခြင်း။ စွန့်လွှတ်ခြင်း မြောက်မမြောက်၊ စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်ခံရသူထံ စွန့်လွှတ်ပစ္စည်းရောက်ရှိခြင်း ရှိ မရှိ ဆုံးဖြတ်ရမည့်ကိစ္စသည် တရားရုံးကသာဆုံးဖြတ်ရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ ခရိုင်တရားရုံး၏ ပဏာမဒီကရီချမှတ်ပြီးနောက် ပစ္စည်းစာရင်းကောက်ယူရန်နှင့် ပစ္စည်းခွဲဝေရန် ကော်မရှင်နာခန့်ထားခြင်းဖြစ်သည်။ ကော်မရှင်နာခန့်ထားခြင်းခံရသူ ရရှိသည့်အခွင့်အာဏာနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေ အမိန့် ၂၆၊ နည်းဥပဒေ ၁၆ တွင်

* ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၃၃

\+ ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၂ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ မတ်လ ၂၄ ရက်စွဲပါ ရခိုင်ပြည်နယ်တရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု။

ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ကော်မရှင်နာ၁ခန့်စာတွင် အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် ကော်မရှင်နာသည် သက်သေကို ခေါ်ယူစစ်ဆေးခွင့်၊ စုံစမ်းစစ်ဆေးသည့် အကြောင်းအရာနှင့်စပ်ဆိုင်သည့် စာချုပ်စာတမ်းများကို တောင်းခေါ်ကြည့်ရှုစစ်ဆေးခွင့်နှင့် ကော်မရှင်နာ ခန့်စာတွင် ဖော်ပြသည့်မြေ သို့မဟုတ် အဆောက်အအုံပေါ် သို့ သင့်လျော်သည့်အချိန်တွင် ဝင်ရောက်ခွင့်တို့ကို ရရှိသည်။

**ထပ်မံဆုံးဖြတ်ချက်။** ။ စွန့်လွှတ်ခြင်း မြောက် မမြောက်၊ စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်ခံရသူထံ စွန့်လွှတ်သည့်ပစ္စည်းရောက်ရှိခြင်း ရှိ မရှိ တို့သည် တရားရုံးကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ကော်မရှင်နာအစီရင်ခံစာတွင် ဒေါ်မေငုတ်သည် အချင်းဖြစ်အိမ်မြေမှ ၎င်း၏ဝေစုကို စွန့်လွှတ်ခြင်းကြောင့် တရားပြိုင်ထံရောက်ရှိခြင်းမရှိကြောင်း၊ ဒေါ်မေငုတ်နှင့် ဦးဝင်းဟန်တို့၏ပစ္စည်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြအစီရင်ခံခဲ့ခြင်းသည် ၎င်းအားပေးအပ်ခြင်းမရှိသည့်အခွင့်အာဏာကို ကျော်လွန်သုံးစွဲရာရောက်သဖြင့် အစီရင်ခံစာပါ ယင်းသုံးသပ်ချက်ကို လက်ခံစဉ်းစားရန် အကြောင်းမရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးစိုးသိန်း<br>တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဒေါ်ဝင်းဝင်းဇံ<br>တရားလွှတ်တော်ရှေ့နေ |

စစ်တွေခရိုင်တရားရုံး ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၀ တွင် ဦးကျင်မောင်က ဦးဝင်းဟန် အပေါ် ကွယ်လွန်သူအစ်မဖြစ်သူ

ဒေါ်မေငွတ် ကျန်ရစ်သည့်အမွေပုံပစ္စည်းကို စီမံခန့်ခွဲပေးစေလိုမှု စွဲဆိုသည်။ ခရိုင်တရားရုံးက တရားလိုသည် ဒေါ်မေငွတ်ကျန်ရစ်သည့် အမွေပုံပစ္စည်း၏ ၂ ပုံ ၁ ပုံ ရထိုက်ကြောင်းပဏာမဒီကရီ ချမှတ်ခဲ့သည်။ ယင်းနောက် ကော်မရှင်နာခန့်ထား၍ စာရင်းကောက်ယူရန် ပစ္စည်း ခွဲဝေပေးရန် ခန့်ထားဆောင်ရွက်စေသည်။ ကော်မရှင်နာက စုံစမ်းစစ်ဆေးပြီး အစီရင်ခံစာတင်သွင်းသည်။ ယင်းအစီရင်ခံစာကို ခရိုင်တရားရုံးက ပြင်ဆင်ချက်ဖြင့် အတည်ပြုသဖြင့် ဦးကျော်မောင်က ယင်းအမိန့်အပေါ် ရခိုင်ပြည်နယ်တရားလွှတ်တော်သို့ ပြင်ဆင်မှု တင်သွင်းလျှောက်ထားသည်။ ပြည်နယ်တရားလွှတ်တော်က စစ်တွေခရိုင် တရားရုံး၏အမိန့်ကိုပယ်ဖျက်ပြီး ကော်မရှင်နာ၏ အစီရင်ခံစာကိုပြန်လည် အတည်ပြုခဲ့၍ ဦးဝင်းဟန်က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤ ပြင်ဆင်မှု တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက စွန့်လွှတ်ခြင်းသည် ပစ္စည်း လွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၉ အရ စာဖြင့်ရေးသား၍ လွှဲပြောင်းရန် မလိုသဖြင့် နှုတ်ဖြင့်ပြုလုပ်နိုင်ကြောင်း၊ တရားပြိုင်က ချေလွှာအပိုဒ် ၄ တွင် ဒေါ်မေငွတ်သည် ၎င်းပူးတွဲပိုင်သည့်အိမ်မြေမှ ၎င်း၏အစုကို နှုတ်ဖြင့် စွန့်လွှတ်ခဲ့ကြောင်းချေပတင်ပြထားပြီး သက်သေများလည်း တင်ပြထား ကြောင်း၊ တရားပြိုင်တင်ပြသည့် သက်သေများကလည်း ဒေါ်မေငွတ်က အချင်းဖြစ် အိမ်မြေမှ ၎င်း၏ဝေစုကို တရားပြိုင်သို့ပေးခဲ့ကြောင်းဖြင့် ထောက်ခံထွက်ဆိုထားကြောင်း၊ ရခိုင်ပြည်နယ်တရားလွှတ်တော်က သက်သေခံအထောက်အထားအဖြစ် အကျုံးမဝင်သည့် ကျမ်းကျိန်ချက်ကို အခြေခံပြီး အမှန်အကန်စွန့်လွှတ်ခြင်းမဟုတ်ဟု ကောက်ယူသုံးသပ်ခဲ့ခြင်း

သည် မှားယွင်းကြောင်း၊ ကော်မရှင်နာသည် ပကတိ တွေ့ရှိသည့်အတိုင်း စာရင်းကောက်ယူတင်ပြခြင်းမပြုဘဲ ကွယ်လွန်သူစွန့်လွှတ်သော ပစ္စည်းသည် စွန့်လွှတ်ခြင်းခံရသူထံသို့ လွှဲပြောင်းရောက်ရှိခြင်းမရှိဟု တရားသူကြီးကသာဆုံးဖြတ်ရမည့် အရေးပါသည့်အချက်ကို စိစစ်ဆုံးဖြတ်အစီရင်ခံခြင်းသည် ဥပဒေက အပ်နှင်းထားခြင်းမရှိသည့် အာဏာကို ပိုမိုသုံးစွဲရာရောက်ကြောင်း၊ ယင်းအချက်ကို ပြည်နယ်တရားလွှတ်တော်က စိစစ်ရန်ပျက်ကွက်သည့်အပြင် ယင်းကော်မရှင်နာ၏ အစီရင်ခံစာပါ အိမ်မြေနှင့်စပ်လျဉ်းသည့် တင်ပြချက်ကို အတည်ပြုခြင်းသည် ဥပဒေအရမှားယွင်းကြောင်း၊ ပြည်နယ်တရားလွှတ်တော်က **ဦးယုကြည် နှင့် ဦးအောင်ခင်ဦး ပါ ၄ အမှု**[၁] တွင်စွန့်လွှတ်သူ၏ ရပိုင်ခွင့်များ လက်လွှတ်ဆုံးရှုံးသွားကြောင်း ဆုံးဖြတ်ချက်ကို ကိုးကား၍ ဒေါ်မေငုတ်၏ရပိုင်ခွင့်များ လက်လွှတ်ဆုံးရှုံးသွားပြီဖြစ်ကြောင်း ကောက်ယူဆုံးဖြတ်ချက်အရပင် ဒေါ်မေငုတ်ကျန်ရစ်သည့် အမွေပစ္စည်း မဟုတ်တော့၍ ဦးကျော်မောင်သည် အချင်းဖြစ်မြေနှင့်အိမ်အပေါ်တွင် အမွေဆက်ခံနိုင်ရန်အကြောင်း မပေါ်ပေါက်တော့ကြောင်း၊ ပြည်နယ်တရားလွှတ်တော်က အချင်းဖြစ်မြေနှင့်အိမ်ကို အမွေပစ္စည်း အဖြစ်သာ ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ကောက်ယူ ဆုံးဖြတ်ခဲ့ခြင်းသည် မှားယွင်းကြောင်း၊ ပြည်နယ် တရားလွှတ်တော်၏ ၂၄-၃-၂၀၁၅ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်ပြီး စစ်တွေခရိုင်တရားရုံး အမိန့်ကိုပြန်လည် အတည်ပြုပေးရန်ဖြစ်ကြောင်း လျှောက်ထား တင်ပြသည်။

---

(၁) ၁၉၈၄ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၃၀၈။

လျှောက်ထားခံရသူ၏ရှေ့နေက တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများအား ပြန်လှန်စစ်မေးရာတွင် ထွက်ဆိုချက်များအရ ဒေါ်မေငုတ်က အချင်းဖြစ်မြေနှင့်အိမ်၏ ၎င်းပိုင်ထက်ဝက်ကို ဦးဝင်းဟန်သို့ မည်သည့်နေ့ရက် မည်သည့်နေရာ မည်သူတို့၏ရှေ့မှောက်တွင် နှုတ်ဖြင့်စွန့်လွှတ်ခဲ့သလဲဆိုလျှင် မသိပါဟု ပြောဆိုထားချက်များအရလည်းကောင်း၊ သက်သေခံ-က ကျမ်းကျိန်လွှာပါရေးသားဖော်ပြထားသော အကြောင်းအရာများအရ လည်းကောင်း၊ ဦးဝင်းဟန်သို့ ဒေါ်မေငုတ်က စွန့်လွှတ်မှုမရှိကြောင်းမှာသိသာထင်ရှားကြောင်း၊ မူလခရိုင်တရားရုံးက သက်သေအထောက်အထားခိုင်လုံမှုမရှိသည်ကို လွယ်လင့်တကူကောက်ယူသုံးသပ်ပြီး နှုတ်ဖြင့်စွန့်လွှတ်ခဲ့သည်ဟု ဆုံးဖြတ်ခဲ့ခြင်းသည် မှန်ကန်မှုမရှိကြောင်း၊ ပြည်နယ်တရားလွှတ်တော်က ထိုအချက်ကိုပြင်ဆင်ပြီး ကော်မရှင်နာ၏အစီရင်ခံစာကို အတည်ပြုပေးခြင်းသည် ဥပဒေနှင့်ညီညွတ်မှုမရှိသဖြင့် ရခိုင်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကို ဆက်လက်အတည်ပြုပြီး ပြင်ဆင်မှုအားပလပ်ပေးရန်ဖြစ်ကြောင်း လျှောက်ထားတင်ပြသည်။

အမှုတွဲအားစိစစ်ကြည့်ရာ စစ်တွေခရိုင်တရားရုံးက ကွယ်လွန်သူဒေါ်မေငုတ် ကျန်ရစ်သည့်ပစ္စည်းများတွင် တရားလို ၂ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပြီး ပစ္စည်းစာရင်းကောက်ယူရန်နှင့် ပစ္စည်းခွဲဝေရန် ကော်မရှင်နာခန့်ထားဆောင်ရွက်ရာ ကော်မရှင်နာက ရွှေထည် ၁၈ ကျပ်သားတွင် ဒေါ်မေငုတ် ရထိုက်ခွင့်ရှိသည့် ရွှေ ၉ ကျပ်သား စိန်နားကပ်တစ်ရံနှင့် စိန်လက်စွပ်တစ်ကွင်းတို့တွင် တရားလိုနှင့် တရားပြိုင်တို့က ၂ ပုံ ၁ ပုံစီရရှိမည်ဖြစ်ကြောင်း၊ အချင်းဖြစ်နေအိမ်မြေတွင်

ဒေါ်မေငုတ်က ဦးဝင်းဟန် သို့စွန့်လွှတ်ခဲ့စေကာမူ ဦးဝင်းဟန်ထံ လွှဲပြောင်းပေးရာမရောက်သဖြင့် ဒေါ်မေငုတ်နှင့် ဦးဝင်းဟန်တို့၏ ပစ္စည်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း၊ ဦးဝင်းဟန်နှင့် ဒေါ်မေငုတ်တို့ ပူးတွဲပိုင်ဆိုင်သည့်နေအိမ်နှင့် မြေကွက်တွင် တရားပြိုင်က ၄ ပုံ ၃ ပုံ နှင့်တရားလိုက ၄ ပုံ ၁ ပုံရထိုက်ခွင့်ရှိမည်ဖြစ်ကြောင်း ဖော်ပြ အစီရင်ခံခဲ့သည်။

စစ်တွေခရိုင်တရားရုံးက ဒေါ်မေငုတ်ကွယ်လွန်ချိန်တွင် ရွှေ ၉ ကျပ်သားနှင့် စိန်လက်စွပ်တစ်ကွင်း၊ စိန်နားကပ်တစ်ရံတို့ ကျန်ရှိခဲ့ကြောင်း ကော်မရှင်နာ၏အစီရင်ခံစာကိုအတည်ပြုပြီး အချင်းဖြစ် အိမ်မြေနှင့်စပ်လျဉ်း၍ အဆိုပါအိမ်မြေကို ဒေါ်မေငုတ်နှင့် ဦးဝင်းဟန် တို့နှစ်ဦးပိုင်ငွေဖြင့် ဝယ်ယူခဲ့ကြောင်းမှာ အငြင်းမပွားကြောင်း၊ ဒေါ်မေငုတ်က ၎င်းပူးတွဲပိုင်သည့်ဝေစုကို နှုတ်ဖြင့်စွန့်လွှတ်ကြောင်း ထုတ်ဖော်ပြောဆိုခြင်းကို ချေလွှာတွင်ဖော်ပြချေဆိုပြီး ပြိုင်ပြသက်သေများ ကလည်း ထောက်ခံထွက်ဆိုထား၍ စွန့်လွှတ်ရာရောက်ကြောင်း၊ အချင်းဖြစ်အိမ်မြေတွင်ဒေါ်မေငုတ်၏အခွင့်အရေးကုန်ဆုံးပြတ်စဲသွားပြီ ဟုမှတ်ယူရမည်ဖြစ်ကြောင်း၊ အဆိုပါအိမ်မြေသည် ဒေါ်မေငုတ် နှင့် သက်ဆိုင်ခြင်းမရှိတော့၍ ဒေါ်မေငုတ်ကွယ်လွန်သည့်အခါ အမွေပစ္စည်း အဖြစ် ကျန်ရှိတော့မည်မဟုတ်ကြောင်း၊ ဒေါ်မေငုတ်ကွယ်လွန်ချိန်တွင် ကျန်ရှိသောပစ္စည်းများမှာ ရွှေ ၉ ကျပ်သား၊ စိန်လက်စွပ် တစ်ကွင်း၊ စိန်နားကပ်တစ်ရံတို့ဖြစ်ကြောင်း ကောက်ယူသုံးသပ်ပြီး ကော်မရှင်နာ၏ အစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့သည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်က ဦးဝင်းဟန်၏ ၁၉-၉-၂၀၁၃

ရက်စွဲပါ သက်သေခံ-က ကျမ်းကျိန်လွှာတွင် ကွယ်လွန်သူအစ်မ ဒေါ်မေငုတ်ပိုင်ဆိုင်သော အထက်အပိုဒ် ၁ တွင် ဘိုးဘွားပိုင် အိမ်ယာမြေနှင့် နေအိမ်ထက်ဝက်တို့ပူးတွဲပိုင်ဆိုင်သူ တရားပြိုင်မှ အမွေဆက်ခံလျက်ရှိကြောင်း သဘောရိုးဖြင့်ကျမ်းကျိန်ဆိုပါသည်ဟု ဖော်ပြထားကြောင်း၊ ဒေါ်မေငုတ်မှ ၎င်း၏ဝေစုကို စွန့်လွှတ်ပြီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတွင် ဖော်ပြခဲ့ခြင်းမရှိ၍ အမှန်အကန် စွန့်လွှတ်ခဲ့သည်ဟု ဆိုနိုင်မည်မဟုတ်ကြောင်း၊ နှုတ်ဖြင့် အလွယ်တကူထွက်ဆိုချက်များ အရလည်း ဒေါ်မေငုတ်မှ ၎င်း၏ဝေစုကို စွန့်လွှတ်ပြီးဖြစ်ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိကြောင်းသုံးသပ်၍ စစ်တွေခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး ကော်မရှင်နာအစီရင်ခံစာကိုအတည်ပြုခဲ့သည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၉ တွင် စာဖြင့် ရေးသားရန်ဥပဒေအရ အတိအလင်းမလိုသည့်ကိစ္စတွင် စာမရေးသားဘဲ ပစ္စည်းကိုလွှဲပြောင်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းစွန့်လွှတ်ခြင်းသည် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေတွင် ပြဋ္ဌာန်း ထားသည့် ပစ္စည်းလွှဲပြောင်းခြင်းတွင် အကျုံးမဝင်သဖြင့် စွန့်လွှတ်ခြင်းကို စာဖြင့်ရေးသားပြုလုပ်ရန်မလိုဘဲ နှုတ်ဖြင့်ပြုလုပ်နိုင်ကြောင်း ယုံမှားဖွယ်ရာ မရှိပေ။ စွန့်လွှတ်ခြင်းကိုနှုတ်ဖြင့်ပြုလုပ်နိုင်ကြောင်း **ဆရာမှန် နှင့် ဆရာလှ နှင့် အခြားသူများ အမှု** [၂] **နှင့် ဒေါ်ထား ပါ ၂ နှင့် ဒေါ်ထားစိန် ပါ ၃ အမှု** [၃] များတွင်အတိအလင်းဆုံးဖြတ်ထားသည်။

ဒေါ်မေငုတ်က အချင်းဖြစ်အိမ်မြေမှ ၎င်း၏အစုကို

(၂) အေအိုင်အာ ၁၉၃၅ ရန်ကုန် ၄၄၈။

(၃) ၂၀၀၁ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၂၄၄/ ၂၄၅။

တရားပြိုင်သို့ စွန့်လွှတ်ပေးခဲ့ကြောင်းချေလွှာတွင် အတိအလင်းဖော်ပြပြီး ဒေါ်မေငုတ်က တရားပြိုင်သို့ စွန့်လွှတ်ပေးခဲ့ကြောင်းကို ဒေါ်မိုးမိုးခိုင် (ပြိုင်ပြ-၁)၊ ဒေါ်သန်းသန်းအေး (ပြိုင်ပြ-၃)၊ ဦးဦးစောဝင်း (ပြိုင်ပြ-၄) နှင့် ဦးအောင်ကျော်လှ (ပြိုင်ပြ-၅) တို့က တညီတညွတ်တည်း ထောက်ခံထွက်ဆိုကြသည်။ စစ်တွေခရိုင်တရားရုံးက အချင်းဖြစ်အိမ်မြေမှ ၎င်း၏ဝေစုကို ဒေါ်မေငုတ်မှစွန့်လွှတ်ခဲ့ကြောင်း ကောက်ယူဆုံးဖြတ်ခြင်းသည် အထောက်အထားမဲ့ မဟုတ်ကြောင်းမြင်သာသည်။

စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်သူသည် စွန့်လွှတ်သည့် ပစ္စည်းရှိ ၎င်း၏ ပိုင်ရေးဆိုင်ခွင့်ဆိတ်သုဉ်းသွားသော်လည်း အဆိုပါ ပစ္စည်းသည် စွန့်လွှတ်ရန်ရည်စူးသူထံသို့မရောက်ရှိပေ။ ဒေါ်မေငုတ် အနေဖြင့် အချင်းဖြစ်အိမ်မြေမှ ၎င်း၏အစုကို စွန့်လွှတ်ခဲ့သဖြင့် အချင်းဖြစ်အိမ်မြေရှိ ၎င်း၏အစုအတွက် ပိုင်ဆိုင်ခွင့်အခွင့်အရေး မရှိတော့သဖြင့် ဒေါ်မေငုတ်အမွေပစ္စည်းအဖြစ် ကျန်ရှိတော့မည်မဟုတ်တော့ကြောင်း ခရိုင်တရားရုံးက ကောက်ယူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ရခိုင်ပြည်နယ်တရားလွှတ်တော်က ၁၉-၉-၂၀၁၃ ရက်စွဲပါ သက်သေခံ-က ကျမ်းကျိန်လွှာတွင် ဒေါ်မေငုတ်က အချင်းဖြစ်အိမ်မြေမှ ၎င်း၏ဝေစုကို စွန့်လွှတ်ကြောင်း ဖော်ပြပါရှိခြင်းမရှိ၍ အမှန်တကယ် စွန့်လွှတ်သည်ဟု မဆိုနိုင်ကြောင်း သက်သေခံချက်များအရလည်း ဒေါ်မေငုတ်မှ စွန့်လွှတ်ကြောင်းထင်ရှားပေါ်ပေါက်ခြင်းမရှိဟု သုံးသပ်ဆုံးဖြတ်ခဲ့သည်။

သက်သေခံအက်ဥပဒေပုဒ်မ ၁ ၏ ခြွင်းချက်တွင်

တရားရုံးသို့တင်သွင်းသည့်ကျမ်းကျိန်လွှာသည် သက်သေခံအက်ဥပဒေနှင့် သက်ဆိုင်ခြင်းမရှိကြောင်း ပြဋ္ဌာန်းထားသည်။ ကျမ်းကျိန်လွှာသည် သက်သေခံအက်ဥပဒေအရ အမှုနှင့်သက်ဆိုင်သော သက်သေခံ မဟုတ်သဖြင့် တရားပြိုင်၏ သက်သေခံ-က ကျမ်းကျိန်လွှာတွင်အချင်းဖြစ် အိမ်မြေမှ ၎င်း၏ဝေစုကို ဒေါ်မေငုတ်မှ စွန့်လွှတ်ကြောင်းမပါရှိသဖြင့် အမှန်တကယ်စွန့်လွှတ်သည်ဟုမဆိုနိုင်ကြောင်း ကောက်ယူဆုံးဖြတ်ချက် သည် သက်သေခံအဖြစ်အသုံးမပြုနိုင်သည့် ကျမ်းကျိန်လွှာအပေါ် ကောက်ယူဆုံးဖြတ်ထားခြင်းဖြစ်သည်။

ခရိုင်တရားရုံးက ပဏာမဒီကရီချမှတ်ပြီးနောက် ပစ္စည်းစာရင်းကောက်ယူရန်နှင့် ပစ္စည်းခွဲဝေရန် ကော်မရှင်နာ ခန့်ထားခြင်းဖြစ်သည်။ ကော်မရှင်နာခန့်ထားခြင်းခံရသူရရှိသည့် အခွင့်အာဏာနှင့်စပ်လျဉ်း၍ တရားမ ကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၆ တွင် ပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ ကော်မရှင်နာခန့်စာတွင် အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် ကော်မရှင်နာသည် သက်သေကိုခေါ်ယူစစ်ဆေးခွင့် စုံစမ်းစစ်ဆေးသည့် အကြောင်းအရာနှင့်စပ်ဆိုင်သည့် စာချုပ်စာတမ်းများကို တောင်းခေါ် ကြည့်ရှုစစ်ဆေးခွင့်နှင့် ကော်မရှင်နာခန့်စာ တွင်ဖော်ပြသည့်မြေ သို့မဟုတ် အဆောက်အအုံပေါ်သို့ သင့်လျော်သည့်အချိန်တွင် ဝင်ရောက်ခွင့်တို့ကို ရရှိသည်။

ကော်မရှင်နာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆ ၊ နည်းဥပဒေ ၁၆ အရ အပ်နှင်းသည့်အခွင့် အာဏာအရ ဆောက်ရွက်ပြီး

၂၀၁၆
ဦးဝင်းဟန်
နှင့်
ဦးကျင်မောင်

မိမိတွေ့ရှိချက်ကို တရားရုံးသို့ တင်ပြအစီရင်ခံရန်သာဖြစ်သည်။ စွန့်လွှတ်ခြင်းမြောက် မမြောက် စွန့်လွှတ်ခြင်းကြောင့် စွန့်လွှတ်ခံရသူထံ စွန့်လွှတ်သည့် ပစ္စည်းရောက်ခြင်း ရှိ မရှိတို့သည် တရားရုံးကသာ ဆုံးဖြတ်ရမည့်ကိစ္စဖြစ်သည်။ ကော်မရှင်နာအစီရင်ခံစာတွင် ဒေါ်မေငုတ်သည် အချင်းဖြစ်အိမ်မြေမှ ၎င်း၏ဝေစုကို စွန့်လွှတ်ခြင်းကြောင့် တရားပြိုင်ထံရောက်ရှိခြင်းမရှိကြောင်း၊ ဒေါ်မေငုတ်နှင့် ဦးဝင်းဟန်တို့၏ပစ္စည်းအဖြစ် ဆက်လက်တည်ရှိနေမည်ဖြစ်ကြောင်း ဖော်ပြအစီရင်ခံခဲ့ခြင်းသည် ၎င်းအားပေးအပ်ခြင်းမရှိသည့် အခွင့်အာဏာကိုကျော်လွန်သုံးစွဲရာရောက်သဖြင့် အစီရင်ခံစာပါ ယင်းသုံးသပ်ချက်ကို လက်ခံစဉ်းစားရန်အကြောင်းမရှိပေ။

ရခိုင်ပြည်နယ်တရားလွှတ်တော်က သက်သေခံအဖြစ် ထည့်သွင်းစဉ်းစားခြင်းမပြုနိုင်သည့် သက်သေခံ-က ကျမ်းကျိန်လွှာနှင့် ဆက်စပ်၍ ဒေါ်မေငုတ်သည် အချင်းဖြစ်အိမ်မြေမှ ၎င်းဝေစုကို စွန့်လွှတ်ပြီးဖြစ် သည်ဟုကောက်ယူပြီး ကော်မရှင်နာအစီရင်ခံစာကို အတည်ပြုခဲ့ခြင်းသည် မှန်ကန်သည်ဟုမဆိုနိုင်ပေ။

သို့ဖြစ်ရာ ကော်မရှင်နာအစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့် အတည်ပြုခဲ့သည့် စစ်တွေခရိုင်တရားရုံး၏ အမိန့်ကိုပယ်ဖျက်ပြီး ကော်မရှင်နာ၏အစီရင်ခံစာကိုပြန်လည်အတည်ပြုခဲ့သည့် ရခိုင်ပြည်နယ် တရားလွှတ်တော်၏အမိန့်သည် မှန်ကန်ခြင်းမရှိ၍ ဤရုံးမှဝင်ရောက် စွက်ဖက်ပြင်ဆင်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွ ခွင့်ပြုပြီး

ကော်မရှင်နာအစီရင်ခံစာကို အတည်ပြုသည့် ရခိုင်ပြည်နယ်တရားလွှတ်တော်၏အမိန့်ကိုပယ်ဖျက်ပြီး ကော်မရှင်နာအစီရင်ခံစာကို ပြင်ဆင်ချက်ဖြင့် အတည်ပြုသည့် စစ်တွေခရိုင်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြုလိုက်သည်။



ရှေ့နေစရိတ်ကျပ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
ဖေဖော်ဝါရီလ ၂၄ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးမြသိမ်းရွှေ့တွင်**

**ဦးဝင်းအောင်သန်း**

**နှင့်**

**ဒေါ်ချိုချိုသန်း ပါ ၂ ***

**ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာတွင် စာရွက်စာတမ်းများ သက်သေခံအဖြစ်တင်ပြခြင်းအပေါ် အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့ တင်ပြရမည်ဖြစ်ခြင်း။**

**ဆုံးဖြတ်ချက်** ။ ။ ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာ၌ စာရွက်စာတမ်းများသက်သေခံအဖြစ် တင်ပြခြင်းအပေါ် အငြင်းပွားမှုမရှိလျှင် တရားရုံးသို့တင်ပြရန် လိုအပ်ခြင်းမရှိသော်လည်း အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့တင်ပြရမည်ဖြစ်သည်။ ထိုသို့မတင်ပြဘဲ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းဖြစ်သည်ဟု တရားလွှတ်တော်၏ သုံးသပ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

---

* ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၃၇

\+ ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဧပြီလ ၂၇ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု။

**ထပ်မံဆုံးဖြတ်ချက်။** ။ ကော်မရှင်နာရှေ့တွင် သက်သေခံအဖြစ် တင်သွင်းရန် အငြင်းပွားနေသောစာချုပ်အတွက် တရားရုံးသို့တင်ပြရန် ဖြစ်လျက် တင်ပြခြင်းမပြုဘဲ ကော်မရှင်နာမှ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းကြောင့် တရားပြိုင်ကတရားရုံးသို့ ထိုကိစ္စကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြ၍ တရားရုံးက ၃၀-၃-၂၀၁၅ နေ့တွင် နှစ်ဖက်ကြားနာပြီး အမိန့်ချခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်နာရှေ့ အငြင်းပွားမှုသည် တရားရုံးရှေ့ ရောက်ရှိတင်ပြပြီးဖြစ်၍ တရားရုံးသည် ထိုစာချုပ်နှင့်စပ်လျဉ်း၍ သက်သေခံအဖြစ် လက်ခံသင့် မသင့် စိစစ်အမိန့်ချရမည်ဖြစ်သည်။

လျှောက်ထားသူအတွက် - ဦးအောင်သစ်
တရားလွှတ်တော်ရှေ့နေ

လျှောက်ထားခံရသူများအတွက် - ဦးဝင်းအောင်နိုင်
တရားလွှတ်တော်ရှေ့နေ

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော် ၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၁ တွင် ဦးဝင်းအောင်သန်း က ဒေါ်ချိုချိုသန်း ပါ ၂ ဦးအပေါ် အမွေပုံစီမံခန့်ခွဲပေးစေလိုမှုစွဲဆိုရာ အမွေပုံ၏ ၃ ပုံ ၁ ပုံရထိုက်ကြောင်း ပဏာမဒီကရီချမှတ်ပြီး ပစ္စည်းစာရင်းကောက်ယူရန် ကော်မရှင်နာခန့်အပ်ဆောင်ရွက်စေခဲ့သည်။ ကော်မရှင်နာက တရားလိုအားစစ်ဆေးနေစဉ် ၁၉-၈-၂၀၁၂ ရက်စွဲပါ စာချုပ်ကို သက်သေခံ-က အဖြစ်လက်ခံသဖြင့် အမှုစစ်တရားသူကြီးထံ တင်ပြလျှောက်ထားရာ အဆိုပါစာချုပ်ကို သက်သေခံအဖြစ် လက်ခံထားခြင်းကို ပယ်ဖျက်သည့် အမိန့်ချမှတ်ခဲ့သဖြင့် အဆိုပါအမိန့်ကို ဦးဝင်းအောင်သန်း

က ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှုကို တင်သွင်းခြင်း ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ကော်မရှင်နာသည် အမွေပစ္စည်းများ မည်မျှကျန်ရစ်သည်ကို စာရင်းကောက်ယူရန်နှင့် မည်သို့ခွဲဝေသင့်သည်ကို ရုံးသို့တင်ပြရန်ဖြစ်ကြောင်း၊ သက်သေခံချက်များ ရယူခြင်းနှင့် ပြဿနာများဆုံးဖြတ်ရန် အလို့ငှာ တရားရုံးသည် တရားစီရင်ရေးအာဏာများကို ကော်မရှင်နာအားမလွှဲအပ်နိုင်ကြောင်း၊ တရားလိုတင်ပြသော ၁၉. ၈. ၂၀၁၂ ရက်စွဲပါကတိစာချုပ်သည် တန်ဖိုးငွေတစ်ရာကျော်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့်စာချုပ်ဖြစ်၍ မလွှဲမသွေမှတ်ပုံတင်ရမည်ဖြစ်ရာ မှတ်ပုံမတင်ထား၍ သက်သေခံအဖြစ် လက်ခံခွင့်မရှိကြောင်း၊ စာချုပ်စာတမ်းနှင့် ပတ်သက်၍ သက်သေခံအဖြစ် လက်ခံသင့်မသင့် ပြဿနာပေါ်က အဆုံးအဖြတ်ပေးရန် တရားသူကြီးထံတင်ပို့ရမည်ဖြစ်လျက် ထိုစာချုပ်ကို ကော်မရှင်နာက သက်သေခံ-က အဖြစ် လက်ခံခြင်းသည် အခွင့်အာဏာမဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း သုံးသပ်၍ ၁၉. ၈. ၂၀၁၂ ရက်စွဲပါ စာချုပ်ကို သက်သေခံ-က အဖြစ်မှပယ်ဖျက်ခဲ့သည်။

လျှောက်ထားသူ၏ရှေ့နေက ကော်မရှင်နာသည် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၁ အရ ငွေစာရင်းများကို စစ်ဆေးရန် သို့မဟုတ် ရှင်းလင်းရန် သက်ဆိုင်ရာတရားရုံး၏ ကိုယ်စားဆောင်ရွက်ရန် ခန့်ထားခံရသူဖြစ်ကြောင်း၊ မည်သည့်ပစ္စည်းတွင် အမွေပစ္စည်းဟုတ် မဟုတ် သိရှိနိုင်ရန် လျှောက်ထားသူနှင့် လျှောက်ထား

ခံရသူများ တင်သွင်းသည့်စာရွက်စာတမ်းများကို စိစစ်လက်ခံခြင်းသည် အကျုံးဝင်နေကြောင်း၊ ကော်မရှင်နာသည် ငြင်းချက်များကို သုံးသပ်ဆုံးဖြတ်ခြင်းမဟုတ်ကြောင်း၊ ၁၉-၈-၂၀၁၂ ရက်စွဲပါ ပစ္စည်းများအညီအမျှခွဲဝေယူရန် သဘောတူကတိစာချုပ်သည် မှတ်ပုံတင်ရန်မလိုအပ်ကြောင်း၊ ကော်မရှင်နာက နှစ်ဘက်တင်ပြသည့် စာရွက်စာတမ်းကို သက်သေခံအဖြစ်လက်ခံခြင်းသည် အပြီးသတ် အတည်မဖြစ်ကြောင်း၊ ဆိုင်ရာရုံးသို့ အစီရင်ခံသည့်အခါ တရားရုံးက အတည်ပြု သင့် မသင့် အဆုံးအဖြတ်ပြုနိုင်ကြောင်း၊ ထိုအမိန့်ကို ပြင်ဆင်မှုတင်သွင်းခွင့်ရှိသည့်အပြင် အပြီးသတ်ဒီကရီကို အယူခံရာတွင်လည်း အယူခံအကြောင်းပြချက်အဖြစ် တင်သွင်းနိုင်ကြောင်း၊ အမွေပစ္စည်းစာရင်းကောက်ယူရာတွင် သက်သေခံ-က စာချုပ်တွင် ပစ္စည်း ၁၁ မျိုးဖော်ပြထားသည့်အနက် ၅ မျိုးကို အမွေပစ္စည်းအဖြစ် ချေလွှာတွင်ဝန်ခံထားပြီးဖြစ်ရာ အမွေပစ္စည်း စီမံခန့်ခွဲရေးနှင့် ဆက်စပ်နေကြောင်း၊ ကော်မရှင်နာသည် သက်သေခံတင်သွင်းရန် အကြောင်းပေါ်တိုင်း တရားရုံး၏အဆုံးအဖြတ်ခံယူရသည်ဆိုလျှင် အမှုနှောင့်နှေးနိုင်ကြောင်း၊ စာရွက်စာတမ်းတစ်ခုကို သက်သေခံအက်ဥပဒေပုဒ်မ ၆၇ အရ သက်သေပြနိုင်ရန် သက်သေခံအဖြစ် လက်ခံသင့်ကြောင်း၊ သက်သေခံ-က နှင့်ဆက်စပ်သော စာရွက်စာတမ်းတင်ပြရန် အခက်အခဲဖြစ်စေကြောင်း လျှောက်ထားသည်။

လျှောက်ထားခံရသူများ၏ရှေ့နေက ပဏာမဒီကရီချမှတ်သည့်အဆင့်တွင် အဆိုပြုထားသောပစ္စည်းများအနက် အချို့သာလျှင် အမွေပုံပစ္စည်းဖြစ်သည်ဟု ချေပချက်အရ ပဏာမဒီကရီချမှတ်ပြီး

အမွေပစ္စည်းစာရင်း ကောက်ယူစေခဲ့ခြင်းဖြစ်ကြောင်း၊ ပစ္စည်းနှင့် စပ်လျဉ်း၍ မစိစစ်ဘဲ ကော်မရှင်နာခန့်အပ်ဆောင်ရွက်စေခဲ့ခြင်းကြောင့် ရှုပ်ထွေးမှုဖြစ်ပေါ်ရကြောင်း၊ အမွေရှင်ဦးစိုးသန်းတွင် ရရန်ပေးရန် ကြွေးမြီ စာရင်းရှိသည်ဟု တင်ပြခြင်းမရှိ၍ ကော်မရှင်နာ ခန့်အပ်တာဝန်ပေးရန် အကြောင်းမရှိကြောင်း၊ ပစ္စည်းစာရင်းကောက်ယူခွဲဝေပေးရန် ကော်မရှင်နာ၏ တာဝန်မဟုတ်ကြောင်း၊ ကော်မရှင်နာမှ လုပ်ပိုင်ခွင့်မရှိဘဲ သက်သေခံ-က အဖြစ်လက်ခံကြောင်း၊ တရားမကျင့်ထုံး ဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၁၁၊ ၁၂ ပါပြဋ္ဌာန်းချက်ကို အမိန့် ၂၀၊ နည်းဥပဒေ ၁၃ (၁) နှင့် ရောထွေး၍ တင်ပြနေခြင်းဖြစ်ကြောင်း ၁၉-၈-၂၀၁၂ ရက်စွဲ ပါစာချုပ်မှာ တံဆိပ်ခွန် ၁၀ ကျပ်သာထမ်းဆောင်၍ ၅၉၀ ကျပ် လျော့နည်းနေကြောင်း၊ ထိုစာချုပ်သည် မှတ်ပုံတင်ရန်လိုအပ်သည့်အပြင် စာချုပ်ပါအချက်ကို တရားပြိုင်များက ဝန်ခံမထားကြောင်း၊ တရားရုံးက စာချုပ်ပါအချက်များကို အမှန်ဟုမဆုံးဖြတ်သမျှ သက်သေခံမဝင်ကြောင်း၊ တရားလို စွဲဆိုသောအမှုသည် အမွေမှုဖြစ်ပြီး ပစ္စည်းခွဲဝေပေးစေလိုမှု မဟုတ်ကြောင်း၊ တရားရုံးသည် သက်သေခံချက်များရယူခြင်းနှင့် ငြင်းချက်များ၊ ပြဿနာများဆုံးဖြတ်စေရန် တရားစီရင်ရေးဆိုင်ရာ အာဏာများကို ကော်မရှင်နာအား လွှဲအပ်ခြင်းမပြုနိုင်ကြောင်း၊ တရားလွှတ်တော်၏ သုံးသပ်ချက်မှန်ကန်ကြောင်း၊ ပြင်ဆင်မှုကို ပလပ်သင့်ကြောင်း လျှောက်ထားသည်။

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ပဏာမဒီကရီ ချမှတ်ပြီးနောက် တရားမကျင့်ထုံးဥပဒေအမိန့် ၂၆၊ နည်းဥပဒေ ၉၊ ၁၁ တို့အရ ပစ္စည်းစာရင်းကောက်ယူရန် ကော်မရှင်နာခန့်အပ်ခဲ့သည်။

ကော်မရှင်နာသည် အမွေပစ္စည်းမည်မျှကျန်ရစ်သည်ကို စာရင်းကောက်ယူ၍ တရားရုံးသို့တင်ပြရန်ဖြစ်သည်။ အမွေပစ္စည်းနှင့်စပ်လျဉ်း၍ ကော်မရှင်နာမှ တရားလိုအားစစ်ဆေးစဉ် တရားလိုက ၁၉-၈-၂၀၁၂ ရက်စွဲပါ ကတိစာချုပ်ကို တင်သွင်းသည်။ တရားပြိုင်ဘက်မှ ကန့်ကွက်သဖြင့် နှစ်ဘက်တင်ပြချက်ကိုကြားနာပြီး သက်သေခံ-က အဖြစ်လက်ခံကြောင်း အမိန့်ချမှတ်ခဲ့ခြင်းဟု တွေ့ရှိရသည်။

ကော်မရှင်နာသည် ပစ္စည်းစာရင်းကောက်ယူရာ၌ စာရွက်စာတမ်းများ သက်သေခံအဖြစ်တင်ပြခြင်းအပေါ် အငြင်းပွားမှုမရှိလျှင် တရားရုံးသို့တင်ပြရန် လိုအပ်ခြင်းမရှိသော်လည်း အငြင်းပွားမှုရှိပါက အဆုံးအဖြတ်ပြုရန် တရားရုံးသို့ တင်ပြရမည်ဖြစ်သည်။ ထိုသို့မတင်ပြဘဲ သက်သေခံ-က အဖြစ် လက်ခံခဲ့ခြင်းသည် လုပ်ပိုင်ခွင့်မရှိဘဲ ဆောင်ရွက်ခြင်းဖြစ်သည်ဟု တရားလွှတ်တော်၏ သုံးသပ်ချက်သည် မှားယွင်းသည်ဟု မဆိုနိုင်ပေ။

ကော်မရှင်နာရှေ့တွင် သက်သေခံအဖြစ်တင်သွင်းရန် အငြင်းပွားနေသောစာချုပ်အတွက် တရားရုံးသို့ တင်ပြရန်ဖြစ်လျက် တင်ပြခြင်းမပြုဘဲ ကော်မရှင်နာမှ သက်သေခံ-ကအဖြစ် လက်ခံခဲ့ခြင်းကြောင့် တရားပြိုင်က တရားရုံးသို့ ထိုကိစ္စကိုတင်ပြခဲ့သည်။ ထိုသို့တင်ပြ၍ တရားရုံးက ၃၀-၃-၂၀၁၅ နေ့တွင် နှစ်ဘက်ကြားနာပြီး အမိန့်ချခဲ့ခြင်း ဖြစ်သည်။ သို့ဖြစ်ရာ ကော်မရှင်နာရှေ့ အငြင်းပွားမှုသည် တရားရုံးရှေ့ ရောက်ရှိတင်ပြပြီးဖြစ်၍ တရားရုံးသည်

ထိုစာချုပ်နှင့်စပ်လျဉ်း၍ သက်သေခံအဖြစ် လက်ခံသင့် မသင့် စိစစ်အမိန့်ချရမည်ဖြစ်သည်။

တရားလွှတ်တော်က ၁၉-၈-၂၀၁၂ ရက်စွဲပါစာချုပ်သည် တန်ဖိုးငွေတစ်ရာကျော်သော မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့်စာချုပ်ဖြစ်၍ မလွဲမသွေမှတ်ပုံတင်ရမည်ဖြစ်ကြောင်း၊ မှတ်ပုံတင်မထား၍ သက်သေခံအဖြစ် လက်ခံခွင့်မရှိကြောင်း၊ ကော်မရှင်နာသည် အခွင့်အာဏာမဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်းသုံးသပ်၍ သက်သေခံ-ကကို ပယ်ဖျက်ခဲ့ခြင်းဖြစ်သည်။

သက်သေခံ-က စာချုပ်ကို စိစစ်သည့်အခါ တရားလွှတ်တော်က သုံးသပ်သကဲ့သို့ ၁၉-၈-၂၀၁၂ ရက်စွဲပါ စာချုပ်သည် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းကို ခွဲခြမ်းစိတ်ဖြာသည့် စာချုပ်မဟုတ်ကြောင်း တွေ့ရသည်။ စာချုပ်၏ခေါင်းစီးတွင် ကွယ်လွန်ပြီးဖြစ်သောမိဘများ၏ ပိုင်ဆိုင်သောပစ္စည်းများအားလုံးကို ယနေ့လက်ရှိတန်ဖိုးများနှင့်အညီ သားသမီး ၃ ဦးက အညီအမျှခွဲယူရေးသဘောတူကတိစာချုပ်ဟု ဖော်ပြထားသည်။ ထိုစာချုပ်၏စာကိုယ်၌ တရားလို၊ တရားပြိုင် များ၏ မိဘများဖြစ်ကြသော ဦးစိုးသန်း၊ ဒေါ်အေးအေးမြင့်တို့ ပိုင်ဆိုင်သော မြေနှင့်အိမ် ၁၀ မျိုးကိုဖော်ပြထားပြီး ထိုပစ္စည်းများကို ကာလတန်ဖိုးနှင့်အညီ ၃ လအတွင်းခွဲယူရန် ၃ ဦးသဘောတူချုပ်ဆိုသည်ဟု ဖော်ပြပါရှိသည်။ စာချုပ်သည် အမွေပစ္စည်းနှင့်စပ်လျဉ်း၍ စပ်ဆိုင်သော အချက်ရှိနေသည့်အပြင် ကတိစာချုပ်သာဖြစ်၍ မလွဲမသွေ မှတ်ပုံတင်ရန်လည်း လိုအပ်ခြင်းမရှိပေ။ ထိုစာချုပ်သည် အမွေပစ္စည်းနှင့်စပ်လျဉ်း၍

စပ်ဆိုင်သည့်အပြင် စာချုပ်စာတမ်းများမှတ်ပုံတင်အက်ဥပဒေအရ မလွဲမသွေမှတ်ပုံတင်ရမည့် စာချုပ်မဟုတ်၍ သက်သေခံအဖြစ် လက်ခံသင့်လျက် တန်ဖိုးကျပ် ၁၀၀ အထက် မရွှေ့မပြောင်းနိုင်သော ပစ္စည်းခွဲခြမ်းစိတ်ဖြာသော စာချုပ်ဖြစ်ကြောင်း ကောက်ယူ၍ သက်သေခံအဖြစ် လက်မခံခဲ့သည့် တိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်သည် မှန်ကန်သည်ဟု ဆိုနိုင်မည်မဟုတ်ချေ။

သို့ဖြစ်ရာ တိုင်းဒေသကြီးတရားလွှတ်တော်က ကော်မရှင်နာရှေ့ အငြင်းပွားသောစာချုပ်ကို သက်သေခံအဖြစ် လက်ခံသင့်မသင့်ကိစ္စကို ဥပဒေနှင့်အညီ ဆင်ခြင်သုံးသပ်ရန်ပျက်ကွက်ခြင်းသည် တရားမကျင့်ထုံး ဥပဒေပုဒ်မ ၁၁၅ (ဂ) ပြဋ္ဌာန်းချက်များကို ငြိစွန်းနေကြောင်းတွေ့ရှိရသဖြင့် ဤရုံးမှ ဝင်ရောက်စွက်ဖက်ပြင်ဆင်တည့်မတ်ရန်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုသည်။ ရန်ကုန် တိုင်းဒေသကြီးတရားလွှတ်တော်၏ ၂၇. ၄. ၂၀၁၅ ရက်စွဲပါ အမိန့်ကိုပယ်ဖျက်လိုက်ပြီး ၁၉. ၈. ၂၀၁၂ ရက်စွဲပါစာချုပ်ကို သက်သေခံအဖြစ် လက်ခံဆောင်ရွက်သွားရန် စရိတ်နှင့်တကွ အမိန့်ချမှတ်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀ဝိ/- သတ်မှတ်သည်။

+ ၂၀၁၆ ခုနှစ်
နိုဝင်ဘာလ ၂၈ ရက်

**တရားမပြင်ဆင်မှု**

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး**
**ဦးမြသိမ်းရှေ့တွင်**

**ဒေါ်အေးအေးခိုင်**

**နှင့်**

**ဒေါ်ဌေး** *

**အငြင်းပွားပစ္စည်းနှင့်စပ်လျဉ်း၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည့် အခြေအနေ၊ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ အရ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည့် အခြေအနေ ကွာခြားမှုရှိခြင်း။**

**ဆုံးဖြတ်ချက်။** ။ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်အရ အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည့် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိနေကြောင်း ထင်ရှားမှသာ ထိုအငြင်းပွားသော

---

* ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၉၄၂

\+ ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄ တွင် ချမှတ်သော ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်စွဲပါ မွန်ပြည်နယ်တရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု။

ပစ္စည်းနှင့်စပ်လျဉ်း၍ ယာယီတာဝရမ်းထုတ်ဆင့်နိုင်သည်။ ကုစား၍ မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမပေါ်ပေါက်လျှင် ယာယီတားဝရမ်းထုတ်ဆင့်ရန်မသင့်လျော်ပေ။ **ဦးတင့်ဆွေ ပါ ၂ နှင့် ဒေါ်အမာ အမှု**[၄] ကို ရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉ ၊ နည်းဥပဒေ ၂တွင် တရားပြိုင်အားပဋိညာဉ်ချိုးဖောက်ခြင်းကို တားမြစ်ပေးရန် စွဲဆိုသောအမှုနှင့် အခြားနစ်နာစေမှုပြုခြင်းကိုတားမြစ်ပေးရန် စွဲဆိုသောအမှုများ၌ အမှုစွဲပြီးနောက် စီရင်ချက်မချမီအတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် နစ်နာမှုပြုလုပ်ခြင်းကိုတားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုက လျှောက်ထားတောင်းဆိုနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ **ဒေါ်ညွန့်ညွန့်ရီ နှင့် ဒေါ်မြင့်မြင့်သန်း အမှု** ကိုကြည့်ပါ။

အမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် အကျုံးမဝင်သော သီးခြားအမှုအမျိုးအစား၌ ပဋိညာဉ်ထပ်မံချိုးဖောက်ခြင်း သို့မဟုတ် ဆက်လက်ချိုးဖောက်ခြင်းကို တားဆီးရန်ဝရမ်းထုတ်ပေးခြင်းနှင့် သက်ဆိုင်သည်။ ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် အခြားနစ်နာမှုဖြစ်ပေါ်စေမည်ဟု စိုးရိမ်ရန်အကြောင်းမရှိလျှင် နည်းဥပဒေ ၂ နှင့် သက်ဆိုင်မည်မဟုတ်ပေ။

**အမ် ၊ အယ်(လ်)၊ ချာကရာဘာတီနှင့် ဂျေ၊ အယ်(လ်)၊ မူဟူရီ** အမှုတွင် တရားမကျင့်ထုံး ဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁(က)နှင့် (ခ) တို့တွင် ရည်ညွှန်းသည့် ပစ္စည်းနှစ်မျိုးရှိကြောင်း၊ ဒြပ်ရှိသောပစ္စည်း နှင့် ဒြပ်မရှိသောပစ္စည်းတို့ဖြစ်ပြီး ဒြပ်မရှိသောပစ္စည်းတွင် ပိုင်ဆိုင်ခွင့်များနှင့်

လုပ်ပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော ပိုင်ဆိုင်ခွင့် တို့ကို ဥပမာပေးရလျှင် ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်များ၊ တီထွင်မှုဆိုင်ရာ ကန့်သတ်ပိုင် ခွင့်များနှင့်မူပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော လုပ်ပိုင်ခွင့်များကို ဥပမာပေးရလျှင် အငှားချထားခြင်း၊ အပေါင်ပြုခြင်းနှင့် ယုံကြည်အပ်နှံခြင်းတို့ပါဝင်ကြောင်း ဖွင့်ဆိုညွှန်ပြထားသည်။

လျှောက်ထားခံရသူ ဒေါ်ဌေးက လျှောက်ထားသူ ဒေါ်အေးအေးခိုင်အပေါ် မြေနှင့်အိမ် အရောင်းအဝယ်ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုပြီး အိမ်မြေလက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခြင်းမဟုတ်ဘဲ လျှောက်ထားသူက တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆို ပေးရန်ငြင်းဆန်သဖြင့် စာချုပ်ပဋိညာဉ်အတိုင်း တန်ဖိုးငွေ၏နှစ်ဆ ရလိုကြောင်း အဆိုပြုစွဲဆိုခြင်းဖြစ်၍ မြီးစားက မြီရှင်အပေါ် ငွေရလို ကြောင်း စွဲဆိုသည့်အမှုမျိုးလည်းမဟုတ်ဘဲ လျော်ကြေးငွေရလိုမှုသာ ဖြစ်သည်။ တရားလိုစွဲဆိုသည့် အမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သော ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိပေ။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဒေါ်နီနီလွင် |
| | | တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူအတွက် | - | ဦးဇော်ဝင်း |
| | | တရားလွှတ်တော်ရှေ့နေ |

သထုံခရိုင်တရားရုံး ၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၈ တွင် ဒေါ်ဌေးက ဒေါ်အေးအေးခိုင်အပေါ် ပဋိညာဉ်

ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေကျပ်သိန်း ၄၀၀ ရလိုမှု စွဲဆိုသည်။ အမှုတွင် တရားလိုက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁၊ ၂ အရ ယာယီတားဝရမ်းထုတ်ဆင့်ပေးရန် လျှောက်ထားသည်။ ခရိုင်တရားရုံးကခွင့်ပြုခဲ့သဖြင့် အဆိုပါအမိန့်ကို ဒေါ်အေးအေးခိုင်က မကျေနပ်သဖြင့် မွန်ပြည်နယ်တရားလွှတ်တော် သို့ ၂၀၁၅ ခုနှစ်၊ တရားမအထွေထွေအယူခံမှုအမှတ် ၄ ဖြင့် အယူခံတင်သွင်း လျှောက်ထားသော်လည်း အောင်မြင်မှုမရှိ၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤတရားမပြင်ဆင်မှုကို တင်သွင်းလာခြင်းဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ (၁) ပြဋ္ဌာန်းချက်အရ ပဋိညာဉ်ချိုးဖောက်မှု သို့မဟုတ် အခြားနစ်နာစေမှုအပေါ်တွင်သာ ယာယီတားဝရမ်းထုတ်ဆင့်ရန် ဖြစ်ကြောင်း၊ တရားလိုစွဲဆိုသည့်အမှုသည် ပဋိညာဉ်ချိုးဖောက်မှု သက်သက်မဟုတ်ဘဲ ပဋိညာဉ်ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေရလိုမှု တစ်နည်းအားဖြင့် ငွေရလိုမှုသာဖြစ်သဖြင့် အမိန့် ၃၉၊ နည်းဥပဒေ ၂ (၁) နှင့် ညီညွတ်မှုမရှိကြောင်း၊ တရားလိုတောင်းဆိုသည့် သက်သာခွင့်သည် လျော်ကြေးငွေကျပ်သိန်း ၄၀၀ ရလိုခြင်းဖြစ်ပြီး ပဋိညာဉ်ပြုထားသည့် မြေနှင့်အိမ်ကို လက်ရောက်ရရန် တောင်းဆိုထားခြင်းမဟုတ်ကြောင်း၊ ပြည်နယ်တရားလွှတ်တော်က ကိုးကားသည့် **ဒေါ်ညွန့်ညွန့်ရီ နှင့် ဒေါ်မြင့်မြင့်သန်း အမှု** [၁] သည် ထာဝရတားဝရမ်းထုတ်ဆင့်ပေးရန် စွဲဆိုသည့်အမှုကို ရည်ညွှန်းဆုံးဖြတ်ထားသည့် အမှုစီရင်ထုံးဖြစ်၍ ယခုအမှုနှင့်ကိုက်ညီမှုမရှိကြောင်း၊ တရားလိုက အမိန့်

(၁) ၁၉၉၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၄၈။

၃၉၊ နည်းဥပဒေ ၁ အရ လျှောက်လွှာနှင့်ပူးတွဲတင်ပြသည့် ကျမ်းကျိန်လွှာတို့တွင် တရားပြိုင်က မြေနှင့်အိမ်ကိုရောင်းချရန် ကြိုးစားအားထုတ်နေကြောင်းသာ ဖော်ပြထားပြီး မည်သူ့ထံသို့ တန်ဖိုးငွေမည်မျှနှင့် မည်သည့်နေ့ရက်က မည်ကဲ့သို့ကြိုးစားအား ထုတ်နေကြောင်း ခိုင်လုံသည့်အကြောင်းပြချက် တင်ပြခြင်းမရှိသည့်ပြင် ယင်းကိစ္စကို သိရှိသူ၏ ကျမ်းကျိန်လွှာ ထောက်ခံချက်မပါရှိဘဲ ယာယီတားဝရမ်းထုတ်ဆင့်ခွင့်ပြုသည့် ခရိုင်တရားရုံးအမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသည့် ပြည်နယ်တရားလွှတ်တော်၏အမိန့်တို့ကို ပြင်ဆင်ပယ်ဖျက်ပေးသင့်ကြောင်း လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ၏ရှေ့နေက အဆိုလွှာနှင့်ပူးတွဲတင်သွင်းထားသည့် အားကိုးအားထားပြု စာရွက် စာတမ်းစာရင်းအမှတ်စဉ် ၁ မှ ၃ ထိ စာချုပ်စာတမ်းများအရ တရားလိုစွဲဆိုသောအမှုသည် မြေကွက်နှင့်တိုက်အိမ်ကို တရားပြိုင်က တရားဝင်မှတ်ပုံတင်စာချုပ်ပြုလုပ်ပေးရန် ငြင်းဆိုသဖြင့် စွဲဆိုရခြင်းဖြစ်ကြောင်း၊ ထိုပစ္စည်းကြောင့် အမှုဖြစ်ပေါ်လာရခြင်းဖြစ်ကြောင်းထင်ရှားကြောင်း၊ အငြင်းပွားသည့်ပစ္စည်း၊ အချင်းဖြစ်သည့်ပစ္စည်းမဟုတ်ကြောင်း ငြင်းဆိုခွင့်မရှိကြောင်း၊ **ဒေါ်ညွန့်ညွန့်ရီ နှင့် ဒေါ်မြင့်မြင့်သန်း အမှု နှင့် အမ်၊ အယ် (လ်)** ၊ **ချာကရာဘာတီ နှင့် ဂျေ၊ အယ် (လ်)၊ မူဟူရီ အမှု** [၂] တို့တွင် လမ်းညွှန်ထုံးဖွဲ့ထားချက်အရ တရားလိုစွဲဆိုသော လျော်ကြေးငွေတောင်းဆိုခွင့် အခွင့်အရေးသည်လည်း ဒြပ်မရှိသောပစ္စည်း (Incorporeal) ဖြစ်သဖြင့် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ အရ အမှုနှင့်

(၂) ၁၉၇၂ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၁၀ (၁၇)။

သက်ဆိုင်သော အငြင်းဖြစ်သည့်ပစ္စည်း၊ အချင်းဖြစ်သည့်ပစ္စည်းဖြစ်သည့် မြေကွက်နှင့်အိမ်ကို ယာယီတားဝရမ်းထုတ်ဆင့်ခဲ့ခြင်းသည် မှန်ကန်ကြောင်း၊ အမိန့် ၃၉၊ နည်းဥပဒေ ၁ (က) နှင့် (ခ) တွင် ပြဋ္ဌာန်းထားသည့်အတိုင်း လွှဲပြောင်းပေးမည်ဟု စိုးရိမ်မကင်းဖြစ်ရန်ရှိကြောင်းနှင့် တရားပြိုင်သည် မိမိ၏မြီရှင်ကို လိမ်လည်လှည့်ဖြားရန်အလို့ငှာ မိမိ၏ပစ္စည်းကို စီမံထုခွဲရန်ကြံရွယ်ကြောင်း ပေါ်လွင်ထင်ရှား၍ ခရိုင်တရားရုံးနှင့် မွန်ပြည်နယ်တရားလွှတ်တော်၏ အမိန့်တို့ မှန်ကန်ကြောင်းဖြင့် ဤပြင်ဆင်မှုကိုပလပ်ပေးရန် လျှောက်ထားတင်ပြသည်။

လျှောက်ထားခံရသူ ဒေါ်ငွေးက လျှောက်ထားသူ ဒေါ်အေးအေးခိုင်ထံမှ ပေါင်မြို့နယ်၊ ဇင်းကျိုက် ကျေးရွာ၊ ဘူတာပိုင်း (၉) ရပ်ကွက်ရှိ ၃၀ × ၄၅ ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိ ၁ ထပ်တိုက် တစ်လုံးကို ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀ ဖြင့် ၁၇. ၇. ၂၀၁၁ နေ့တွင် နှစ်ဦးသဘောတူမြေကွက်နှင့် အိမ်အရောင်းအဝယ်စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပြီး လျှောက်ထားသူကိုပင် ဆက်လက်နေထိုင်ခွင့် ပြုထားခဲ့ကြောင်း၊ လျှောက်ထားသူက တရားဝင်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးရန် ငြင်းဆန်သဖြင့် ထိုမြေကွက်နှင့်အိမ်ကို ရယူလိုခြင်းမရှိတော့ဘဲ စာချုပ်ပဋိညာဉ်အတိုင်းဝယ်ယူခဲ့သည့် တန်ဖိုးငွေနှစ်ဆဖြစ်သော ကျပ်သိန်း ၄၀၀ ရလိုကြောင်း အဆိုပြုတရားစွဲဆိုသည်။

လျှောက်ထားခံရသူဒေါ်ငွေးက အမှုနှင့်ပတ်သက်သော မြေကွက်နှင့်တိုက်အိမ်ကို လျှောက်ထားသူက ပေါင်နှံထားကြောင်း

သိရသည့်အပြင် ထိုအပေါင်ငွေများပေးဆပ်နိုင်ရန် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကြိုးစားအားထုတ်နေကြောင်း၊ လျှောက်ထားခံရသူ၏အခွင့်အရေးများ လက်လွတ်ဆုံးရှုံးစေရန်ရည်ရွယ်၍ မတရားလွှဲပြောင်းရောင်းချခြင်းကိုမတားမြစ်ပါက နောက်ထပ်မှုခင်းများ ထပ်မံဖြစ်ပွားလာမည်မှာ ကေန်ဖြစ်ကြောင်းဖြင့် ကတိသစ္စာပြုလွှာပူးတွဲ၍ တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁၊ ၂ အရ ယာယီတားဝရမ်းထုတ်ပေးရန် လျှောက်ထားခြင်းဖြစ်သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ ပါ ပြဋ္ဌာန်းချက်အရ အမှုတစ်မှုတွင် အငြင်းပွားသောပစ္စည်းသည် ပျက်စီးယိုယွင်းမည့် သို့မဟုတ် ဖျက်ဆီးခြင်းခံရမည့် သို့မဟုတ် လွှဲပြောင်းပေးခြင်းခံရမည့် အန္တရာယ်ရှိ နေကြောင်းထင်ရှားမှသာ ထိုအငြင်းပွားသောပစ္စည်းနှင့်စပ်လျဉ်း၍ ယာယီတားဝရမ်း ထုတ်ဆင့်နိုင်သည်။ ကုစား၍ မရနိုင်သည့် ဆုံးရှုံးနစ်နာမှုမပေါ်ပေါက်လျှင် ယာယီတားဝရမ်းထုတ်ဆင့်ရန်မသင့်လျော်ပေ။ **ဦးတင့်ဆွေ ပါ ၂ နှင့် ဒေါ်အမာ အမှု** (၃) ကိုရည်ညွှန်းသည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၂ တွင် တရားပြိုင်အား ပဋိညာဉ်ချိုးဖောက်ခြင်းကို တားမြစ်ပေးရန်စွဲဆိုသောအမှုနှင့် အခြားနစ်နာစေမှုပြုခြင်းကို တားမြစ်ပေးရန်စွဲဆိုသောအမှုများ၌ အမှုစွဲဆိုပြီးနောက် စီရင်ချက်မချမှတ်မီအတောအတွင်း ထိုသို့စွဲဆိုသည့်အတိုင်း ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် နစ်နာစေမှုပြုလုပ်ခြင်းကိုတားမြစ်ရန် ယာယီတားဝရမ်းကို တရားလိုကလျှောက်ထား

(၃) ၁၉၈၅ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၆၄။

တောင်းဆိုနိုင်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားသည်။ **ဒေါ်ညွန့်ညွန့်ရီ နှင့် ဒေါ်မြင့်မြင့်သန်း အမှု** ကိုကြည့်ပါ။

အမိန့် ၃၉၊ နည်းဥပဒေ ၂ သည် နည်းဥပဒေ ၁ တွင် အကျုံးမဝင်သော သီးခြားအမှုအမျိုးအစား၌ ပဋိညာဉ်ထပ်မံချိုးဖောက်ခြင်း သို့မဟုတ် ဆက်လက်ချိုးဖောက်ခြင်းကိုတားဆီးရန် ဝရမ်းထုတ်ဆင့်ပေးခြင်းနှင့် သက်ဆိုင်သည်။ ပဋိညာဉ်ချိုးဖောက်ခြင်း သို့မဟုတ် အခြားနစ်နာမှုဖြစ်ပေါ်စေမည်ဟု စိုးရိမ်ရန်အကြောင်းမရှိလျှင် နည်းဥပဒေ ၂ နှင့် သက်ဆိုင်မည်မဟုတ်ပေ။

**အမ်၊ အယ် (လ်)၊ ချာကရာဘာတီ နှင့် ဂျေ၊ အယ် (လ်)၊ မူဟာရီ အမှု** တွင် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ (က) နှင့် (ခ) တို့တွင် ရည်ညွှန်းသည့်ပစ္စည်းနှစ်မျိုးရှိကြောင်း၊ ဒြပ်ရှိသောပစ္စည်းနှင့် ဒြပ်မရှိသောပစ္စည်းတို့ဖြစ်ပြီး ဒြပ်မရှိသောပစ္စည်းတွင် ပိုင်ဆိုင်ခွင့်များနှင့် လုပ်ပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သော ပိုင်ဆိုင်ခွင့်တို့ကို ဥပမာပေးရလျှင် ကုန်တံဆိပ်သုံးစွဲပိုင်ခွင့်များ၊ တီထွင်မှုဆိုင်ရာ ကန့်သတ်ပိုင်ခွင့်များနှင့် မူပိုင်ခွင့်များပါဝင်ကြောင်း၊ ပစ္စည်းဟုခေါ်နိုင်သောလုပ်ပိုင်ခွင့်များကို ဥပမာပေးရလျှင် အငှားချထားခြင်း၊ အပေါင် ပြုခြင်းနှင့် ယုံကြည်အပ်နှံခြင်းတို့ပါဝင်ကြောင်းဖွင့်ဆိုညွှန်ပြထားသည်။

လျှောက်ထားခံရသူက လျှောက်ထားသူကို စွဲဆိုသည့်အမှုသည် အိမ်နှင့်မြေအရောင်းအဝယ်ပဋိညာဉ်ကို ဖောက်ဖျက်သည့်အတွက် လျော်ကြေးငွေရလိုမှုဖြစ်သည်။ အဆိုပါ မြေနှင့်အိမ်ကို

အရောင်းအဝယ်စာချုပ်ချုပ်ဆိုခြင်းကြောင့် အမှုဖြစ်ပေါ်လာရသည်ဟု ဆိုနိုင်သော်လည်း အဆိုပါ မြေနှင့်အိမ်သည် တရားမကျင့်ထုံးဥပဒေအမိန့် ၃၉၊ နည်းဥပဒေ ၁ တွင် ရည်ညွှန်းသည့် အငြင်းပွားပစ္စည်းဖြစ်သည်ဟု ဆိုနိုင်မည်မဟုတ်ပေ။

လျှောက်ထားခံရသူ ဒေါ်ဌေးက လျှောက်ထားသူ ဒေါ်အေးအေးခိုင်အပေါ် မြေနှင့်အိမ်အရောင်းအဝယ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုပြီး အိမ်မြေလက်ရောက်ပေးအပ်စေလိုမှု စွဲဆိုခြင်းမဟုတ်ဘဲ လျှောက်ထားသူက တရားဝင်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးရန် ငြင်းဆန်သဖြင့် စာချုပ်ပဋိညာဉ်အတိုင်း တန်ဖိုးငွေ၏ နှစ်ဆရလိုကြောင်း အဆိုပြုစွဲဆိုခြင်းဖြစ်၍ မြီစားက မြီရှင်အပေါ် ငွေရလိုကြောင်းစွဲဆိုသည့်အမှုမျိုးလည်းမဟုတ်ဘဲ လျော်ကြေးငွေ ရလိုမှုသာဖြစ်သည်။ တရားလိုစွဲဆိုသည့်အမှုသည် တရားမကျင့်ထုံးဥပဒေ အမိန့် ၃၉၊ နည်းဥပဒေ ၁ နှင့် ၂ ပါ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သော ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိပေ။

ယာယီတားဝရမ်းအမိန့်သည် အမှုတိုင်းတွင် ထုတ်ပေးနိုင်သည့် အမိန့်မဟုတ်ပေ။ ယာယီတားဝရမ်းထုတ်ဆင့်နိုင်သည့် အမှုမျိုးတွင် တရားမျှတမှုအရ တရားရုံးသည် မိမိ၏ဆင်ခြင်တုံတရားဖြင့် ထုတ်ပေးသင့်မှ ထုတ်ပေးရသည်။

သို့ဖြစ်ရာ သထုံခရိုင်တရားရုံးကချမှတ်သည့် ယာယီတားဝရမ်း ထုတ်ဆင့်ရန်အမိန့်နှင့် ယင်းအမိန့်ကို အတည်ပြုသည့် မွန်ပြည်နယ်တရား လွှတ်တော်၏အမိန့်များသည် ဥပဒေအရ မှန်ကန်ခြင်းမရှိသဖြင့်

ဤပြင်ဆင်မှုရုံးက ဝင်ရောက်စွက်ဖက်ရမည်ဖြစ်သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို စရိတ်နှင့်တကွခွင့်ပြုပြီး သထုံခရိုင်တရားရုံး၏ ယာယီတားဝရမ်းထုတ်ဆင့်သည့်အမိန့်နှင့် ယင်းအမိန့်ကိုအတည်ပြုသည့် မွန်ပြည်နယ်တရားလွှတ်တော်၏ အမိန့်များကို ပယ်ဖျက်လိုက်သည်။

ရှေ့နေစရိတ်ကျပ် ၁၀၀၀ဝိ/- သတ်မှတ်သည်။

\+ ၂၀၁၆ ခုနှစ်
ဖေဖော်ဝါရီလ ၂၅ ရက်

## တရားမပြင်ဆင်မှု

ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး
ဦးမြင့်ဟန်ရှေ့တွင်

ဒေါ်အေးအေးလှ
(၎င်း၏အထွေထွေကိုယ်စားလှယ်စာရသူ
ဦးဘိုင်မူနီနိုင်ဒူး(ခ)ဦးဆန်းဝင်း)

နှင့်

၁။ဒေါ်လှလှရီ
(၎င်း၏အခွင့်အရကိုယ်စားလှယ် ဦးစိန်ဝင်း)

၂။ ဒေါ်မြင့်မြင့်သန်း *

ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားအဖြစ် တင်ပြလျှင် စာချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင် စာချုပ်ဖြစ်မှသာ သက်သေခံအဖြစ် လက်ခံရမည်ဖြစ်သည်။ ပစ္စည်းအပေါ် မည်သို့မည်ပုံလက်ရှိဖြစ်ခဲ့သည်ဆိုသော အချက်အလက် များအတွက် မှတ်ပုံမတင်သော အရောင်းစာချုပ်ကို စာချုပ်စာတမ်း

---

* ၂၀၁၅ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၄၆၀

\+ ၂၀၁၄ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် ၃၉ တွင်ချမှတ်ခဲ့သော ၂၀၁၅ ခုနှစ်၊ ဇွန်လ ၄ ရက်စွဲပါ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ အမိန့်အပေါ် ပြင်ဆင်မှု။

၂၀၁၆
ဒေါ်အေးအေးလှ
နှင့်
ဒေါ်လှလှရီ ပါ ၂

**မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ခြွင်းချက်အရ သက်သေခံ အဖြစ် လက်ခံခွင့်ပြုနိုင်ခြင်း။**

**ဆုံးဖြတ်ချက်။** ။ မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်းပြုလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များ အရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရောင်းချမှသာ တရားဝင်သည်။ တရားဝင် အောင်ဆောင်ရွက်မှ ပိုင်ဆိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်းအထောက် အထားဖြင့်တင်ပြလျှင် ယင်းစာချုပ်သည် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင်စာချုပ်ဖြစ်မှ သက်သေခံအဖြစ်လက်ခံရမည် ဖြစ်သည်။ ၁၈-၅-၂၀၀၇ ရက်စွဲပါ စာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိ ပေ။ သို့ဖြစ်၍ ပိုင်ဆိုင်ခွင့်အတွက် ယင်းစာချုပ်ကို တင်ပြခြင်းဖြစ်လျှင် မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် သက်သေခံအဖြစ် လက်ခံခွင့်မရှိပေ။ **ဦးမောင်ခင် နှင့် ဦးထွန်းရှိန် ပါ ၂ အမှု** [၉] ကိုရည်ညွှန်းသည်။

**ထပ်မံဆုံးဖြတ်ချက်** ။ ။ မှတ်ပုံမတင်သည့် အရောင်းစာချုပ်သည် ဝယ်သူ၏ပိုင်ဆိုင်မှုကို ထင်ရှားအောင် ပြသနိုင်သည့် အထောက်အထား တစ်ခုမဟုတ်သော်လည်း စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ခြွင်းချက်အရ ပဋိညာဉ်ကို တစ်ပိုင်းတစ်စဆောင်ရွက်ပြီးကြောင်း ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ ၅၃-က အရ ဖြစ်စေ၊ သီးခြား သက်သာခွင့်ဥပဒေအရ ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှု တွင်ဖြစ်စေ၊ မှတ်ပုံတင်စာချုပ်ဖြင့် ဆောင်ရွက်ရန်မလိုသည့် အခြားကိစ္စ များတွင်ဖြစ်စေ၊ သက်သေခံအဖြစ် အသုံးပြုနိုင်သည်။ ပိုင်ဆိုင်ခွင့်ကို

ထင်ရှားအောင် တင်ပြခြင်းမဟုတ်သည့် ရောင်းချသည့် ပစ္စည်းအတိုင်းအတာ၊ ပစ္စည်းအပေါ် မည်သို့မည်ပုံ လက်ရှိဖြစ်ခဲ့သည်ဆိုသော အချက်အလက်များအတွက် မှတ်ပုံမတင်သော အရောင်းစာချုပ်ကို သက်သေခံအဖြစ် တင်ပြခွင့်ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ တရားလိုက အချင်းဖြစ်ဥပစာကို လက်ရှိထားခွင့်ရှိကြောင်း တင်ပြသောစာချုပ်ဖြစ်၍ ယင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ သက်သေခံအဖြစ် လက်ခံခွင့်ပြုနိုင်မည်ဖြစ်သည်။

| | | |
|---|---|---|
| လျှောက်ထားသူအတွက် | - | ဦးအရှုလံသူ(ခ)ဦးမောင်မောင်မြင့်၊ တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၁)အတွက် | - | ဦးခင်မောင်လေး တရားလွှတ်တော်ရှေ့နေ |
| လျှောက်ထားခံရသူ(၂)အတွက် | - | ကိုယ်တိုင် (မလာ) |

ဖျာပုံခရိုင်တရားရုံး၊ ၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ် ၂၇ တွင် ဒေါ်အေးအေးလှ (၎င်း၏အထွေထွေ ကိုယ်စားလှယ်စာရသူ ဦးဘိုင်မူနီနိုင်ဒူး (ခ) ဦးဆန်းဝင်း) က ဒေါ်မြင့်မြင့်သန်းနှင့် ဒေါ်လှလှရီတို့အပေါ် တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အအုံ၏ထက်ဝက်ကို ဝရမ်းဖမ်းခွင့် မရှိကြောင်းနှင့် ယင်းဥပစာကို ဥပဒေနှင့်အညီ လက်ဝယ်ထားပိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှုစွဲဆိုသည်။ တရားလိုအား စစ်ဆေးစဉ် ၁၈-၅-၂၀၀၇ ရက်စွဲပါ အပြီးအပိုင်လွှဲပြောင်းရောင်းချသည့်စာချုပ်ကို သက်သေခံအဖြစ်တင်သွင်းရာ လက်ခံကြောင်း

၂၀၁၆
ဒေါ်အေးအေးလှ
နှင့်
ဒေါ်လှလှရီ ပါ ၂

အမိန့်ချမှတ်သည်။ ယင်းအမိန့်ကို ဒေါ်လှလှရီက ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်သို့ ၂၀၁၄ ခုနှစ် တရားမပြင်ဆင်မှုအမှတ် ၃၉ ဖြင့် တင်သွင်းလျှောက်ထားရာ ခရိုင်တရားရုံးအမိန့်ကို ပယ်ဖျက်သည်။ ယင်းအမိန့်ကို တရားလိုဒေါ်အေးအေးလှက ကျေနပ်မှုမရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဤပြင်ဆင်မှု တင်သွင်းခြင်း ဖြစ်သည်။

လျှောက်ထားသူ၏ရှေ့နေက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ အချင်းဖြစ်ဥပစာ၏ ထက်ဝက်ကို ဝရမ်းဖမ်းခွင့်မရှိကြောင်းနှင့် ဥပဒေနှင့်အညီ လက်ဝယ်ထားပိုင်ခွင့် ရှိကြောင်း မြွက်ဟကြေညာပေးစေလိုမှု စွဲဆိုခြင်းဖြစ်ကြောင်း၊ ၁၈. ၅. ၂၀၀၇ ရက်စွဲပါစာချုပ်ကို တရားလိုက ပိုင်ဆိုင်ခွင့်အထောက် အထားအဖြစ် သက်သေပြခြင်းမဟုတ်ဘဲ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ အရ လက်ဝယ်ထားပိုင်ခွင့် အခွင့်အရေးရှိကြောင်းကို တင်ပြခြင်းဖြစ်ကြောင်း၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) ခြွင်းချက်အရ သီးခြားသက်သာခွင့်ဥပဒေ၏ အခန်း ၂ အရ သီးခြား ဆောင်ရွက်ရန် စွဲဆိုမှုတွင် မှတ်ပုံမတင်သောစာချုပ်ကို သက်သေခံအဖြစ် အသုံးပြုနိုင်သဖြင့် ယခုတင်ပြသောစာချုပ်သည် ပိုင်ခွင့်မရသော်လည်း အိမ်ကိုမည်သို့မည်ပုံ လက်ရောက်ရရှိသည်ဆိုသည့်အချက်ကို သက်သေပြရန်အတွက် သက်သေခံအဖြစ် လက်ခံခွင့်ပြုနိုင်ကြောင်း၊ တိုင်းဒေသကြီးတရားလွှတ်တော်က ယင်းစာချုပ်အား ပိုင်ဆိုင်ခွင့်အတွက် တင်ပြတောင်းဆိုသည်ဟု သုံးသပ်ထားခြင်းမှာ လွဲမှားနေကြောင်း၊ သက်သေခံစာရွက်စာတမ်းတစ်စုံတစ်ရာကို တရားရုံးကလက်ခံရှုမျှဖြင့်

အလိုအလျောက်သက်သေခံဝင်သော စာရွက်စာတမ်းဖြစ်မလာဘဲ သက်သေခံအက်ဥပဒေပုဒ်မ ၆၇ အရ ထင်ရှားအောင်သက်သေပြမှသာ သက်သေခံဝင်ကြောင်း၊ သို့ဖြစ်၍ အဆိုပါစာချုပ်အား သက်သေခံအဖြစ် လက်ခံခဲ့သော ဖျာပုံခရိုင်တရားရုံး၏အမိန့်ကို ပြန်လည်အတည်ပြု ပေးရန် လျှောက်ထားသည်။

လျှောက်ထားခံရသူ ၁ ၏ရှေ့နေက ၁၈-၅-၂၀၀၇ ရက်စွဲ ပါစာချုပ်တွင် အပြီးအပိုင်လွှဲပြောင်းရောင်းချသူနှင့် ဝယ်ယူသူဟု ဖော်ပြရေးသားချုပ်ဆိုသဖြင့် ရောင်းချရန်သဘောတူသည့် ကတိစာချုပ်အဆင့်မဟုတ်ဘဲ အပြီးအပြတ် ရောင်းချရန်ချုပ်ဆိုသော စာချုပ်ဖြစ်ကြောင်း၊ ယင်းစာချုပ်သည် တံဆိပ်ခေါင်းတန်ဖိုး ၃၇ ကျပ်သာထမ်းဆောင်ထားသဖြင့် တံဆိပ်ခေါင်းလုံလောက်စွာ ထမ်းဆောင်ထားခြင်းမရှိသောကြောင့် တံဆိပ်ခေါင်းဥပဒေပုဒ်မ ၃၅ အရ သက်သေခံအဖြစ် လက်ခံခြင်းမပြုရန် ပိတ်ပင်ထားကြောင်း၊ တရားလိုသည် အချင်းဖြစ်ဂရန်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ ပိုင်ဆိုင်သည်ဟု တရားစွဲဆိုခြင်းဖြစ်ကြောင်း၊ မှတ်ပုံမတင်သောစာချုပ်ဖြင့် ဝယ်ယူထားသောကြောင့် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းအက်ဥပဒေပုဒ်မ ၁၇ အရ ဝယ်ယူသည့်ပစ္စည်းအပေါ် တရားဝင်ပိုင်ဆိုင်ခွင့်မရှိကြောင်း၊ ဖျာပုံခရိုင်တရားရုံးက မိမိတွင်အပ်နှင်းထား ခြင်းမရှိသော စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးခြင်းဖြစ်၍ တိုင်းဒေသကြီး တရားလွှတ်တော်က ပြင်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ အမှုအားပြည့်စုံစွာ စစ်ဆေးခြင်းမရှိသည့်အပြင် ထင်ရှားသော သက်သေခံချက်မရှိခြင်း အပေါ် ငြင်းချက်အမှတ် ၁၊ ၂ ပါ အချက်များနှင့်ပတ်သက်၍ ကြိုတင်

ဆုံးဖြတ်ထားရာရောက်သဖြင့် စီရင်ပိုင်ခွင့်အာဏာကိုကျင့်သုံးရာတွင် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသောကြောင့် ရောဝတီတိုင်းဒေသကြီး တရားလွှတ်တော်က ပယ်ဖျက်ခဲ့ခြင်းမှာ မှန်ကန်သဖြင့် ပြင်ဆင်မှုကို ပလပ်ပေးရန် လျှောက်ထားသည်။

လျှောက်ထားခံရသူအမှတ် ၂ သည် ရုံးရှေ့သို့ လာရောက်ခြင်းမရှိပေ။

၂-တရားပြိုင်ဒေါ်လှလှရီက ၁-တရားပြိုင်ဒေါ်မြင့်မြင့်သန်း အပေါ် ဒီကရီအတည်ပြုရန် ဇာရီမှုဖွင့်လှစ်၍ ဒေါ်မြင့်မြင့်သန်းပိုင် ဖျာပုံမြို့ ၅ ရပ်ကွက်၊ မြေကွက်အမှတ် ၉-၁၊ ရွာလည်ကျောင်းရပ်၊ ဦးပိုင် ၁၆၊ ဧရိယာ ၀. ၀၄၆ ဧကမှာ နှစ် ၃၀ ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ဆောက်လုပ်ထားသော ၅ ရပ်ကွက်၊ ပထမလမ်း၊ အမှတ် ၂၆ ဟု ခေါ်တွင်သည့် အဆောက်အအုံအကျိုးခံစားခွင့်ထက်ဝက်ကို တရားမကျင့်ထုံး ဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၄ အရ ပညတ်ဝရမ်းကပ်ခဲ့ကြောင်း၊ တရားလိုဒေါ်အေးအေးလှက နည်းဥပဒေ ၅၈ အရ ဝရမ်းခွာပေးရန် လျှောက်ထားခဲ့သော်လည်း အောင်မြင်မှုမရရှိသဖြင့် နည်းဥပဒေ ၆၃ အရ တရားတစ်ထုံးထပ်မံစွဲဆိုခြင်းဖြစ်သည်။

တရားလိုဒေါ်အေးအေးလှသည်၁ တရားပြိုင် ဒေါ်မြင့်မြင့်သန်းနှင့် အတူ အချင်းဖြစ် ဥပစာတစ်ခုလုံးကို မူလဂရန်အမည်ပေါက်သူ ဒေါ်သိန်းရှင်ထံမှ ၈-၁၁-၉၉ရက်စွဲပါ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် ၄၅/၉၉ (သက်သေခံ-ဂ) ဖြင့်ဝယ်ယူခဲ့သည်၊ဒေါ်မြင့်မြင့်သန်းကရင်းပူးတွဲပိုင်ဆိုင် အကျိုးခံစားခွင့်ကိုတရားလို ဒေါ်အေးအေးလှသို့ ၁၈. ၅. ၂၀၀၇ ရက်နေ့ကရောင်းချ၍ ဝယ်ယူခဲ့သဖြင့်

အဆိုပါ ၁၈-၅-၂၀၀၇ ရက်စွဲပါ စာချုပ်ကို သက်သေခံအဖြစ် တင်သွင်းရာ မူလဖျာပုံခရိုင်တရားရုံးက သက်သေခံအဖြစ်လက်ခံသည်။

ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်က အဆိုပါစာချုပ်သည် အရောင်းအဝယ်ပြုလုပ်သည့် ပစ္စည်းတန်ဖိုးအပေါ် တံဆိပ်ခေါင်းပြည့်စုံစွာထမ်းဆောင်ခြင်းမရှိဘဲ တံဆိပ်ခေါင်း ၃၇ ကျပ်ဖိုးသာထမ်းဆောင်သဖြင့် တံဆိပ်ခေါင်းဥပဒေပုဒ်မ ၃၅ အရ သက်သေခံအဖြစ်လက်ခံခြင်းမပြုနိုင်ကြောင်း၊ ယင်းစာချုပ်သည် အိမ်မြေရောင်း ဝယ်ရန်သဘောတူကတိစာချုပ်အဆင့်မဟုတ်ဘဲ အပြီးအပြတ်ရောင်းချရာတွင်ချုပ်ဆိုသော စာချုပ်ဖြစ်သော်လည်း ယင်းစာချုပ်ကို မှတ်ပုံမတင်ထားကြောင်း၊ ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄၊ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၁၇ အရ မှတ်ပုံတင်ရန် လိုအပ်လျက်မှတ်ပုံမတင်သဖြင့် မှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ သက်သေခံအဖြစ် လက်ခံနိုင်မည်မဟုတ်ကြောင်းသုံးသပ်၍ ခရိုင်တရားရုံး၏အမိန့်ကို ပယ်ဖျက်လိုက်သည်။

တင်သွင်းလိုသော ၁၈-၅-၂၀၀၇ ရက်စွဲပါစာချုပ်တွင် တံဆိပ်ခေါင်း ၃၇ ကျပ်ဖိုးသာထမ်းဆောင်ထား၍ တံဆိပ်ခေါင်းလုံလောက်စွာ ထမ်းဆောင်ထားခြင်းမရှိပေ။ အဆိုပါစာချုပ်ကို ခရိုင်တရားရုံးက သက်သေခံအဖြစ် လက်ခံခဲ့သည်။ တံဆိပ်ခေါင်းအက်ဥပဒေပုဒ်မ ၃၅ အရ တံဆိပ်ခေါင်းလုံလောက်စွာ ထမ်းဆောင်ထားခြင်းမရှိလျှင် သက်သေခံအဖြစ် လက်ခံခြင်းမပြုရဟု ပြဋ္ဌာန်းထားသော်လည်း အဆိုပါဥပဒေပုဒ်မ ၃၆ အရ တံဆိပ်ခေါင်းကပ်ရန်လိုသည့် စာချုပ်

၂၀၀၆
ဒေါ်အေးအေးလှ
နှင့်
ဒေါ်လှလှရီ ပါ ၂

တစ်ခုသည် တံဆိပ်ခေါင်းမပါဘဲ တရားရုံးက အမှုတွင် သက်သေခံအဖြစ် လက်ခံထားပြီးဖြစ်လျှင် မည်သူကမျှ ယင်းစာချုပ်သည် သက်သေခံမဝင်ဟု နောက်ပိုင်းတွင် ကန့်ကွက်ခွင့်မရှိတော့ပေ။ **ဦးကာစင် ပါ ၃ နှင့် ဦးအုန်းရွှေ ပါ ၅ အမှု** [၁] ကိုရည်ညွှန်းသည်။ သို့ဖြစ်၍ တံဆိပ်ခေါင်းလုံလောက်စွာ ထမ်းဆောင်ခြင်းမရှိဆိုသောအချက်ဖြင့် သက်သေခံလက်ခံထားသည့် အမိန့်ကို ပယ်ဖျက်နိုင်မည်မဟုတ်ပေ။

တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၆၃ တွင် ဝရမ်းကပ်သည့်ပစ္စည်းကို ပိုင်ဆိုင်ကြောင်း တောင်းဆိုချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ပစ္စည်းဝရမ်းကပ်ခြင်းကို ကန့်ကွက်ချက်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ ဆန့်ကျင်သည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခံရသူသည် အငြင်းပွားသောပစ္စည်းအပေါ်တွင် မိမိပိုင်ထိုက်ကြောင်း အခိုင်အမာပြဆိုစေရန် တရားတစ်ထုံးစွဲဆိုနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ယင်းနည်းဥပဒေအရ တရားစွဲဆိုသောအမှုတွင် တောင်းဆိုသော အခွင့်အရေးကို အခိုင်အမာပြဆိုရန်တာဝန်သည် တရားလိုအပေါ် ကျရောက်သည်။ သို့ဖြစ်၍ ဝရမ်းခွာပေးရန် လျှောက်ထားရာ၌ ရှုံးနိမ့်ခဲ့သော တောင်းဆိုသူအပေါ် ကနဦးကျရောက်သည်။ ၎င်း လက်ရှိဖြစ်ကြောင်း သက်သေထင်ရှားပြပြီးသောအခါ ပစ္စည်းပိုင်ရှင် မဟုတ်ကြောင်း သက်သေပြရန်တာဝန်မှာ တရားနိုင်ဘက်သို့ ပုခုံးပြောင်း ကြောင်း **မောင်ဖိုးညွှင်း နှင့် မငြိမ်း အမှု** [၂] တွင် ဆုံးဖြတ်ထားသည်။

---

(၁) ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ-၈၃။

(၂) **BLT** အတွဲ ၁၀၊ စာ ၂၃၈။

၂၀၁၆
ဒေါ်အေးအေးလှ
နှင့်
ဒေါ်လှလှရီ ပါ ၂

ယခုအမှုတွင် တရားလိုသည် အချင်းဖြစ်ဥပစာကို မူလက ၁ တရားပြိုင် ဒေါ်မြင့်မြင့်သန်းနှင့်အတူ ၁၉၉၉ ခုနှစ်တွင် ဝယ်ယူခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် ပူးတွဲပိုင်သူ ၁ တရားပြိုင်ဒေါ်မြင့်မြင့်သန်း၏ ပိုင်ဆိုင်ခွင့်ကို ထပ်မံဝယ်ယူခဲ့ကြောင်း တင်ပြခြင်းဖြစ်သည်။ တရားလိုသည် အချင်းဖြစ် ဥပစာကို လက်ရှိဖြစ်ကြောင်း ၁၈-၅-၂၀၀၇ ရက်စွဲပါ စာချုပ်ကို သက်သေခံအဖြစ် တင်ပြခြင်းဖြစ်သည်။ တရားလို၏ အဆိုလွှာတွင် အချင်းဖြစ်ဥပစာကို ပိုင်ဆိုင်ကြောင်းကို အခြေပြု၍ သက်သာခွင့်တောင်းဆိုခြင်းမဟုတ်ဘဲ လက်ဝယ်ထားပိုင်ခွင့်ရှိကြောင်းကို အခြေပြု၍ သက်သာခွင့် တောင်းဆိုခြင်းဖြစ်သည်။

မရွှေ့မပြောင်းနိုင်သည့်ပစ္စည်းနှင့်ပတ်သက်၍ လွှဲပြောင်းရောင်းချခြင်းပြုလျှင် ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေပုဒ်မ ၅၄ နှင့် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာချုပ် ချုပ်ဆိုရောင်းချမှသာ တရားဝင်သည်။ တရားဝင်အောင် ဆောင်ရွက်မှ ပိုင်ဆိုင်ခွင့်ရှိသည်။ ပိုင်ဆိုင်ခွင့်ရှိကြောင်း အထောက်အထားဖြင့် တင်ပြလျှင် ယင်းစာချုပ်သည် စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံတင်စာချုပ်ဖြစ်မှ သက်သေခံအဖြစ် လက်ခံရမည်ဖြစ်သည်။ ၁၈. ၅. ၂၀၀၇ ရက်စွဲပါ စာချုပ်သည် မှတ်ပုံတင်ထားခြင်းမရှိပေ။ သို့ဖြစ်၍ ပိုင်ဆိုင်ခွင့်အတွက် ယင်းစာချုပ်ကို တင်ပြခြင်းဖြစ်လျှင် မှတ်ပုံတင်ထားခြင်းမရှိသောကြောင့် သက်သေခံလက်ခံခွင့်မရှိပေ။ **ဦးမောင်ခင် နှင့် ဦးထွန်းရိုန် ပါ ၂ အမှု** [၃] ကို ရည်ညွှန်းသည်။

---

(၃) ၁၉၈၀ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ ၄၂။

သို့သော် တရားလိုက အချင်းဖြစ်ဥပစာ (ထက်ဝက်) ကို လက်ရှိထားပိုင်ခွင့်ရှိကြောင်း တင်ပြရန်အလို့ငှာ ယင်းစာချုပ်ကို သက်သေခံအဖြစ် တင်သွင်းလိုခြင်းဖြစ်သည်။

မှတ်ပုံမတင်သည့် အရောင်းစာချုပ်သည် ဝယ်သူ၏ပိုင်ဆိုင်မှုကို ထင်ရှားအောင်ပြသနိုင်သည့် အထောက်အထားတစ်ခု မဟုတ်သော်လည်း စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ ပဋိညာဉ်ကို တစ်ပိုင်းတစ်စဆောင်ရွက်ပြီးဖြစ်ကြောင်း ပစ္စည်းလွှဲပြောင်းခြင်း ဥပဒေပုဒ်မ ၅၃-က အရဖြစ်စေ၊ သီးခြား သက်သာခွင့်ဥပဒေအရ ပဋိညာဉ်ကို သီးခြားဆောင်ရွက်ပေးစေလိုမှု တွင်ဖြစ်စေ၊ မှတ်ပုံတင်စာချုပ်ဖြင့် ဆောင်ရွက်ရန်မလိုသည့် အခြားကိစ္စများတွင်ဖြစ်စေ သက်သေခံအဖြစ် အသုံးပြုနိုင်သည်။ ပိုင်ဆိုင်ခွင့်ကို ထင်ရှားအောင် တင်ပြခြင်းမဟုတ်သည့် ရောင်းချသည့်ပစ္စည်း အတိုင်းအတာ၊ ပစ္စည်းအပေါ် မည်သို့မည်ပုံ လက်ရှိဖြစ်ခဲ့သည်ဆိုသော အချက်အလက်များအတွက် မှတ်ပုံမတင်သော အရောင်းစာချုပ်ကို သက်သေခံအဖြစ် တင်ပြခွင့်ရှိမည်ဖြစ်သည်။ သို့ဖြစ်၍ တရားလိုက အချင်းဖြစ်ဥပစာကို လက်ရှိထားခွင့်ရှိကြောင်း တင်ပြသော စာချုပ်ဖြစ်၍ ယင်းစာချုပ်ကို စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေပုဒ်မ ၄၉ ၏ ခြွင်းချက်အရ သက်သေခံအဖြစ် လက်ခံခွင့်ပြုနိုင်မည်ဖြစ်သည်။

ရောဝတီတိုင်းဒေသကြီးတရားလွှတ်တော်က ၁၈. ၅. ၂၀၀၇ ရက်စွဲပါ အရောင်းအဝယ်စာချုပ်ကို အချင်းဖြစ်မြေနှင့် အိမ်၏ပိုင်ရှင်အဖြစ် မည်သို့မည်ပုံဖြစ်ခဲ့ကြောင်းတင်ပြသော အထောက်အထားအဖြစ်

၂၀၁၆
ဒေါ်အေးအေးလှ
နှင့်
ဒေါ်လှလှရီ ပါ ၂

တင်ပြခြင်းဖြစ်သည်ဟု ကောက်ယူ၍ စာချုပ်စာတမ်းမှတ်ပုံတင်အက်ဥပဒေ ပုဒ်မ ၄၉ (ဂ) အရ မှတ်ပုံမတင်သော အရောင်းအဝယ်စာချုပ်ကို သက်သေခံအဖြစ် လက်ခံနိုင်မည်မဟုတ်ဟု ဆုံးဖြတ်ချက်သည် မှန်ကန်သည်ဟု မဆိုနိုင်ပေ။

ထို့ကြောင့် ဤတရားမပြင်ဆင်မှုကိုခွင့်ပြုသည်။ ဧရာဝတီတိုင်းဒေသကြီးတရားလွှတ်တော်၏ ၄-၆-၂၀၁၅ ရက်စွဲပါအမိန့်ကို ပယ်ဖျက်ပြီး ဖျာပုံခရိုင်တရားရုံး၏ ၂၆-၅-၂၀၁၄ ရက်စွဲပါအမိန့်ကို ပြန်လည်အတည်ပြု၍ အမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရန် ညွှန်ကြားလိုက်သည်။

ရှေ့နေစရိတ် ကျပ် ၁၀၀၀၀ိ/- သတ်မှတ်သည်။

# ဥပဒေများ

**အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** နောက်ဆက်တွဲ (က)
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

**အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** နောက်ဆက်တွဲ (ခ)
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ** နောက်ဆက်တွဲ (ဂ)
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

**ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** နောက်ဆက်တွဲ (ဃ)
(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

နောက်ဆက်တွဲ (က)

## အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၁။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (၂) တွင်ပါရှိသော " the woman her age of fourteen years " ဆိုသည့် စကားရပ်ကို " the woman her age of the fifteen years " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ ကို အောက်ပါအတိုင်း အစားထိုး ရမည်-

> " 3. The President of the Union may appoint Registrars-General of Marriages and Registrars of Marriages, for specified areas in the Republic of the Union of Myanmar, under this Act. The area for which any such Registrar of Marriages is appointed shall be deemed to be his district. "

၄။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ တွင်ပါရှိသော " (other than a Court of Small Causes) " ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၅။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၉ တွင်ပါရှိသော " not exceeding one thousand kyats " ဆိုသည့်စကားရပ်ကို " not exceeding one hundred thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၁၃-က တွင် ပါရှိသော " Registrar-General of Births, Deaths and Marriages " ဆိုသည့်စကားရပ်ကို " Registrar-General of Marriages " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အထူးထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ဒုတိယဇယား " DECLARATION TO BE MADE BY THE BRIDE "၏ အမှတ်စဉ် ၃ တွင်ပါရှိသော " age of fourteen year " ဆိုသည့်စကားရပ်ကို " age of fifteen years " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နောက်ဆက်တွဲ (ခ)

**အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၃။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၄) ကို အောက်ပါအတိုင်း အစားထိုးရမည်-

" (4) " District Court " includes the High Court of the Region or the High Court of the State in the exercise of its ordinary original civil jurisdiction and the Court of the Self-Administered Division or the Court of the Self-Administered Zone; "

၃။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (၈)၊ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (၁)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ်မ ၃၁၊ ပုဒ်မခွဲ (၃)၊ ပုဒ်မခွဲငယ် (ခ)၊ ပုဒ် ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ (၁) တို့တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်များကို " the Supreme Court of

the Union " ဆိုသည့်စကားရပ်များဖြင့် အသီးသီးအစားထိုးရမည်။

၄။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄-က တွင်-

(က) ပုဒ်မခွဲ (၁) တွင်ပါရှိသော " The High Court " ဆိုသည့် စကားရပ်ကို " The High Court of the Region or the High Court of the State " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (၁) တွင်ပါရှိသော " any District Court " ဆိုသည့် စကားရပ်ကို " any Court of the Self-Administered Division or any Court of the Self-Administered Zone or " ဆိုသည့်စကားရပ်ဖြင့် ဖြည့်စွက်ရမည်။

(ဂ) ပုဒ်မခွဲ (၁)၊ (၂) နှင့် (၃) တို့တွင်ပါရှိသော " a District Court " ဆိုသည့်စကားရပ်ရှေ့တွင် " a Court of the Self-Administered Division or a Court of the Self-Administered Zone or " ဆိုသည့်စကားရပ် ကို ဖြည့်စွက်ရမည်။

(ဃ) ပုဒ်မခွဲ (၄) တွင်ပါရှိသော " the District Court " ဆိုသည့်စကားရပ်ရှေ့တွင် " the Court of the Self- Administered Division or the Court of the Self-Administered Zone or " ဆိုသည့်စကားရပ် ကို ဖြည့်စွက်ရမည်။

၅။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေပုဒ်မ ၉

တွင်ပါရှိသော " the District Court " ဆိုသည့်စကားရပ်ကို " the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ " a District Court " ဆိုသည့်စကားရပ်ကို " a Court of the Self-Administered Division or a Court of the Self-Administered Zone or a District Court " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ " any other District Court " ဆိုသည့်စကားရပ်ကို " any other Court of the Self-Aministered Division or any other Court of the Self-Administered Zone or any other District Court " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၆။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၁၄ နှင့် ပုဒ်မ ၄၇ တို့တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၄ တွင်ပါရှိသော " not exceeding one thousand kyats " ဆိုသည့်စကားရပ်ကို " not exceeding one hundred thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ အုပ်ထိန်းသူနှင့်အုပ်ထိန်းခြင်းခံရသူများအက်ဥပဒေ ပုဒ်မ ၄၅၊ ပုဒ်မခွဲ (၁) တွင်ပါရှိသော " not exceeding one hundred kyats " ဆိုသည့်စကားရပ်ကို " not exceeding ten thousand kyats " ဆိုသည့်စကား

ရပ်ဖြင့်လည်းကောင်း၊ " not exceeding ten kyats " ဆိုသည့်စကားရပ်ကို " not exceeding one thousand kyats " ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အသီးသီးအစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နောက်ဆက်တွဲ (ဂ)

## မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၄။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၈ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ (၁) ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မခွဲ (၅) ၌ပါရှိသော " the age of thirteen years " ဆိုသည့်စကားရပ်ကို " the age of fifteen years " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မခွဲ (၈) ၌ပါရှိသော " the dominions of His Britannic Majesty " ဆိုသည့်စကားရပ်ကို " the Republic of the Union of Myanmar " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၇၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၈၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၇၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၄၊ ပုဒ်မ ၄၀၊ ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၄ တို့တွင်ပါရှိသော " the High Court"

ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State " စကားရပ်ဖြင့်လည်းကောင်း၊ " the District Court " ဆိုသည့်စကားရပ် ကို " the Court of the Self-Administered Division or the Court of the Self-Administered Zone or the District Court " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၇ တွင် ပါရှိသော " the Supreme Court of the Judicature in England " ဆိုသည့်စကားရပ်ကို " the Supreme Court of the Union " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မ ၁၇၊ ပုဒ်မ ၁၇-က၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀၊ ပုဒ်မ ၃၇၊ ပုဒ်မ ၅၀၊ ပုဒ်မ ၅၅ ၏ ခြွင်းချက်၊ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ တို့ တွင်ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

Reference to High Court of the Region or High Court of the State.

" 9. When any question of law or usage having the force of law arises at any point in the proceedings previous to the hearing of any suit under this Act by a Court of the Self-Administered Division or a Court of the Self-

Adminstered Zone or a District Court or at any subsequent stage of such suit, or in the execution of the decree therein or order thereon, the Court may, either of its own motion or on the application of any of the parties, draw up a statement of the case and refer it, with the Court's own opinion thereon, to the decision of the High Court of the Region or the High Court of the State.

If the question has arisen previous to or in the hearing, the Court of the Self-Administered Division or the Cout of the Self - Administered Zone or the District Court may either stay such proceeding, or proceed in the case pending such reference and pass a decree contingent upon the opinion of the High Court of the Region or the High Court of the State upon it.

If a decree or order has been made, its execution shall be stayed until the receipt of the order of the High Court of the Region or the High Court of the State upon such reference. "

၇။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၃

နှင့် ပုဒ်မ ၁၆ တို့တွင် ပါရှိသော " a District Court " ဆိုသည့်စကားရပ်ကို " a Court of the Self-Adminstered Division or a Court of the Self-Administered Zone or a District Court " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " the High Court " ဆိုသည့်စကားရပ်ကို " the High Court of the Region or the High Court of the State " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးရမည်။

၈။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၁၇-က တွင်ပါရှိသော " as is exercisable in England by the King's Proctor, " ဆိုသည့်စကားရပ်နှင့် " to exercise duties of King's Proctor " ဆိုသည့်စကားရပ်တို့ကို ပယ်ဖျက်ရမည်။

၉။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ တွင် ပါရှိသော " or of any Division Court " ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

၁၀။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၅၆ နှင့် ပုဒ်မ ၅၇ ၏ ခြွင်းချက်တို့တွင်ပါရှိသော " the Supreme Court " ဆိုသည့်စကားရပ်ကို " the Supreme Court of the Union " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၁။ မြန်မာနိုင်ငံလင်မယားကွာရှင်းရေးအက်ဥပဒေ ပုဒ်မ ၆၂ တွင် ပါရှိသော " the High Court " ဆိုသည့်စကားရပ်ကို " the Supreme Court of the Union " ဆိုသည့် စကားရပ် ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နောက်ဆက်တွဲ (ဃ)

## ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၅။)
၁၃၇၉ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၁ ရက်
(၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၃ တွင် ပါရှိသော " Registrar-General of Births, Deaths and Marriages " means a Registrar-General of Births, Deaths and Marriages appointed under the Births, Deaths and Marriages Registration Act. ဆိုသည့်စကားရပ်ကို " Registrar-General of Marriages " means a Registrar-General of Marriages appointed under this Act. ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

**၃။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇ ကို အောက်ပါအတိုင်း အစားထိုးရမည်-**

Registrar-General of Marriages and Registrar of Marriages.

" 7. The President of the Union shall appoint Registrar-General of Marriages and Registrars of Marriages. The President of the Union may

also appoint one or more Christians, either by name or as holding any office for the time being, to be the Registrars of Marriages.

Senior Registrar of Marriages.

Where there are more Registrars of Marriages than one in any district, the Persident of the Union shall appoint one of them to be the Senior Registrar of Marriages.

Judge when to be Registrar of Marriages.

Where there is only one Registrar of Marriages in a district, and such Registrar is absent from such district, or ill, or when his office is temporarily vacant, the District Judge shall act as, and be, Registrar of Marriages thereof during such absence, illness or temporary vancancy. "

၄။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေပုဒ်မ ၈၊ ပုဒ်မ ၄၇၊ ပုဒ်မ ၄၈ တတိယ အပိုဒ်၊ ပုဒ်မ ၅၆ နှင့် ၈၁ တို့ကို ပယ်ဖျက်ရမည်။

၅။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၂၉ နှင့် ပုဒ်မ ၃၀၊ ပုဒ်မ ၃၄၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇၊ ပုဒ်မ ၅၅၊ ပုဒ်မ ၆၂၊ ပုဒ်မ ၇၈ နှင့် ပုဒ်မ ၇၉ တို့တွင်ပါရှိသော " Registrar-General of Births, Deaths and Marriages " ဆိုသည့်စကားရပ်ကို " Registrar-General of Marriages " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၀၊

ပုဒ်မခွဲ (၁) တွင်ပါရှိသော " exceed thirteen years " ဆိုသည့်စကားရပ်ကို " exceed fifteen years " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၁ တွင်ပါရှိသော " a fee of four annas " ဆိုသည့်စကားရပ်ကို " a fee of one thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

> " 68. Whoever, not being authorized by section 5 of this Act to solemnize marriages, solemnizes, or professes to solemnize, in the absence of a Marriage Registrar of the district in which the ceremony takes place, a marriage between person one or both of whom is or are a Christian or Christians, shall be punished with imprisonment which may extend to seven years. "

၉။ ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ ပုဒ်မ ၇၄ တွင်ပါရှိသော " extend to one hundred kyats " ဆိုသည့်စကားရပ်ကို " extend to ten thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ထင်ကျော်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်